

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

မှတ်တမ်း

(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ)

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး

၁။ ပထမနေ့အစည်းအဝေးမှတ်တမ်း

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက် စကားပြော ကြားခြင်း။ ၂

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅

(ဃ) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၅

(င) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆

(စ) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားခြင်း။ ၁၀

(ဆ) ပြည်နယ်ဝန်ကြီးချုပ် ၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ ၁၄

(ဇ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း ရှင်းလင်း တင်ပြခြင်း။ ၁၅

(စျ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြုချက်ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်း။ ၄၁

(ည) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း ရှင်းလင်းခြင်း။ ၄၁

(ဋ) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။ ၅၀

(၄) ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)၏ **"ယာဉ်စည်းကမ်းဥပဒေများကို သတ်မှတ် ပေးရန်"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၁၁

(၅) **ကြားဖြတ်ဆွေးနွေးခြင်း**

-ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ၁၄

(၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့် ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံ ဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၄

(၇) ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)၏ **"မော်တော်ဆိုင်ကယ်များကိုစွဲ စီးနှင်းခွင့်ပြုသည့် စည်းကမ်း ဥပဒေများ သတ်မှတ်ပေးရန်"**အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၁၁

(၈) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့် ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၉

(၉) ဒေါ်အေးခိုင်စိန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **"တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်)အစိုးရသစ် အရောင်းဆိုင် တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး"**အဆိုကို တင်သွင်းခြင်းနှင့် လက်ခံရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၆၀

(ဒ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၆၃

(ခ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၄

၂။ **ဒုတိယနေ့အစည်းအဝေးမှတ်တမ်း**

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၅

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၆

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း။ ၆၇

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆၇

(င) လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ပြခြင်း ၆၉

(စ) ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း- ၇၀

- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏ **"လျှပ်စစ်မီးကို(၂၄)နာရီ ရရှိနိုင်ရေးနှင့် ရရှိလာသည့် မီးကိုလည်း ခါတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။

- ဖြေကြားချက် ၇၁

- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ချရေး စီမံချက်အတွက် မည်သို့စီမံဆောင်ရွက် လျက်ရှိသည်ကို သိရှိလိုပါကြောင်း"နှင့် စပ်လျဉ်း သည့် မေးခွန်း ၂၅
- ဖြေကြားချက် ၂၆
- ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ကျိုင်းတုံမြို့အား လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရေး"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၇
- ဖြေကြားချက် ၂၇
- ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စု လမ်းမကြီးနှင့် ကျိုင်းတုံ-မိုင်းလား လမ်းမကြီး"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၉
- ဖြေကြားချက် ၂၉
- ဦးအားဖာ၊ ကျိုင်းတုံမဲမြို့နယ်၊ ဆန္ဒနယ်အမှတ် (၂)၏ "ကျိုင်းတုံမြို့၊မြို့မ(၅)ရပ်ကွက်အတွင်းရှိ အချို့သော ကျေးရွာချင်းဆက် လမ်းမများ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၀
- ဖြေကြားချက် ၃၀
- ဦးစိုင်းဆမ်၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊မိုင်းယန်းမြို့နယ်၊ မိုင်းလွေ ကျေးရွာအုပ်စု၊ယန်းခိုင်-ဝမ်တောင်းကျေးရွာလမ်း"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၃
- ဖြေကြားချက် ၃၃
- ဦးစိုင်းဆမ်၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ အုပ်စု၊ နမ့်မုတ်ကျေးရွာ ရေရရှိရေး ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅
- ဖြေကြားချက် ၃၅
- ဦးစိုင်းဆမ်၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်ရှိ မိုင်းလွေဆည် ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၇

- ဖြေကြားချက် ၈၇
- ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၈၉
"မိုင်းပြင်းမြို့၊ မိုင်းမန်းကျေးရွာအုပ်စုနယ် မြေအတွင်းရှိ နမ့်မန်းတံတား" နှင့်စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၉၀
- ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၉၁
"မိုင်းပြင်းမြို့မစျေးသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၉၁
- ဒေါ်နန်းကိန်ခမ်း၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၉၄
"ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့၏ မြို့တွင်းလမ်းများ" နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၉၅
- ဒေါ်နန်းကိန်ခမ်း၊ မိုင်းယန်းမဲဆန္ဒနယ်အမှတ်(၁)၏ ၉၇
"ကျိုင်းတုံမြို့နှင့်မိုင်းယန်းမြို့ ဆက်သွယ်ထားသောကားလမ်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၉၈
- ဒေါ်နန်းကိန်ခမ်း၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၉၉
"ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့တွင်း လျှပ်စစ်မာတ်အားလုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မာတ်အားကို အချိန်တိုးမြှင့်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၉၉
- ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၁၀၁
"ရွှေညောင်-တုံဟုံး-နောင်လိုင်-ကယားနယ်စပ်လမ်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၁၀၂
- ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၁၀၃
"မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင်လမ်းမိုင်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။

- ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏“ နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီး လမ်းပိုင်း”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၄
- ဖြေကြားချက် ၁၀၄
- ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏“မြန်မာ့လယ်ယာ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ကျေးရွာအားလုံးမှ တောင်သူများ ချေးငွေလုံလောက်စွာရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ ကြောင်း”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၈
- ဖြေကြားချက် ၁၁၀
- ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏“ရွှေညောင်-ရပ်စောက် မီးရထားလမ်းမှ တစ်ဆင့် ကောင်းဘို-ပင်းတယ-အောင်ပန်းသို့ ခရိုင်ပတ်မီးရထားလမ်း ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၁
- ဖြေကြားချက် ၁၁၁
- ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏“မော်တော်ယာဉ်များ သက်သာသော ဈေးနှုန်း၊ သက်သာသော အခွန်နှုန်းဖြင့် လိုင်စင်ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၁၂
- ဖြေကြားချက် ၁၁၄
- ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏“အင်တောမြို့နယ်ခွဲ၊ ကျောက်ကူကျေးရွာအုပ်စုအတွင်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ပြုလုပ်လိုပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း”နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၁၁၅
- ဖြေကြားချက် ၁၁၅

(ဆ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၁၇

(ဇ) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၁၂၃

(စျ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၂၄

(ည) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၁၃၄

(ဋ) ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာကျီ ယာဉ်အကြီး၊အလတ်၊အသေးပါတွင်တွင် ကျယ်ကျယ် မောင်းလာသောကြောင့် ထော်လာကျီအကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာကျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ် အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်း ဥပဒေများကို သတ်မှတ်ပေးရန်" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၁၃၅

(ဌ) အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၄၂

(၃) ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၁၄၆
"မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ် မောင်းလိုင်စင် ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ် စည်းကမ်းဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ် ဦးထုပ်မစောင်းပဲမောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါ စီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေး အစီအစဉ် သတ်မှတ်ချက်များပါ ဟောပြော ပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်း တစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန်အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ၊ အိတ်စောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြားကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်"အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း။

(၄) အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဆွေးနွေး ၁၄၉
ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၅) ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ ၁၅၄
"ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ်အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ဒေသထွက် သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။

သစ်မာ၊အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်း ထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများလွတ်လပ်၍ စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်)အစိုးရ သစ်အရောင်းဆိုင်တစ်ဆိုင်ဖွင့်လှစ်ခွင့်ပြုရေး" အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

(တ) ဦးစိုင်းနု၊ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏"ကွန်ဟိန်းမှ မိုင်တိုင်အမှတ်(၁၅)မိုင်ရှိ(၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ်(၂၅)မိုင်ရှိ (၇၂)ပေရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင်တံတား၊ မိုင်တိုင်အမှတ်(၃၀)မိုင်ရှိ (၁၀၀)ပေရှည်သော ခိုလေ/ငါးတိုင်တံတားကြီးများသည် အသုံးပြု၍ မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာ နေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများစွာကြုံတွေ့ရလျက်ရှိသောကြောင့် အဆိုပါ တံတားကြီး(၃)စင်းအား စိစစ်၍ ပြန်လည်ပြုပြင် ပေးနိုင်ပါရန်" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၆၀

(ထ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။ ၁၆၂

(ဒ) ဦးစိုင်းနု၊ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏“ ပြည်နယ် အတွင်း မာတ်သတ္တုစုံစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ် လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစစ်၍ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားသင့်ပါကြောင်း”အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၆၃

(ဓ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေး ရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၆၄

(န) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏“ယာဉ် အမျိုးအစား အလိုက်တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း၊ သတ်မှတ်ခွင့်ပြုတန်ချိန်ထက်ပိုမို တင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပို့စေခြင်း၊ ကုန်ကျစရိတ်ပို့သဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်မှုအား အထိုက် အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်း၊ တံတားကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ်ကြီးများအား မိမိဒေသ အခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၆)ဘီးယာဉ်များအား (၂၅)တန်အထိ လည်းကောင်း၊ (၁၀)ဘီးယာဉ်များအား (၃၀)တန်အထိလည်းကောင်း တိကျစွာ သတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုသွားမည် ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည် ဖြစ်သဖြင့် စိစစ်ဆောင်ရွက် နိုင်ပါရန်”အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၆၅

(ပ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။ ၁၆၇

(ဘ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရုပ်နား ကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆၈

၃။ **တတိယနေ့အစည်းအဝေးမှတ်တမ်း**

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၆၉

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၇၀

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီ အစဉ် ကြေညာခြင်း။ ၁၇၀

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၁၇၀

(င) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့ အစည်း ဝင်များက ဖြေကြားခြင်း-

- ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ **"နောင်လျှန့်ဆည် တည်ဆောက်ပေးရန်နှင့် ဖိုက်တင်း ဆည်ပြုပြင်ပေးရန်"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၇၂

- ဖြေကြားချက် ၁၇၃

- ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "မိုင်းခတ်မြို့နယ်၊ လျှပ်စစ်မီးကောင်းစွာ ရရှိရေးအတွက်(၃၀၀)ကီလိုဝပ်စက်သစ်(၁)လုံးလဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၇၅
- ဖြေကြားချက် ၁၇၅
- ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၏ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ရွာမ်းပြည်နယ်အစိုးရအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများအား ချေးငွေ ကျပ်(၅၅၀၀)သန်းထုတ်ချေးပေးခဲ့ကြောင်း သိရပါသည်။ ရွာမ်းပြည်နယ်တွင် ကျန်ရှိသော မြို့နယ်(၄၀)အား ချေးငွေပေါင်းမည်မျှထုတ်ပေးမည်ကို သိရှိ လိုပါကြောင်း။"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၇၆
- ဖြေကြားချက် ၁၇၇
- ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "နမ့်စန်-ကွန်ဟိန်းလမ်းပိုင်း၊ ကျိုင်းတောင်း-ခိုလမ်လမ်းပိုင်း၊ ကျိုင်းတောင်း- နားခံလမ်းပိုင်း၊ ကျိုင်းတောင်း-မိုင်းပန်လမ်းပိုင်း၊ နမ့်စန်-မိုးနဲ-လင်းခေး-မိုင်းပန်မဟာဗျူဟာလမ်းမကြီးတို့အား စံချိန်စံညွှန်းများနှင့်အညီ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း။"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၇၉
- ဖြေကြားချက် ၁၈၀
- ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "မီးသတ် မော်တော်ယာဉ်(၁)စီးနှင့် ဝန်ထမ်းများချထားမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်သူလူထုအပေါ် ငွေကြေးကောက်ခံမည့်အစီအစဉ် ရှိ/မရှိနှင့် မြို့နယ်မီးလင်းရေးကော်မတီရုံပုံငွေဖြင့် မီးသတ်မော်တော်ယာဉ် ထုတ်ယူရေးကိစ္စတွင် အသုံးပြုရန် စီစဉ်နေမှု "နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၈၄

- ဖြေကြားချက် ၁၈၄
- ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ ၁၈၅
“လျှပ်စစ် ထရန်စဖော်မာများအား ဝန်ပိုသုံးစွဲခြင်း ရှိ/မရှိ၊ ပြုပြင်ထိန်းသိမ်းရေးစရိတ် လျာထားခြင်း ရှိ/မရှိ။ ထရန်စဖော်မာအသစ်များ ထပ်မံတပ်ဆင် ပေးရန် အစီအစဉ်ရှိ/မရှိ” နှင့်စပ်လျဉ်း သည့် မေးခွန်း။
- ဖြေကြားချက် ၁၈၆
- ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၁၈၆
“ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်း” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ခ
- ဖြေကြားချက် ၁၈၈
- ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၁၉၀
“ လွိုင်လင်မြို့တွင်းလမ်း” နှင့်စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၁၉၁
- ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏**“လင်းခေး-မိုင်းပန် (၃၁)မိုင်ရှိသော လမ်းပိုင်း တွင် ၂၀၂၂-၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျောက်ချော လမ်းမှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်စီမံ ဆောင်ရွက် ပေးမှု ရှိ/မရှိနှင့် မိုင်းပန်-မိုင်းတုံ (၆၄)မိုင်ရှိသော လမ်းတိုင်းတွင် ကျောက်ချောလမ်း အဆင့်သို့ စီမံဆောင်ရွက်ပေးမှု ရှိ/မရှိ”** နှင့်စပ်လျဉ်း သည့် မေးခွန်း။ ၁၉၃
- ဖြေကြားချက် ၁၉၄
- ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မဲဆန္ဒနယ်အမှတ်(၂)၏ ၁၉၅
“ မိုင်းပန်မြို့ ပြည်သူများနှင့် နိုင်ငံတော်အစိုးရ ဝန်ထမ်းများအားလုံး ငွေထုတ်/ငွေလွှဲ ကိစ္စရပ်များ အဆင်ပြေ လွယ်ကူစေရန် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲအဆင့်မှ မြန်မာ့စီးပွားရေး ဘဏ်ခွဲ အဆင့်သို့ မြှင့်တင်ပေးမည့် အစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

- ဖြေကြားချက် ၁၉၅
- ဦးစောလုံး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "မိုးနဲလျှပ်စစ်ဓါတ်အား မီးတိုင်(ကွန်ကရစ်)ကို မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထပ်မံလိုအပ်သော အရေအတွက် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၁၉၇
- ဖြေကြားချက် ၁၉၇
- ဦးစောလုံး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "ကျိုင်းတောင်းမြို့နယ်ခွဲတွင် GSM နှင့် CDMA ဖုန်းကိစ္စကို မည်သည့်အချိန်ကာလတွင် ချမှတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" နှင့်စပ်လျဉ်း သည့် မေးခွန်း။ ၁၉၈
- ဖြေကြားချက် ၁၉၉
- ဦးစိုင်းစံအေး၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "သိန္နီမြို့နယ်တွင် ဘိန်းအန္တရာယ်မှ ကင်းဝေးစေရန် ပြည်နယ်အစိုးရအနေဖြင့် အထူးစီမံချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၉၉
- ဖြေကြားချက် ၂၀၀
- ဦးစိုင်းစံအေး၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "သိန္နီမြို့နယ်တွင် တပ်မြေအဖြစ် သိမ်းယူထားသော မြေလွတ်နေရာများတွင် ပြည်သူများအား အခမဲ့ လုပ်ကိုင်စားသောက်ခွင့်ပြုနိုင်ရန် ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ"နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၂၀၁
- ဖြေကြားချက် ၂၀၁
- ဦးစိုးထိုက်၊ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "မိုးနဲမြို့နယ်နှင့် မောက်မယ်မြို့နယ် မြို့ချင်းဆက်လမ်းပိုင်းအား ပြုပြင်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၇
- ဖြေကြားချက် ၂၀၇

- ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ " **နမ္မတူမြို့နယ်ရှိ ကျေးရွာ အုပ်စုများတွင် မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားသည့် လယ်ယာမြေများအတွက် လျော်ကြေးငွေရရှိမှု**"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၀၇
- ဖြေကြားချက် ၂၁၀

ကြားဖြတ်ဆွေးနွေးခြင်း -

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ၂၁၃
ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဝန်ကြီး ၂၁၄
- ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏ ၂၁၅
"မဘိမ်းမြို့နယ်တွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ တရားမဝင်သစ် သယ်ဆောင်သည့်ကားများအား သစ်တော၊ စုပေါင်းအဖွဲ့မှ ဖမ်းဆီး၍ မြန်မာ့သစ် လုပ်ငန်းတွင် အပ်နှံထားသည့်ကား"နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၁၅
- ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၂၁၇
"မဘိမ်းမြို့နယ်၊ ငါးအိုးကြီးဝိုင်းတွင် တောင်သူများ၏ စိုက်ခင်းများအား ဝန်ကြီးဌာနမှ မြေငှားရမ်းခွင့်ပြု၍ အလုပ်အကိုင်မပျက်စေရန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကုမ္ပဏီများ၏ စိုက်ခင်းများအား သတ်မှတ်စည်းကမ်းချက်နှင့် အညီ စစ်ဆေး၍ အရေးယူခြင်း/ပြန်လည် သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။"နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၁၇
- ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၂၂၀
"မဘိမ်းမြို့နယ်တွင်လည်း ကုမ္ပဏီများမှ ရွှေသတ္တုအသေးစားလုပ်ကွက် လျှောက်ထား၍ တူးဖော်နေမှု" နှင့်စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၂၀

- ဦးကျော်မြ၊ နောင်ခြုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "ဝက်ဝံ-တောင်ခမ်းလမ်းမိုင်(၂၀) ဖောက်လုပ်ရာတွင် ကျန်ရှိနေသေးသော တစ်ကြောင်းထိုးမြေသားလမ်း(၈)မိုင်အား ကျောက်ခင်းလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၂

- ဖြေကြားချက် ၂၂၃

(စ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။ ၂၂၅

(ဆ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။ ၂၂၅

(ဇ) ၂၀၁၂-၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ် အဆင့် အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ရှင်းလင်း ဆွေးနွေးခြင်း။ ၂၂၇

(စျ) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ကွန်ဟိန်းမှ မိုင်တိုင်အမှတ်(၁၅)မိုင်ရှိ (၃၅)ပေ ရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ် (၂၅)မိုင်ရှိ (၇၂)ပေ ရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင် တံတား၊ မိုင်တိုင်အမှတ်(၃၀)မိုင်ရှိ (၁၀၀)ပေရှည်သော ခိုလေ/ငါးတိုင်တံတားကြီးများ သည် အသုံးပြု၍ မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် ရေများသော မိုးရာသီ တွင် အခက်အခဲများစွာ ကြုံတွေ့ ရလျက်ရှိသော ကြောင့် အဆိုပါ တံတားကြီး (၃)စင်း အား စီစစ်၍ ပြန်လည် ပြုပြင်ပေးနိုင်ပါရန်" အဆိုနှင့် စပ်လျဉ်း၍ ၂၃၁

ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(ည) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၂၃၂ "ပြည်နယ်အတွင်း ဓာတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လို့မှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစစ်၍ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွား သင့်ပါကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(ဋ) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ၂၄၃ "ယာဉ်အမျိုးအစားအလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း၊ သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး ဂိတ်များ တွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေခြင်း၊ ကုန်ကျ စရိတ်ပိုသဖြင့် ကုန်စျေးနှုန်းတည်ငြိမ်မှုအား အထိုက် အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်း၊ တံတား ကြုံခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ် ကြီးများအား မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရေး အတွက်(၆)ဘီးယာဉ်များအား (၂၅)တန်အထိလည်းကောင်း၊ (၁၀)ဘီးယာဉ်များအား (၃၀)တန် အထိ လည်းကောင်း တိကျစွာ သတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုသွားမည်ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်နိုင်ပါရန်" အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၌) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၄၇

၄။ **စတုတ္ထနေ့ အစည်းအဝေးမှတ်တမ်း**

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၄၈

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း။ ၂၄၉

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ကြေညာခြင်း။ ၂၅၀

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၂၅၀

(င) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁၏ **"နောင်ချိုမြို့အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် သို့မဟုတ် ပညာရေးဝန်ကြီးဌာနသို့ ဦးစားပေးအဆင့်ထဲတွင် ပါဝင် နိုင်စေရေး အတွက် သဘောထားမှတ်ချက်ပေးပြီး ထောက်ခံပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၅၂

- ဖြေကြားချက် ၂၅၄
- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏ ၂၅၅
"လွန်းကျော်-သရက်ကုန်း(၇-)မိုင်လမ်း"နှင့် စပ်လျဉ်း သည့် မေးခွန်း။
- ဖြေကြားချက် ၂၅၆
- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏ ၂၅၇
"ဆိတ်ဖူး-နမ့်ကယ်အိုက်(၆)မိုင် မြေသားလမ်း"နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၅၇
- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏ ၂၅၉
"ဆီဆုံရွာဦးတံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၆၀
- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၂၆၀
" သရက်ကုန်းစေ့းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၆၁
- ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ၂၆၂
"မိုင်းခတ်မြို့တွင် ခေတ်မီအားကစားကွင်း (ဘောလုံးကွင်း) တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။
- ဖြေကြားချက် ၂၆၃

ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်းကျေးရွာအုပ်စု အတွင်း အလယ်တန်းကျောင်း" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၆၅
- ဖြေကြားချက် ၂၆၆
- ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏"ရပ်စောက် မြို့နယ်၊ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ကျိုင်းခမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ သောက်သုံးရေ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၆၇
- ဖြေကြားချက် ၂၆၈
- ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏"မိုင်းပြင်းမြို့၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနအဖြစ် အသုံးပြုသော အဆောက် အဦး"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၂
- ဖြေကြားချက် ၂၂၃
- ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "မဘိမ်းမြို့နယ်တွင် မိုးမိတ်သစ်ထုတ်ရေးဒေသ၊ ရွှေလီ-မဘိမ်း သစ်ထုတ်ရေး ဒေသ၊ အရှေ့ကသာ သစ်ထုတ်ရေးဒေသတို့တွင် သစ်ထုတ်လုပ်သည့် ကုမ္ပဏီ/ဌာနများ သစ်ထုတ်လုပ်နေမှုများ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂၄
- ဖြေကြားချက် ၂၂၅
- ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ၏ "ငါးအိုး-မဘိမ်းလမ်း"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၆
- ဖြေကြားချက် ၂၂၉
- ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏"ရှမ်းပြည်နယ်တွင် အစိုးရမှ မြို့ပြရပ်ကွက်နှင့် ကျေးရွာများအထိ တပြေးညီစွာ အိမ်မြေဂရုံများ ဆောင်ရွက်ပေးရန် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၈၀
- ဖြေကြားချက် ၂၈၀

- ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၏ "ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ တိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ရွှေညောင်၊ ညောင်ရွှေ့မိုနယ်များ ရေကြီးခြင်း၊ လယ်မြေများ ရေမြုပ်၍ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ကာ ဒုက္ခရောက်ခဲ့ရသော ပြည်သူများအား ကူညီရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း။" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၈၄
- ဖြေကြားချက် ၂၈၅
(စ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။ ၂၈၆
(ဆ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။ ၂၈၆
(ဇ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်း။ ၂၈၉
(စျ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၂၉၂
(ည) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးစတုတ္ထနေ့ရပ်နားကြောင်း ကြေညာခြင်းနှင့် ပဉ္စမမြောက်နေ့ဆက်လက်ကျင်းပ မည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၉၄

၅။ ပဉ္စမမြောက်နေ့ အစည်းအဝေးမှတ်တမ်း
(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၉၅
(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၉၆

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် ကြေညာခြင်း။ ၂၉၆

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၂၉၇

(င) အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၃၀၃

(စ) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

- ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **" နောင်ချို မြို့နယ်အား '၀' အဆင့်မြို့နယ်မှ '၃' အဆင့်မြို့နယ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၄

- ဖြေကြားချက် ၃၀၅

- ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ **"အုံးကွဲကျေးရွာအုပ်စုနှင့် နန်းကုကျေးရွာများရှိ တောင်သူဦးကြီးများ လုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်ချထားပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၆

- ဖြေကြားချက် ၃၀၇

- ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ **"ကောင်းဘို့ကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ပြေလည်မှုရရှိစေရန် နိုင်ငံတော်မှ နှစ်တို/နှစ်ရှည်ချေးငွေများကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ချထား ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၀၈

- ဖြေကြားချက် ၃၁၀

- ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏ "ပန်းတန်ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးလက်ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေး ဝန်ထမ်းဆက်လက် ခန့်ထားပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၁၁
- ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "ကဒူးကြီးကျေးရွာအုပ်စု၊ နားဟီးကျန်းမာရေးဌာန" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၁၁
- ဖြေကြားချက် ၃၁၂
- ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁)၏ "ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများရှိ အခြေခံပညာကျောင်းများရှိ ဆရာ/ဆရာမများ မြို့ပေါ်သို့ လက်ရှိရာထူးအတိုင်း (သို့မဟုတ်) တစ်ဆင့်မြှင့်ရာထူးဖြင့် ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၁၄
- ဖြေကြားချက် ၃၁၅
- ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "မိုင်းခတ်မြို့နယ်၊နမ့်မွဲ(အမက)ကျောင်းနှင့် နမ့်ခတ် (အမက)ကျောင်းတို့" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၁၆
- ဖြေကြားချက် ၃၁၇
- ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "လင်းခေးမြို့နယ်၊ ဝမ်ဟတ်(အထက်) ကျောင်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၁၇
- ဖြေကြားချက် ၃၁၉
- ဦးစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ၏ "ကျိုင်းတောင်းမြို့နယ်ခွဲရှိ ကျေးလက်မူလတန်းကျောင်းများ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၁၉

- ဦးစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ၏ **"ကျိုင်းတောင်းမြို့နယ်ခွဲရှိ ကျေးလက်ဆေးပေးခန်းများကိစ္စ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၂၀
- ဖြေကြားချက် ၃၂၀
- ဦးစိုင်းစံအေး၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **"သိန္နီမြို့နယ် ပြည်သူ့ဆေးရုံတွင် သွားဖက်ဆိုင်ရာ ဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၂၂
- ဖြေကြားချက် ၃၂၂

(ဆ) ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းကို ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၃၂၃

(ဇ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၃၂၃

(ဈ) **ကြားဖြတ်ဆွေးနွေးခြင်း**
- ဦးစိုင်းတင်ဦး၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ၃၂၉
- ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ၃၃၁
- ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၃၃၃
- ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၃၃၅

(ည) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း။ ၃၃၆

(ဋ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း။ ၃၃၇

(ဌ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ကျေးရွာ ထင်းစိုက်ခင်းဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း။ ၃၃၈

(ဍ) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး ကျင်းပပြီးစီးခြင်း။ ၃၅၁

၆။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆုံးဖြတ်ချက်များ ၃၅၂

(က) ဆုံးဖြတ်ခြင်းအမှတ် ၈-၁/၂၀၁၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း

(ခ) ဆုံးဖြတ်ခြင်းအမှတ် ၉-၁/၂၀၁၂။ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဥ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းလာသော ကြောင့် ထော်လာဂျီအကြီး၊ အလတ်၊ အသေး မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသောယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်"အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြု ကြောင်း ဆုံးဖြတ်ခြင်း ၃၅၃

(ဂ) ဆုံးဖြတ်ခြင်းအမှတ် ၁၀-၁/၂၀၁၂။ " မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏ ဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင် ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ- ဆိုင်ကယ်ဦးထုပ်မစောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါ စီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့် ဘက်မှန်များ တပ်ဆင်မထားခြင်း တို့ပြုပါက ဒဏ်ငွေနှင့် အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြော ပို့ချချက်များပါစီစဉ်ပေးရန် မြို့တွင်း တစ်နာရီ မိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုး ၃၅၄

အင်မတန်အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ၊ အိတ်စောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်"အဆိုကို ပြန်လည်ရုပ်သိမ်း ခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်း

(ဃ) ဆုံးဖြတ်ခြင်းအမှတ် ၁၁-၁/၂၀၁၂။ " ကွန်တိန်းမှ မိုင်တိုင်အမှတ် (၁၅)မိုင်ရှိ (၃၅)ပေ ရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ် (၂၅) မိုင်ရှိ (၃၂)ပေ ရှည်သော ဆိုင်းမွန်း/ ဆိုင်းခေါင်တံတား ၊ မိုင်တိုင်အမှတ် (၃၀) မိုင်ရှိ (၁၀၀)ပေ ရှည်သော ခိုလေ/ငါးတိုင်တံတား ကြီးများသည် အသုံးပြု၍ မရနိုင်တော့ပဲ ခရီးသွား ပြည်သူများ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာ နေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများစွာ ကြုံတွေ့ရလျက် ရှိသောကြောင့် အဆိုပါ တံတားကြီး (၃)စင်းအား စိစစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ပါရန်" အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်း ခွင့်ပြုရန် ဆုံးဖြတ်ခြင်း ၃၅၅

(င) ဆုံးဖြတ်ခြင်းအမှတ် ၁၂-၁/၂၀၁၂။"ပြည်နယ်အတွင်း ဓာတ်သတ္တုစုံးသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားသင့်ပါကြောင်း" အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၃၅၆

(စ) ဆုံးဖြတ်ခြင်းအမှတ် ၁၃-၁/၂၀၁၂။" ယာဉ်အမျိုးအစားအလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း၊ ၃၅၇

သတ်မှတ် ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ် ပိုစေခြင်း၊ ကုန်ကျစရိတ် ပိုသဖြင့် ကုန်စျေးနှုန်း တည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှု ကြောင့် လမ်း၊ တံတားကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေ နိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ် ကြီးများအား မိမိဒေသအခြေအနေနှင့် လိုက်လျော ညီထွေမှုရှိစေရေး အတွက် (၆)ဘီးယာဉ်များအား (၂၅)တန် အထိ လည်းကောင်း၊ (၁၀)ဘီးယာဉ်များအား (၃၀)တန် အထိ လည်းကောင်း တိုက်စွာ သတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များ အား ထိရောက်စွာ အရေးယူမှုများ ပြုသွားမည် ဆိုပါက အဘက်ဘက် မှ အဆင်ပြေစေ နိုင်မည် ဖြစ်သဖြင့် စိစစ်ဆောင်ရွက် နိုင်ပါရန် "အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်း

(ဆ) ဆုံးဖြတ်ခြင်းအမှတ် ၁၄-၁/၂၀၁၂။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၃၅၈

(ဇ) ဆုံးဖြတ်ခြင်းအမှတ် ၁၅-၁/၂၀၁၂။ ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ် ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော် ကိုယ်စား လှယ်(၁)ဦးမှ ကန့်ကွက်ကြောင်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း ၃၅၈

(စျ) မှတ်တမ်းတင်ခြင်းအမှတ် ၁၈-၁/၂၀၁၂။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း ၃၅၉

(ည) မှတ်တမ်းတင်ခြင်းအမှတ် ၁၉-၁/၂၀၁၂။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း ၃၅၉

(ဋ္ဌ) မှတ်တမ်းတင်ခြင်းအမှတ် ၂၀-၁/၂၀၁၂။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း ၃၆၀

(ဍ) မှတ်တမ်းတင်ခြင်းအမှတ် ၂၁-၁/၂၀၁၂။ "ရှမ်းပြည်နယ် အတွင်းရှိ အစိုးရသစ် အရောင်းဆိုင်မရှိသော အချို့ မြို့နယ်များတွင် နေအိမ်အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဒေသထွက် သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်း ကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်း ခုနှစ်သောင်းမှ ကျပ် နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲ နေရပါသည်။ သို့ပါ၍ ဒေသတွင်းပြည်သူများ လွပ်လပ်၍ စျေးနှုန်း သင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိ စေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ် လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင် တစ်ဆိုင် ဖွင့်လှစ်ခွင့် ပြုရေး"အဆိုကို မှတ်တမ်းတင်ခြင်း ၃၆၀

(ဎ) မှတ်တမ်းတင်ခြင်း ၂၂-၁/၂၀၁၂။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း ၃၆၁

(ဏ) မှတ်တမ်းတင်ခြင်း ၂၃-၁/၂၀၁၂။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း ၃၆၂

(တ) မှတ်တမ်းတင်ခြင်း ၂၅-၁/၂၀၁၂။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား မှတ်တမ်းတင်ခြင်း ၃၆၂

(ထ) မှတ်တမ်းတင်ခြင်း ၂၆-၁/၂၀၁၂။ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း အား မှတ်တမ်းတင်ခြင်း ၃၆၃

ရှမ်းပြည်နယ်
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး
ပထမနေ့ မှတ်တမ်း
၁၃၇၃ခုနှစ်၊ တပေါင်းလဆန်း(၆)ရက်
၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်
[တနလ်ာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန က ဆောင်ရွက်ပါသည်။]

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မကြာမီအချိန်အတွင်း ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးအား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ယခုလို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ပြန်လည် တွေ့ဆုံခွင့်ရတဲ့ အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တတိယပုံမှန် အစည်းအဝေး ကျင်းပတဲ့ကာလဟာ ကျွန်တော်တို့ လွှတ်တော်ရဲ့ သက်တမ်းတစ်နှစ်ပြည့်မြောက်တဲ့ ကာလဖြစ်တာနဲ့အညီ ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ ရသင့်ရထိုက်တဲ့ အတွေ့အကြုံ၊ ရှိသင့်ရှိအပ်တဲ့ အရည်အချင်း၊ အရည်အသွေးများနဲ့ ပြည့်စုံပြီး၊ ပြည်သူ့အကျိုးပြည်နယ်အကျိုးနှင့် နိုင်ငံတော်အကျိုးကို စေတနာမှန်မှန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဒီလွှတ်တော် အစည်းအဝေးကြီးမှာ လေးလေးစားစားချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး၊ ပျော်ပျော်ပါးပါး ဆွေးနွေးညှိနှိုင်း တိုင်ပင်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပထမပုံမှန်အစည်းအဝေးကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့မှ မတ်လ(၃၀)ရက်နေ့အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရာမှာ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များကို အသီးသီးအတည်ပြုဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ခွင့်ရဒေသ(၅)ခုတို့ရဲ့ ဦးစီးအဖွဲ့အလုပ်အမှုဆောင်ကော်မတီဝင်များ၏ အမည်စာရင်းကို အတည်ပြုကြေညာနိုင်ခဲ့သလို ပြည်နယ်လွှတ်တော်ရေးရာကော်မတီများဖြစ်ကြတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတို့ကို အသီးသီးဖွဲ့စည်း တာဝန်ပေးအပ်နိုင်ခဲ့ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ကို ၂၀၁၁ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့မှ ဇူလိုင်လ(၁)ရက်နေ့အထိ ရှမ်းပြည်နယ်လွှတ်တော်က ခေါ်ယူကျင်းပပြီး၊ ယင်းအစည်းအဝေးမှာ ရှမ်းပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်က အတည်ပြုခြင်း၊ အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ထို့အတူ ပထမအကြိမ် ရွှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့မှ နိုဝင်ဘာလ(၂)ရက်နေ့အထိ ကျင်းပရာမှာ မေးခွန်းပေါင်း(၃၈)ခု မေးမြန်းခြင်း၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားခြင်းနဲ့ အဆို(၃)ခုအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ ပထမအကြိမ်ရွှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းများ မေးမြန်းခြင်းနဲ့ အဆိုများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ ကန့်သတ်ချက်များနှင့်အညီ ဖြစ်ဖို့ လိုအပ်ပါတယ်။ ဆိုလိုတာကတော့ ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများကို ကွဲကွဲပြားပြားဖေါ်ပြရမှာဖြစ်သလို၊ မေးခွန်းနှင့်အဆိုများ၏ ခေါင်းစဉ်များကိုလည်း ရှင်းရှင်းလင်းလင်းဖေါ်ပြပြီး၊ ကာယကံရှင်များကိုယ်တိုင် လက်မှတ်ရေးထိုး၍ သတ်မှတ်ရက်အတိုင်း ပေးပို့ခြင်းအားဖြင့် ပြန်လည်ဖြေကြားပေးမယ့် ပြည်နယ်အဖွဲ့အစည်းဝင်များအတွက် ပိုမိုတိကျပြည့်စုံသော ဖြေကြားချက်ကို ပြုစုတင်ပြနိုင်မှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ မေးခွန်းများ မေးမြန်းခြင်းနဲ့ အဆိုများ တင်သွင်းခြင်းတို့အပြင် အရေးကြီးလှတဲ့ ဥပဒေပြုရေးတာဝန်လည်း ရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းဇယား(၂)ပါ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ပြည်နယ်အကောက်ခွန်ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် ကျန်ဥပဒေကြမ်းများကို ပြည်နယ်အဆင့်အဖွဲ့အစည်းများက လွှတ်တော်သို့ ပေးပို့တင်သွင်းနိုင်သလို၊ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကလည်း လွှတ်တော်သို့ တင်သွင်းခွင့်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် ပြည်နယ်အဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူများရဲ့ အကျိုးကို ပြုမယ့် ဥပဒေကြမ်းများ ပေးပို့တင်သွင်းကြဖို့ တိုက်တွန်းပြောကြား လိုပါတယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုပေါ်ထွက်လာတဲ့ ဥပဒေအတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ/မရှိ ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များက အမြဲတန်းလေ့လာနေဖို့ လိုပါတယ်။ မမှန်ရင် မှန်အောင်၊ မလိုက်နာရင် လိုက်နာအောင် ထိန်းကျောင်းညှိနှိုင်းပေးဖို့လည်း လိုမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွတ်တော်သက်တမ်းဟာ တစ်နှစ် ပြည့်မြောက်ပြီးဖြစ်တဲ့အတွက် ထင်သာမြင်သာသော ပြောင်းလဲတိုးတက်မှုတွေ ရရှိနေရမယ့် အချိန်အခါကောင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း အချို့အချို့သော ဒေသတွေမှာ စီမံခန့်ခွဲမှု လွဲမှားခြင်း၊ အားနည်းခြင်း၊ ညံ့ဖျင်းခြင်း၊ အဂတိလိုက်စားခြင်း စတဲ့ ချွတ်ချော်တိမ်းစောင်းမှုတွေ ရှိနေသေးတာကြောင့် ပြည်သူများ အခက်အခဲကြုံတွေ့လျက်ရှိကြောင်း ကြားသိရပါတယ်။ ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေကယုံကြည်လို့၊ အားကိုးလို့ သူတို့ဒေသတွေမှာ သူတို့အတွက် ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ တင်ပြချက်၊ ပြည်သူတွေရဲ့အသံ၊ ပြည်သူရဲ့ ခံစားချက်၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို ချင့်ချိန်သုံးသပ်ပြီး လွတ်တော်ရောက်တဲ့အခါ တင်ပြဖို့ဖြစ်သလို၊ လွတ်တော်မခေါ်တဲ့အချိန်မှာလည်း ပြည်သူတို့ရဲ့ သဘောထား၊ ပြည်သူတို့ရဲ့ဆန္ဒ၊ ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သိရှိအောင်လေ့လာပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြပါစို့လို့ နှုတ်ခွန်းဆက် ပြောကြားအပ်ပါတယ်။

[ဩဘာသံများ]

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ဒီကနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ပေါင်း(၁၄၃)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၉၅ ၊ ၁)ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆၊ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅ ၊ နည်းဥပဒေခွဲ(က)နှင့် (ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(ခ)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးကျော်တယ်ချန်(ကုန်းကြမ်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တယ်ချန် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန်(ခ) ဘေဆော်ချိန်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၇-၂-၂၀၁၂)ရက်နေ့မှ (၉-၃-၂၀၁၂)ရက်နေ့အထိ (၁၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန်(ခ) ဘေဆော်ချိန် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဦးစိုင်းအိုက်အေး(လင်းခေးမဲဆန္ဒနယ်အမှတ်-၁) ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၁၀-၂-၂၀၁၂)ရက်နေ့မှ(၇-၃-၂၀၁၂)ရက်နေ့အထိ (၁၀)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းဆန်ကွယ် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းလှဖေ(ဟိုပန်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေ ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူသည် ကျန်းမာရေးကိစ္စဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၇-၂-၂၀၁၂)ရက်နေ့မှ (၆-၃-၂၀၁၂)ရက်နေ့အထိ (၉)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးခွန်ထွန်းလူ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဦးဇော်ဦး(နမ့ဖူမဲဆန္ဒနယ်အမှတ်-၁) ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့ဖူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဦး ဖြစ်ပါတယ်။ လားရှိုး မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကြူသည် မိသားစုအရေးကိစ္စကြောင့် ယခု ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၇-၂-၂၀၁၂) (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းကြူကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးခင်ဇော်ဝင်း(မိုးမိတ်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်ဇော်ဝင်း ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်မြင့်(ခ) ဦးဝင်းမောင်သည် နေမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၇-၂-၂၀၁၂) (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးကျော်မြင့်(ခ)ဦးဝင်းမောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်မှူးသက်ဇော်ထွန်း။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသက်ဇော်ထွန်း ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးသန့်ဇင်ဦးသည် ဖခင်ဖြစ်သူ ဆေးရုံတက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၇-၂-၂၀၁၂)ရက်နေ့မှ(၉-၃-၂၀၁၂)ရက်နေ့အထိ (၁၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသန့်ဇင်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်မှူးမိုးကျော်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးကျော်ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးအောင်သူဝင်း သည် ကျန်းမာရေးအခြေအနေအရ ဆေးရုံတက်ရောက်နေခြင်းကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၇-၂-၂၀၁၂)ရက်နေ့မှ (၉-၃-၂၀၁၂) ရက်နေ့အထိ (၁၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသန့်ဇင်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များ ခင်ဗျား -

ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် -

" သဘောတူပါသလား ခင်ဗျား။ "

[၃ ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ပြည်နယ်လွှတ်တော်မှ သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ဒီကနေ့ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦးဖြစ်ပြီး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူဦးရေ(၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်သို့ အတည်ပြုချက် ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

" အတည်ပြုပါသလား ခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က အတည်ပြုပါသည်]

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ **[သဘာသံများ]**

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးစစ်အောင်မြတ်၊ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့။ ကျွန်တော်တို့ ဒီနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ကျွန်တော်တို့ တက်ရောက်လာကြတဲ့ **ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ** အားလုံးကို စိတ်၏ ကျန်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည်စုံပါစေကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်တို့နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးငှာ ဆွေးနွေးညှိနှိုင်းရန်အတွက် စတင်ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးပို့သရင်း ကိုယ်စိတ်နှစ်ပါးကျန်းမာကြစေရန် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များဟာ နိုင်ငံနှင့် ပြည်သူအကျိုးငှာ ဥပဒေရေးရာ၊ မူဝါဒရေးရာတွေကို အားသွန်ခွန်စိုက်ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း(၃၀-၃-၂၀၁၁)ရက်က ပြည်ထောင်စုလွှတ်တော်မှာ ပြောကြားခဲ့သည့် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထားလမ်းစဉ်များနှင့်အညီ အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြပါတယ်။

ကျွန်တော်တို့ နိုင်ငံနှင့် ပြည်သူကို ကတိကဝတ်ပြုခဲ့ပြီး ဖြစ်သည့်အတိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့် ပြည်သူတွေရဲ့ အနာဂတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဖော်ဆောင်လျက် ရှိပါတယ်။

အထူးသဖြင့်တော့ ပြည်သူတိုင်းရဲ့ လိုလားတောင့်တချက်ဖြစ်တဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိပါတယ်။

နိုင်ငံတော်အေးချမ်းတည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ ပြည်ထောင်စုအတွင်းမှာ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံပြီးတော့မှ ယခင်ကနှင့်မတူသည့်မူဝါဒတွေကို ကျင့်သုံးပြီးတော့မှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့လုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့(၉)ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်အဖွဲ့များမှာလည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက်ရှိရာမှာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါတယ်။ ဆက်လက်၍လည်း ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့ပြင် နိုင်ငံတော်တည်ငြိမ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေး ဖော်ဆောင်နိုင်ရန် အမြင်သဘောထားမတူသည်များကိုထားပြီး အမြင်သဘောထား တူညီသည်များကို ပြည်သူများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များမှာ အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အကြောင်းအမျိုးမျိုး ကြောင့် ပြည်ပရောက်နေကြသော နိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များမှာ ပါဝင်နိုင်အောင် လက်ကမ်းဖိတ်ခေါ် ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်မှု ကြောင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး တိုးတက်ကောင်းမွန်လာပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှု ရှိလာသည်ကိုလည်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်စေရန်လည်း ရည်စူးပြီးတော့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲ မြှင့်တင်မှုများကိုလည်း တစိုက် မတ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံ၏ စီးပွားရေး အဆောက်အဦ (၁)ခုလုံး ပြောင်းလဲတိုးတက်စေရန်အတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေး မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်ပြုပြင်သင့်သည်များကို အရှိန်အဟုန် မြင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရန် ရေခံမြေခံ ပတ်ဝန်းကျင် ကောင်းများ ဖြစ်ထွန်းလာရေး ပြုပြင်ဖော်ဆောင်ပေး လျက်ရှိပါတယ်။ ကူးသန်း ရောင်းဝယ်မှု လုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ သွက်လက်ချောမွေ့ ဖွံ့ဖြိုးလာစေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ထို့အပြင် ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟူသော အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတစ်ဝန်းလုံးမှာ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းကဏ္ဍ (၈)ရပ် ချမှတ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ပေါင်း(၃၃၀)၊ မြို့နယ်ခွဲ(၈၂)ခုတို့နဲ့ အောက်ခြေ အထိဆင်းပြီး ကျေးလက်ပြည်သူများနှင့် ပူးပေါင်းလျက် လက်တွေ့ထိရောက် အောင်မြင်အောင် ဆောင်ရွက်လျက် ရှိပါတယ်။

ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ မြှင့်တင်ဖော်ဆောင်ပေးလျက် ရှိပါတယ်။

နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးအတွက် ဘက်စုံ၊ ထောင့်စုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပေါင်း (၁၅)ခုကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီနေ့လွတ်တော်အစည်းအဝေးကို ခေါ်ယူရတဲ့ အဓိကအကြောင်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(ကြမ်း)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အမျိုးသားစီမံကိန်းဆိုင်ရာဥပဒေကြမ်းတို့ကို အတည်ပြုရေးနှင့် လွတ်တော်ကိုယ်စားလှယ်များက တင်ပြလာသော အဆိုများ၊ မေးခွန်းများနှင့် ဥပဒေကြမ်းများကိုရရှိသည့် အချိန်ပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအပေါ် ဆွေးနွေးရာမှာ ပညာရှင်များ မဟုတ်ကြသကဲ့သို့ စီးပွားရေးကျွမ်းကျင်သူများ မဟုတ်ကြသော်လည်း မိမိတို့တွင် ရှိသည့် **Political Will, Logical Thinking** တို့နှင့် မိမိတို့ ကိုယ်စားပြုသော ပြည်သူများအတွက် ဖြစ်သင့်သည့် အကျိုးရှိစေမည့် အချက်ကို သုံးသပ်ပြီး ဆွေးနွေးကြမှာ ဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒများနှင့် လိုအင်များကို ဥပဒေပြုရေး နည်းလမ်းများမှတဆင့် အကောင်အထည်ဖော်ပေးရာလည်းရောက်မှာ ဖြစ်ပါတယ်။

အမျိုးသားစီမံကိန်းများကို စိစစ်လေ့လာရာမှာ တချို့သော စီမံကိန်းများသည် နှစ်ချင်း၊ (၁)နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမှာ ဖြစ်သလို နှစ်တို၊ နှစ်လတ်၊ (၂)နှစ်၊ (၃)နှစ်စသည်ဖြင့် ခွဲတမ်းဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမှာလည်း ပါဝင်ပါတယ်။ လိုအပ်မည့် အကြောင်းအရာလုပ်ရပ်၊ လုပ်နည်းများနှင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဖြစ်တန်စွမ်း၊ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုတို့ကို လွတ်တော်နှင့် တစ်နည်းအားဖြင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့တို့၏ ဆက်ဆံမှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော **Check & Balance**

သဘောတရားကို မကျော်လွန်စေဘဲ ဆောင်ရွက်ရမှာ ဖြစ်သကဲ့သို့ အုပ်ချုပ်မှုအဖွဲ့နှင့်လည်း ဆက်ဆံဆောင်ရွက်ရေး ကောင်းမွန်အောင် တည်ဆောက်ထားရန်လည်းလိုမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအကျိုး၊ ပြည်နယ်အကျိုးဖော်ဆောင်တဲ့နေရာမှာ တာဝန်နှင့် လုပ်နည်းမတူသော်လည်း ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ တူညီသည့်အတွက် မိမိတို့ ပန်းတိုင်ဖြစ်သော ဒီမိုကရေစီစနစ်ဖြင့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဆိုသည့် ပန်းတိုင်အား ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ထမ်းဆောင်ရင်း အတူတကွ ခိုင်တက်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်နှင့် နှစ်ပေါင်း (၄၀)ကျော်ကင်းကွာခဲ့ရသည့်အတွက် အခုလို လွှတ်တော်အဆင့်ဆင့် ပေါ်ပေါက်လာတဲ့အချိန်မှာ လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းပြီးတော့ ခက်ခက်ခဲခဲရှာဖွေ လေ့လာကျင့်သုံးခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ရှမ်းပြည်နယ်လွှတ်တော်နှင့်လက်တွဲပြီး နိုင်ငံနှင့် ပြည်သူတို့၏ အနာဂတ်ဘဝ သာယာလှပစေရန်အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့ ရှင်သန်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ် ဝန်ကြီးချုပ် မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရှင်းလင်းတင်ပြခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၈၊ နည်းဥပဒေ ၁၃၃၊ နည်းဥပဒေခွဲ(က)တို့အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြလာပါတယ်။ ၎င်းဥပဒေကြမ်းအား ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြရှင်းလင်းပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးခွန်သိန်းမောင်၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအား ပူးတွဲတာဝန်ထမ်းဆောင်နေသော ပြည်နယ်ဝန်ကြီးဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၀၊ အပိုဒ်ခွဲ(ခ)အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စားပြည်နယ်လွှတ်တော်သို့ တင်သွင်း ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

တင်သွင်းရှင်းလင်းဖတ်ကြားခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီး အား လေးစားစွာ ပန်ကြားအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်း ဖြစ်ပါတယ်။ မာတိကာမှာ အမှတ်စဉ်(၁) နိဒါန်း၊ အမှတ်စဉ်(၂) အခန်း(၁)အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အမှတ်စဉ်(၃) အခန်း(၂)ဦးတည်ချက်၊ အမှတ်စဉ်(၄) အခန်း(၃) စီမံကိန်းလျာထားချက်၊ အမှတ်စဉ်(၅) အခန်း(၄) ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်၊ အမှတ်စဉ်(၆) အခန်း(၅) အထွေထွေ ဆိုပြီးတော့ ပါရှိမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

နိဒါန်း။

ပုဒ်မ-၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တင်သွင်းခြင်း ဖြစ်ပါတယ်။

အခန်း(၁) အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့် အဓိပ္ပာယ်ဖော်ပြချက်။

ပုဒ်မ-၂။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ ဟု ခေါ်တွင်စေရမည်။

ပုဒ်မ-၃။ ဤဥပဒေသည် ၂၀၁၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

ပုဒ်မ-၄။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

အပိုဒ်ခွဲ(၁) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၂) **ဦးတည်ချက်** ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၃) **စီမံကိန်းလျာထားချက်** ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၄) **လုပ်ငန်းစဉ်** ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၅) **အခြေခံနှစ်** ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၆) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၇) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၈) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေး ကဏ္ဍ(၁၄)ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုလိုပါတယ်။

အပိုဒ်ခွဲ(၉) **ကဏ္ဍကြီး** ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှ လွဲ၍ စီးပွားရေးကဏ္ဍ(၁၃)ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်ပါသည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးမှာ(လယ်ယာ၊သားငါး၊သစ်တော ကဏ္ဍများပါဝင်ပြီး)၊ စက်မှုကဏ္ဍကြီးမှာ(သတ္တုနှင့် တွင်းထွက် ပစ္စည်း၊ စက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ ပါဝင်ပါတယ်)၊ ဝန်ဆောင်မှုကဏ္ဍကြီးမှာ (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ပြီး) ကျွန်တော်တို့ ခွဲခြားသတ်မှတ်ထားခြင်းကို ဆိုလို ပါတယ်။

အခန်း (၂)၊ ဦးတည်ချက်

ပုဒ်မ-၅။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယယ် -

အပိုဒ်ခွဲ(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲ သီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက် ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း နိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး။

အပိုဒ်ခွဲ(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေး နယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်စေရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၅) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှု ရရှိရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေး ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၆) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအလေးထား ဆောင်ရွက်ရေး ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပျောက်ရေး လုပ်ငန်းစဉ်(၈)ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာ ဗျူဟာများ ချမှတ် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အခန်း(၃) စီမံကိန်းလျာထားချက်များ

ပုဒ်မ-၆။ ရှမ်းပြည်နယ်အစိုးရမှ သတ်မှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်းစီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်သွားမှာဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် ရည်မှန်းချက်မှာ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ်သန်းပေါင်း (၃၁၃၀၃၆၇. ၈) (ကျပ်ဘီလီယံ ၃၁၃၀ . ၇) ရရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်စျေးနှုန်းအရ (၇ . ၇) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့်(၁. ၀)ဆဖြစ်ပေါ်လာအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို(၄၂. ၈) ရာခိုင်နှုန်းမှ (၄၁. ၄)ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီးရဲ့ ပါဝင်မှုအချိုးအစားကို(၂၂ . ၉) ရာခိုင်နှုန်းမှ(၂၃ . ၇)ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၄. ၃)ရာခိုင်နှုန်းမှ(၃၄. ၉)ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ် စေရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁. ၃) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈. ၃)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို(၆. ၄)ရာခိုင်နှုန်း အသီးသီးတိုးတက်စေရမှာ ဖြစ်ပါတယ်။

အခန်း(၄) ကဏ္ဍအလိုက် မူဝါဒရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

ပုဒ်မ-၇။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ -

အပိုဒ်(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) သီးနှံ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရန်၊

အပိုဒ်ခွဲ(၂) လေ့ကျင့်ပညာပေးရန်၊

အပိုဒ်(ခ) ရည်မှန်းချက်များအနေနဲ့ကတော့ အောက်ပါအတိုင်းဖြစ်သည်-

အပိုဒ်ခွဲ(၁) လယ်ယာကဏ္ဍတွင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်ပုံမှန်စျေးနှုန်းများ အရ ကျပ်သန်းပေါင်း(၁၀၇၅၃၃၁. ၁) (ကျပ် ဘီလီယံ ၁၀၇၅. ၅)နဲ့ တိုးတက်မှုနှုန်း (၁ . ၀) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

အပိုဒ်ခွဲ(၂) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး ဆောင်ရွက်ရန်။

အပိုဒ်ခွဲ(၃) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက်သွားရန်။

အပိုဒ်ခွဲ(၄) ကျန်အဓိက စိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၅) စံပြစက်မှုလယ်ကွက် **(Mechanized Farm)** များကို ဆက်လက်တိုးချဲ့ ဖော်ထုတ်သွားရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၆) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေကြေးများ ထုတ်ချေးပေးသွားရန်ဖြစ်ပါတယ်။

အပိုဒ်(၈) လုပ်ငန်းစဉ်များအနေနဲ့ကတော့ အောက်ပါအတိုင်းဖြစ်သည်-

အပိုဒ်ခွဲ(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူ တစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး၊ လယ်ယာမြေဖော် ထုတ်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်မှာဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) မြေအောက်ရေရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုကေများပိုမိုလာစေရေးဆောင်ရွက်မှာဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက် လည်းကောင်း ရေသွင်းစိုက်ပျိုးမည့်ဧရိယာကေများ ပြည့်မီစေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများနဲ့ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပုဒ်မ-၈။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင်းသားငါးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့

(က) မူဝါဒတွေကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ (၁) ပြည်နယ်အတွင်း သားငါးထုတ်လုပ်မှုဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက် အကူပြု မွေးမြူရေးတိုးတက်စေရန် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) သဘာဝမြစ်ချောင်းအင်းအိုင်များတွင် ငါးသယ်ဇာတများ မပြုန်းတီးစေဘဲ ငါးပုစွန်တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးအတွက် ပြည်ပသို့ ပို့မှုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) သားငါးကဏ္ဍ ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေပဲ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန် ဆောင်ရွက်စေရေးနှင့် ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားစေရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း(၁၉၇၇၈၇. ၇) (ကျပ် ဘီလီယံ ၁၉၇. ၈)နှင့် တိုးတက်မှုနှုန်း(၆ . ၄) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

အပိုဒ်(ဂ) လုပ်ငန်းစဉ်အနေနဲ့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများထူထောင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှအရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးခြေငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ပြည်ပစျေးကွက် ပို့မှုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မှီရေး ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို စွေးကွက်တွင် စွေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပုဒ်မ-၉ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(က) မူဒါတွေကတော့ အောက်ပါအတိုင်း ဖြစ်တယ် -

အပိုဒ်ခွဲ(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ပဲဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲတဲ့နေရာမှာ အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး ပဲဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေးပဲဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်တွေအနေနဲ့ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၄၂၉၉ . ၄) (ကျပ်ဘီလီယံ ၂၄ . ၃)နှင့် (၁၉ . ၁) ရာခိုင်နှုန်းလျော့နည်း ရည်မှန်းထားပါတယ်။

အပိုဒ်ခွဲ(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်(ဂ) လုပ်ငန်းစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး စိုက်ခင်းများ တည်ထောင် သွားမှာဖြစ်ပါတယ်။

အပိုဒ်ခွဲ(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

ပုဒ်မ-၁၀။ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထားခြင်း မရှိပါဘူး။

ပုဒ်မ-၁၁။ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းမှာ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(က) မူဝါဒတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) ပုဂ္ဂလိကပိုင် ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်း ချက်များကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း(စဉ့ ၇၂. ၁) (ကျပ်ဘီလီယံ စဉ့. ၃)နှင့် တိုးတက်မှုနှုန်း(၆. ၆)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

အပိုဒ်ခွဲ(၂) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီအလေးထားဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပုဒ်မ-၁၂ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့်စပ်လျဉ်း၍ -

အပိုဒ်(က) မူဝါဒတွေကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စက်မှုလုပ်ငန်း(**Green Industry**)များ ပို့မိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုခြင်း(**Energy Efficiency**)များ အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်ရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) စက်မှုလက်မှုကဏ္ဍ ပို့မိုတိုးတက်ဖွံ့ဖြိုးစေရေး အတွက် နည်းပညာ၊အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဖူးပေါင်းဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍရဲ့ ထုတ်လုပ်မှုလုပ်ငန်းများ ပို့မိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်တယ် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၃၉၅၇၆၉. ၃) (ကျပ်ဘီလီယံ ၃၉၅. ၈)နှင့် တိုးတက်မှုနှုန်း (၁၀ . ၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါတယ်။ (ကျွန်တော်တို့ စက်မှုလက်မှုကဏ္ဍကို တိုးတက်ရည်မှန်းထားပါတယ်။)

အပိုဒ်ခွဲ(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်း လုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်(၈)လုပ်ငန်းစဉ်အနေနဲ့ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

အပိုဒ်ခွဲ(၁) ဒေသအတွင်းရှိ သယံဇာတ အရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) စက်မှုထုတ်ကုန်ပစ္စည်း တိုးတက်လာစေရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိုဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန် အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပုဒ်မ-၁၃။ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်မောတ်အားကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(က)မူဝါဒများကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ပဉ္စမကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက် ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်မောတ်အားကို ပြည်နယ်တွင် သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်မောတ်အားစနစ်အတွင်း၌ မဟာမောတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မမောတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေးဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ပင်မမောတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှုပူးပေါင်း ပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး မောတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ပင်မမောတ်အားပေးစနစ်မှ လျှပ်စစ်မောတ်အားမရောက် ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအား လျှပ်စစ်မောတ်အားပေးစက်ရုံ၊ ဒီဇယ်မောတ်အားပေး စက်များဖြင့် လျှပ်စစ်မောတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ မောတ်အားပေးစက်များရဲ့ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေးပဲဖြစ် ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါသည် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊လျှပ်စစ်မောတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်များကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စွေးနှုန်းများအရ ကျပ်သန်းပေါင်း (၅၆၆၀စ. ၀) (ကျပ်ဘီလီယံ ၅၆. ၆)နှင့် တိုးတက်မှုနှုန်း (၆. ၉) ရာခိုင်နှုန်းရရှိစေရန် ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

အပိုဒ်(ဂ) လုပ်ငန်းစဉ်ကတော့ အောက်ပါအတိုင်းဖြစ်တယ် -

အပိုဒ်ခွဲ(၁) မောတ်အားစနစ်အတွင်း အရည်အသွေးကောင်းမွန်သော မောတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူသုံးစွဲခြင်း တို့ဖြင့် မောတ်အားလျှော့နည်းပျောက်ဆုံးမှုမရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲငယ်(က) မောတ်အားစနစ်မှ မောတ်အားရယူခြင်း၊

အပိုဒ်ခွဲငယ်(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

အပိုဒ်ခွဲငယ်(ဂ) နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများ အသုံးပြုခြင်း၊

အပိုဒ်ခွဲငယ်(ဃ) လေစွမ်းအင်သုံး လေရဟတ်မောတ်အား ပေးစက်ငယ်များ အသုံးပြုခြင်း၊

အပိုဒ်ခွဲငယ်(ငံ) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာမောတ်ငွေ့သုံး မောတ်အား ပေးစက်များ အသုံးပြုခြင်း၊

အပိုဒ်ခွဲငယ်(စ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

အပိုဒ်ခွဲငယ်(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်းစတဲ့ နည်းလမ်းများနဲ့ ကျွန်တော်တို့ ဓာတ်အားထုတ်လုပ် သုံးစွဲသွားမှာ ဖြစ်ပါတယ်။

ပုဒ်မ-၁၄။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် အခုကျွန်တော်တို့ ဆောက်လုပ်မှု ကဏ္ဍနှင့် စပ်လျဉ်း၍

အပိုဒ်(က) မူဝါဒတွေကတော့ အောက်ပါအတိုင်းဖြစ်တယ် -

အပိုဒ်ခွဲ(၁) ပြည်သူများ၏ အခြေခံလိုအပ်ချက် ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

အပိုဒ်ခွဲ(၂) လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်များကတော့ အောက်ပါအတိုင်းဖြစ်တယ် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဆောက်လုပ်မှု ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများ အရ ကျပ်သန်းပေါင်း (၂၀၅၃၅၀ . ၅) (ကျပ်ဘီလီယံ ၂၀၅ . ၃)နှင့် တိုးတက်မှုနှုန်း(၅. ၁)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

အပိုဒ်ခွဲ(၂) စီမံကိန်းကာလအတွင်း လုပ်ငန်းဌာနအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် လမ်း/တံတား စီမံကိန်းလုပ်ငန်းများ ပြည့်မီစွာ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်ရန်ပဲ ဖြစ်ပါတယ်။

အပိုဒ်(၈) လုပ်ငန်းစဉ်တွေကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်တဲ့နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ဆက်လက်ပေးသွားရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ (၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေတဲ့ မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြမဟာ ဗျူဟာများ ချမှတ်ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

ပုဒ်မ-၁၅။ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် တင်ပြသွားမှာ ဖြစ်ပါတယ် -

အပိုဒ်(က) မူဝါဒများနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖြစ်သည် -

အပိုဒ်ခွဲ(၁) ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး တို့ကို အထောက်အကူပြုသော လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးနှင့် ပုဂ္ဂလိက ခရီးသည်နှင့် ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်း အားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြှင့်တင်ပေးရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန် အတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၃၃၈၉၂.၃) (ကျပ်ဘီလီယံ ၂၃၃.၉)နှင့် တိုးတက်မှုနှုန်း (၈.၄)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

အပိုဒ်ခွဲ(၂) နှစ်စဉ် အသားတင် ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေ ပေးရန်ဖြစ်ပါတယ်။

အပိုဒ်(ဂ) လုပ်ငန်းစဉ်အနေနဲ့ကတော့ အောက်ပါအတိုင်းဖြစ်သည်-

အပိုဒ်ခွဲ(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မူဆယ်ခရိုင်နှုံတွင် မိုးဘိုင်းဒက်လိုင်းများ တပ်ဆင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြိုကမ်းထိန်းလုပ်ငန်းများ၊ ရေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် မြစ်ရေလမ်းကြောင်းပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းနှင့် မြစ်ရေတင်စက်လုပ်ငန်းများရရှိရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ပြည်နယ်အတွင်း ပြည်သူများ လမ်းစည်းကမ်း၊ ယာဉ် စည်းကမ်းများကို အပြည့်အဝလိုက်နာစေရန် စီမံဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

ပုဒ်မ-၁၆။ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(ဃ) မူဝါဒများကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် **Public Private Parthership (PPP)** ကွန်တော်တို့အပြန်အလှန် အကျိုးပြုဆိုတဲ့ ရည်မှန်းချက်ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍရဲ့ တည်ဆောက်မှု လုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိက လုပ်ငန်း ရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး၊ **IT(Information Technology)**ကဏ္ဍမှာ နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့် အလမ်းများ ဆက်လက်ဖန်တီးပေးရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) ကွန်ပျူတာနည်းပညာရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်များကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ် ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စွေးနှုန်းများအရ ကျပ်သန်းပေါင်း (၃၃၂၉၄. ၇) (ကျပ်ဘီလီယံ ၃၃ . ၃)နှင့် တိုးတက်မှုနှုန်း (၅၉. ၂) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(ဒါကတော့ ကျွန်တော်တို့ မိုဘိုင်းဖုန်းတွေကို ချထားပေးတဲ့ အနေအထားကြောင့် တိုးတက်မှုနှုန်း များပြားတာကို တွေ့ရပါတယ်။

အပိုဒ်ခွဲ(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ဂ) လုပ်ငန်းစဉ်များကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ပြည်နယ်တွင် နည်းပညာ ပြန့်ပွားရေး **Center**များ ဖွင့်လှစ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်တွင်း/ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်၊ အမြန်ငွေပို့လွှာလုပ်ငန်း **(Online Money Order)**စနစ်အား စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ်**(Back-up System)**အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း**(e-Telegram)** ကြေးနန်းများကို တိုးချဲ့ခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၅) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရန် အစီအစဉ်ရေးဆွဲဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပုဒ်မ-၁၇။ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင်ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(က) မူဝါဒတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ရင်ဘောင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်သည်။

အပိုဒ်(ခ) ရည်မှန်းချက်တွေကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ၂၀၁၁- ၂၀၁၂ ခုနှစ် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀- ၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း(၁၇၅၅. ၃) (ကျပ် ဘီလီယံ ၁. ၈)နှင့် တိုးတက်မှုနှုန်း(၁၅ . ၀) ရာခိုင်နှုန်းရရှိရန် ကျွတ်တော်တို့ရည်မှန်းထားပါတယ်။

အပိုဒ်(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁)အရင်းအနှီးစျေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂)ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

ပုဒ်မ-၁၈။ ရှမ်းပြည်နယ်၏ ၂၀၁၁- ၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(က) မူဝါဒကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁)ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေး။

အပိုဒ်ခွဲ(၂)နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး။

အပိုဒ်ခွဲ(၃)သဘာဝအရင်းအမြစ်မှ ရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသန လုပ်ငန်းများ တိုးချဲ့ရေး။

အပိုဒ်ခွဲ(၄)ပညာအရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး။

အပိုဒ်ခွဲ(၅)ကျန်းမာရေးစနစ်ကို အားဖြည့်ဆောင်ရွက်ခြင်းအားဖြင့် အထူးအလေးပေး ဆောင်ရွက်ရေး။

အပိုဒ်ခွဲ(၆)အလုပ်သမားများ ကျန်းမာမှု တိုးတက်ကောင်းမွန်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ် လုပ်မှုတိုးတက်စေရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည် ဖော်ရန်ရှိသည့် ရေတို၊ ရေရှည် လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေးပဲဖြစ်ပါတယ်။

အပိုဒ်ခွဲ(၁၀) အထက်ဖော်ပြပါ မူဝါဒများကို ကောင်အထည် ဖော်ရာတွင် ပြည်နယ်အဆင့်ဌာန ဆိုင်ရာများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက် များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွား ရမှာ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍရဲ့ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၄၃၉၉၅. ၉) (ကျပ်ဘီလီယံ ၆၄ . ၄)နှင့် (၉. ၈) ရာခိုင်နှုန်းလျော့နည်း ရည်မှန်းထားပါသည်။

ပုဒ်မ-၁၉။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍနှင့် စပ်လျဉ်း၍ -

အပိုဒ်(က) မူဝါဒများကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) အာဆီယံ အသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်မှု ဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ် ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက် စေရေး ပဲဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂)ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးရေးပဲ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃)တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမဲ့ ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

အပိုဒ်(ခ) ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်တယ် -

အပိုဒ်ခွဲ(၁)၂၀၁၁-၂၀၁၂ ခုနှစ်၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍရဲ့ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၄၅၃၃၂.၁)(ကျပ်ဘီလီယံ ၁၄၅.၃)နှင့် တိုးတက်မှုနှုန်း(၁၄.၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါတယ်။

ပုဒ်မ-၂၀။ ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရ စီမံကိန်းမှာ ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ -

အပိုဒ်(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁)ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး။

အပိုဒ်ခွဲ(၂)ထပ်ဆင့်တိုးတန်ဖိုး ရကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့တင်ပို့ထုတ်လုပ်တင်ပို့ ရောင်းချရေး။

အပိုဒ်(ခ)ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်သည် -

အပိုဒ်ခွဲ(၁) ၂၀၁၁-၂၀၁၂ ခုနှစ် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန် စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၁၃၀၀၇၉. ၄) (ကျပ်ဘီလီယံ ၆၁၃. ၁)နှင့် တိုးတက်မှုနှုန်း (၄. ၀) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

အခန်း (၅)၊ အထွေထွေ။

ပုဒ်မ-၂၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီဥပဒေတွေကို လွှတ်တော်ကို အတည်ပြုပြီးတဲ့အခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့. ပြည်နယ်ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြီးတော့ ကျွန်တော်တို့ ဥပဒေအဖြစ် ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တင်ပြမှုပြီးဆုံးပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို အတည်ပြုချက် ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်မှ

" သဘောတူပါသလားခင်ဗျား"

[(၃)ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်မှ သဘောတူအတည်ပြုပါကြောင်းနှင့် လွှတ်တော်မှ မှတ်တမ်းတင်ထားရှိပါကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်စီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ၅၈၊ နည်းဥပဒေ ၁၃၃၊ နည်းဥပဒေခွဲ(က)တို့အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရန်နှင့် ရှင်းလင်းတင်ပြပေးပါရန် ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ဝန်ကြီး ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၉၀)၊ အပိုဒ်ခွဲ (ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြည်နယ်လွှတ်တော်သို့ တင်သွင်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ရှင်းလင်းတင်သွင်းဖတ်ကြားခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ -

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏

၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်း

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

နိဒါန်း

ပုဒ်မ-၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တင်သွင်းခြင်း ဖြစ်ပါတယ်။

အခန်း(၁)အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့်အဓိပ္ပာယ်ဖော်ပြချက်။

ပုဒ်မ-၂။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေဟု ခေါ်တွင်စေရပါမယ်။

ပုဒ်မ-၃။ ဤဥပဒေသည် ၂၀၁၂ ခုနှစ်၊ ပြေလ(၁)ရက်နေ့မှစ၍ ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမှာ ဖြစ်ပါတယ်။

ပုဒ်မ-၄။ နှင့် **အခန်း (၂)** ဦးတည်ချက်များဟာ ၂၀၁၁-၂၀၁၂ ဒေသန္တရ စီမံကိန်းဥပဒေကြမ်းမှာ အသေးစိတ်တင်သွင်းဖတ်ကြားပြီးဖြစ်တဲ့အတွက် ထပ်မံ အသေးစိတ်ဖတ်ကြားခြင်း မပြုတော့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ (ကျွန်တော့်အနေနဲ့ ဒီမှာ ရည်မှန်းချက်ကိုပဲ အဓိကထားပြီးတော့ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။)

အခန်း(၃)၊ စီမံကိန်းလျာထားချက်

ပုဒ်မ-၆။ ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါ အတိုင်း စီမံကိန်းလျာထားချက်များ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် -

အပိုဒ်ခွဲ(၁) ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ်သန်း ပေါင်း(၃၃၂၂၀စု . ၉)(ကျပ်ဘီလီယံ ၃၃၂၂ . ၁)ရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၂) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်စျေးနှုန်းအရ(၆. ၁) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ် ရန်နှင့် အခြေခံနှစ်အပေါ် အဆ အားဖြင့်(၁. ၁)ဆဖြစ်ပေါ် အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အပိုဒ်ခွဲ(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၉ . ၈)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို(၂၄ . ၄)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၃၅ . ၈) ရာခိုင်နှုန်း အသီးသီးပြောင်းလဲ ဖြစ်ပေါ် သွားမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(၄) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁ . ၇)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၉ . ၅)ရာခိုင်နှုန်း၊ ကျွန်တော်တို့ အဲဒီလိုမြင့်တက်သွားပါတယ်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈ . ၉)ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်ဟု ရည်မှန်းထားပါတယ်။

အခန်း(၄)၊ ကဏ္ဍအလိုက်၊ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

ပုဒ်မ-၇။ ကျွန်တော့်အနေနဲ့ ရည်မှန်းချက်ကိုပဲ တင်ပြသွားမှာ ဖြစ်ပါတယ်။

(၁) လယ်ယာကဏ္ဍမှာ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၈၄၀၅၅ . ၅) (ကျပ်ဘီလီယံ ၁၀၈၄ . ၁)နှင့် တိုတက်မှုနှုန်း (၀ . ၈) ရာခိုင်နှုန်းရရှိရန် ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

ပုဒ်မ-၈။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းမှာ သားငါးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ အပိုဒ်(၁)မှာ ရည်မှန်းချက်များကတော့ အောက်ပါ အတိုင်းဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၁၃၄၀ . ၉) (ကျပ် ဘီလီယံ ၂၁၃ . ၃)နှင့် တိုးတက်မှုနှုန်း (၇ . ၈) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။ ကျွန်တော်တို့ ဒီရာကိုနဂိုမူလရှိနေတာနဲ့ နှိုင်းယှဉ်ပြီးတော့ မှတ်သားသွားလိုရပါတယ်။ (လုပ်ငန်းစဉ်တွေကတော့ ကျွန်တော် မတင်ပြတော့ပါဘူး။ တင်ပြထားပြီး ဖြစ်ပါတယ်။)

ပုဒ်မ-၉။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ရည်မှန်းချက်များအနေနဲ့ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ သစ်တောကဏ္ဍရဲ့ စီမံကိန်း ရည်မှန်းချက်များကို ၂၀၁၀-၂၀၁၁ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း(၂၄၃၃၂၂ . ၁) (ကျပ်ဘီလီယံ ၂၄ . ၃)နှင့် တိုးတက်မှုနှုန်း (၀ . ၁) ရာခိုင်နှုန်းထိ ရရှိရန် ရည်မှန်းထားပါတယ်။ ကျွန်တော်တို့ သစ်တောကဏ္ဍကို လျော့နည်းသွားမှာ ဖြစ်ပါတယ်။ (ဒါကတော့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတာကို အလေးထားတဲ့အနေနဲ့ ဒီမှာ လျော့နည်းသွားတာ ဖြစ်ပါတယ်။)

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါတယ်။

ပုဒ်မ-၁၀။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းတွင် စွမ်းအင်ကဏ္ဍအနေနဲ့ကတော့ ကျွန်တော်တို့ ရည်မှန်းထားခြင်း မရှိပါဘူး။

ပုဒ်မ-၁၁။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းမှာ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်များကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၉၀၆၁၆ . ၀) (ကျပ်ဘီလီယံ ၉၀ . ၆)နှင့် တိုးတက်မှုနှုန်း (၈ . ၈) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါတယ်။ (ဒီမှာ ကျွန်တော်တို့ တိုးတက်ရည်မှန်းထားပါတယ်။ သစ်တောကဏ္ဍ)

ပုဒ်မ-၁၂။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းမှာ စက်မှုလက်မှုနှင့် စပ်လျဉ်း၍ ကျွန်တော်တို့ ရည်မှန်းချက်ကတော့ အောက်ပါ အတိုင်းဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍရဲ့ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၄၄၁၈၁၀ . ၂) (ကျပ်ဘီလီယံ ၄၄၁ . ၈)နှင့် တိုးတက်မှုနှုန်း (၁၁ . ၆) ရာခိုင်နှုန်းထိရရှိရန် ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

ပုဒ်မ-၁၃။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းတွင် လျှပ်စစ်မောတ်အားကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ လျှပ်စစ်မောတ်အားကဏ္ဍရဲ့ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၅၉၅၂၄ . ၅) (ကျပ်ဘီလီယံ ၅၉ . ၅)နှင့် တိုးတက်မှုနှုန်း(၅ . ၂) ရာခိုင်နှုန်းထိရရှိရန် ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

ပုဒ်မ-၁၄။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းမှာ ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ ရည်မှန်းချက်များကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက် ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၁၉၇၆၃ . ၅) (ကျပ်ဘီလီယံ ၂၁၉ . ၈)နဲ့ တိုးတက်မှုနှုန်း (၇ . ၀)ရာခိုင်နှုန်းထိ ကျွန်တော်တို့ တိုးတက်ရည်မှန်းထားပါတယ်။

ပုဒ်မ-၁၅။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် ကတော့ အောက်ပါ အတိုင်းဖြစ်ပါတယ် -

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်များကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၄၆၅၉၉၇. ၅) (ကျပ်ဘီလီယံ ၂၄၆. ၆)နှင့် တိုးတက်မှုနှုန်း (၅. ၄) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

ပုဒ်မ-၁၆။ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရ စီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၈၀၁၆ . ၅) (ကျပ်ဘီလီယံ ၆၈ . ၀)နှင့် တိုးတက်မှုနှုန်း (၁၀၄ . ၃) ရာခိုင်နှုန်းထိ ရရှိရန် ရည်မှန်းထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ လာမဲ့နှစ်မှာ **Mobile** ဖုန်းတွေကို အမြောက်အများ ချပေးသွားမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ တိုးတက်မှုနှုန်းအနေနဲ့ များပြားလာရခြင်း ဖြစ်ပါတယ်။

ပုဒ်မ-၁၇။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ငွေရေးကြေးရေးကဏ္ဍရဲ့ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၉၁၉ . ၆) (ကျပ်ဘီလီယံ ၁ . ၉)နှင့် တိုးတက်မှုနှုန်း (၉ . ၄) ရာခိုင်နှုန်းထိ ရရှိရန် ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

ပုဒ်မ-၁၈။ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ရည်မှန်းချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍရဲ့ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၅၀၄၀ . ၉) (ကျပ်ဘီလီယံ ၆၅ . ၁)နှင့် တိုးတက်မှုနှုန်း (၁ . ၀) ရာခိုင်နှုန်း ရရှိရန် ကျွန်တော်တို့ ရည်မှန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

ပုဒ်မ-၁၉။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဌားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ရည်မှန်းချက်များ ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဌားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍရဲ့ စီမံကိန်းရည်မှန်းချက် ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများ အရ ကျပ်သန်းပေါင်း(၁၆၇၄၃၅၅ . ၂) (ကျပ်ဘီလီယံ ၁၆၇ . ၄)နဲ့ တိုးတက်မှုနှုန်း (၁၅. ၂)ရာခိုင်နှုန်းရရှိရန် ကျွန်တော်တို့ တိုးတက် ရည်မှန်းထားပါတယ်။

ပုဒ်မ-၂၀။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းမှာ ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ရည်မှန်းချက်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ကုန်သွယ်မှုကဏ္ဍရဲ့ စီမံကိန်း ရည်မှန်းချက်များကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန် စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၃၉၇၃၅ . ၅) (ကျပ်ဘီလီယံ ၆၃၉ . ၇)နဲ့ တိုးတက်မှုနှုန်း (၄ . ၃)ရာခိုင်နှုန်း ရရှိရန် ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

အခန်း (၅)၊ အထွေထွေ

ပုဒ်မ-၂၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ပါကြောင်း ကျွန်တော့်ရဲ့ ဒီ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရဲ့ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်း တင်ပြခြင်းကို နိဂုံးချုပ်အပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ လွှတ်တော်ရုံးဒုတိယညွှန်ကြားရေးမှူးထံ မိမိဆွေးနွေးလိုသော အကြောင်းအရာများကို ဖော်ပြပြီးတော့မှ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ဖေဖော်ဝါရီလ (၂၉)ရက်၊ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ယခုနေ့လည်စာ စားသုံးရန်အတွက် အစည်းအဝေးကို(ဒေဝ)ခန့်ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို နေ့လည်စာသုံးဆောင်ရန်အတွက် ခေတ္တရပ်နားပါမယ်။ အစည်းအဝေးကို နေ့လည် (၁)နာရီတိတိချိန်မှာ ပြန်လည်စတင်မှာ ဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။

ပထမနေ့ (ဒုတိယပိုင်း)အစီအစဉ်

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု အချိန်ကစပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(ဒုတိယပိုင်း) အစီအစဉ်ကို စတင်ကျင်းပပါတော့မှာ ဖြစ်ပါသဖြင့် သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ (၃) ကြိမ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။
အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုတင်သွင်းခြင်းနှင့် အဆိုအား ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း အစီအစဉ်

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ယခု ခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဥ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းလာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးဆိုးထွက်များသောယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့် မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ် ပေးရန်"အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဥ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းနှင်လာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်ခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေး ယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" အဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းထွန်းလွင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂) ။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ခင်ဗျား။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်အဆိုပြုတင်ပြမှာကတော့ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဥ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်းနှင်လာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" အဆိုကို တင်သွင်းခြင်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။ ဒီအဆိုကို တစ်ယောက်က ထောက်ခံပေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။

ဦးစိုင်းထွန်းထွန်းလွင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးဖို့ ကျွန်မ ဒေါ်နန်းခမ်းအေးက တင်သွင်းပါတယ်ရှင်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။အဆိုမှာ " ယခုခတ်အခါတွင် တောရော၊ မြို့ပါထော်လာဂျီယာဥ် အကြီး၊အလတ်၊ အသေးပါတွင်တွင်ကျယ်ကျယ် မောင်းလာသောကြောင့် ထော်လာဂျီအကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" ဖြစ်ပါတယ်။ အဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက -

" သဘောတူပါသလားခင်ဗျား "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ မရှိသည့်အတွက် ဦးစိုင်းထွန်းထွန်းလွင်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

ကြားဖြတ်ဆွေးနွေးချက်

ဦးအောင်ကျော်ညွှန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ ကျွန်တော်ကတော့ အနည်းငယ် ဆွေးနွေးချင်ပါတယ်။ ဒီထော်လာဂျီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သင့်/မသင့်ဆိုတာထက် သင့်တာကတော့ ကျွန်တော်တို့ရဲ့ မြို့ပေါ်မှာဆိုရင်တော့ ဒီကိစ္စမျိုးဟာ သင့်ပေမဲ့ ကျွန်တော်တို့ ပြည်နယ်ရဲ့ အနေအထားဟာဆိုရင် ရှမ်းပြည်နယ်ရဲ့ အနေအထားဟာတောမှာ ထော်လာဂျီပဲ ရှိပါတယ်ခင်ဗျာ။ ထိုနည်းဂွင်းပဲ မိုးတွင်းဆိုရင် ဒီထော်လာဂျီနဲ့ပဲ ဒီရွာရဲ့တိုးတက်ရေး လုပ်ငန်းတွေကို လုပ်ကိုင်ရ တာဖြစ်တဲ့အတွက် ဒီဥပဒေပြဋ္ဌာန်းရာမှာ(၂)ချက်အနေနဲ့ ပြဋ္ဌာန်းသင့်ပါတယ်။ မြို့ပေါ်အတွက်ကတော့ သင့်ပြီးတော့ ၊ တောအတွက် မသင့်ကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အမှန်ကတော့ ဆွေးနွေးဖို့ ကျွန်တော်တို့ ဒါ ရက်သတ်မှတ်မှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူ/မတူဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းထွန်းလွင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသော အဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ထံ အမည်စာရင်း ပေးကြဖို့ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ (၂၈)ရက်၊ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။

ဦးစိုင်းထွန်းထွန်းလွင်၊တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များစီးနှင့် မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များအချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့်ဆိုင်ကယ်လိုက်ပါ စီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီမိုင်နှုန်းကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ် ပေးရန်"အဆိုကို တင်သွင်းလာခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဆက်လက်ပြီး ဦးစိုင်းထွန်းထွန်းလွင်၊တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များစီးနှင့်မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်းမတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ် နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ် မောင်းနှင်ခွင့်ပြုရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့်ဆိုင်ကယ်လိုက်ပါစီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်း တို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်" အဆိုကို ပြည်နယ်လွှတ်တော်သို့ ထပ်မံပေးပို့ လာပါတယ်။ ဦးစိုင်းထွန်းထွန်းလွင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်အဆိုပြု တင်ပြမှာကတော့ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များစီးနှင့်မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့်ဆိုင်ကယ်လိုက်ပါစီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်" အဆိုကို တင်သွင်းခြင်းပဲ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။ အဲဒီမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက မိမိမဲဆန္ဒနယ်အမည် ဖော်ပြပြီးတော့မှ ထောက်ခံဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းငွေငွေ(မူဆယ်မဲဆန္ဒနယ်အမှတ်-၁)။ ကျွန်မကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေ ဖြစ်ပါတယ်။ ဦးစိုင်းထွန်းထွန်းလွင် ၏ အဆိုကို ကျွန်မအနေနဲ့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "မော်တော်ဆိုင် ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များအချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါ စီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီ မိုင်နှုန်းကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံ လွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် ယာဉ်စည်းကမ်းများ သတ်မှတ်ရန်" ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ။ ယခု ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက -

" သဘောတူပါသလား ခင်ဗျား "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းထွန်းလွင်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ **[ခြွင်းချက်များ]**

ဥက္ကဋ္ဌ ။ ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသော ဒုတိယအဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံးဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးကြဖို့ ဖြစ်ပါတယ်။ ၄င်းအဆိုကို ဖေဖော်ဝါရီလ (၂၈)ရက်၊ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်၊ဖယ်ခုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ် အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ ကျပ်လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများ လွပ်လပ်၍ စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေ ရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင် တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က "ရှမ်းပြည်နယ် အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ ကျပ်လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများ လွပ်လပ်၍ စျေးနှုန်း သင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေ ရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရ သစ်အရောင်း ဆိုင်တစ်ဆိုင်ဖွင့်လှစ်ခွင့်ပြုရေး" အဆိုဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်အေးချိုစိန်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်(ဖယ်ခုံဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန် ဖြစ်ပါတယ်။ ကျွန်မတို့ "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ်အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည့်အခက်အခဲကို တွေ့ရှိနေရပါတယ်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ ကျပ်လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါတယ်။ သို့ပါ၍ ဒေသတွင်း ပြည်သူများ လွပ်လပ်၍ စျေးနှုန်း သင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက (သို့မဟုတ်) အစိုးရ သစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးဇော်ဇော်(မဘိမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်အေးချိုစိန်၏ အဆိုသည် သစ်ထွက်ရာဒေသနှင့် ကိုက်ညီမှုရှိသဖြင့် ၎င်းအဆိုအား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ဒေါ်အေးချိုစိန်တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အခြို့မြို့နယ်များတွင် နေအိမ်အဆောက်အဦများဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲ အထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများလွပ်လပ်၍ စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ် အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆို ဖြစ်ပါတယ်။ ယခု ၄င်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက -

" သဘောတူပါသလားခင်ဗျား "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်အေးချိုစိန်ရဲ့ အဆိုကိုလက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ [ခြဘာသံများ]

ဥက္ကဋ္ဌ။ ဒေါ်အေးချိုစိန် တင်သွင်းသော အဆိုကို ဆွေးနွေးမဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းကြဖို့ ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ(၂၈)ရက်၊ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ အစည်းအဝေးဒုတိယနေ့ကို ဖေဖော်ဝါရီ(၂၈)ရက်နေ့ (အင်္ဂါနေ့)နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

အခမ်းအနားမှူး။ ။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါမယ် ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ညနေ (၁၃း၃၀)နာရီအချိန်တွင် ရပ်နားပါသည် ။]

ရှမ်းပြည်နယ်
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး
ဒုတိယနေ့ မှတ်တမ်း
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း(၇)ရက်
၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်
(အင်္ဂါနေ့)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက်(၁၀း၀၀)အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုအချိန်ကစပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို စတင်ကျင်းပပါတော့မယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြီး ကြွရောက်လာပါပြီ ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။

အခမ်းအနားမှူး။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဆွေးနွေးပြီးတိုင်းပြီးတိုင်း လက်ခုပ်တီးသြဘာပေးဖို့ တစ်ချက် ဒါကျွန်တော်တို့ တင်ပြလိုပါတယ်။ နောက်တစ်ခါ အဆိုဖြစ်ဖြစ်၊ မေးခွန်းဖြစ်ဖြစ် ကျွန်တော်တို့ အတည်ပြုပြီးတိုင်း လက်ခုပ်တီးသြဘာပေးဖို့လည်းပဲ တစ်ဆက်တည်း ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်းစားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၁၄၃)ဦးရှိပြီး၊ ယနေ့အစည်းအဝေးကို (၁၃၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄ . ၄)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ ၃ပုံ ၁ ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၀၊ ပုဒ်မခွဲ(က)နဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ [သြဘာသံများ]

ပြည်နယ်လွှတ်တော်အစည်းအဝေး
ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်း ကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ် တစ်ဦးဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းကျော်(ကျောက်မဲမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းမောင် သည် မိသားစုကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၈-၂-၂၀၁၂)ရက်နေ့မှ (၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွတ်ခွင့်ပြုပါရန် ကာယကံရှင် ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးကျော်မြ(နောင်ချို့မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်ကတော့ နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘထွန်း သည် အတူနေ မိခင်နှင့် ညီမဖြစ်သူ၏ ကျန်းမာရေး ကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၈-၂-၂၀၁၂)ရက်နေ့မှ (၁-၃-၂၀၁၂)ရက်နေ့အထိ (၃)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းဘထွန်း ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

ဦးဇော်ဦး(နမ့တူမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နမ့တူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဦး ဖြစ်ပါတယ်။ ကွမ်းလုံ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာမျိုးထွန်း သည် နေပြည်တော်သို့ ပညာရေးညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၈-၂-၂၀၁၂)ရက်နေ့မှ (၂၉-၂-၂၀၁၂) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဒေါက်တာ မျိုးထွန်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားဖို့ ရှိပါသေးလား ခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် -

"သဘောတူပါသလား ခင်ဗျား"

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

ဥက္ကဋ္ဌ ။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ [ဆွဲဘာသံများ]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ ပြည်နယ်လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

"အတည်ပြုပါသလား ခင်ဗျား"

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော်ကအတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ် လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ **[သြဘာသံများ]**

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်ကလည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချိုမဲဆန္ဒနယ်အမှတ်-၁)။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ လျှပ်စစ်မီးနဲ့ပတ်သက်လို့ မေးခွန်းများကို မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

နောင်ခို့မြို့နယ်မှာ ယခင်အစိုးရလက်ထပ်ကပင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မီးမှန်သော မြို့နယ်ဟု နာမည်ရခဲ့ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးတွင် နောင်ခို့မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဓါတ်အားခွဲရုံ တစ်ရုံရရှိရေး မေးခွန်းမေးမြန်းခဲ့ရာ အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးမှလည်း ရှေ့လာမည့် ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားထားပြီး ဖြစ်ပါသည်။ ဒီလို ကတိကဝတ်ရထားပြီးမှပင် လျှပ်စစ်မီးမှာ မကြာခဏပျက်နေပါတယ်။ နေ့ပိုင်းဆိုရင် လုံးဝမီးမရတဲ့ နေ့ကများပါသည်။ မီးလာပြန်တော့လည်း **Transformer** များ အနိုးရှိ အိမ်များ၊ ရုံးများတွင်ပင် ပို့အား(၁၀၀)သာ အများဆုံးရရှိပါတယ်။ **Transformer** နှင့် ဝေးသည့်နေရာများတွင်မူ **"ခရမ်းချဉ်သီးမှည့်ရောင်"** မီးသာ လင်းပါတယ်။ ပြည်သူ့လွှတ်တော်မှ ဖြေကြားချက်များကို ပြည်သူများက သိရှိကြပြီးဖြစ်ရာ လွှတ်တော်အစည်းအဝေးသို့ တင်ကာမှ မီးမကြာခဏပျက်နေသဖြင့် ပြည်သူများအကြား **"ရယ်သွမ်းသွေးစရာ"** ဖြစ်နေပါတယ်။ နောင်ခို့မြို့မှာ လျှပ်စစ်မီးကို(၂၄)နာရီရရှိရေးနှင့် ရရှိလာသည့် မီးကိုလည်း ဓါတ်အားအပြည့်အဝ သုံးစွဲနိုင်ရန်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

ဥက္ကဋ္ဌ ။ ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ ရှမ်းပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။

နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ၏ "နောင်ချို့မြို့မှာ လျှပ်စစ်မီးကို (၂၄)နာရီရရှိရေးနှင့် ရရှိလာသည့် မီးကိုလည်း ဓါတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် အစီအစဉ် ရှိ/မရှိ သိလိုပါသည်" ဟူသော မေးခွန်းကို -

ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

နောင်ချို့မြို့အား (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီ ကျွန်းတစ်ပင်ဓါတ်အားခွဲရုံမှ (၁၁)ကေဗွီဓါတ်အား လိုင်း(၂၁ . ၅)မိုင်တည်ဆောက်၍ (၁၁/၀ . ၄)ကေဗွီထရန်စဖော်မာ(၂၉)လုံးဖြင့် (၂၄)နာရီ ဓါတ်အား ဖြန့်ဖြူးပေးထားပါသည်။

နောင်ချို့မြို့၏ ဓါတ်အားဖြန့်ဖြူးမှုစနစ်ပိုမိုကောင်းမွန်ရေးအတွက် မန္တလေးတိုင်းအတွင်း တည်ရှိနေသော ၎င်းကျွန်းတစ်ပင်ဓါတ်အားခွဲရုံမှ နောင်ချို့မြို့နယ်ဘက်သို့ (၃၃)ကေဗွီဓါတ်အားလိုင်း (၁၀)မိုင်ခန့်တိုးချဲ့တည်ဆောက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဧရိယာအတွင်း (၃၃)ကေဗွီဓါတ်အား ခွဲရုံတစ်ရုံ တည်ဆောက်ပြီး၊ ယခင်တည်ရှိပြီး၊ (၁၁)ကေဗွီဓါတ်အားလိုင်းနှင့် ချိတ်ဆက်ဓါတ်အား ဖြန့်ဖြူးပေးနိုင်ရေး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ရန် တင်ပြထား၍ ခွင့်ပြုမိန့်များ ရရှိပါက လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်မြ က ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချို့မဲဆန္ဒနယ်အမှတ်-၁)။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ နောင်ခို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ရှမ်းပြည်နယ်အစည်းအဝေးမှာ "ရှမ်းပြည်နယ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး" စီမံချက်အတွက် မည်သို့ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား -

ယနေ့ကာလပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်သည် ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထူးတလည် အလေးထားဆောင်ရွက်နေပြီး၊ လက်တွေ့ကျသော လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

မေလ(၂၀)ရက်မှ (၂၂)ရက်နေ့အထိ နေပြည်တော်၌ ပြုလုပ်ခဲ့သော "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ခဲ့ကြောင်းလည်း သိရှိရပါသည်။

ဇွန်လ(၂၀)ရက်နေ့က ပြုလုပ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးတွင် လုပ်ငန်းကော်မတီ၊ အထောက်အကူပြုဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီလုပ်ငန်းကော်မတီများ ဖွဲ့စည်းလျက် လုပ်ငန်းစတင်နေကြောင်းနှင့် လုပ်ငန်းစီမံချက်(**Action plan**)၏ ဘောင်(**Frame**)မူကြမ်းကို ချပြခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

စီမံချက်အကောင်အထည်ဖော်မည့်ကာလကို ၂၀၁၁ ခု၊ ဇူလိုင်လ(၁)ရက်နေ့မှ ၂၀၁၅ ခု၊ ဒီဇင်ဘာလ(၃၁)ရက်နေ့ထိ သတ်မှတ်ထားကြောင်း သိရှိရာ မိမိတို့ရှမ်းပြည်နယ်အနေနှင့် "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး စီမံချက်အတွက် မည်သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါသည်။" ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး၊ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါသည်။

နောင်ခို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ မှ " ရှမ်းပြည်နယ်အနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး စီမံချက်အတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါသည်" ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ကျွန်တော် ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် ကနေ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ဥက္ကဋ္ဌ အဖြစ် ဦးစီးပြီး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ အဖွဲ့ဝင်အဖြစ် ပါဝင်သော ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းကော်မတီအား ၂၀၁၁ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

လုပ်ငန်းစဉ်(၈)ရပ်ဖြစ်သော -

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

(ခ) မွေးမြူရေးနှင့် သားငါးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

(ဂ) ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေးအဖွဲ့.
(င) သမဝါယမလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေးအဖွဲ့.
(စ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့.
(ဆ) ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့.
(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့. ဒါတွေကို ကျွန်တော်တို့ ဖွဲ့စည်းပြီးတော့မှ ဒါကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

အထက်ပါလုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ရေးအဖွဲ့များအား လုပ်ငန်းတာဝန်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့အသီးသီးတွင် ပြည်နယ် ဝန်ကြီး(၁)ဦးစီအား ဥက္ကဋ္ဌ အဖြစ်ဦးစီးစေပြီး၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

ထိုနည်းတူ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း လုပ်ငန်းကော်မတီ အသီးသီးဖွဲ့စည်းထားရှိခဲ့ပြီး၊ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးဆောင်ရွက်ရာတွင် ချေးငွေထုတ်ပေးခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ(၅)ခုအတွက် ရှမ်းပြည်နယ်အစိုးရမှ ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် အင်းဝဘဏ်မှ ကျပ်သန်းပေါင်း(၅၅၀၀၀)အား ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်း(၇၁)သင်းမှ အသင်းသားများသို့ ဗဟိုသမဝါယမအသင်း၊ သက်တန့်ရောင်သမဝါယမအသင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း/အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သမဝါယမအသင်းစုချုပ်တို့၏ ငွေကြေးများဖြင့် စိုက်ပျိုးရေး ချေးငွေကျပ်(၁၀၆၄ . ၇)သန်းကို လည်း ထုတ်ချေးထားပေးပြီးဖြစ်ပါတယ်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့မှ စျေးသူ/စျေးသားများသို့ လည်းကောင်း၊ **UNDP** မှ **Pact Myanmar** လည်းကောင်း၊ **World Vision Myanmar** အဖွဲ့တို့ လည်းကောင်း ပြည်သူများသို့ ချေးငွေများ ထုတ်ပေးလျက်ရှိပါသည်။

နိုင်ငံတော်မှ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့ တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)ဖြင့် ပြဋ္ဌာန်းပြီး၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်၊ ၂၇၇/ ၂၀၁၁ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ ပြည်နယ်အတွင်းတွင် -

(က) ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း

(ခ) အစုစပ်လုပ်ငန်း

(ဂ) ကုမ္ပဏီ

(ဃ) သမဝါယမအသင်း

(င) ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းများအတွက် ပြည်သူများသို့ ချေးငွေခြင်းနှင့် အပ်ငွေလက်ခံခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

အသေးစားငွေရေးကြေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုပါက လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးထံတွင်လည်းကောင်း၊ အတွင်းရေးမှူးဖြစ်သည့် မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ တောင်ကြီးမြို့တွင်လည်းကောင်း၊ ဆက်သွယ်ပြီးတော့ ဆောင်ရွက်နိုင်ပါတယ်။

မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စီစစ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်ရုံးအနေဖြင့် (၁၁-၁၀-၂၀၁၁)ရက်နေ့မှစ၍ အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ပြည်နယ်ရုံးသို့ ဒီခွေးငွေလုပ်ငန်းကို ဆောင်ရွက်လိုတဲ့ အဖွဲ့အစည်း(၁၀)ခုဟာ လာရောက်ပြီးတော့ ဆက်သွယ်ခဲ့ပါတယ်။ လုပ်ငန်း ဆောင်ရွက်ဆဲ အဖွဲ့အစည်း(၂)ခုမှာ ဆက်လက်လုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်းလိုင်စင်ရရှိရေးကို ထောက်ခံချက်ထုတ်ပေးပြီး၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ နေပြည်တော်ရုံးသို့ ဆက်လက်တင်ပြထားပြီး ဖြစ်ပါတယ်။ အဆိုပါအဖွဲ့အစည်း(၂)ခုမှာ ဗဟိုသမဝါယမအသင်းလီမိတက်နှင့် **World Vision Myanmar** အဖွဲ့အစည်းများ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖာ က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားဖာ(ကျိုင်းတုံမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျိုင်းတုံမြို့ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲ့ မြို့တော်ဖြစ်ပါတယ်။ ဒီကနေ့ ကျိုင်းတုံမြို့အတွင်းမှာ လျှပ်စစ်မီးအပြည့်အဝပေးနိုင်တဲ့ အခြေအနေနဲ့ပတ်သက်ပြီးတော့ ဒီဇယ်သုံးမီးစက်နှင့် အသေးစားရေအားလျှပ်စစ် စက်ရုံ(၂)ရုံသာရှိပြီး၊ တစ်မြို့လုံးကို (၂၄)နာရီပတ်လုံးလျှပ်စစ်မီးပေးနိုင်ခြင်းမရှိသေးဘူး ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျိုင်းတုံမြို့ကို လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရေးအတွက် အကြီးစားရေအား လျှပ်စစ်ဓါတ်အားပေးစက်ရုံ (သို့မဟုတ်) ကျောက်မီးသွေး ဓါတ်အားပေးစက်ရုံတည်ဆောက် ပေးနိုင်ဖို့ အစီအမံ ရှိ/မရှိ သိရှိလိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါသည်။

ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ ၏"ကျိုင်းတုံမြို့အား လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရန် အကြီးစားရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ (သို့မဟုတ်)ကျောက်မီးသွေး ဓါတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအမံများရှိ/မရှိ သိလိုကြောင်းနှင့် အစီအစဉ်ရှိပါကမည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည် ဖြစ်ကြောင်း" သိလိုသည့်ကိစ္စကို ကျွန်တော် ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင်မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အသေးစားရေအားလျှပ်စစ် ဓါတ်အားပေးစက်ရုံ(၂)ရုံနှင့် ဒီဇယ် ဓါတ်အားပေးစက်ရုံ (၁)ရုံရှိပါသည်။ အသေးစားရေအားလျှပ်စစ် ဓါတ်အားပေး စက်ရုံ(၂)ရုံမှာ နမ့်ဝုတ်စက်ရုံ တပ်ဆင်အင်အား(၁၀၀၀)ကီလိုဝပ်(၃)လုံးနှင့် နမ့်လပ် စက်ရုံ တပ်ဆင်အင်အား(၁၆၀)ကီလိုဝပ် (၃)လုံးတို့ရှိပါသည်။ လက်ရှိတွင် အသေးစားရေအား လျှပ်စစ်ဓါတ်အားပေးစက်ရုံမှ လျှပ်စစ်ဓါတ်အားဖြင့် ကျိုင်းတုံ မြို့အား ဓါတ်အား ဖြန့်ဖြူးပေးထားပါသည်။ ကျိုင်းတုံမြို့၏ လက်ရှိသုံးစွဲဝန်အားမှာ အများဆုံး(၄ . ၈)မဂ္ဂါဝပ်ဖြစ်ပြီး၊ အနိမ့်ဆုံးဝန်အားမှာ (၂ . ၈)မဂ္ဂါဝပ်ဖြစ်ပါသဖြင့် ညပိုင်းအသုံးများသော အချိန်နှင့် နံနက်ပိုင်းအသုံးများသော အချိန်တို့တွင် အလှည့်ကျဓါတ်အားဖြန့်ဖြူး နေရပါတယ်။ နှစ်စဉ် ဇူလိုင်လမှ ဇန်နဝါရီလအထိ အရေးကြီးသော နေရာများအား (၂၄)နာရီဓါတ်အားပေးထားပြီး၊ အလှည့်ကျပေး နေရသော နေရာများတွင် တစ်ရက်(၁၈)နာရီခန့် ဓါတ်အားရရှိပါသည်။ ဖေဖော်ဝါရီလမှ ဇွန်လအထိ အရေးကြီးနေရာများအား (၂၄)နာရီ ဓါတ်အားပေးထားပြီး၊ အလှည့်ကျ ပေးသော နေရာများတွင် တစ်ရက်ကို (၅)နာရီခန့် ဓါတ်အားရရှိပါသည်။

ကျိုင်းတုံမြို့အား လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရေးအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု **(FDI)**စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိုင်းပြင်းမြို့နယ်၊ တာကော်လေးရွာ၏ အထက်ဘက် (၂၆)မိုင်(၅)ဖာလုံ၊ ဝမ်တာခရွာ၏ အထက်ဘက်(၈)မိုင် (၆)ဖာလုံ ခန့်အကွာ နမ့်ခချောင်းပေါ်တွင် ပြုလုပ်မည့် နမ့်ခရေအားလျှပ်စစ်စီမံကိန်းရှိပါသည်။ ၎င်း စီမံကိန်းသည်(၂၀၀)မဂ္ဂါဝပ်ထွက်ရှိမည်ဖြစ်ပြီး၊ လက်ရှိအခြေအနေတွင် စူးစမ်းတိုင်းတာ ရေးလုပ်ငန်းများ၊ အကြိုတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဦးအားဖာ က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားဖာ(ကျိုင်းတုံမဲဆန္ဒနယ်အမှတ်-၂)။ ကျွန်တော်မေးမြန်းလိုသည့် ဒုတိယမေးခွန်းကတော့ မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ်စသည့် မြို့ကြီးများကို ဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းပိုင်းအချို့နှင့် ကျိုင်းတုံ-မိုင်းလားလမ်းမကြီး လမ်းပိုင်းအချို့တို့သည် အတော်ပင်ပျက်စီးယိုယွင်းနေပါသဖြင့် အချိန်မှီပြုပြင်ဖာထေးပေးရန် လိုအပ်နေပါသည်။ ဒါကြောင့် အဆိုပါပျက်စီးယိုယွင်းနေသော လမ်းပိုင်းအချို့အား ပြုပြင်ဖာထေးပေးရန် အစီအမံများ ရှိ/မရှိ အစီအမံများရှိပါသလား ဆိုရင်လည်း ဘယ်အချိန်ကာလမှာ စတင်ဆောင်ရွက် ပေးနိုင်မယ် ဆိုတာကို သိချင်တဲ့ မေးခွန်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ စိုင်းနော်ခမ်း ဖြစ်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဖြစ်ပြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို တာဝန်ယူစီမံခန့်ခွဲရတဲ့ ပြည်နယ်ဝန်ကြီးတစ်ဦးဖြစ်ပါတယ် ခင်ဗျား။

အဆိုပါလွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ မိတ္ထီလာ-ကျိုင်းတုံ-တာချီလိတ်လို့ ခေါ်တွင်တဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပါတယ်။ တာကော်-မိုင်းပြင်းလမ်းအပိုင်း မိုင်(၂၈၃)မိုင် (၄)ဖာလုံမှာ (၃၃၂)မိုင် (၄)ဖာလုံအထိ (၄၉)မိုင် (၀)ဖာလုံမှာ လက်ထောက်အင်ဂျင်နီယာ(၁)ယောက်၊ အငယ်တန်းအင်ဂျင်နီယာ(၂)ယောက်၊ လမ်းကြိတ်စက် (၃)စီး၊ ကျောက်သယ်ယာဉ်(၄)စီး၊ လုပ်သား (၇၅)ယောက်ဖြင့် ကတ္တရာထပ်ဖိုးလွှာ ခင်းခြင်းလုပ်ငန်း (၁)မိုင် (၅)ဖာလုံ၊ ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်း(၂၀)မိုင်(၄)ဖာလုံဆောင်ရွက်လျက်ရှိပါသည်။

မိုင်းပြင်း-တုံတာလမ်းပိုင်း မိုင်တိုင်အမှတ်(၃၃၂)မိုင် (၄)ဖာလုံမှာ (၃၆၂)မိုင် (၄)ဖာလုံအထိ စုစုပေါင်း(၃၀)မိုင် (၀)ဖာလုံအတွင်း လက်ထောက်အင်ဂျင်နီယာ (၁)ယောက်၊ အငယ်တန်းအင်ဂျင်နီယာ-၂ (၂)ယောက်၊ လမ်းကြိတ်စက် (၂)စီး၊ ကျောက်သယ်ယာဉ်(၄)စီး၊ လုပ်သား(၅၀) ယောက်ဖြင့် လမ်းအနိမ့်အမြင့်ဖြည့်၍ ကတ္တရာရေပိတ်လွှာလုပ်ခြင်းလုပ်ငန်း(၁)မိုင်(၁)ဖာလုံ၊ ကတ္တရာလမ်း လမ်းပေါက်ဖာထေးခြင်း လုပ်ငန်း (၂၆)မိုင် (၇)ဖာလုံဆောင်ရွက်လျှက်ရှိပါတယ် ခင်ဗျား။

တုံတာ-ကျိုင်းတုံလမ်းအပိုင်း မိုင်တိုင် အမှတ်(၃၆၂)မိုင် (၄)ဖာလုံမှာ (၃၉၇)မိုင် (၄)ဖာလုံ၊ စုစုပေါင်း(၃၅)မိုင် (၀)ဖာလုံအတွင်းမှာ လက်ထောက်အင်ဂျင်နီယာ(၁)ယောက်၊ အငယ်တန်းအင်ဂျင်နီယာ-၂ (၃)ယောက်၊ လမ်းကြိတ်စက်(၃)စီး၊ ကျောက်သယ်ယာဉ်(၃)စီး၊ လုပ်သား(၂၅)ယောက်ဖြင့် လမ်းအနိမ့်အမြင့် ဖြည့်၍ ကတ္တရာရေပိတ်လွှာလျှောင်းခြင်း (၄)မိုင် (၄)ဖာလုံ၊ ကတ္တရာလမ်းပေါက်ဖာထေးခြင်း လုပ်ငန်း(၃၀)မိုင် (၄)ဖာလုံကို ဆောင်ရွက်လျှက်ရှိပါတယ်။

ကျိုင်းတုံမှ တာချီလိတ်အထိ လမ်းအပိုင်းအား တော်သာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ စီစဉ်ဆောင်ရွက်နေသော လမ်းဖြစ်ပါတယ်။ ကျိုင်းတုံ-မိုင်းလားလမ်းသည်လည်း ပြည်ထောင်စုမှ တာဝန်ယူစီမံခန့်ခွဲလျှက်ရှိပါတယ်။ ကျိုင်းတုံ-မိုင်းလားလမ်းပိုင်း မိုင်(၀၀)မှ (၅၆)မိုင် (၀)ဖာလုံအထိ ပြည်ထောင်စုမှ တာဝန်ယူသော အပိုင်းဖြစ်ပြီး၊ မိုင်တိုင်အမှတ်(၅)မိုင် (၄)ဖာလုံ နောင်းရွာမှ မိုင်တိုင်အမှတ်(၇)မိုင် (၀)ဖာလုံ ကတ်ဖရွာထိ မိုင်တိုင်အမှတ်(၉)မိုင် (၀)ဖာလုံ၊ ယန်းကျိန်ရွာမှ မိုင်(၁၂)မိုင် (၆)ဖာလုံအထိ ကတ္တရာလမ်းပျက်များအား ကျောက်ရောမြေပါဖာထေးခြင်း၊ ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မိုင်တိုင် အမှတ်(၅)မိုင် (၀)ဖာလုံမှ (၇)မိုင် (၀)ဖာလုံအတွင်း (၂၂)ပေအကျယ် ကတ္တရာလမ်းပျက်အား အဆင့်မြင့်တင်ခြင်းလုပ်ငန် းဖြစ်သည့် ကတ္တရာထပ်ပိုးလွှာတင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက် ရံပုံငွေအဖြစ် တင်ပြထားပြီးတောင်းခံထားပါတယ်။ ရံပုံငွေရရှိပြီးပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအားဖာ မှ တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအားဖာ(ကျိုင်းတုံမဲဆန္ဒနယ်အမှတ်-၂)။ အားလုံးမင်္ဂလာပါ။ ကျွန်တော် ဆက်လက်မေးမြန်းမဲ့ တတိယမေးခွန်းကတော့ ကျိုင်းတုံမြို့၊ မြို့မ(၅)ရပ်ကွက် အတွင်းရှိ အခြို့သော ကျေးရွာချင်းဆက် လမ်းမများသည် မြေသားလမ်းသာ ဖြစ်ကြသဖြင့် မိုးတွင်းကာလတွင် အများပြည်သူအတွက် သွားရေးလာရေးများစွာ ခက်ခဲစေပါတယ်။ အဆိုပါမြေသားလမ်းများအား ရာသီမရွေးသွား လာနိုင်သည့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်များ ရှိ/မရှိ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ပြန်လည်ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စိတ်၏ ကျန်းမာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာမှ "ကျိုင်းတုံမြို့၊ မြို့မ(၅)ရပ်ကွက်အတွင်းရှိ အခြို့သော ကျေးရွာချင်းဆက်လမ်းမများသည် မြေသား လမ်းများသာ ဖြစ်ကြသဖြင့် ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း" မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးတူးမောင် မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့၊ မြို့မ(၅)ရပ်ကွက်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများတွင် မြေသားလမ်း (၃)လမ်းရှိပါသည်။ ၎င်းတို့မှာ -

(၁) ပါလျှံ-နောင်ကျောက်လမ်း (၄၈၂)ပေ
(၂) နောင်ကျောက်-ဆောင်းပျက်လမ်း (၁၈၆၁)ပေ
(၃) ကျိုင်းခုံ-ဝမ်နမ့်မော်လမ်း (၂၇၉၈)ပေ တို့ဖြစ်ပါတယ်။

ကျိုင်းတုံမြို့တွင် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေလျာထားချက် ကျပ်(၅၃၁၀)သိန်းဖြစ်ပြီး၊ မြို့ပြလမ်း၊ တံတားတည်ဆောက်/မွမ်းမံခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၁၃ . ၉)ရာခိုင်နှုန်းလျာထားပြီး၊ ကတ္တရာလမ်း(၂)လမ်း၊ ကတ္တရာထပ်ပိုးလွှာ လမ်း(၆)လမ်း၊ ကျောက်ခြောလမ်း(၁)လမ်း၊ ကွန်ကရစ်တံတား(၄)စင်း၊ စုစုပေါင်းကုန်ကျငွေကျပ် (၇၃၇ . ၈၆) သိန်းဖြင့် သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်လမ်းတံတား တည်ဆောက်/ မွမ်းမံခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၈ . ၄)ရာခိုင်နှုန်းလျာထားပြီး၊ ကျောက်ခြောလမ်း(၃)လမ်း၊ ကျောက်ခြောလမ်းမွမ်းမံ ပြင်ဆင်ခြင်း(၁)လမ်း၊ စုစုပေါင်းကုန်ကျငွေကျပ်(၄၄၅ . ၈)သိန်းဖြင့် သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ (၅၇၇၅)သိန်း ဖြစ်ပြီး၊ မြို့ပြလမ်း၊ တံတားတည်ဆောက်/မွမ်းမံခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၂၆ . ၀၃)ရာခိုင်နှုန်းလျာထားပြီး၊ ကတ္တရာလမ်း (၆)လမ်း၊ ကတ္တရာထပ် ပိုးလွှာခင်းခြင်း(၄)လမ်း၊ မြို့တွင်းလမ်းပေါက်ဖာထေးခြင်း(၁၁)လမ်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်လမ်း၊ တံတားတည်ဆောက်/ မွမ်းမံခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၁၀)ရာခိုင်နှုန်းလျာထားပြီး၊ ကျောက်ခြောလမ်း(၁)လမ်း၊ ကျောက်ခြောလမ်းပြုပြင်ခြင်း (၃)လမ်း၊ သစ်သားတံတား ပြုလုပ်ခြင်း(၅)စင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကောက်ခံရရှိသော အခွန်ငွေအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် မြို့ပြလမ်းများကိုသာ ကတ္တရာလမ်းခင်းခြင်းအဖြစ် ဦးစားပေး၍ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာချင်းဆက်လမ်းများအား မြေသားလမ်းများမှ ကတ္တရာလမ်းအဖြစ် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေး၍ မရဘဲ ကျောက်ခြောလမ်းအဖြစ် ရာသီမရွေးသွားလာနိုင်ရန် ဦးစွာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မြို့ပေါ်နှင့် ဆက်သွယ်လျက်ရှိသော မြေသားလမ်းများအား ကျောက်ခြောလမ်းအဖြစ် ရာသီမရွေးသွားလာနိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအရ ကျောက်ခြောလမ်းအဖြစ် တည်ရှိနေသော လမ်းများအား ကတ္တရာလမ်းများအဖြစ် မြို့နယ်ရုံးပို့ငွေ ရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ။ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆမ် က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆမ်(မိုင်းယန်းမဲဆန္ဒနယ်အမှတ်-၂)။ ရိုသေလေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ပဏာမဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆမ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့အတွက် အကျိုးရှိမည့်မေးခွန်းများကို မေးမြန်းတင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်-ဝမ်တောင်း ကျေးရွာလမ်းမှာ မိုးတွင်းကာလတွင် အလွန်ဆိုးဝါးနေပြီး၊ သွားလာရန်ခက်ခဲလျက်ရှိပါသည်။ အဆိုပါ ယန်းခိုင်-ဝမ်တောင်းလမ်းမှာ (၂)မိုင်ခန့် ရှိပြီး၊ အချိန်မရွေးသွားလာနိုင်သော မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးစေလိုပါတယ်။ မြေသားလမ်းဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိလိုပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆမ်မှ " ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်-ဝမ်တောင်းကျေးရွာလမ်းမှာ (၂)မိုင်ခန့်ရှိပြီး၊ မိုးတွင်းကာလတွင် သွားလာရခက်ခဲသဖြင့် မြေသားလမ်းဖောက်လုပ် ပေးမည့် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းယန်းစည်ပင်သာယာရေးအဖွဲ့သည် ဝင်ငွေနည်းပါးသည့်မြို့ဖြစ်၍ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ မြို့ပြလမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကိုသာ လျာထားဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်(၁၆၁. ၂) သိန်းဖြစ်ပြီး၊ မြို့ပြလမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းအား ဝင်ငွေ၏ (၄၀)ရာခိုင်နှုန်းလျာထားပြီး၊ ကျောင်းကြီးလမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်း (၆၆၀ပေ × ၁၂ ပေ) ကုန်ကျငွေကျပ်(၆၄၄၈၀၀၀/-)ဖြင့် သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ မြို့ရေပေးရေးလုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ ဟိုကန်ရပ်ကွက်ပန်းခြံအတွင်း လက်တူးတွင်းတူးဖော်ခြင်း (၃ ပေ × ၂၀ ပေ) ကုန်ကျငွေကျပ်(၈၀၆၀၀၀/-)ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၏ ဝင်ငွေလျာထားချက်မှာ (၁၆၉ . ၃) သိန်းဖြစ်ပြီး၊ မြို့ပြလမ်း၊ တံတားတည်ဆောက်ရေးအား ဝင်ငွေ၏ (၄၀)ရာခိုင်နှုန်းလျာထားပြီး၊ ကျောင်းကြီးလမ်း ကျောက်မှ ကတ္တရာလမ်းခင်းခြင်း (၄၄၀ ပေ × ၁၂ ပေ)ကို ကုန်ကျငွေကျပ်(၆၇၂၀၀၀/-)ဖြင့်လည်းကောင်း၊ မြို့ပြလမ်း၊ တံတားပြင်ဆင်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ မြို့တွင်းလမ်းပေါက်များပြုပြင်ခြင်း (၁၇၀၀ စ/ပ)ကို ကုန်ကျငွေကျပ်(၈၄၆၅၀၀/-)ဖြင့် လည်းကောင်း၊ မြို့ရေပေးရေးလုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ ဟော်ကန်ရပ်ကွက်၊ အားကစားရုံခန်းမဘေး၊ လက်တူးတွင်းတူးဖော်ခြင်း (၃ပေ × ၂၀ ပေ) ကုန်ကျငွေကျပ် (၈၄၆၅၀၀/-)ဖြင့် သုံးစွဲဆောင်ရွက်ရန် လျာထားပါသည်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ မိုင်းလွေအုပ်စု၊ ယန်းခိုင်-ဝမ်တောင်းကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ၍ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ပြီး၊ ထောက်ပံ့ငွေရရှိရေး တင်ပြတောင်းခံသွားပါမည်။ ထောက်ပံ့ငွေရရှိမှုအခြေအနေပေါ်မူတည်၍ မြေသားလမ်းဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ ။ ဦးစိုင်းဆမ် မှ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆမ်၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာ၊ အိမ်ခြေ(၆၂)အိမ်၊ လူဦးရေ(၅၈၉)ဦးရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။ အဆိုပါကျေးရွာသည် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် ခက်ခဲလျက်ရှိပြီး၊ ကျေးရွာမှ (၁ . ၅)မိုင်ဝေးကွာသော နေရာမှ ရေသွယ်ယူရန်အတွက် (၁)လက်မပိုက်လိုအပ်လျက်ရှိနေပါတယ်။ အဆိုပါရေရရှိရေးအလို့ငှာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ် က “ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာ၊ အိမ်ခြေ(၆၂)အိမ်၊ လူဦးရေ(၅၈၉)ဦးရှိသော ကျေးရွာသည် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် ခက်ခဲလျက်ရှိပြီး၊ ကျေးရွာမှ(၁. ၅)မိုင်ဝေးကွာသော နေရာမှ ရေသွယ်ယူရန်အတွက် (၁)လက်မပိုက်လိုအပ်လျက်ရှိနေပါတယ်။ အဆိုပါရေရရှိရေးအလို့ငှာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း” မေးခွန်းနှင့် စပ်လျဉ်း၍ -

မိုင်းယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ဝင်ငွေ လျာထားချက်မှာ ကျပ်(၁၆၁ . ၂)သိန်းဖြစ်ပြီး၊ မြို့ပြလမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၄၀)ရာခိုင်နှုန်းလျာထားပြီး၊ ကျောင်းကြီးလမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်း (၆၆၀ ပေ × ၁၂ ပေ) ကုန်ကျငွေ ကျပ်(၆၄၈၀၀၀/-)ဖြင့် သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ မြို့ရေပေးရေး လုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ ဟိုကန်ရပ်ကွက်ပန်းခြံအတွင်း လက်တူးတွင်းတူးဖော်ခြင်း (၃ပေ × ၂၀ပေ)၊ ကုန်ကျငွေကျပ်(၈၀၆၀၀၀/-)ဖြင့် သုံးစွဲဆောင်ရွက်လျက် ရှိပါသည်။ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများအား လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါ။

၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၏ ဝင်ငွေလျာထားချက်မှာ(၁၆၉ . ၃) သိန်းဖြစ်ပြီး၊ မြို့ပြလမ်း၊ တံတားတည်ဆောက်ရေးအား ဝင်ငွေ၏ (၄၀)ရာခိုင်နှုန်းလျာထားပြီး၊ ကျောင်းကြီး လမ်းကျောက်မှာ ကတ္တရာခင်းခြင်း(၄၄၄ပေ × ၁၂ပေ)၊ ကုန်ကျငွေကျပ်(၆၇၇၂၀၀၀/-)ဖြင့်လည်းကောင်း၊ မြို့ပြလမ်း၊ တံတား ပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ မြို့တွင်းလမ်းပေါက်များ ပြုပြင်ခြင်း (၁၇၀၀ ပေ)၊ ကုန်ကျငွေကျပ်(၈၄၅၆၀၀/-)ဖြင့်လည်းကောင်း၊ မြို့ရေပေးရေးလုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ ဟော်ကန်ရပ်ကွက်၊ အားကစားရုံ ခန်းမဘေးလက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း (၃၆ပေ × ၂၀ပေ)၊ ကုန်ကျငွေကျပ်(၈၄၆၅၀၀/-)ဖြင့်လည်းကောင်း သုံးစွဲဆောင်ရွက်ရန် လျာထားပြီး၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားခြင်းမရှိပါ။

ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကွင်းဆင်းတိုင်းတာပြီး၊ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်၍ လာမည့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရေး၊ လုပ်ငန်းခေါင်းစဉ်များ ပြောင်းလဲဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ ဘဏ္ဍာရေးနှစ် (၁)နှစ်တည်းတွင် ဆောင်ရွက်ရန် ငွေကြေးမလုံလောက်ပါက ဘဏ္ဍာရေးနှစ်များအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ဦးစိုင်းဆမ်မှ တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆမ်(မိုင်းယန်းမဲဆန္ဒနယ်အမှတ်-၂)။ အားလုံးမင်္ဂလာပါ။ ကျွန်တော် တတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေဆည်ကို ၁၉၉၆ ခုနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရံပုံငွေကျပ်သိန်း(၂၀)ဖြင့် မတည်၍ တည်ဆောက်ခဲ့ပါသည်။ မိုင်းလွေဆည်သည် လယ်ကေ (၁၆၀)ကေခန့်အား အကျိုးပြုနေသော ဆည်ဖြစ်ပြီး၊ ၁၉၉၆ ခုနှစ်တွင် ရေတိုက်စား၍ လုံးဝပျက်စီးနေပြီဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမိုင်းလွေဆည်ကို ပြန်လည်တည်ဆောက်ပေးစေလိုပါတယ်။ မိုင်းလွေဆည်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ် မရှိပါကလည်း မည်သည့်အတွက်ကြောင့် တည်ဆောက်ပေးနိုင်ခြင်း မရှိကြောင်း သိလိုပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းမေတ္တာ ပို့သအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ် မှ မေးမြန်းထားသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူ မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဦးစိုင်းဆမ် က " ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်တွင် လယ်ကေ(၁၆၂)ကေ အား အကျိုးပြုသော မိုင်းလွေဆည်ကို ၁၉၉၆ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရံပုံငွေ ကျပ်သိန်း(၂၀)ဖြင့်မတည်၍ တည်ဆောက်ခဲ့သော်လည်း ၁၉၉၆ ခုနှစ်တွင် ရေတိုက်စား၍ လုံးဝပျက်စီးနေသောကြောင့် ပြန်လည် တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ ၊ အစီအစဉ်မရှိပါကလည်း မည်သည့်အတွက်ကြောင့် တည်ဆောက်ပေးနိုင်ခြင်းမရှိကြောင်း" မေးခွန်းနှင့်ပတ်သက်၍ မိုင်းလွေဆည် ပြန်လည်တည်ဆောက်ပေးနိုင်မည့်အခြေအနေ ရှိ/မရှိနှင့် မရှိပါက ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တင်ပြနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာပြီး၊ ရေပေးဝေနိုင်မည့်ကောန့် ကုန်ကျမည့်အသေးစိတ် စာရင်း တွက်ချက်တင်ပြပေးရန် (၉-၁၂-၂၀၁၁)ရက်စွဲပါစာဖြင့် ပြည်နယ်ဆည်/မြောင်းဦးစီးဌာန၊ တောင်ကြီးမြို့သို့ အကြောင်းကြားခဲ့ပါသည်။ ပြည်နယ်ဆည်/မြောင်းဦးစီးဌာနမှ ကွင်းဆင်း တိုင်းတာ စီစစ်ချက်အရ ကျပ်(၁၈ . ၀၀)သန်း ကုန်ကျမည်ဖြစ်ကြောင်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အတွင်း ပြင်ဆင်ဆောင်ရွက်ပေးရန် ခွင့်ပြုချက်မရှိကြောင်း ပြန်လည်တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မိုင်းယန်းမြို့နယ်၊ မိုင်းလွေဆည်အား ပြင်ဆင်ခွင့်ရရှိရေး အတွက် ဆောင်ရွက်ပေးနိုင်ပါရန် (၁၇-၂-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၁၄၃၀/၃-၆၂၄/အစရ(ရှမ်း)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ်။ ခွင့်ပြုငွေရရှိပါက တည်ဆောက်ပေး သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါသည်။

ဦးစိုင်းလှဝင်း(မိုင်းပြင်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ် ခင်ဗျား။

ပထမဦးဆုံး ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ ကျွန်တော်တို့ မိုင်းပြင်းမြို့၏ တောင်ဘက် မိုင်(၃၀)အကွာတွင် တည်ရှိသည့် မိုင်းမန်းကျေးရွာ အုပ်စုနယ်မြေအတွင်း နမ့်မန်းတံတားတည်ရှိပါသည်။ နမ့်မန်းတံတားမှာ ၂၀၀၆ ခုနှစ်က နိုင်ငံတော်မှ ကျပ်သိန်း(၃၀)၊ ပြည်သူလူထုမှ ကျပ်သိန်း(၃၀)၊ စုစုပေါင်း ကျပ်သိန်း(၆၀)ဖြင့် အလျား(၆၀)ပေ၊ အကျယ်(၁၂)ပေရှိကွန်ကရစ်တံတားအမိုးအစား ဖြစ်ပါတယ်။ ယင်းတံတားကို ဝမ်ချန်ကျေးရွာအုပ်စုမှ ရွာ(၁၀)ရွာ၊ မိုင်းမန်း ကျေးရွာ အုပ်စုမှ ရွာ(၃)ရွာ၊ စုစုပေါင်းရွာ(၁၃)ရွာ၊ အိမ်ထောင်စု(၇၀၀)ကျော် တို့က လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာသနာရေးများအတွက် လမ်းပန်း ဆက်သွယ်ရေးအတွက် အသုံးပြုခဲ့ပါတယ် ခင်ဗျား။

ယင်းနမ့်မန်းတံတားမှာ (၁၅-စ-၂၀၀၇)ရက်နေ့တွင် မိုးကြိုးပြိုး၊ တောင်ကျ ရေကြောင့် ပျက်စီးသွားခဲ့ပါသည်။ ပြည်သူအများ သွားလာရေးအခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိပါတယ်။ ပျက်စီးခဲ့သည့် နမ့်မန်းတံတားအား ပြန်လည် တည်ဆောက်ပေးစေလိုပါတယ်။ နမ့်မန်းတံတားပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိလိုပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှဝင်း ၏ " မိုင်းပြင်းမြို့၊ မိုင်းမန်းကျေးရွာအုပ်စု၊ နယ်မြေအတွင်းရှိ နမ့်မန်းတံတား သည် ၂၀၀၆ ခုနှစ်က တည်ဆောက်ခဲ့သော ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး၊(၁၅-၈-၂၀၀၇)ရက် နေ့တွင်မိုးကြီးပြီး၊ တောင်ကျရေကြောင့် ပျက်စီးသွားခဲ့သဖြင့် ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းပြင်းမြို့၊ မိုင်းမန်းကျေးရွာအုပ်စု၊ ဝမ်လုံရွာနှင့် အေးစံရွာအကြား ရှိ နမ့်မန်းတံတားသည် ၂၀၀၆-၂၀၀၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ရံပုံငွေကျပ်(၃၀)သိန်းဖြင့် မိုင်းပြင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ ကျေးရွာတို့မှ ပူးပေါင်းဆောက်လုပ်ခဲ့သော တံတားဖြစ်ပါတယ်။ အတိုင်းအတာမှာ (၄၀ပေ× ၁၂ပေ× ၁၀ ပေ)ရှိပြီး၊ မူလတွက်ချက်မှု အရ ကမ်းကပ်အုတ်ခဲခဲ သစ်သားတံတားဖြစ်သော်လည်း ကျေးရွာ လူထုထည့်ဝင်ငွေဖြင့် ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ခဲ့ပြီး၊ ၂၀၀၇ ခုနှစ်၊ မိုးရာသီတွင် တောင်ကျရေကြီးမှုကြောင့် ပျက်စီးခဲ့ခြင်းဖြစ်ပါသည်။ တံတားပြန်လည် တည်ဆောက်နိုင်ရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် တံတားဖြစ်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရံပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ဆက်လက်ပြီး ဦးစိုင်းလှဝင်း မှ ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း(မိုင်းပြင်းမဲဆန္ဒနယ်အမှတ်-၁)။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်မေးမြန်းမှာကတော့ မိုင်းပြင်းမြို့သည် မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်ရှိပြီး၊ အိမ်ထောင်စု(၈၄၄)ရှိကာ လူဦးရေ(၅၀၀၀)ကျော်ရှိပါသည်။ မိုင်းပြင်းမြို့နယ်နှင့်နီးစပ်သော ကျေးရွာအုပ်စုများလည်းရှိပါသည်။ မိုင်းပြင်းမြို့ပေါ်တွင် မြို့မဘွေး(၁)စွေးရှိပြီး၊ အလျား(၂၀၀)ပေ၊ အနံ(၁၀၀)ပေ စွေးဆိုင်ခန်းပေါင်း(၁၂၀)ခန့်နှင့် စွေးဆိုင်ခန်းများကြားတွင် ပဲ့ကျစွေးသည်များ စွေးရောင်းကြပါသည်။

မိုင်းပြင်းမြို့မဘွေးသည် ရေနှုတ်မြောင်းမရှိသဖြင့် နှစ်စဉ်မိုးရာသီ၌ ရေလျှံခြင်း၊ ရွံ့ဘွတ်ထခြင်း ဖြစ်နေပါသည်။ စွေးအတွင်း၌ အထည်စွေးဆိုင်တန်း၊ ကုန်စုံစွေးဆိုင်တန်း၊ အခြေခံစားကုန် စွေးဆိုင်တန်းဟူ၍ သတ်သတ်မှတ်မှတ် မရှိပါ။ ရောနှောရောင်းချနေပါသည်။ ယခုအခါ စွေးသည် ပေါင်းစုံတိုးပွားများပြားလာသဖြင့် စွေးဆိုင်ခန်းများ ပဲ့ကြစွေးတန်းများ ရောင်းချရန် နေရာ မလုံလောက်ဖြစ်ကာ စွေးအပြင်ဘက် ပြည်ထောင်စုလမ်းမ(ပလက်ဖောင်းစင်္ကြန်)များပေါ် ထိဖြစ်သလို စွေးရောင်းချနေပါသည်။ စွေးဝယ်သူများအတွက် ဆိုင်ကယ်ရပ်နားရန် နေရာမရှိသလို စွေးအိမ်သာများလည်းမရှိသဖြင့် သန့်ရှင်းမှုမရှိ ဖြစ်နေပါသည်။ ထို့ကြောင့် မိုင်းပြင်းမြို့မဘွေးသစ် တစ်ခုတည်ဆောက်ပေးစေလိုပါသည်။ မိုင်းပြင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် စွေးသစ်တည်ဆောက်ရန် မြေနေရာရှိထားပြီးဖြစ်ကြောင်းလည်း သိရပါတယ်။ မိုင်းပြင်းမြို့မဘွေးသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှဝင်း ၏ " မိုင်းပြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် စျေးသစ်တည်ဆောက်ရန် မြေနေရာရှိထားပြီး ဖြစ်ကြောင်း သိရသဖြင့် မိုင်းပြင်းမြို့မှ စျေးသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိလိုပါသည် " မေးခွန်းနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များသည် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ-၉၊ ပုဒ်မခွဲ(ခ)အရ စည်ပင် သာယာရေးအဖွဲ့ပိုင်စျေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပါသည်။ မိုင်းပြင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့တွင် စျေးသစ်တည်ဆောက်ရန်အတွက် မိုင်းပြင်းမြို့၊ ပိန်းဆန်းရပ်ကွက် နေရာ၌ မြေနေရာရရှိပြီးဖြစ်ပါသည်။ မြို့၏ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးလုပ်ငန်း လူဦးရေပေါ်တွင် မူတည်၍ မြို့လူထုစားဝတ်နေရေး လိုအပ်ချက်များ အရ စျေးသစ်များ တည်ဆောက်ရန် လျာထားပါသည်။ စည်ပင်သာယာရေး အဖွဲ့များမှ စျေးသစ်များ တည်ဆောက်ရာတွင်လည်း အဖွဲ့ရုံပုံငွေမှ သော်လည်းကောင်း၊ အခြားဖွံ့ဖြိုးရေးရုံပုံငွေမှ သော်လည်းကောင်း တည်ဆောက်ခြင်းများ မရှိပါ။ မြို့လူဦးရေ အိမ်ခြေပေါ် မူတည်၍ စျေးသည်များ ရောင်းလိုအား ရောင်းချနိုင်ဖွယ်ရှိသော ဆိုင်ခန်းလိုအပ်ချက်၊ စျေးသည်များမှ ပေးချေနိုင်သော ခန့်မှန်းဆိုင်ခန်း တန်ဖိုးများကို စိစစ်တွက်ချက်ပြီး၊ ကန်ထရိုက်စနစ်ဖြင့် သော်လည်းကောင်း၊ ဆိုင်ခန်း လျှောက်ထားသူများမှ စုပေါင်း၍ သော်လည်းကောင်း၊ ကန်ထရိုက်သို့မဟုတ် ဆိုင်ခန်းလျှောက်ထားသူများ၏ ထည့်ဝင်ငွေများဖြင့် လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ရယူ၍ စျေးဆောက်လုပ်ခြင်း ဖြစ်ပါတယ်။ ကန်ထရိုက်စနစ်တွင် ကန်ထရိုက်များမှ စျေးသည်များသို့ သတ်မှတ် စျေးဖြင့် ဆိုင်ခန်းများ ပြန်လည်ရောင်းချပြီး၊ ငွေကြေးစိုက်ထုတ်ရင်းနှီးမှုနှင့် လုပ်ငန်း အကျိုးအမြတ်များ ရယူရပါသည်။ ဆိုင်ခန်းလျှောက်ထားသူများမှ စုပေါင်း၍ တည်ဆောက်သည့်စနစ်တွင် ဆိုင်ခန်းရှင်များမှ သတ်မှတ်ဆိုင်ခန်းခများ ကြိုတင် ပေးသွင်း၍ အရင်းအနှီးပြုကာ ဆောက်လုပ်ခြင်းဖြစ်ပါသည်။

မိုင်းပြင်းမြို့တွင် ရပ်ကွက်(၄)ရပ်ကွက်၊ အိမ်ခြေ(၇၆၇)လုံး၊ လူဦးရေ(၄၈၁၈)ဦး ခန့်ရှိပါသည်။ လက်ရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စျေးတစ်ဈေးရှိပါသည်။ စျေးတွင် စျေးရုံ(၇)ရုံ၊ စျေးဆိုင်ခန်း(၁၁၉)ခန်းရှိပြီး၊ ပုံကြေစျေးသည်(ဟင်းသီး၊ ဟင်းရွက်၊ ကုန်ခြောက်၊ အဝတ်အထည်၊ လူသုံးကုန် ပစ္စည်းများ)အပါအဝင် (၁၀၀)ဦးခန့် ရှိပါသည်။ လက်ရှိစျေးရောင်းချမှု အခြေအနေမှာ မြို့လူဦးရေ၊ စားဝတ်နေရေး လိုအပ်ချက်၊ ဝယ်လိုအားပေါ် မူတည်ပြီး၊ စျေးသူ/သားများမှာ နံနက်(၆း၀၀)နာရီမှ (၉း၀၀)နာရီအထိသာ ရောင်းချပါသည်။ အိမ်ဆိုင်များမှာသာ တစ်နေ့ကုန်စျေး ရောင်းချပါသည်။ မြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူဦးရေတိုးပွား လာမှုများ အရ မြို့လူထု၏ ဝယ်လိုအားပေါ် မူတည်ပြီး၊ လက်ရှိစျေးတွင် တစ်နေ့ကုန် စျေးရောင်းချသည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ပြီး၊ လက်ရှိ ဝယ်လိုအားပေါ် မူတည်၍ နံနက်တွင်သာ ရောင်းချခြင်းဖြစ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် မြို့၏ လူဦးရေတိုးတက်လာမှု၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအပေါ် မူတည်၍ မြို့၏ ရပ်ကွက်၊ အိမ်ခြေ၊ စျေး၊ ဆေးရုံ၊ ကျောင်း၊ သုသာန် စသည်ဖြင့် မြို့၏ နယ်နိမိတ်တိုးချဲ့နေရာ ချထားရေး အတွက် လျာထားသည့် မြို့ပြစီမံကိန်းများ ရေးဆွဲထားရှိပါသည်။ မိုင်းပြင်းမြို့နယ် တွင်လည်း နောင်နှစ်(၅၀)ခန့်တွင် ဖြစ်ပေါ် လာမည့် ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် မျှော်ကိုး၍လည်းကောင်း၊ လက်ရှိစျေးသစ်မြေနေရာရှိသည့် ရပ်ကွက်တွင်လည်း ကောင်း၊ စျေးသစ်ဆောက်လုပ်ရန်အတွက် စျေးသစ်မြေနေရာ ကြိုတင်လျာ ထားခြင်းကြောင့်သာ စျေးသစ်အတွက် နေရာယူထားခြင်းဖြစ်ပါသည်။ စျေးသစ် တည်ဆောက်ရန် လျာထားသည့် နေရာသည် ပိန်းဆန်းရပ်ကွက်တွင် တည်ရှိပြီး၊ မြေဧရိယာ(၁ . ၈၃၇)ဧကကျယ်ဝန်းပါသည်။ မူလက လယ်မြေဖြစ်၍ လက်ရှိ အခြေအနေထိ စိမ့်မြေအမှိုးအစားခန့်ရှိပြီး၊ ဌာနဆိုင်ရာရုံးများရှိသော မြို့အစွန်ဘက် နေရာ တွင် တည်ရှိပါသည်။ မူလက စျေးသစ်မြေနေရာတွင် ကိုယ့်အားကိုယ်ကိုး စျေးသစ်တည်ဆောက်ရန် လျာထားခဲ့သော်လည်း လက်ရှိစျေးနေရာသည် မြို့အလယ်ဗဟိုကျပြီး၊ စျေးသစ်နေရာသည် မြို့အပြင်ရောက်ရှိနေခြင်း၊ စျေးသူ/သားများမှ စျေးအသစ်ဆောက်လုပ် ပြောင်းရွှေ့ရန် ဆန္ဒနည်းပါးခြင်း တို့ကြောင့် စျေးသစ်ရွှေ့ပြောင်းတည်ဆောက်နိုင်ခဲ့ခြင်းမရှိပါ။

မြို့၏ ဖွံ့ဖြိုးတိုးတက်လာမှု၊ လူဦးရေတိုးတက်လာမှု၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတက်လာမှုအပေါ် မူတည်၍ ဝယ်လိုအား များပြားလာပြီး၊ စျေးရောင်းချသူများ၏ လျှောက်ထားချက်အရ သော်လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ၊ ဒေသအာဏာပိုင်တို့၏ မြို့လူထုတောင်းဆိုလိုအပ်ချက် ပေါ် မူတည်၍ လမ်းညွှန်ချက်များအရသော်လည်းကောင်း၊ စျေးသစ်များကို စည်ပင်သာယာရေးအဖွဲ့များက လုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနများ၏ ခွင့်ပြုချက်ဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

လက်ရှိ အခြေအနေအရ လက်ရှိစျေး၏ ရောင်းလိုအားဖြင့် လုံလောက်လျှက်ရှိပြီး၊ မြို့လူထု၏ လိုအပ်ချက် အရသော်လည်းကောင်း၊ စျေးရောင်းချလိုသူ စျေးသည်များ၏ လိုအပ်ချက်အရသော်လည်းကောင်း၊ တောင်းဆိုမှုမရှိနိုင်သေးသည့် အခြေအနေဖြစ်ပါသဖြင့် စျေးသစ်တည်ဆောက်ပေးရန် လက်သလောအစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းကိန်ခမ်း က လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းကိန်ခမ်း၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ ရိုသေလေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းအပ်ပါတယ်။

ကျွန်မကတော့ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းကိန်ခမ်း ဖြစ်ပါတယ် ရှင့်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော် အစည်းအဝေးမှ ပြည်သူအတွက် အကျိုးရှိမည့် မေးခွန်းများကို မေးမြန်းတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံ အပ်ပါတယ် ရှင့်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်သည် နယ်စွန်နယ်ဖျား ဒေသတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းနီးစပ်သော မြို့တစ်မြို့ဖြစ်ပါသည်။ မိုင်းယန်းမြို့၏ မြို့တွင်း လမ်းများမှာ အခြို့နေရာတွင် ကျောက်ခင်းလမ်းဖြစ်ပြီး၊ အခြို့လမ်းမှာမြေသားလမ်းများသာဖြစ်ပါသည်။ မြို့အဂ်ိရပ်နှင့်ပြည့်စုံစေရန်ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် မြို့တွင်းလမ်းများကို ကောင်းမွန်စေရန် အထူး လိုအပ်ပါသည်။ ထိုလမ်းများကို ကတ္တရာစေးလမ်းအဖြစ် ပြုပြင်ပေးရန် လိုအပ်ပါသည်။ ယင်းလမ်းများကို ကတ္တရာစေးလမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိလိုပါသည်။ အစီအစဉ်မရှိပါကလည်း မည်သည့်အတွက်ကြောင့် မဆောင်ရွက်နိုင်ကြောင်း သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ် ရှင်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကိန်ခမ်း မှ -

(က) ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်သည် နယ်စွန်နယ်ဖျားဒေသတစ်ခုဖြစ်ပြီး၊ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းနီးစပ်သော မြို့တစ်မြို့ဖြစ်ပါသည်။ မိုင်းယန်းမြို့၏ မြို့တွင်းလမ်းများမှာ အခြို့နေရာတွင် ကျောက်ခင်းလမ်းဖြစ်ပြီး၊ အခြို့လမ်းမှာ မြေသားလမ်းများသာ ဖြစ်ပါသည်။ မြို့အဂ်ိရပ်နှင့်ပြည့်စုံစေရန်နှင့် ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် မြို့တွင်းလမ်းများကို ကောင်းမွန်စေရန် အထူး လိုအပ်ပါသည်။ ထိုလမ်းများကို ကတ္တရာစေးလမ်းအဖြစ် ပြုပြင်ပေးရန် လိုအပ်ပါသည်။

(ခ) ယင်းလမ်းများကို ကတ္တရာစေးလမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိလိုပါသည်။

(ဂ) အစီအစဉ်မရှိပါကလည်း မည်သည့်အတွက်ကြောင့် မဆောင်ရွက်နိုင်ကြောင်း သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ -

မိုင်းယန်းမြို့နယ်၊ မြို့တွင်းလမ်းများအနေဖြင့် ကတ္တရာလမ်း(၆)လမ်း၊ အရှည် (၁)မိုင်(၁)ဖာလုံ၊ ကျောက်လမ်း(၁၈)လမ်း၊ အရှည်(၂)မိုင်(၄)ဖာလုံနှင့် မြေသားလမ်း (၁၁)လမ်း၊ အရှည်(၁)မိုင်(၄)ဖာလုံ၊ စုစုပေါင်း(၃၅)လမ်းတွင် အရှည်(၅)မိုင် (၁)ဖာလုံ ရှိပါသည်။ မိုင်းယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်းများ အဆင့် မြင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ခု၊ ဘဏ္ဍာရေးနှစ် တွင် ဟော်ကန်(၃)လမ်းမြေမှ ကျောက်ချောခင်းခြင်း (၆၂၀ပေ × ၁၂ပေ)၊ ကုန်ကျ ငွေကျပ်(၁၆ . ၁)သိန်း၊ ၂၀၀၈-၂၀၀၉ ခု၊ ဘဏ္ဍာရေး နှစ်တွင် ပါလျံလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း (၇၇၉ပေ × ၁၀ ပေ)၊ ကုန်ကျငွေကျပ်(၃၅ . ၁၅)သိန်း၊ ၂၀၀၉-၂၀၁၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝိန်းလိတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၈၀၀ပေ × ၁၂ပေ)၊ ကုန်ကျငွေကျပ်(၆၉ . ၈၂၅)သိန်း၊ ၂၀၁၀-၂၀၁၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဟော်တိုက်လမ်းမြေမှ ကတ္တရာလမ်းခင်းခြင်း (၂၀၀ ပေ × ၁၂ ပေ)၊ ကုန်ကျငွေကျပ် (၂၃ . ၆)သိန်းနှင့် ဓဒင်လမ်းမြေမှ ကျောက်ချောခင်းခြင်း(၄၉၀ ပေ × ၁၀ ပေ)၊ ကုန်ကျငွေကျပ်(၂၂ . ၈)သိန်း၊ စုစုပေါင်းလုပ်ငန်း(၅)ခု၊ ကုန်ကျငွေ (၁၀၆၇ . ၄၈) သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြို့ပြလမ်းများ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းအနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် (၁)ရုံး ကြီးလမ်း ကတ္တရာလမ်းပေါက်ဖာခြင်း (၂၁၀၃)စတုရန်းပေကို ကုန်ကျငွေကျပ် (၄ . ၉၄)သိန်း၊ (၂) ဗိုလ်ချုပ်လမ်း ကတ္တရာ လမ်းပေါက်ဖာခြင်း (၇၀၅)စတုရန်းပေ၊ ကုန်ကျငွေကျပ်(၁ . ၈)သိန်း၊ (၃)ပါမိုင်လမ်း ကတ္တရာလမ်းပေါက်ဖာခြင်း (၁၁၇၅) စတုရန်းပေ၊ ကုန်ကျငွေကျပ် (၂ . ၇၆)သိန်း၊ စုစုပေါင်းလုပ်ငန်း(၃)ခု ကုန်ကျငွေကျပ် (၉ . ၅)သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

မိုင်းယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်(၁၆၁ . ၂)သိန်းဖြစ်၍ မြို့ပြလမ်းတံတား တည်ဆောက်ရေး လုပ်ငန်းအား ဝင်ငွေ၏ (၄၀)ရာခိုင်နှုန်းလျာထားပြီး၊ ကျောင်းကြီး လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း (၆၆၀ ပေ × ၁၂ပေ)၊ ကုန်ကျငွေ ကျပ်(၆၄ . ၄၈)သိန်းဖြင့် သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ မြို့ရေပေးရေးလုပ်ငန်း အား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ ဟိုကန်ရပ်ကွက်ပန်းခြံအတွင်း လက်တူး၊ တွင်းတူးဖော်ခြင်း (၃ပေ × ၂၀ပေ)၊ ကုန်ကျငွေကျပ်(၈ . ၀၆)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်၊ ဝင်ငွေလျာထားချက်မှာ (၁၆၉ . ၃)သိန်း ဖြစ်ပြီး၊ မြို့ပြလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအား ဝင်ငွေ၏ (၄၀)ရာခိုင်နှုန်း လျာထားပြီး၊ ကျောင်းကြီးလမ်း ကျောက်မှ ကတ္တရာခင်း(၄၄၀ ပေ × ၁၂ ပေ)၊ ကုန်ကျငွေကျပ်(၆၇ . ၇၂)သိန်းဖြင့်လည်းကောင်း၊ မြို့ပြလမ်း၊ တံတားပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ မြို့တွင်း လမ်းပေါက်များ ပြုပြင်ခြင်း(၁၇၀၀)စတုရန်းပေကို ကုန်ကျငွေကျပ်(၈ . ၄၆၅)သိန်းဖြင့်လည်း ကောင်း၊ မြို့ရေပေးရေးလုပ်ငန်းအား ဝင်ငွေ၏ (၅)ရာခိုင်နှုန်းလျာထားပြီး၊ ဟော်ကန်ရပ်ကွက်၊ အားကစားရုံ ခန်းမဘေး လက်တူး၊ တွင်းတူးဖော်ခြင်း (၃ ပေ × ၂၀ ပေ)၊ ကုန်ကျငွေကျပ်(၈ . ၄၆၅)သိန်းဖြင့်လည်းကောင်း သုံးစွဲ ဆောင်ရွက်ရန် လျာထားပါသည်။

မိုင်းယန်းမြို့နယ်ရှိ မြေလမ်း၊ ကျောက်လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြင့်တင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခန့်မှန်းကုန်ကျ စရိတ်တွက်ချက်ပြီး၊ ပြည်နယ်အစိုးရထံ တင်ပြ၍ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေး နှစ်မှစ၍ နှစ်အလိုက် ရံပုံငွေရရှိမှုအပေါ် မူတည်ကာ ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။ ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းကိန်ခမ်း မှ ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းကိန်ခမ်း၊ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ မင်္ဂလာပါရှင်။ ကျွန်မနံပါတ်(၂)မေးခွန်းက မိုင်းယန်းမြို့နယ်သည် ကျိုင်းတုံမြို့နယ်နှင့် (၇၃)မိုင်ကွာဝေးပါသည်။ ကျိုင်းတုံမြို့နှင့် မိုင်းယန်းမြို့ကို ဆက်သွယ်ထားသော ကားလမ်းသည် နွေရာသီတွင် သွားလာနိုင်သော်လည်း မိုးရာသီတွင် သွားလာမှုအလွန်ခက်ခဲ ပါသဖြင့် ပြည်သူများ အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ ယင်းလမ်းများကို ရာသီမရွေး ဆက်သွယ်သွားလာနိုင်အောင် ပြုပြင်ပေးရန် လိုအပ်ပါသည်။ ၎င်း ကာလမ်းကို မည်သို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိလိုပါသည်။ ရာသီမရွေး ဆက်သွယ် သွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်တင်ပါတယ် ရှင်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအား လုံးမင်္ဂလာပါခင်ဗျား။ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းကိန်ခမ်းမေးမြန်းသော မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စိုင်းနော်ခမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို တာဝန်ယူစီမံခန့်ခွဲရတဲ့ ပြည်နယ်ဝန်ကြီးတစ်ယောက်အနေနဲ့ ဖြေကြားပေးမှာ ဖြစ်ပါတယ်ခင်ဗျား။

ဖော်ပြပါ ကျိုင်းတုံ-မိုင်းယန်းလမ်းဟာ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ခုနှစ်ရရှိသည့် ဘဏ္ဍာငွေအပေါ် မူတည်ပြီးမှ မူလကျောက်အမာခံလမ်းကို ညီညာမှုရှိစေရန် ကျောက်၊ သဲ၊ ဖြန်းခင်းခြင်းလုပ်ငန်း၊ လမ်းဘေးဝဲယာတောခုတ်ခြင်းလုပ်ငန်း၊ လမ်းဘေးရေမြောင်းတူးခြင်းလုပ်ငန်း၊ သစ်သားတံတားများ လက်ရမ်းပြုပြင်ခြင်း၊ ဘေးခင်းများ ပြုပြင်ခြင်း အစရှိသည့်လုပ်ငန်းများကို သာမန်တင်သွင်းရံပုံငွေအဖြစ် ဆောင်ရွက်ထားရှိခဲ့ပါတယ်။ ဖော်ပြပါလမ်းအတွက် ၂၀၁၂-၂၀၁၃ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန်အတွက် ငွေကျပ်(၆၀၃)သန်း အဆိုပြုတင်ပြထားပြီး ဖြစ်ပါသည်။ ရရှိသည့်ရံပုံငွေပေါ် မူတည်၍ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးအလိုက် လမ်းတံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စီမံကိန်းအလိုက်၊ နှစ်အလိုက် ဦးစားပေးအချိန်နှင့်တပြေးညီ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းကိန်ခမ်း က တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းကိန်ခမ်း(မိုင်းယန်းမဲဆန္ဒနယ်အမှတ်-၁)။ မင်္ဂလာပါရှင်။ ကျွန်မနံပါတ်(၃)မေးခွန်းကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်သည် မြို့ပေါ်(၁၁)ရပ်ကွက်နှင့် အိမ်ခြေပေါင်း(၆၈၉)အိမ်ရှိပါသည်။ မြို့တွင်း လျှပ်စစ်စွမ်းအား၀န်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ခါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးများကို ည(၆း၀၀)နာရီမှ ည(၉း၀၀)နာရီထိ ဖြန့်ဖြူး ပေးလျက်ရှိပါသည်။ သို့ရာတွင် မြို့တွင်း(၁၁)ရပ်ကွက်မှ မီးရရှိသည်မှာ (၈)ရပ်ကွက်သာ ရှိပါသည်။ ကျန်(၃)ရပ်ကွက်မှာ လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ် မီးမရရှိသေးသော (၃)ရပ်ကွက်မှာ -

(၁) ပန်မိုင်ရပ်ကွက်
(၂) ဟော်ကန်ရပ်ကွက်
(၃) ဝမ်ကေးရပ်ကွက် တို့ဖြစ်ပြီး၊ မီးရရှိရန် အိမ်ခြေပေါင်း(၂၅၈)အိမ် ကျန်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်မီးမရရှိသေးသည့် ရပ်ကွက်များကို လျှပ်စစ်မီးရရှိရန် ကူညီဆောင်ရွက်ပေးစေလိုပါသည်။ လျှပ်စစ်မီးမရရှိသေးသည့် ရပ်ကွက်များကို လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ် ရှင်။ ကျေးဇူးတင်ပါတယ် ရှင် ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန်ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကိန်ခမ်း ၏ "ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်သည် မြို့ပေါ်(၁၁)ရပ်ကွက်နှင့် အိမ်ခြေပေါင်း(၆၈၉)အိမ်ရှိပါသည်။ မြို့တွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးများကို ည(၆း၀၀)နာရီမှ ည(၉း၀၀)နာရီထိ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ သို့ရာတွင် မြို့တွင်း (၁၁)ရပ်ကွက်ထဲမှ မီးရရှိသည်မှာ (၈)ရပ်ကွက်သာရှိပါသည်။ ကျန်(၃)ရပ်ကွက်မှာ လျှပ်စစ်မီးမရရှိသေးပါ။ မီးရရှိရန် အိမ်ခြေပေါင်း(၂၅၈)အိမ် ကျန်ရှိနေပါသည်။ သို့ဖြစ်ပါ၍ လျှပ်စစ်မီးမရရှိသေးသည့် ရပ်ကွက်များကို လျှပ်စစ်မီးရရှိရန် ကူညီ ဆောင်ရွက်ပေး စေလိုပါသည်။" ဆိုတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ ဦးစိုင်းထွန်းရင် မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းယန်းမြို့အား(၁၅၀)ကေဗွီအေစကိုဒါဒီဇယ်ဓါတ်အားပေးစက်ဖြင့် မြို့ပေါ် ရပ်ကွက်(၈)ရပ်ကွက်ရှိ အိမ်ခြေ(၂၉၇)အိမ်တို့အား ညစဉ် (၁၈ နာရီမှ ၂၁ နာရီထိ) (၁)ရက်လျှင် (၃)နာရီ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေး လျက်ရှိရာ မိုင်းယန်းတစ်မြို့လုံး၏ (၄၃ . ၅၄) ရာခိုင်နှုန်းမီးလင်းပြီး ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် (၁၅၀)ကေဗွီအေစကိုဒါဒီဇယ်ဓါတ်အားပေး စက်၏ အမြင့်ဆုံးစွမ်းဆောင်နိုင်ရည်မှာ (၁၀၀)ကီလိုဝပ်သာ ထွက်ရှိပြီး၊ ထုတ်လုပ်နိုင်သော ဝန်အားနှင့် သုံးစွဲဝန်အားမှာ မျှတနေ၍ ကျန်(၃) ရပ်ကွက်မှာ အိမ်ခြေ(၂၅၈)အိမ်အား ဓါတ်အားဖြန့်ဖြူးပေးရန် ဓါတ်အားလိုင်း၊ ဓါတ်အားပေးစက်များ အဆင်သင့် မရှိသေးသေးကြောင်း၊ လောလောဆယ် ဓါတ်အားပေးရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါသည်။

မိုင်းယန်းမြို့ရှိ ကျန်(၃)ရပ်ကွက်၊ အိမ်ခြေ(၂၅၈)အိမ်အား ဓါတ်အားပေးနိုင်ရေးအတွက် လာမည့် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် (၄၀၀)ဗို့ ဓါတ်အားလိုင်း (၂ . ၅)မိုင်ခန့် တည်ဆောက်ခြင်းနှင့် (၃၀၀)ကေဗွီအေ စက်အသစ် (၁)လုံးရရှိရေးအတွက် ရုံးချုပ်သို့ တင်ပြတောင်းခံဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန် က မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်(ဖယ်ခုံမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်။ အားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ် ရှင်။

ကျွန်မကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန် ဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ ကယားပြည်နယ်အား ရွှေညောင်-တုံဟုံး-နောင်လိုင် ကယားနယ်စပ်လမ်းဖြင့် လွန်ခဲ့သော (၅)နှစ်ကျော် ခန့်က ဖောက်လုပ်ပြီးစီးခဲ့ပါတယ်။ ၎င်းလမ်းပိုင်းပေါ်မှာရှိတဲ့ ရွှေညောင်-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံးလမ်းပိုင်း (၀/၀)မိုင်မှ (၃၇/၀)မိုင်အထိ ကတ္တရာ၊ ကျောက်ချောလမ်းအဖြစ် အဆင့်မြင့်တင်ဆောင်ရွက်ခဲ့ပြီးကြောင်းလဲ သိရှိရပါတယ်။ တုံဟုံးမှ စကား-နောင်လိုင် နယ်စပ်အထိ(၄၇. ၆)မိုင်သည် မြေသားလမ်းအဖြစ် ကျန်ရှိနေပါတယ်။ ယခုအခါ ဖယ်ခုံအင်း(၈)ခြံရှိ ပြည်သူလူထုများနှင့် ညောင်ရွှေ မြို့နယ်၊ စကားကျေးရွာအတွင်းရှိ ပြည်သူလူထုများသည် တောင်ကြီး-ညောင်ရွှေမြို့သို့ သွားရောက်လိုပါက ဖယ်ခုံမြို့ပေါ်သို့ ရုပ်နားပြီး၊ တောင်ကြီးမှန်လုံဖြင့် သွားရောက်ခြင်းဖြင့် လည်းကောင်း၊ ဖယ်ခုံစက်လှေဖြင့် ရေကြောင်းခရီးမှလည်းကောင်း သွားရောက်ရပါတယ်။ လက်ရှိအနေအထားအရ မြေသားလမ်းအသုံးပြုနေရသဖြင့် ပင်မလမ်းကြောင်းများ ပျက်စီးပြီး၊ ယာဉ်အန္တရာယ်များနှင့် တွေ့ကြုံရခြင်း၊ ၎င်းမြေသားလမ်းများ မိုးရာသီတွင် သွားလာရန် ခက်ခဲသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ နှောင့်နှေးကြုံကြာမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ယင်းမြေသားလမ်းအား အဆင့်မြင့်တင်ဆောင်ရွက်ပေးနိုင်ပါက ဖယ်ခုံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းအရှေ့ခြမ်း ကျေးရွာအုပ်စုမှ ပြည်သူလူထုများနှင့် အနီးဝန်းကျင်လူထုများ၏ လူမှုစီးပွားရေး လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဟု ယုံကြည်ပါတယ်။ သို့ပါ၍ ကျန်ရှိနေသေးတဲ့ မြေသားလမ်းပိုင်းအား ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အဆင့်မြင့်တင် ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ နဲ့အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ် ရှင်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးခိုမြစိန်မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ၎င်းမေးမြန်းတဲ့ မေးခွန်းသည် နမ့်ပန်-တုံဟုံး-စကား-နောင်လိုင်-လွိုင်ကော်လမ်း မိုင်တိုင်အမှတ်(၀/၀)ဖာလုံမှ (၅၆)မိုင် (၀)ဖာလုံအထိ (၅၆)မိုင်ရှည်လျားသည့် လမ်းပိုင်းသည် ပြည်နယ်မှ စီမံခန့်ခွဲရတဲ့ လမ်းဖြစ်ပါတယ်။ နမ့်ပန်-တုံဟုံး-စကား-နောင်လိုင်-လွိုင်ကော်လမ်းဟာ မိုင်တိုင်(၀/၀)မှ (၅၆)မိုင် (၀)ဖာလုံအတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၂၂ . ၆၆၃)သန်းရရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းခွဲဝေရရှိတဲ့ ရံပုံငွေများဖြင့် မူလကျောက်အမာခံလမ်းညီညာမှုရှိစေရန် သဲ၊ ကြုန်းခင်းကြိတ်ခြင်းလုပ်ငန်းကို မိုင်တိုင်အမှတ်(၁၃)မိုင် (၀)ဖာလုံမှ မိုင်တိုင်အမှတ်(၁၇)မိုင် (၅)ဖာလုံအထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ လမ်းဘေးဝဲယာတောခုတ်ခြင်းလုပ်ငန်းများကို မိုင်တိုင်(၀/၀)မိုင်မှ (၈)မိုင် (၀)ဖာလုံအထိ (၈)မိုင်တိတိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ လမ်းဘေးရေမြောင်းတူးခြင်း လုပ်ငန်းများကို မိုင်တိုင်အမှတ်(၀/၀)မှ (၆)မိုင်(၀)ဖာလုံအကြား ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ သစ်သားတံတားများအနေနဲ့တော့ တံတားအမှတ်(၁/၂)၊ (၁/၃)၊ (၁/၄)၊ (၂/၃)၊ (၃/၃) စသည့် တံတား(၅)စင်းအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ နမ့်ပန်-တုံဟုံး-စကား-နောင်လိုင်း- လွိုင်ကော်လမ်း မိုင်တိုင်(၀/၀)ဖာလုံမှ (၅၆/၀)ဖာလုံအတွင်း သာမန်ပြင်ဆင်ခြင်း ရန်ပုံငွေနဲ့ ငွေလုံးငွေရင်းကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ်(၂၂ . ၆၆၃)သန်းကို တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ရရှိလာသည့် ရံပုံငွေအပေါ် မူတည်ပြီးတော့ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးအနေဖြင့် ဦးစားပေးအလိုက် နှစ်တိုနှစ်ရှည် စီမံကိန်းများဖြင့် ဆောင်ရွက်သွားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို လေးစားပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦး က မေးခွန်း(၂)ခုအား တဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး(မောက်မယ်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ၍ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့် မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်ပြည်သူများကိုယ်စား မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင်လမ်းပိုင်းနှင့် ပတ်သက်သော မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင်လမ်းသည် မောက်မယ်မှ ပွန်ချောင်းအထိ (၃၁)မိုင်၊ ပွန်ချောင်းမှ ဆိုက်ခေါင်ထိ (၁၈)မိုင်၊ စုစုပေါင်း(၄၉)မိုင်ရှည်ပြီး၊ လမ်းအမာခံရှိပြီးဖြစ်သဖြင့် လေးလုံးထိုးထော်လာဂျီ ထော်လာဂျီယာဉ်ငယ်များ သွားလာနိုင်သော လမ်းဖြစ်ပါသည်။ ဆိုက်ခေါင်မှတစ်ဆင့် ကတ္တူဘုရားလမ်း၊ ကျောက်တလုံး-တောင်ကြီးလမ်းမကြီးမှတဆင့် တောင်ကြီးမြို့သို့ အချိန်ကုန်သက်သာ ခရီးသက်သာသာဖြင့် ဆက်သွယ်နိုင်သော လမ်းဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ပြုပြင်ပြောင်းပေးပါက မောက်မယ်-လင်းခေး-မဟာဗျူဟာလမ်းနှင့် ချိတ်ဆက်မိပြီး၊ ရှမ်းအရှေ့ပိုင်းဒေသနှင့် ဟိုမိန်းဒေသတို့မှ မော်တော်ယာဉ်များ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်စည်စီးဆင်းမှုများကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလိုသည့်မေးခွန်းမှာ မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင် လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် တင်ပြမေးမြန်းအပ်ပါသည်။

ကျွန်တော်မေးမြန်းမယ့် ဒုတိယမေးခွန်းကတော့ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်ပြည်သူများကိုယ်စား နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီးကားလမ်းပိုင်းနှင့် ပတ်သက်သော မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီးကားလမ်းသည် ဤဒေသရှိ မိဘပြည်သူများ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အဓိကအားထားနေရသော ကားလမ်းဖြစ်ပါသည်။ နောင်ထော်-ပွန်ချောင်းကူးသံ တံတားမှ ကဒူးကြီးစျေးတန်းအထိ မြေသားလမ်း(၂၅)မိုင်ခန့်ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ပြုပြင်ပြောင်းလဲပေးပါက ဝမ်စလောင်းအထိ မော်တော်ယာဉ်များ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်စည်စီးဆင်းမှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလိုသည့်မေးခွန်းမှာ နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီးလမ်းပိုင်းကို အဆင့်မြင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် စတင်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် တင်ပြမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျား။

မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦး ၏ မေးမြန်းသည့် မေးခွန်းအနက် ပြည်သူများနှင့်သက်ဆိုင်သည့် မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆီဆိုင်မြို့နယ်အပိုင်း မိုင်(၀/၀)၊ (၁၈/၅)အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ရံပုံငွေကျပ်(၇ . ၉)သန်း ရရှိခဲ့ပြီး၊ မောက်မယ်မြို့နယ်အပိုင်းတွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေကျပ် (၁၂ . ၈၅)သန်းရရှိခဲ့ပါသည်။ ဆီဆိုင်မြို့နယ်အပိုင်းတွင် အထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအနေဖြင့် မိုင်(၀/၀)၊ (၈/၃)အပိုင်း၌ မြင့်တက်နေသော လမ်းပခုံးများအား လမ်းပုံသဏ္ဌာန်နှင့် ရေဆင်းမှန်ကန်စေရန် မြေထိုးစက်၊ မြေညှိစက်ဖြင့် ဆောင်ရွက်ရန် ငွေကျပ်(၁၂ . ၂)သန်း ရရှိဆောင်ရွက်ခဲ့ပါသည်။ အထက်ပါခွဲဝေရရှိသော ရံပုံငွေများနဲ့ လုပ်ငန်းများကို (၁၀၀)ရာခိုင်နှုန်းပြီးစီးအောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ် ခင်ဗျား။

၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် မောက်မယ်မြို့နယ်အပိုင်း မိုင် (၁၈/၅)၊ (၄၉/၅)တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေကျပ်(၁၂ . ၈၅)သန်း၊ မိုင်တိုင်(၄၅/၀)မှ (၄၈/၀)အတွင်း (၃)မိုင် ကျောက်လမ်းမျက်နှာပြင် နိမ့်ကျဲပျက်စီးနေသော နေရာများ၌ (၂)လက်မ၊ (၄)လက်မကျောက် (၄)ထု (၄၀)ရာခိုင်နှုန်းဖြည့်ကြိတ်၍ သဲ၊ ပြုန်းဖြည့်ခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ်(၂၀ . ၀၀)သန်း တံတားအမှတ်(၂/၄၂)၊ သစ်သားတံတားတွင် ဆွေးမြေ့ပျက်စီးနေသည့် ကြမ်းခင်းဘီးလမ်းနှင့်လက်ရမ်းများ လဲလှယ်ပြုပြင်ခြင်းအတွက် ငွေကျပ်(၁. ၂)သန်းအဆိုပြုတင်ပြခဲ့ပါသည်။ ပြီးတော့မှ အထက်ပါလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပဏာမနှုတ်ခွန်း ဆက်သအပ်ပါတယ်။

လွတ်တော် ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ၏ "နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီးကားလမ်းသည် ဤဒေသရှိ မိဘပြည်သူများ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အဓိကအားထားနေရသော ကားလမ်းဖြစ်ပါသည်။ နောင်ထော်-ပွန်ချောင်းကူးသံတံတားမှ ကဒူးကြီးစျေးတန်းအထိ မြေသားလမ်း (၂၅)မိုင်ခန့်ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ပြုပြင်ပြောင်းလဲပေးပါက ဝမ်စလောင်းအထိ မော်တော်ယာဉ်များ အလွယ်တကူ ဝင်/ထွက် သွားလာနိုင်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်စည်စီးဆင်းမှုများကို များစွာအထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလိုသည့်မေးခွန်းမှာ နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီးလမ်းပိုင်းကို အဆင့်မြင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလ အပိုင်း အခြားတွင် စတင်ဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ကွန်တော်တပ်မတော်သား ကိုယ်စားလှယ် ပို့လ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး၏ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားရာတွင် နောင်ထော်-ပွန်ချောင်း-ဝမ်မတ်-နားဟီး-ကဒူးကြီး ကားလမ်းပိုင်းတွင်နောင်ထော်-ပွန်ချောင်းတံတားလမ်းပိုင်း(၆/၂)ဖာလုံ ပွန်ချောင်း-ဝမ်မတ်-နားဟီး-ကဒူးကြီးကားလမ်းပိုင်း(၂၉/၄) ဖာလုံရှိပြီး နောင်ထော်မှ ကဒူးကြီး (၃၅/၆)ဖာလုံရှိပါသည်။ အဆိုပါ နောင်ထော်-ပွန်ချောင်း-ဝမ်မတ်-နားဟီး-ကဒူးကြီးလမ်းပိုင်းမှ နောင်ထော်-ပွန်ချောင်းလမ်းပိုင်း(၆/၂)ဖာလုံအား ကျောက်ခင်းခြင်း လမ်းပိုင်းဆောင်ရွက်ရာ ၁၉၉၅-၁၉၉၆ဘဏ္ဍာရေးနှစ်မှ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရံပုံငွေကျပ်(၂၄၅)သိန်းခွင့်ပြုထုတ်ပေးခဲ့ပြီး ရှမ်းပြည်နယ် တောင်ပိုင်းဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ရှမ်းပြည်နယ်တောင်ပိုင်းပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ၁၉၉၈-၁၉၉၉ ဘဏ္ဍာနှစ်တွင် ကျောက်ခင်းလမ်း(၆/၂)ဖာလုံ ဖောက်လုပ်ပြီး စီးခဲ့ပါသည်။

ပွန်ချောင်းတံတား ဝမ်မတ်-နားဟီး-ကဒူးကြီးလမ်းပိုင်းဟာ(၂၉/၄)ဖာလုံရှိပြီး အဆိုပါ လမ်းပိုင်းမြေသားလမ်းဖောက်လုပ်ရန် ၂၀၀၀-၂၀၀၁ဘဏ္ဍာနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရံပုံငွေကျပ် (၇၈ . ၅)သိန်းခွင်းပြုခဲ့ပြီး (နတလ)လုပ်ငန်းကော်မတီပိုင်(D&M)မြေထိုးစက်တစ်စီးပံ့ပိုးကူညီမှုဖြင့် ရှမ်းပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)မှ လုပ်ငန်းတာဝန်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတို(၅)နှစ်တွင် ဆီဆိုင်-နောင်ထော်ဒေသတစ်ဝိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆိုပြုတင်ထားမှုအခြေအနေမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆီဆိုင်မြို့နယ် ပုံဟောင်းလမ်းခွဲမှနောင်ထော်အထိ (၁၁)မိုင်(၄)ဖာလုံ ကတ္တရာလမ်းအား ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးရံပုံငွေ ခွင့်ပြု ချထားနိုင်ရေး အဆိုပြုတင်ပြထားပြီး၊ နောင်ထော်-ခနောင်းတောင် မြေလမ်း (၆)မိုင်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ကျောက်လမ်း(၂)မိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ကျောက်လမ်း(၂)မိုင် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ကျောက်လမ်း (၂)မိုင်စီ အားနယ်စပ်ဒေသဖွံ့ဖြိုးရေးရံပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိရေး တင်ပြထားရှိပြီး ဖြစ်ရာ ရံပုံငွေခွဲဝေချထားရေးအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍နောင်ထော်-ဝမ်မတ်-နားဟီး-ကဒူးကြီးလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် အဆင့်မြင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပဉ္စမကာလတို(၅)နှစ်စီမံကိန်းတွင် အဆိုပြုလျာထားခြင်း မရှိသေးသော်လည်း နှစ်အလိုက်၊လမ်းပိုင်းအလိုက် ဆောင်ရွက်နေမှုအားဒေသမှ စိစစ်တွက်ချက်တင်ပြပါက ကာလတို(၅)နှစ်စီမံကိန်းတွင် ထည့်တွင်း ရေတွက်၍ ဖွံ့ဖြိုးရေးရံပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ရပ်စောက်မြို့နယ်၊မဲဆန္ဒနယ်(၁) ဦးအောင်ကျော်ညွှန့်ပဲဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းနံပါတ်(၁)အရဆိုရင် ကျွန်တော်မေးမြန်းလိုတာကတော့ ပြည်သူများ၏ ဆန္ဒပဲဖြစ်ပါတယ်။ ပြည်သူများ၏ ဆန္ဒအရဆိုရင် ကျွန်တော်တို့ မြို့သည် လက်ရှိရပ်စောက်မြို့နယ်ဟာ တိုင်းရင်းသားပေါင်းစုံကျွန်တော်တို့ ဗမာ၊ ကျွန်တော်တို့ ဓနု၊ ပလောင်၊ ရှမ်း၊ ပအိုဝ်းကျန်တဲ့ တိုင်းရင်းသားအများအပြားနေထိုင်လျှက်ရှိပါတယ်။ ကျွန်တော်တို့မြို့ဟာ ရှမ်းပြည်နယ်မှာကေအများဆုံးနဲ့ စိုက်ပျိုးမြေအများဆုံး နေရာတစ်ခုဖြစ်ပါတယ်။ ထိုနည်းလည်းကောင်းလည်း အကျယ်အဝန်းဟာ အရှေ့၊ အနောက်မိုင်(၅၀)ရှိပြီးတော့ တောင်နဲ့မြောက်ဟာ မိုင်(၁၀၀) ပတ်လည်ရှိတဲ့အတွက် အင်မတန်မှ စိုက်ပျိုးမြေကကျယ်ဝန်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါကြောင့်မို့ စိုက်ပျိုးရေးကို အဓိကထားပြီးတော့ အားကိုးနေရတဲ့မြို့တစ်မြို့ဘဲဖြစ်တဲ့အကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့မြို့မှာ ပထမဦးဆုံး စီးပွားရေးဘဏ်အနေနဲ့မြန်မာ့စီးပွားရေးဘဏ် တစ်ခုရှိပါတယ်။ အဲ့ဒီဘဏ်ဟာ ဒီကနေ့ လုပ်ဆောင်ပေးနေတာဟာ ကျွန်တော်တို့မြို့ဟာဆိုရင် တပ်မတော်အများဆုံးလည်း၊ သင်တန်းသားအနည်းဆုံး တစ်လကို (၄၀၀၀)၊ (၃၀၀၀) ဒီလောက်ထိ ရှိတဲ့အတွက် ဒီဘဏ်မှာ နေ့စဉ်နဲ့အမျှ အင်မတန်မှအလုပ်များပြားနေတာဖြစ်တဲ့အတွက် မနိုင်တဲ့ ဘဏ်တစ်ခုဖြစ်နေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တောင်သူလယ်သမားများ အတွက် စိုက်ပျိုးရေး ဒီနေ့ ဖွံ့ဖြိုးရေးဘဏ်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ရှိလျှင်လည်း ဘယ်အချိန် ဖွင့်လှစ်ပေးမယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးသိလိုပါတယ်။

နောက်တစ်ခုကတော့ ကျေးရွာများအားလုံးမှ တောင်သူများ ချေးငွေလုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သူများဟာ(၁)ကေကို ဘယ်လိုပဲ စိုက်စိုက် အနည်းဆုံး (၁)သိန်းခွဲလောက် ကုန်ကျစရိတ်ရှိပါတယ်။ ဒါကို လက်ရှိ ကျွန်တော်တို့ စိုက်ပျိုးတဲ့ ချေးငွေဟာ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ မပြောင်းလဲခင်က (၂၀၀၀၀ိ/-)၊ အခု(၂၀၀၀၀ိ/-)ဆိုတော့ (၄၀၀၀၀ိ/-)ဘဲပေးပြီးတော့ လက်ရှိ ကျန်ငွေ (၁)သိန်းကျော်ထဲက ကျန်တဲ့ငွေကို အပြင်ကနေ အတိုးကြီးစွာဘဲ ချေးယူပြီးတော့ စိုက်ပျိုးနေရတာ ဖြစ်တဲ့အတွက် ဒီနေ့ ရာသီဥတုသည် ကျွန်တော်တို့ ရပ်စောက်မြို့မှာ မိုးများတဲ့အတွက် စိုက်ပျိုးတဲ့ သီးနှံများဟာ အထွက်လျော့သလိုပဲ ကျွန်တော်တို့ လက်ရှိပဲ စင်းငုံဆိုရင်လည်း ပြီးခဲ့တဲ့အပတ်က အအေးလွန်ကဲပြီးတော့ ပဲစင်းငုံလဲ မထွက်တာ ဖြစ်တဲ့အတွက် တောင်သူများဟာ သီးနှံမှာ အင်မတန်မှ ဆုံးရှုံးမှုနဲ့ခံစားနေရတာဖြစ်တဲ့အတွက် ဒီချေးငွေကို သက်နိုင်သလောက်အပြင်ကနေ မချေးဘဲနဲ့ သက်နိုင်သလောက် ပြည့်ပြည့်ဖြိုးဖြိုး ဒီ(၁)သိန်းခွဲကျမယ်ဟာကို ချေးပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူများဟာ ရှေ့လျှောက် တောင်သူများဟာ အဆင်ပြေမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ သိချင်တာ ဖြစ်တဲ့အတွက် ဒီချေးငွေကို ချေးပေးနိုင်မှု ရှိ/မရှိ ကို ကျွန်တော့်အနေနဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် မေးထားသော မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ " ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ သက်ဆိုင်ရာ နယ်မြေအတွင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည်။ ၎င်းအပြင် မြို့နယ်အတွင်းရှိ အခြေကျေးရွာများတွင် စိုက်ပျိုးရေးချေးငွေများ ရရှိခြင်း မရှိသောကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးမှ တောင်သူများ ချေးငွေ လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း" နှင့်စပ်လျဉ်း၍ ယခုလောလောဆယ် ရပ်စောက်မြို့နယ်တွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ခြင်း အစီအစဉ်မရှိသေးပါကြောင်း၊ တောင်သူများ စိုက်ပျိုး ချေးငွေနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြစာရင်းပေးသွင်းလာပါက စိစစ်ထုတ်ပေးလျက်ရှိပါကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံးမှ တောင်သူများ ချေးငွေလုံလောက်စွာရရှိနိုင်ရေးကို တောင်သူများမှ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းအား ဘဏ်မှ စိစစ်၍ ချေးငွေလုံလောက်စွာ ရရှိနိုင်ရေးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဘဏ်ခွဲဖွင့်လှစ်နိုင်ရန် ရုံးမြေနေရာ၊ ရုံးအဆောက်အဦ၊ ဝန်ထမ်း နေအိမ်များ ရရှိအောင်နှင့် ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား ကွင်းဆင်း လေ့လာ တင်ပြစေမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ဦးအောင်ကျော်ညွန့် က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်တို့ ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ရပ်စောက်မြို့ဟာ ရွှေညောင် ကနေ ရပ်စောက်ကို (၃၆)မိုင် ရှိပါတယ်။ ယခု ကျွန်တော်တို့ ဒီလမ်းမှာ ကျွန်တော်တို့ ရထားလမ်း ရှိပါတယ်။ အခု ရပ်စောက်မှာ ကောင်းဘို-ပင်းတယ်-အောင်ပန်းတို့ ခရိုင်ပတ်ရထားလမ်း ဖောက်ပေး နိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။ ရှိမယ်ဆိုရင်လည်း ဘယ်အချိန်မှာ ဖောက်ပေးနိုင်မယ် ဆိုတာကို ကျွန်တော်တို့ကို ဖြေကြားပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်း ပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးဌာန(၃)ခုကို တာဝန်ယူပြီးမှ စီမံခန့်ခွဲဆောင်ရွက်ရပါတယ်။

အဆိုပါ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့် မေးမြန်းသည့် “ ရွှေညောင်-ရပ်စောက်-မီးရထားလမ်းမှတဆင့် ကောင်းဘို-ပင်းတယ-အောင်ပန်းသို့ ခရိုင်ပတ် မီးရထားလမ်း ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ” နှင့်ပတ်သက်၍ အဆိုပါမီးရထားလမ်းသည် မြန်မာ့မီးရထား တိုင်းအမှတ်(၄) နယ်မြေမှ စီမံခန့်ခွဲသော မီးရထားလမ်းဖြစ်ပါသည်။ ရွှေညောင်-ရပ်စောက် မီးရထားလမ်းမှတဆင့် ကောင်းဘို-ပင်းတယ-အောင်ပန်းခရိုင်ပတ် မီးရထားလမ်းအား ဖောက်လုပ်ပေးရန် မြန်မာ့မီးရထားအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအောင်ကျော်ညွှန့် က တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများကို သက်သာသော ဈေးနှုန်း၊ သက်သာသော အခွန်နှုန်းဆိုတဲ့ လိုင်စင်ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းမေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရပ်စောက်မြို့နယ်မှာ လွန်ခဲ့သော နှစ်ပတ်၊ ပြီးခဲ့တဲ့ ၂၀၀၈-၂၀၀၇ ကကျွန်တော်တို့ လိုင်စင်လာရောက်လုပ်ကိုင်ပေးတာ ပထမဦးဆုံး(၁၂၀၀) ဆိုက်ကယ်ကို လုပ်ဆောင်ပေးပြီးတော့ ဒုတိယ(၆၀၀)ဖြင့် ဆိုင်ကယ်လိုင်စင် လုပ်ပေးနိုင်တဲ့(၁၈၀၀)ပဲ (၂၀၀၀)ကြားရှိပါပြီ၊ လက်ရှိ ကျွန်တော်တို့ ရပ်စောက်မြို့မှာ လိုင်စင်မရှိသော ဆိုင်ကယ်(၂၀၀၀)ကျော် ကျန်နေပါသေးတယ်။ အဲ့ဒီ(၂၀၀၀) ကျော်ဟာလည်း ကျွန်တော်တို့ အများဆုံးဟာ တောင်သူလယ်သမားတွေ စီးပွားရေး အလယ်အလတ်တန်းစားများ လက်ထဲမှာ ကျန်နေပါတယ်။ ဒါကို ကျွန်တော်တို့ လိုင်စင်မရှိတဲ့အတွက် ကျွန်တော်တို့ လက်ရှိအခြေအနေမှာ ဥပဒေရဲ့ ပြင်ပကို ဒါရောက်နေတဲ့အတွက် လိုင်စင်ကို မရှိတဲ့အတွက် ဖမ်းမယ်ဆိုရင်လည်း အင်မတန်မှ များပြားတဲ့ ကိစ္စကြီးဖြစ်တဲ့အတွက် လာရောက် လိုင်စင်လုပ်ပေးနိုင်ဖို့ ကျွန်တော့် အနေနဲ့ လုပ်ပေးမယ်ဆိုရင် ကျွန်တော့်အနေနဲ့ လုပ်ပေးမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ပိုကောင်းမှာပဲ။ ထိုနည်းလည်းကောင်းပဲ လိုင်စင်မလုပ်ပေးပဲနဲ့ ဒီအချိန်မှာဆို ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တင်ပြထားတဲ့ (၆)ရက်နေ့က ဒီမေးခွန်းကို တင်ပြထားတဲ့ ကြားထဲမှာပဲ ကျွန်တော်တို့ ပလောင်တိုင်းရင်းသား တစ်ယောက်ဟာ ဆိုင်ကယ်ရှေ့ဘရိတ်ကို အုပ်လိုက်တော့ ဆိုင်ကယ်မောက်တဲ့အခါ ဦးထုပ်ကွဲ သွားပြီးတော့ ကျွန်တော်တို့ ဒီမျက်နှာကို ထိခိုက်ပြီး၊ တောင်ကြီးဆေးရုံမှာ ကျွန်တော်တို့ အတွင်းလူနာ အဖြစ်ကုသတာ (၈)သိန်းလောက် ကုန်သွားပါတယ်။ ထိုနည်းလည်းကောင်းပဲ ပြန်လာတဲ့အခါ ကျတော့ တစ်ခါတည်း သူ့ရဲ့လိုင်စင်ဟာ လိုင်စင်မဲ့ဖြစ်နေတဲ့အတွက် အချုပ်ထဲကို ဒါရိုက်တန်းဝင်ရတဲ့ ကိစ္စတွေ ဒါလက်ရှိ ပြီးခဲ့တဲ့ (၁၀)ရက်လောက်ကပဲ ဖြစ်သွားတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါဟာကျွန်တော်တို့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီဆိုင်ကယ်လိုင်စင်လုပ်ပေးနိုင်ရေးကို ကျွန်တော့်အနေနဲ့ ပြည်နယ်လဲ ကျွန်တော်တို့ ဝင်ငွေရ၊ ကျွန်တော်တို့ ပြည်သူလူထုလဲ မျှော်လင့်ထားတဲ့ သက်သာသော အခွန်နှုန်းထားဆိုတာက ကျွန်တော်တို့ ပြီးခဲ့တဲ့ဆိုင်ကယ်များဟာ ဆိုင်ကယ်ရဲ့ဝယ်စျေးဟာ(၄)သိန်းရှိပါတယ်။ ဆိုင်ကယ်လိုင်စင်လုပ်ခ(၃)သိန်းဆိုတော့ ဒါအင်မတန်မှ များပြားနေတဲ့အတွက် အခွန်နှုန်းထားတွေ လျှော့ပေါ့ပြီးတော့ တတ်နိုင်သလောက်လုပ်ပေးဖို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုပါတယ်။

နောက်တစ်ခုဟာလည်း ထော်လာဂျီဖြစ်ပါတယ်။ ထော်လာဂျီဟာ ကျွန်တော်တို့ တောသူ၊ တောင်သားတွေမှာ ထော်လာဂျီဟာ နှစ်စဉ်၊ တစ်နှစ်ပတ်လုံးအလုပ်လုပ်လို့ မရပါဘူး။ သူတို့ရဲ့ စိုက်ပျိုးရေးအချိန်မှာသာ အလုပ်လုပ်တဲ့အတွက် အခွန်ကောက်တဲ့အခါမှာ တစ်နှစ်ပတ်လုံးပျမ်းမျှ ကောက်တဲ့အခါမှာ အင်မတန်မှ အခွန်ကြီးနေတာ ဖြစ်တဲ့အတွက် ထော်လာဂျီဟာ တောင်သူလုပ်ကိုင်နေတဲ့သူတွေဟာ ကျွန်တော်တို့ လာရောက်ပြီးတော့ ထော်လာဂျီအခွန်မဆောင်တော့ဘဲနဲ့ ဒါကြောင့်မို့ ဒီထော်လာဂျီဟာ လိုင်စင်မဲ့ဖြစ်ကုန်ပြီးတော့ ဆက်လက်ပြီးတော့ လိုင်စင်မဲ့ဖြစ်နေတဲ့ ထော်လာဂျီတွေလည်း အစီး(၄၀၀၊ ၅၀၀)လောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ သက်သာသော အခွန်နှုန်းထားများနဲ့ ဒီထော်လာဂျီများကိုလည်း လိုင်စင်လုပ်ပေးနိုင်ရေး/မလုပ်ပေးနိုင်ရေးဆိုတာကို ကျွန်တော့်၏ ပြည်သူတွေ၏ မျှော်လင့်ချက်ကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့် မှ " ရပ်စောက်မြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီယာဉ်အသေး၊အလတ်၊အကြီးများနှင့် မြို့နယ်အတွင်း လိုင်စင်ပြုလုပ်နိုင်ခြင်းမရှိသည့်အတွက် အရေအတွက်များပြားနေပါသည်။ ပြည်သူလူထု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် သက်သာသော စျေးနှုန်း၊ သက်သာသော အခွန်ဖြင့် လိုင်စင်ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်သိန်းမောင်မှ ဖြေကြားမှာ ဖြစ်ပါတယ်။

မော်တော်ဆိုင်ကယ်များအား (၂၀၀၄ ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် (၁)ကြိမ်၊၂၀၁၀ခုနှစ်တွင်(၁)ကြိမ်၊နိုင်ငံတော်မှချမှတ်ပေးသည့် အထူးအစီအစဉ် (၁)ရက်အနေဖြင့် စီမံချက်ချဆောင်ရွက်ပေးသဖြင့် အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်ခံပေးခဲ့၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန **(UNE)**၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံ လုပ်ငန်းများမှ **One Stop Service (OSS)** စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ မော်တော်ဆိုင်ကယ်များအား (၂၀၀၄-၂၀၀၈-၂၀၁၀)ခုနှစ်များကဲ့သို့ ယခုတွင်လည်း အထူးအစီအစဉ် စီမံချက်ချမှတ် ပေးပါက အခွန်ကောက်ခံပေးနိုင်မှာ ဖြစ်ပါတယ်။

ထော်လာကျိယာဉ်များနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန၊ ရုံးချုပ်၏ (၂၀-၇-၂၀၁၁)ရက်စွဲ ပါရုံးတွင်းညွှန်ကြားလွှာအမှတ်(၁၇/ ၂၀၁၁)အရ**(1-Cylinder , 2-Cylinder)**တစ်လုံးထိုး၊ နှစ်လုံးထိုး ထော်လာကျိများကို သတ်မှတ်အခွန်နှုန်းထားဖြင့် အခွန်ကောက်ခံပေးလျက်ရှိပါသည်။ အခွန်ကောက်ခံမှု နှုန်းထားမြင်းကောင်ရေပေါ်မူတည်၍ လိုက်လံဖမ်းဆီးခံရလျှင် ဒဏ်ကြေးပိုမိုပေးဆောင်ရပြီး၊ မိမိဆန္ဒအလျောက်လာရောက်အဖမ်းဆီးခံပါက သက်သာသောအခွန်နှုန်းထားဖြင့် ပေးဆောင်နိုင်မည်ဖြစ်ပါသည်။ ဒီနေရာမှာ အခုလက်ရှိပြန်ဆွဲနေတဲ့ ဒီထော်လာကျိ အကြီး၊ အလတ်၊အသေးယာဉ်များသည် ကညနကို သွားရောက်ပြီးတော့ တင်ပြပြီး ကျွန်တော်တို့ကျသင့်တဲ့အခွန်ကို ကျွန်တော်တို့ ပေးပြီးတော့ ကညနမှာ ဆက်လက်ပြီး လိုင်စင်ဆောင်ရွက်ပေးနိုင်ကြောင်း ဒါသိ ရှိရပါတယ်။ ဒါဟာကျွန်တော်တို့ ကောက်ခံတဲ့အနေအထားမှာ မြင်းကောင်ရေအလိုက် မြင်းကောင်ရေ(၁၂)ကောင်ရှိတဲ့ ထော်လာကျိဆိုရင် ကျွန်တော်တို့ စုစုပေါင်းကျသင့်ငွေဟာ(၂၉၈၅၀၀)ဖြစ်ပါတယ်။ အကြီးဆုံးဖြစ်တဲ့ (၃၀)ကောင်နဲ့ အထက်ဆိုရင် (၁၆၄၇၂၅၀)ပေးဆောင်မယ်ဆိုရင် ကျွန်တော်တို့တရားဝင်ဖြစ်ပြီးတော့ ကျွန်တော်တို့ တရားဝင်ဖြစ်ပြီးတော့ ကညနမှာ လိုင်စင်လုပ်ခွင့်ရှိပါတယ်။

မော်တော်ဆိုင်ကယ်များအား ယခုတွင်လည်း နိုင်ငံတော်မှ စီမံချက်ချပေးမည်ဆိုပါက အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်ခံပေးမည်ဖြစ်ပါကြောင်းနှင့် တစ်လုံးထိုး၊ နှစ်လုံးထိုး ထော်လာကျိများအား သတ်မှတ်နှုန်းထားများဖြင့် အချိန်မရွေး အခွန်ကောက်ခံပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် လိုင်စင်ပြုလုပ်ခြင်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)တွင် ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်များအား လုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် ပဲ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ အင်တောမြို့နယ်ခွဲအတွင်းရှိ ကျောက်ဂူကျေးရွာအုပ်စုနှင့် ဆက်စပ်ကျေးရွာများသည် မီးသွယ်တန်းနိုင်မယ့် အိမ်ခြေ(၁၅၀၀)ကျော်ခန့်ရှိပြီး၊ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇော်ဂျီရေလျှောင်တမံမှတဆင့် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် ၏ "ရပ်စောက်မြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ သက်ဆိုင်ရာ နယ်မြေအတွင်းရှိ အင်တောမြို့နယ်ခွဲ၊ ကျောက်ဂူကျေးရွာအုပ်စုအတွင်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးပြုလုပ်လိုပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျောက်ဂူကျေးရွာအား ဓါတ်အားပေးရန်အတွက် အနီးဆုံးဓါတ်အား ထုတ်လုပ်သော စက်ရုံ/ ခွဲရုံသည် ဇော်ဂျီနှင့် ဓါတ်အားပေးစက်ရုံဖြစ်ပါသည်။ ဇော်ဂျီနှင့် ဓါတ်အားပေးစက်ရုံမှ အင်တော မြို့နယ်ခွဲသည် (၇ . ၅)မိုင်ခန့်ရှိပြီး၊ အင်တောမြို့နယ်ခွဲမှ ကျောက်ဂူကျေးရွာသို့ (၁၂)မိုင်ခန့်ရှိသဖြင့် အဆိုပါကျောက်ဂူ ကျေးရွာသို့ ဓါတ်အားပေးရန် (၁၁)ကေဗွီဓါတ်အားလိုင်း(၁၉ . ၅)မိုင်ခန့် ကွာဝေးမည် ဖြစ်ပါတယ်။ ကျောက်ဂူကျေးရွာ၏ ပတ်ဝန်းကျင်ကျေးရွာများသို့ ဆက်လက်ဓါတ်အား ဖြန့်ဖြူးပေးမည်ဆိုပါက ဓါတ်အားလိုင်းပိုမိုရှည်လျားသွားမည် ဖြစ်ပါသည်။ ဓါတ်အားပျောက်ဆုံးမှု **(UNit Lossess)**ကျဆင်းရေးအတွက်ဌာနမှ (၁၁)ကေဗွီအေ ဓါတ်အားလိုင်းအား (၁၂)မိုင်ခန့်သာ ဆွဲသားစေရန် ညွှန်ကြားထားပါသည်။

သို့ဖြစ်ပါ၍ (၁၁)ကေဗွီအေဓါတ်အားလိုင်းဖြင့် ဓါတ်အားပေးရန် လိုင်းမိုင်ကွာဝေးလွန်းသဖြင့် ဓါတ်အားပေးရန် မဖြစ်နိုင်ပါ။ အကယ်၍ (၃၃)ကေဗွီအေ ဓါတ်အားလိုင်းဖြင့် ဓါတ်အားပေးရန် နည်းပညာအပိုင်းအရ ခွင့်ပြုနိုင်မည် ဖြစ်သော်လည်း ဓါတ်အားရယူမည့် ဇော်ဂျီနှင့် ဓါတ်အားပေးစက်ရုံသည် (၆၆/၁၁) ကေဗွီထုတ်လုပ်သော စက်ရုံဖြစ်၍ (၃၃)ကေဗွီဓါတ်အားစနစ်မရှိသော လက်ရှိ အခြေအနေအရ ကျောက်ဂူကျေးရွာသို့ ဓါတ်အားပေးရန် မဖြစ်နိုင် ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုနေ့လည်စာ သုံးဆောင်ရန် အတွက် အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ရပ်နားမည်ဖြစ်ပါတယ်။

အခမ်းအနားမှူး။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်စာ သုံးဆောင်ပြီးရင်တော့ ကျွန်တော်တို့ ဒုတိယပိုင်းအစည်းအဝေး အစီအစဉ်ကို နေ့လည်(၁)နာရီ မိနစ်(၃၀)မှာ ပြန်လည်စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။ နေ့လည် (၁)နာရီ မိနစ်(၃၀)အမှီ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ နေရာအသီးသီးတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

ဒုတိယနေ့ (ဒုတိယပိုင်း)အစီအစဉ်
ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု အချိန်ကစပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(ဒုတိယပိုင်း) အစီအစဉ်ကို စတင်ကျင်းပတော့မှာ ဖြစ်ပါသဖြင့် သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ (၃) ကြိမ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။
အားလုံး ထိုင်နိုင်ပါပြီ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းဖတ်ကြားခြင်း အစီအစဉ်

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ယခုအစည်းအဝေး၏ ဒုတိယ အစီအစဉ်ကို စတင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၉၃၊ ပုဒ်မခွဲ(က)၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၁၄၅၊ နည်းဥပဒေခွဲ(က)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်နယ် လွှတ်တော်သို့ တင်ပြလာပါတယ်။ ဒါကြောင့် ၎င်းဥပဒေကြမ်းအား ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြရှင်းလင်းပေးရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ့်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ-၁၉၃၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လွှတ်တော်သို့ တင်သွင်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ တင်သွင်းဖတ်ကြားခွင့်ပြုပါရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံး ခန့်မှန်းခြေ ငွေစာရင်းနဲ့ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(၁) ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများမှ မူလ ခွင့်ပြုငွေဖြင့် မလုံလောက်ပါသဖြင့် တင်ပြတောင်းခံလာသည့် ခွင့်ပြုငွေမှာ ကျပ်(၃၅ . ၈၅၈)သန်း ဖြစ်ပါတယ်။

တင်ပြတောင်းခံတဲ့ ဖြည့်စွက်ခွင့်ပြုငွေဟာ ဗဟိုဌာနအဖွဲ့အစည်းများမှာ သာမန်သုံးငွေအတွက်(၁၂ . ၀၃၆)သန်း ဖြည့်စွက်ခွင့်ပြုတောင်းခံသွားပြီး၊ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနများမှာ(၂၃ . ၈၀၂)သန်း ဖြည့်စွက်ခွင့်ပြုတောင်းခံထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စုစုပေါင်းတင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေ အနေနဲ့(၃၅. ၈၃၈)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တင်ပြပါ ဇယားကတော့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြချက် စာရင်းချုပ် ဖြစ်ပါတယ် -

အမှတ်စဉ်(၁)မှာ ဗဟိုအဖွဲ့အစည်းများမှ ဥပဒေရုံးကနေ တင်ပြတောင်းခံထားတဲ့ သာမန် အသုံးစရိတ် (၁၂ . ၀၃၆)သန်းဖြစ်ပါတယ်။

အမှတ်စဉ်(၂)မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းအောက်မှာရှိတဲ့ မြန်မာ့နှစ်ရှည်လုပ်ငန်းကနေ(၂၃ . ၈၀၂)သန်း ဖြည့်စွက်တင်ပြ တောင်းခံထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်းကျွန်တော်တို့ ဒီ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု တောင်းခံထားတာကတော့ (၃၅ . ၈၃၈)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အပိုဒ်(၂) အဆိုပါထပ်မံလိုငွေ ကျပ်(၃၅ . ၈၃၈)သန်းကို ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းမှာ လျာထားသော ရံပုံငွေများမှ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခွင့် ပြုခြင်းဖြင့် လုံလောက်ခြင်းမရှိတဲ့အတွက် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေပုဒ်မ-၁၃ နဲ့ ၁၄ (က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခွင့်ပြုငွေဖြင့် ပြည်နယ်လွှတ်တော်သို့ တင်ပြတောင်းခံအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်အရ ၂၀၁၁ ခုနှစ်၊ကျွန်တော်တို့ ဒီရှမ်းပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက်သည်(၃၁-၁၀-၂၀၁၁)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကနေအတည်ပြုခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ နောက်ထပ် ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

အပိုဒ် (၃) ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများမှ ဖြည့်စွပ်ခွင့်ပြုငွေများမှ တောင်းခံပြီးတဲ့ နောက်ပေါ် ပေါက်လာတဲ့ ဖြစ်ပေါ်လာတဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီးရငွေ သုံးငွေအခြေအနေဟာ အောက်ပါအတိုင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့သာမန်ရငွေအနေနဲ့ ကျပ်သန်းပေါင်း(၂၅၇၀၈ . ၇၄၁)သန်း ဖြစ်ပြီး၊ ငွေလုံးငွေရင်းရငွေဟာကျွန်တော်တို့(၂ . ၂၂၇)ကျပ်သန်းပေါင်းဖြစ်ပါတယ်။ ဒါကြောင်း ကျွန်တော်တို့ စုစုပေါင်းကျပ်သန်းပေါင်း(၂၅၇၁၀ . ၉၆၈)သန်း ဖြစ်ပါတယ်။ သုံးငွေအနေနဲ့ သာမာန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၄၃၀၉၆ . ၆၅၀)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ငွေလုံးငွေရင်းသုံးငွေအနေနဲ့(၆၂၁၃ . ၁၇၇)သန်းဖြစ်တဲ့အတွက် စုစုပေါင်း ကျွန်တော်တို့ရဲ့ အသုံးစရိတ်ဟာ(၄၉၂၁၈ . ၈၂၇)သန်း ဖြစ်ပါတယ်။ လိုငွေအနေနဲ့ သာမန်လိုငွေမှာ ကျပ်သန်းပေါင်း(၁၇၃၈၇ . ၉၀၉)သန်း ဖြစ်ပြီး၊ ငွေလုံးငွေရင်းလိုငွေဟာ(၆၂၁၉ . ၉၅၀)သန်းဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း လိုငွေသည် ၂၀၁၁-၂၀၁၂ မှာ လိုငွေသည်ကျပ်သန်းပေါင်း(၂၃၅၀၁၇. ၈၅၉)သန်း ဖြစ်ပါတယ်။ ပြည်နယ် အဆင့်ဌာနအဖွဲ့အစည်းများမှာ ယခုလိုအပ်နေတဲ့ လိုငွေ(၂၃၅၀၁၇. ၈၅၉)သန်း ပေါ် ပေါက်လာတဲ့အတွက် ဒီငွေတွေကို ပြည်ထောင်စု ဘဏ္ဍာငွေမှ ထောက်ပံ့ငွေအဖြစ်ရရှိမှာ ဖြစ်ပါတယ်။

တင်ပြပါဇယားကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်ရဲ့ ရင်ွေသုံးင်ွေစာရင်းချုပ်ပဲ ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းများရဲ့ ၂၀၁၁-၂၀၁၂ ခု မူလခန့်မှန်းခြေရင်ွေအနေနဲ့(၁၆. ၆၈၄)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့(၁၄၀၅. ၄၅၉) သန်းဖြစ်တဲ့အတွက် ဗဟိုအဖွဲ့အစည်းများအနေနဲ့ မူလခန့်မှန်းခြေလိုင်ွေမှာ (၁၃၈၈ . ၇၇၅)သန်းဖြစ်ပါတယ်။ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနများရဲ့ ၂၀၁၁-၂၀၁၂ ခု မူလခန့်မှန်းခြေရင်ွေဟာ(၇၉၅. ၆၂၅)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့ (၂၂၄၅၀. ၀၂၄) သန်းဖြစ်တဲ့အတွက် ဝန်ကြီးဌာနနဲ့ ဦးစီးဌာနများရဲ့ ဒီ ၂၀၁၁-၂၀၁၂ မူလခန့်မှန်း ခြေလိုင်ွေဟာ ကျပ်သန်းပေါင်း(၂၁၆၅၄ . ၃၉၉)သန်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးအဖွဲ့အစည်းများရဲ့ ၂၀၁၁-၂၀၁၂ မူလခန့်မှန်းခြေ ရင်ွေဟာ ကျပ်သန်း ပေါင်း(၂၆၈၆၅ . ၅၂၃)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့ (၂၃၃၉၅ . ၁၃၅)သန်းဖြစ်တဲ့ အတွက် လိုင်ွေအနေနဲ့(၅၂၉. ၆၁၂)သန်းဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ အနေနဲ့ ၂၀၁၁-၂၀၁၂ မူလခန့်မှန်းခြေရင်ွေဟာ (၈၉၉၇ . ၅၃၇)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့(၈၂၃၁. ၉၃၇)သန်း ဖြစ်တဲ့အတွက် စည်ပင်သာယာရေးအဖွဲ့ရဲ့ ပိုင်ွေဟာ (၇၆၅ . ၆၀၀)သန်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်ရဲ့ မူလခန့်မှန်းခြေ သာမန်နဲ့ ငွေလုံးင်ွေရင်းပေါင်းဟာ ရင်ွေအနေနဲ့ ကျပ်သန်းပေါင်း(၃၆၆၇၅ . ၃၆၉) သန်းနဲ့ သုံးင်ွေအနေနဲ့ ကျပ်သန်းပေါင်း(၅၉၄၈၂ . ၅၅၅)သန်းဖြစ်တဲ့အတွက် လိုင်ွေအနေနဲ့ မူလခန့်မှန်းခြေလိုင်ွေအနေနဲ့ ကျပ်သန်းပေါင်း(၂၂၈၀၇. ၁၈၆)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေရင်ွေအနေနဲ့ ဗဟိုအဖွဲ့အစည်းမှာ ပြုပြင်ပြီး ခန့်မှန်းခြေရင်ွေဟာ(၁၆. ၇၇၆၇၇၄)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့(၁၃၉၄. ၄၆၁) သန်းဖြစ်တဲ့အတွက် လိုင်ွေဟာ (၁၃၇၇. ၆၈၇)သန်းဖြစ်ပါတယ်။ မူလခန့်မှန်းထား တာထက် အနည်းငယ်လျော့နည်းပြီး လိုင်ွေပြပါတယ်။

ဝန်ကြီးဌာနနဲ့ ဦးစီးဌာနများရဲ့ ဒီ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ရင်ွေဟာ (၁၂၅၅ . ၂၀၁)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့ (၂၃၂၀၉ . ၃၃၆)သန်းဖြစ်တဲ့ အတွက် လိုင်ွေအနေနဲ့ ကျပ်သန်းပေါင်း(၂၁၉၅၄ . ၁၃၅)သန်းလိုင်ွေ ပေါ်ပေါက် လာပါတယ်။ ဒါကတော့ ကျွန်တော်တို့ မူလ ခန့်မှန်းခြေထက် အနည်းငယ်ပိုလာ တာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးအဖွဲ့အစည်းများရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေရင်ွေဟာ (၁၅၄၇၄. ၁၂၃)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့

(၁၆၃၃၉. ၃၁၈)သန်းဖြစ်တဲ့အတွက် လိုငွေဟာ(၈၆၅. ၁၉၅)သန်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ လိုငွေဟာ နဂိုခန့်မှန်းထားတဲ့ မူလခန့်မှန်း ထားသည်ထက် ပိုသွားကြောင်း တွေ့ရှိရပါတယ်။

စည်ပင်သာယာရေးအဖွဲ့များရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေရငွေ အနေနဲ့ (၈၉၆၄ . ၈၇၀)သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့ (၈၂၈၅ . ၇၁၂)သန်းဖြစ်တဲ့ အတွက် စည်ပင်သာယာရေးအဖွဲ့ရဲ့ ပိုငွေဟာ(၆၇၉ . ၁၅၈)သန်းပိုကြောင်း တွေ့ရှိ ရပါတယ်။ ကျွန်တော်တို့ ပိုငွေအနည်းငယ်လျော့သွားပါတယ်။ ဒါကြောင့် ၂၀၁၁-၂၀၁၂ ခုနှစ် သာမန်နဲ့ ငွေလုံးငွေရင်းရငွေဟာ ပြုပြင်ပြီးခန့်မှန်းခြေရငွေဟာ (၂၅၇၁၀ . ၇၆၈)သန်းဖြစ်ပြီး၊ ပြုပြင်ပြီးခန့်မှန်းခြေ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း (၄၉၂၂၈. ၈၁၂၇)ဖြစ်တဲ့အတွက် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှာ ရှိမ်းပြည်နယ်ရဲ့ ကျွန်တော်တို့ လိုအပ်ငွေဟာ ကျပ်သန်းပေါင်း(၂၃၅၁၇ . ၈၅၉)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ အခုဒီတင်ပြပါ ပုံကတော့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ၂၀၁၂ ခုနှစ်၊ ရှိမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေကြမ်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ရှိမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာ ခွဲဝေသုံးစွဲရေးဥပဒေ-

ဒါကတော့ ကျွန်တော်တို့ ဒီလွှတ်တော်ကနေ အတည်ပြုပြီးတဲ့အခါမှာ ရှိမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ကနေ လက်မှတ်ရေးထိုးပြီးတော့ ဥပဒေ အဖြစ် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေရဲ့ အနေအထားလေးကို ကျွန်တော် ရှင်းလင်း တင်ပြသွားပေးပါ့မယ် -

အခန်း(၁) အမည်နဲ့အကျိုးသက်ရောက်သည့်ကာလ ပုဒ်မ-၁၊ ပုဒ်မခွဲ(က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရှိမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်သွင်စေရမည်။ အပိုဒ်ခွဲ(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွက် အကျိုးတက်ရောက်စေရမည်။

အခန်း(၂) နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်တရား လွှတ်တော်ရုံး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်ဝန်ကြီး ဌာနများ၊ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)တွင်ခွင့်ပြုထားသော

သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်အသီးသီးတို့သည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဇယား(၁)ကို စာမျက်နှာ(၃)မှာပါပါတယ်။

ဒီနောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဒီစာမျက်နှာသုံးမှာ အမှတ်စဉ်(၁)မှာ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ်(၂)မှာ ကျွန်တော်တို့ ဥပဒေရုံးများဖြစ်တဲ့ ဥပဒေရုံးများဟာ ဒီရတဲ့ သာမန်သုံးငွေ အသုံးစရိတ် (၁၂ . ၀၃၆)သန်းကို တာဝန်ခံရမယ့် ပုဂ္ဂိုလ်ကတော့ ပြည်နယ် ဥပဒေချုပ် ဒါမှမဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးအပ်တဲ့သူက တာဝန်ခံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီဖြည့်စွက်ရံပုံငွေကလည်း ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ၂၀၁၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့မှာ ကျွန်တော်တို့ ဒါကို အကုန်လုံးသုံးရမှာ ဖြစ်ပါတယ်။ တကယ်လို့ ပိုသွားပါက ပြန်လည်အပ်နှံရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၂)မှာ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် (၁၀)ဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဌာနက ကျွန်တော်တို့ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းအတွက် သာမန်သုံးငွေ(၂၃ . ၈၀၂) သန်းကို ထပ်မံရရှိမှာ ဖြစ်ပါတယ်။ ဒါကို တာဝန်ခံရမည့် ပုဂ္ဂိုလ်အနေနဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒါမှမဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးအပ်ထားတဲ့ ပုဂ္ဂိုလ်ကနေ တာဝန်ခံပြီးတော့ ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပုဒ်မခွဲ(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ပုဒ်မ-၃ အပိုဒ်(က) ပုဒ်မ-၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်ပါတယ်။

ပုဒ်မခွဲ(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဒီဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊

အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာလည်း ဒီတင်သွင်းထားတဲ့ ဥပဒေကို အတည်ပြုပြီး၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး အတည်ပြုပေးပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုပေးပြီးတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ကနေ လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပေးမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို အတည်ပြုပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာ ငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ အစည်းအဝေးရပ်နားပြီးဆုံးလျှင် လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ရက်ကို မတ်လ(၁)ရက်နေ့၊ ဗုဒ္ဓဟူးနေ့မှာ ခွင့်ပြုမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ က ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းဖတ်ကြားခြင်း အစီအစဉ်

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၉၃၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၁၄၁ တို့အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြလာပါတယ်။ ၎င်းဥပဒေကြမ်းအား ပြည်နယ် အစိုးရအဖွဲ့မှ တင်ပြရှင်းလင်းပေးရန် ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ-၁၉၃ ၊ အပိုဒ်ခွဲ(က)အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့ အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လွှတ်တော်သို့ တင်သွင်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ တင်သွင်းဖတ်ကြား ခွင့်ပြုပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(၁) ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်း အပ်ပါတယ်။ ပြည်နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့အစည်းများ၏ တင်ပြချက်အရ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

အပိုဒ်(၂)။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်နယ်၏ အရသုံးဆိုင်ရာ ငွေစာရင်းမှာ ရငွေအနေနဲ့ သာမန်ရငွေမှာ ကျပ်သန်းပေါင်း(၇၅၄၅၃ . ၃၄၄) သန်းဖြစ်တဲ့အတွက် စုစုပေါင်းကျွန်တော်တို့ ငွေလုံးငွေရင်းရရှိမှု မရှိသေးပါဘူး။ အဲ့ဒီအတွက် စုစုပေါင်းရငွေအနေနဲ့ (၇၅၄၅၃ . ၃၄၄)သန်းဖြစ်ပါတယ်။ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း(၁၁၁၆၀. ၆၇၄)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းသုံးငွေ အနေနဲ့ (၅၅၁၉. ၅၄၆)သန်းဖြစ်တဲ့အတွက် စုစုပေါင်းသုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၁၁၉၆၈၀. ၆၂၀)သန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးစ်မှာ ရှမ်းပြည်နယ်ရဲ့ သာမန်လိုငွေအနေနဲ့ ကျပ်သန်းပေါင်း (၃၄၇၀၇ . ၃၃၀) သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းလိုငွေအနေနဲ့ (၅၅၁၉ . ၅၄၆)သန်းဖြစ်တဲ့အတွက်

စုစုပေါင်းလိုင်စေဟာ ကျပ်သန်းပေါင်း(၄၄၂၂. ၂၇၆)သန်းဖြစ်ပါတယ်။ ကျပ်ဘီလီယံ အနေနဲ့ (၄၄. ၂၂၇)ဘီလီယံ လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ် အဆင့်ဌာန အဖွဲ့အစည်းများ တွင်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရင်စေကျပ်(၇၅၄၅၃ . ၃၄၄)သန်းဖြစ်ပြီး၊ စုစုပေါင်းသုံးငွေမှာ ကျပ် (၁၁၉၆၈၀. ၆၂၀)သန်းဖြစ်တဲ့အတွက် လိုငွေဟာ ကျပ်သန်းပေါင်း(၄၄၂၂. ၂၇၆) သန်းပေါ် ပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

ရင်စေအနေနဲ့ သာမန်ရင်စေမှာ(၇၅၄၅၃. ၃၄၄)သန်းဖြစ်ပါတယ်။ သုံးငွေအနေနဲ့ ကျပ်(၁၁၁၆၀. ၆၇၄)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းလိုငွေမှာ (၉၅၁၉ . ၉၄၆)သန်းဖြစ်တဲ့ အတွက် စုစုပေါင်းသုံးငွေအနေနဲ့ (၁၁၉၆၈၀ . ၆၂၀)သန်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စုစုပေါင်းလိုငွေအနေနဲ့ (၄၄၂၂. ၂၇၆)သန်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

အပိုဒ်(၄)။ ပထမအကြိမ်ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်လွှတ်တော်သို့ တင်ပြစဉ်က နိုင်ငံတော်ပိုင်အဖွဲ့အစည်းများတွင် ဖြစ်ပေါ် လာမယ့် အသားတင် အမြတ်ရဲ့(၃၀)ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် လည်းကောင်း၊ ကျန်(၇၀)ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ်လည်းကောင်း ပေးဆောင်ရန် လျာထားခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုအဆင့် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများတွင် အသားတင်အမြတ်၏ (၃၀)ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်လည်းကောင်း၊ (၂၀)ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေ အဖြစ်လည်းကောင်း၊ ကျန်(၅၀)ရာခိုင်နှုန်းကို အဖွဲ့အစည်း၏ အမြတ်အဖြစ် လည်းကောင်း ပြင်ဆင်လျာထားခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနှုန်းထားလေးတွေကို အနည်းငယ်ပြင်ဆင်ပြီး သတ်မှတ်ပေးလိုက်တဲ့အတွက် ဖြစ်ပါတယ်။

အပိုဒ်(၅)။ သို့ပါ၍ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အရ ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကိုလည်း ပြည်ထောင်စုအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများကဲ့သို့ ဝင်ငွေခွန်ကို (၃၀)ရာခိုင်နှုန်း၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေကို (၂၀)ရာခိုင်နှုန်းနဲ့ အမြတ်ကို (၅၀)ရာခိုင်နှုန်းဖြင့် ပြန်လည်တွက်ချက်ရန် လိုအပ်လာ ပါတယ်။ ဤကဲ့သို့ ပြန်လည်တွက်ချက်ပြီးတဲ့နောက် ဖြစ်ပေါ် လာမည့် ရှမ်းပြည်နယ်ရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံး ခန့်မှန်းခြေငွေစာရင်း အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

- ရင်ွေအနေနဲ့ သာမန်ရင်ွေမှာ (၇၄၂၄၈ . ၄၀၉)သန်းဖြစ်ပြီးတော့ သုံးင်ွေအနေနဲ့ သာမန်သုံင်ွေမှာ (၁၈၉၅၅ . ၇၃၉)သန်းဖြစ်ပြီး၊ ငွေလုံးင်ွေရင်းသုံးင်ွေအနေနဲ့ ကျပ်သန်းပေါင်း(၉၅၁၉ . ၉၄၆)သန်း ဖြစ်တဲ့အတွက် စုစုပေါင်းသုံးင်ွေအနေနဲ့ ကျပ်သန်းပေါင်း(၁၁၈၄၇၅ . ၆၈၅)သန်းဖြစ်ပါတယ်။ သာမန်လိုင်ွေအနေနဲ့ (၃၄၇၀၇ . ၃၃၀)သန်းဖြစ်ပြီးတော့ ငွေလုံးင်ွေရင်းလိုင်ွေအနေနဲ့ (၉၅၁၉ . ၉၄၆) သန်း ဖြစ်ပါတယ်။ စုစုပေါင်းလိုင်ွေအနေနဲ့ကတော့ မပြောင်းလဲဘဲ ကျပ်သန်းပေါင်း (၄၄၂၂၇ . ၂၇၆)သန်း ဒီအတိုင်းပဲ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အခြေးရာခိုင်နှုန်းပြောင်းလဲတဲ့အတွက် ကျွန်တော်တို့ သာမန်ရင်ွေမှာ ယခုဒီကျပ်သန်းပေါင်း(၇၄၂၄၈ . ၄၀၉)ဖြစ်ပါတယ်။ မူရင်း ကျွန်တော်တို့ မတွက်ခင်တုန်းက သာမန်ရတဲ့ငွေသည် (၇၅၄၅၃ . ၃၄၄)ဖြစ်ပါတယ်။ အခုကျွန်တော်တို့ အခြေးတွက်ချက်လိုက်တဲ့အတွက် ရင်ွေဟာ အနည်းငယ်(၇၄၂၄၈ . ၄၀၉)ဖြစ်တဲ့အတွက် အနည်းငယ် လျော့ကျသွားပါတယ်။ သို့သော်လည်းဘဲ ဒီလိုင်ွေအနေနဲ့ကတော့ ပြောင်းလဲခြင်းမရှိပါဘူး။

တင်ပြပါ ဇယားကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှုမ်းပြည်နယ်၏ ရင်ွေ/သုံးင်ွေ စာရင်းချုပ်ပဲ ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းအဖွဲ့များရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ခန့်မှန်းခြေရင်ွေအနေနဲ့ (၁၆ . ၇၉၇)သန်းဖြစ်ပြီး သုံးင်ွေအနေနဲ့ (၁၄၉၇. ၀၇၂)သန်းဖြစ်တဲ့အတွက်ဗဟိုအဖွဲ့အစည်းများရဲ့ ၂၀၁၂-၂၀၁၃ခုနှစ် ခန့်မှန်းခြေလိုင်ွေဟာ(၁၄၈၀ . ၂၇၅)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်ဝန်ကြီးဌာနနဲ့ ဦးစီးဌာနများရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ခန့်မှန်းခြေရင်ွေအနေနဲ့(၂၈၆၆. ၆၄၀)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့ (၄၄၃၂၀ . ၅၉၅)သန်းဖြစ်တဲ့အတွက် ဝန်ကြီးဌာနများနဲ့ ဦးစီးဌာနများရဲ့ လိုင်ွေဟာ(၄၁၄၅၉. ၉၅၅)သန်း လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးအဖွဲ့အစည်းများရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ခန့်မှန်းခြေရင်ွေအနေနဲ့(၆၁၇၈၇. ၈၆၃)သန်းဖြစ်ပြီး၊ သုံးင်ွေအနေနဲ့(၆၃၄၈၀ . ၀၅၇)သန်းဖြစ်တဲ့အတွက် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများရဲ့ လိုင်ွေဟာ(၂၀၆၀ . ၁၉၄)သန်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များရဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ခန့်မှန်းခြေရငွေအနေနဲ့ (၉၅၇၇ . ၁၀၉)သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့(၈၈၀၃ . ၉၆၁)သန်းဖြစ်တဲ့အတွက် စည်ပင်သာယာရေးအဖွဲ့များရဲ့ ပိုငွေဟာ (၇၇၂၃ . ၁၄၈)သန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ခုနှစ် သာမာန်နဲ့ ငွေလုံးငွေရင်းရငွေအနေဖြင့် စုစုပေါင်းရငွေအနေနဲ့ (၇၄၂၄၈ . ၄၀၉)သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့ စုစုပေါင်း(၁၁၈၄၅၇ . ၆၈၅)သန်းဖြစ်တဲ့အတွက် ၂၀၁၂-၂၀၁၃ခုနှစ် ရှမ်းပြည်နယ်ရဲ့ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်ရဲ့ လိုငွေစုစုပေါင်းဟာ(၄၄၂၈၇. ၂၇၆)သန်းပေါ် ပေါက်လာ ကြောင်းတင်ပြအပ်ပါတယ်။

အပိုဒ်(၆)။ ပြည်နယ်အဆင့်ဌာနဖွဲ့အစည်းများတွင် လိုငွေကျပ်(၄၄၂၂၇. ၂၇၆) သန်းပေါ် ပေါက်လာခဲ့တဲ့အတွက် ပြည်ထောင်စုဘဏ္ဍာရံပုံငွေမှ ထောက်ပံ့ငွေကျပ် (၄၂၉၄၀. ၂၃၀)သန်း၊ ချေးယူရငွေအဖြင့် ကျပ်(၁၂၈၇. ၀၄၆)သန်းရရှိမှာဖြစ်ပါတယ်။ တင်ပြပါဇယားကတော့ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရံပုံငွေမှာ ပါဝင်သောဌာနအဖွဲ့အစည်းများရဲ့ စရင်းချုပ်ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းများရဲ့ ရငွေဟာ(၁၆ . ၇၉၇)သန်းဖြစ်ပြီး၊ သုံးငွေဟာ(၁၄၉၇. ၀၇၂)သန်းဖြစ်တဲ့အတွက် လိုငွေအနေနဲ့(၁၄၈၀. ၂၇၅) သန်းလိုမှာဖြစ်ပြီး၊ ဒီလိုအပ်တဲ့ငွေကို ပြည်ထောင်စုဘဏ္ဍာရံပုံငွေကနေ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနများနဲ့ဦးစီးဌာနများရဲ့ ရငွေဟာ (၂၈၆၆. ၆၄)သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့(၄၄၃၂. ၅၆. ၅၉၅) သန်းဖြစ်တဲ့အတွက် ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတွေရဲ့ လိုငွေဟာ(၄၁၄၅၉ . ၉၅၅) သန်းဖြစ်တဲ့အတွက် ဤအရာကို လိုလာမှာ ဖြစ်ပါတယ်။

ဒီလိုအပ်တဲ့လိုငွေကို ပြည်ထောင်စုဘဏ္ဍာရံပုံငွေကနေ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများမှ ဒီ ၂၀၁၂-၂၀၁၃ ခုနှစ် ရငွေအနေနဲ့ (၆၁၇၈၇. ၈၆၁) သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့(၆၃၈၄၈ . ၀၅၇)သန်းဖြစ်တဲ့အတွက် လိုငွေဟာ(၂၀၆၀. ၁၉၄)သန်း လိုအပ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်ကနေ ထောက်ပံ့ငွေ မရရှိပါဘူး။ အဲ့ဒီအတွက် ကျွန်တော်တို့ ဒီပြည်ထောင်စုအစိုးရထံမှာ ကျွန်တော်တို့ ချေးယူရမှာ ဖြစ်ပါတယ်။ သူ့ရဲ့ မူဝါဒဖြစ်တဲ့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများဟာ စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် တွင် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမှာဖြစ်ရာ အဖွဲ့အစည်းများအတွက် လိုငွေဖြစ်ပေါ် လာပါက ချေးငွေအဖြစ် ပြည်ထောင်စုအစိုးရထံမှာ ရယူရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီချေးယူရမယ့် (၂၂၈၇ . ၀၄၆)သန်းသည် အတိုးနှုန်း(၄)ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ချေးယူပေးရမှာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့ရဲ့ ရင်ွေအနေနဲ့(၉၅၇၇ . ၁၀၉)သန်းဖြစ်ပြီး၊ သုံးငွေ အနေနဲ့(၈၈၀၃. ၉၆၁) သန်းဖြစ်တဲ့အတွက် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှာ ပိုင်ွေဟာ (၇၇၃ . ၁၄၈)သန်းဖြစ်ပါတယ်။ ဒီပိုတဲ့ငွေတွေဟာ ကျွန်တော်တို့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ လိုင်ွေဖြစ်တဲ့ (၂၀၆၀. ၁၉၆)သန်းကို ထေပေးပြီး၊ လိုအပ်တဲ့(၁၂၈၇. ၀၄၆)သန်းကို ကျွန်တော်တို့ ထပ်မံချေးပေးရမှာ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှာ ပိုင်ွေရှိနေသည်ဟု ဆိုသော်လည်းဘဲ ဒီစီးပွားရေးအဖွဲ့ကို ပြန်ထေပေးရတဲ့အတွက် သူ့မှာ အမှန်တကယ်ကတော့ လက်ထဲမှာ ပိုင်ွေမရှိပါဘူး။ ဒါကြောင့် ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်မှာ သာမန်နဲ့ ငွေလုံးငွေရင်းပေါင်းအနေနဲ့ ရင်ွေဟာ(၇၄၂၄၈. ၄၀၉) သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့ (၁၁၈၄၇၅ . ၆၈၅)သန်းဖြစ်တဲ့အတွက် လိုင်ွေအနေနဲ့ စုစုပေါင်း (၄၄၂၂၇. ၂၇၆)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စု ဘဏ္ဍာရံုငွေကနေ ရရှိမယ့်ထောက်ပံ့ငွေဟာ(၄၂၉၄၀. ၂၃၀)သန်းဖြစ်ပြီး၊ ချေးယူရမယ့် ငွေအနေနဲ့ကတော့ (၁၂၈၇. ၀၄၆)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အပိုဒ်(၇)။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် ၂၀၁၂ ခုနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် အခန်းတစ်ခန်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများတွင် အခန်းတစ်ခန်းခွဲခြားလျက် ရေးဆွဲထားပါတယ်။

အပိုဒ်(၈)။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနဲ့အညီ ဆောင်ရွက်ကြရမည်ဖြစ်၍ ၂၀၁၂ ခုနှစ် ပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် ရင်ွေ/သုံးငွေများကိုလည်း ခွဲခြားပြီးတော့ ဖော်ပြထားပါတယ်။ ဒါကိုကျွန်တော်တို့ ဒီ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပဲ ဖြစ်ပါတယ်။ ဒီဥပဒေကို ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းပြီး၊ လွှတ်တော်ကနေ အတည်ပြုပေးတဲ့ အခါမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကနေ လက်မှတ် ရေးထိုးပြီးတော့ ထုတ်ပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒီရဲ့ အကြောင်း အရာအနေနဲ့ ကျွန်တော် တင်ပြပေးပါ့မယ်။ ဥပဒေရဲ့ အကြောင်းအရာ -

အပိုင်း(၁)။ အမည်နဲ့ စတင်အကျိုးသက်ရောက်သည့် နေ့ရက်-ပုဒ်မ(၁)၊ ပုဒ်မခွဲ(က) ဤ ဥပဒေကို ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟုခေါ်သွင်စေရမည်။ အပိုဒ်ခွဲ(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အပိုင်း(၂)။ ပုဒ်မ(၂) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်တရား လွှတ်တော်ရုံး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသော ရံပုံငွေများကို ပြည်နယ်ရံပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရပါမယ်။ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်တရားလွှတ်တော်ရုံး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီး ဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရပုံငွေနဲ့ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁/၂/၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကောက်ခံကြီးကြပ်ခြင်းနှင့် သုံးစွဲငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမှာ ဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ ဒီ ဇယားထဲမှာ ပါရှိပါတယ်။

စာမျက်နှာ(၅)၊ ဇယား(၁)မှာ-

အမှတ်စဉ်(၁)။ **တရားရုံးများ**-တရားရုံးများရဲ့ ရငွေအနေနဲ့ သာမန်ရငွေအနေနဲ့(၁၅ . ၁၉၂) ကျပ်သန်းဖြစ်မှာ ဖြစ်ပါတယ်။ ဒါကိုတာဝန်ခံရမယ့် ပုဂ္ဂိုလ်အနေနဲ့ ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ် ဒါမှမဟုတ် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်က တာဝန်ပေးအပ်တဲ့ တာဝန်ပေးသူ ပုဂ္ဂိုလ်ကတာဝန်ခံပြီး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၂)။ **ဥပဒေရုံးများ** - ဥပဒေရုံးများရဲ့ သာမန်ရငွေဟာ (၀. ၆၆၀) ကျပ်သန်းဖြစ်ပြီး၊ ပြည်နယ်ဥပဒေချုပ် ဒါမှမဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးထားတဲ့သူက တာဝန်ခံပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၃)။ **စာရင်းရုံးများ**- စာရင်းရုံးများရဲ့ သာမန်ရငွေဟာ(၀ . ၉၄၅) သန်းဖြစ်ပြီး၊ ပြည်နယ်စာရင်းစစ်ချုပ် ဒါမှမဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးထားတဲ့သူက တာဝန်ခံပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဇယား(၂)မှာ-

အမှတ်စဉ်(၁)။ တရားရုံးများရဲ့ သာမန်သုံးငွေဟာ (၅၁၄ . ၄၈၂)ဖြစ်ပြီးတော့ ငွေလုံးငွေရင်း သုံးငွေအနေနဲ့ (၄၁ . ၆၃၈)သန်းဖြစ်မှာ ဖြစ်ပါတယ်။ ဒါကို ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ် ဒါမှမဟုတ် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်က တာဝန်ပေးတဲ့ သူကနေ တာဝန်ခံဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၂)။ ဥပဒေရုံးများရဲ့ သာမန်သုံးငွေဟာ (၂၈၆ . ၅၃၄)သန်းဖြစ်ပါတယ်။ ငွေလုံး ငွေရင်းသုံးငွေမရှိပါဘူး။ ဒီသုံးငွေများကို ပြည်နယ်ဥပဒေချုပ် ဒါမှမဟုတ် ပြည်နယ်ဥပဒေချုပ်ကနေ တာဝန်ပေးတဲ့ သူကနေ တာဝန်ခံပြီးတော့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၃)။ စာရင်းရုံးများရဲ့ သာမန်သုံးငွေဟာ (၆၅၄ . ၄၈)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်း သုံးငွေမရှိပါဘူး။ ပြည်နယ်စာရင်းစစ်ချုပ် ဒါမှမဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးတဲ့ သူကနေ တာဝန်ခံပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ စာမျက်နှာ(၇)၊ ဇယား(၃)မှာ ဒါကျွန်တော်တို့ ရငွေများ ဖြစ်ပါတယ် -

အမှတ်စဉ်(၁)မှာ ပြည်တွင်းထွက်ကုန်နဲ့ ပြည်သူပြည်သားများ သုံးစွဲမှုပေါ် တွင် ကောက်ခံသည့် အခွန်အကောက် အဲ့ဒီနေရာမှာ ကျွန်တော်တို့ ယစ်မျိုးခွန်မှာ ကောက်ခံရရှိတဲ့ငွေဟာ (၃၉၁. ၂၇၅)သန်းဖြစ်ပါတယ်။ ဒါကို ပြည်နယ်ဝန်ကြီးချုပ် ဒါမှမဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးတဲ့ သူကနေ တာဝန်ခံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၂)မှာ နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်မှာ အမှတ်စဉ်(၁)မှာ အပိုဒ်ခွဲ(၁)မှ နေရာပေါ် တွင် ကောက်ခံသည့် အခွန်ကတော့ ကျွန်တော်တို့ (၂၄ . ၀၇၉)သန်းရရှိမှာ ဖြစ်ပါတယ်။ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အနေနဲ့ (၁၈၈. ၃၆၁) သန်းဖြစ်မှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၃)မှာ ခါတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့် အခွန်အနေနဲ့ (၆ . ၀၇၀)သန်းဖြစ်ပါတယ်။ အပိုဒ်(၄)မှာ အင်းအိုင်ခွန်အနေနဲ့ (၆ . ၁၃၃)သန်းဖြစ်ပါတယ်။ ဒီရာကို ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးချုပ် ဒါမှမဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးတဲ့ပုဂ္ဂိုလ်ကနေ တာဝန်ခံပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၃)မှာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံတဲ့အခွန်ကပစ္စည်းခွန်အနေနဲ့ (၁၀၂၈ . ၄၅၅)သန်းဖြစ်ပြီးတော့ ဘီးခွန်အနေနဲ့ (၂၉၄ . ၉၂၇) သန်းဖြစ်ပါတယ်။ တာဝန်ခံရမယ့် ပုဂ္ဂိုလ်အနေနဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒါမှမဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးတဲ့သူက တာဝန်ခံပြီး ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၄) ပြည်နယ်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေဟာ ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေဖြစ်တဲ့ (၄၈၁ . ၉၇၄)သန်းရရှိမှာ ဖြစ်ပါတယ်။ တာဝန်ခံရမယ့် ပုဂ္ဂိုလ်က ပြည်နယ်ဝန်ကြီးချုပ် ဒါမှမဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးတဲ့သူကနေ တာဝန်ခံပြီးတော့ ဆောင်ရွက် ပေးသွားရမှာ ဖြစ်ပါတယ်။ စာမျက်နှာ(၈)၊ ဇယား(၃)မှာ -

အမှတ်စဉ်(၅) ကျွန်တော်တို့ ပြည်ထဲရေးဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရငွေများအနေနဲ့ သာမန်ရငွေမှာ(၃၄. ၈၀၃)ဖြစ်ပြီး၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေဟာ ကျပ်သန်း(၁၀၀၀)ဖြစ်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှာ (၀ . ၁၁၅)သန်းရမှာဖြစ်ပြီး၊ အကျဉ်းဦးစီးဌာနအနေနဲ့ ရငွေဟာ(၀ . ၃၅၀)သန်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပြည်ထဲရေးကနေ စုစုပေါင်းရရှိတဲ့ငွေဟာ (၃၄ . ၈၀၃)သန်းနဲ့ ပြည်ထောင်စုကနေ ထောက်ပံ့တဲ့ငွေဟာ သန်း(၁၀၀၀)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမှတ်စဉ်(၆)မှာ သမဝါယမမှ စုစုပေါင်းရရှိမှုယ့် သာမန်ရငွေဟာ(၀. ၉၃၄)သန်းဖြစ်ပါတယ်။ အဲဒီအထဲမှ သမဝါယမဦးစီးဌာနရဲ့ ရငွေဟာ (၀. ၆၃၄)သန်းဖြစ်ပြီး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနကနေ(၀ . ၃၀၀)သန်းရရှိမှာ ဖြစ်တဲ့အတွက် ဒီသမဝါယမ ဌာနကနေ ကျွန်တော်တို့ စုစုပေါင်း(၀ . ၉၃၄)သန်းရရှိမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၇)မှာ မွေးမြူရေးနှင့်ရေလုပ်ငန်းဌာနအောက်မှာ စုစုပေါင်းရငွေသည် (၁၀ . ၀၆၅)သန်း ဖြစ်ပါတယ်။ အဲဒီထဲမှာ ငါးလုပ်ငန်းဦးစီးဌာနကနေရငွေဟာ (၁ . ၇၁၅)သန်းဖြစ်ပြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကနေ ရငွေဟာ (၈ . ၁၁၀)သန်းဖြစ်တဲ့အတွက် မွေးမြူရေးနဲ့ ရေလုပ်ငန်းကနေရရှိမယ့် စုစုပေါင်းရငွေဟာ (၁၀ . ၀၆၅)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမှတ်စဉ်(၈) ဆောက်လုပ်ရေးလုပ်ငန်းကနေ စုစုပေါင်းရရှိမယ့်ငွေဟာ (၆၈၆ . ၉၂၈)သန်း ဖြစ်ပါတယ်။ အဲဒီထဲမှာ ပါဝင်တဲ့ မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကနေ သာမန်ရငွေဟာ(၁ . ၄၆၁)သန်းဖြစ်ပြီး၊ အဆောက်အဦနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းကနေ (၆၈၅ . ၄၆၇)သန်းရရှိမှာ ဖြစ်တဲ့အတွက် စုစုပေါင်းကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းကနေ(၆၈၆. ၉၂၈)သန်းရရှိမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၉) ဘဏ္ဍာရေးနှင့်အခွန်ဌာနမှ ဒီသာမန်ရငွေမရှိဘဲ ပြည်ထောင်စုမှထောက်ပံ့တဲ့ငွေ(၄၂၉၄၀ . ၂၃၀)သန်းဖြစ်ပြီးတော့ ချေးယူငွေအနေနဲ့(၁၂၈၇. ၀၄၆)သန်းဖြစ်ပါတယ်။ ဒီရဲ့တာဝန်ခံရမယ့် အားလုံးကိုတာဝန်ခံရမယ့် ပုဂ္ဂိုလ်ကတော့ ပြည်နယ်ဝန်ကြီးချုပ် ဒါမှမဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးအပ်တဲ့ပုဂ္ဂိုလ်ကနေ တာဝန်ခံပြီးတော့ ကျွန်တော်တို့ ဒါရငွေများကို တာဝန်ခံရမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၁၀)မှာ အမျိုးသားစီမံကိန်းနဲ့စီးပွားရေးဖွံ့ဖြိုးတက်ရေးကနေ စုစုပေါင်းဒီမှာရငွေသည် (၀ . ၀၇၅)သန်းဖြစ်ပြီး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသာ ပါဝင်ပါတယ်။

နောက် အမှတ်စဉ်(၁၁)မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဦးစီးဌာနကနေ ရငွေသည်(၃၆. ၁၄၀)သန်းဖြစ်ပါတယ်။ အဲဒီအောက်မှာ သစ်တောဦးစီးဌာနကနေ ရရှိမှာဖြစ်ပါတယ်။

အမှတ်စဉ်(၁၂)မှာ အားကစားကနေ အားကစားဝန်ကြီးဌာနကနေ ရရှိငွေဟာ (၀. ၀၀၃)သန်းဖြစ်ပြီး၊ သူရဲ့အောက်မှာ အားကစားနဲ့ ကာယပညာဦးစီးဌာနကနေ ရရှိမှာ ဖြစ်ပါတယ်။ စည်ပင် သာယာရေးအဖွဲ့များအနေနဲ့ ဒီရငွေဟာ(၈၂၉၈ . ၇၂၇)သန်းဖြစ်မှာ ဖြစ်ပါတယ်။ ဒါခုဏ ကျွန်တော်တင်ပြပြီး၊ ဖတ်ကြားပြီးဖြစ်ပါတယ်။ အားလုံးပါပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စုစုပေါင်းဒီအကောက်ခွန် ကနေ ရရှိတဲ့ငွေဟာ (၁၈၉၄ . ၁၀၀)သန်းဖြစ်ပြီး၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ

ရင်္ဂေဟာ(၄၈၁ . ၉၇၄)သန်းနှင့် အခြားသာမန်ရင်္ဂေစုစုပေါင်းဟာ(၉၀၆၇ . ၆၇၅)သန်းဖြစ်ပြီး၊ ပြည်ထောင်စုထောက်ပံ့ငွေကနေ (၄၃၉၄၀ . ၂၃၀)သန်းရရှိမှာ ဖြစ်ပါတယ်။ ချေးငွချေးယူငွေအနေနဲ့ စုစုပေါင်း(၁၂၈၇ . ၀၄၆)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အပိုဒ်-၃ ပုဒ်မခွဲ(ခ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်တဲ့ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်ပါတယ်။

အပိုဒ်(၅)။ ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကို ကောက်ခံ နိုင်ပါတယ်။

အပိုင်း(၃)။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ၊ ပုဒ်မ-၆ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန်၊ မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပုဒ်မ-၇၊ ပုဒ်မခွဲ(က) ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသည့်ငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ဇယား(၅)နဲ့ (၆)မှာ ဖော်ပြထားပါတယ်။

ပုဒ်မခွဲ(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ ရင်္ဂေနဲ့ သုံးငွေများအတွက် တာဝန် ပေးအပ်ခြင်းခံရတဲ့ ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ရင်္ဂေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမှာ ဖြစ်ပါတယ်။

ပုဒ်မခွဲ(ဂ) ရင်္ဂေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်ဖြစ်ပါတယ်။

ပုဒ်မခွဲ(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ဒီဥပဒေကို ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုပြီးတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ကနေ လက်မှတ်ရေးထိုးပြီးတော့ ကျွန်တော်တို့ ဥပဒေအဖြစ် ထုတ်ပြန်ပေးမှာ ပေးရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့ကျင်းပပြုလုပ်သော ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်တတိယ ပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းနဲ့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတို့ကို အတည်ပြု ပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား ။

[ဆွေးနွေးသံများ]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဒီကနေ့ အစည်းအဝေးရပ်နားပြီးဆုံးလျှင် လွှတ်တော်ရုံး၊ ဒုတိယဥက္ကဋ္ဌကြားရေးမှူးထံ အမည်စာရင်းပေးပို့ဖို့ဖြစ်ပါတယ်။ ဆွေးနွေးမယ့်ရက်ကို မတ်လ(၁)ရက်နေ့၊ ဗုဒ္ဓဟူးနေ့မှာ ခွင့်ပြုမှာ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမဲဆန္ဒနယ်အမှတ်(၂)မှ ထော်လာဂျီနှင့် ဆိုင်သော ပထမအဆိုအား လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့မှ ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့မှာ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းထွန်းထွန်းလွင်၏ ပထမအဆိုကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးသွင်း ထားပါတယ်။

ပထမဦးစွာ အဆိုကို ဆွေးနွေးဖို့ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးကို ဖိတ်ခေါ်ပါတယ်။

ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယ ဖြစ်ပါစေ ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ် ရှင်။

ဦးထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ "ယခုခေတ် အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဥ်အကြီး၊အလတ်၊အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊အလတ်၊အသေးယာဉ်များကို ရှုမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန်၊ စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်"အဆိုကို ဖြည့်စွက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

မှန်ပါတယ်။ ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီများကို တွင်တွင်ကျယ်ကျယ် မောင်းနှင်အသုံးပြုလာနေကြပါတယ်။ မနေ့က(၂၇-၂-၂၀၁၂) တွင် ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ခဲ့သော ရှုမ်းပြည်နယ် အစိုးရအဖွဲ့၏ (၂၀၁၁-၂၀၁၂)ခုနှစ် ဒေသန္တစီမံကိန်း ဥပဒေ၏ ဦးတည်းချက်ကို လက်တွေ့ဖော်ဆောင်ရန်မှာ ထော်လာဂျီများသည် ရှုမ်းပြည်နယ်အတွက် မရှိမဖြစ် လိုအပ်နေပါသည်။

တောရောမြို့ပါ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်နေပါသော ပြည်သူလူထုသည် လှည်းအစားထော်လာဂျီကို အသုံးပြုလာတာကို ကြည့်ခြင်း အားဖြင့် တိုးတက်လာသည်ဟု အမြင်ရှိနိုင်ပါသည်။ သို့သော် တောင်သူလယ်သမား အများစုသည် ကျွဲ၊ နွား ထိန်းကျောင်းရန် အတွက် စားကျက်မြေမရှိသလောက် ဖြစ်နေခြင်း၊ စိုက်ပျိုးလုပ်ကိုင်ရန်အတွက် ရွာနှင့်နီးသောမြေများမှာ စီးပွားရေး လုပ်ငန်းရှင်များ(အထူးသဖြင့်) ရော်ဘာလုပ်ငန်းရှင်များကို ပေးလိုက်ရပါသဖြင့် ရွာနှင့် အင်မတန်ဝေးကွာလှသော မြေနေရာများသို့ သွားရောက်လုပ်ကိုင်နေရခြင်း တို့ကြောင့် ကျွဲ၊ နွားများကို ရောင်းပြီး မရှိမဲ့၊ ရှိမဲ့ငွေကြေးလေးဖြင့် ထော်လာဂျီ ဝယ်သုံးကြရခြင်းဖြစ်ပါသည်။

မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ယာဉ်များသည် နဂိုမူလအင်ဂျင်ကြောင့် သော်လည်းကောင်း၊ စက်ချို့ယွင်းခြင်းကြောင့် သော်လည်းကောင်း၊ အိတ်စောပျက်စီးကြောင့် သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မည်သူမဆို ဆူညံသံလုံးဝမရှိဘဲ ညင်သာညက်ငြောသော စက်တပ်ယာဉ်များကိုသာ အသုံးပြုလိုကြပါသည်။ သို့သော် ကျွန်မတို့နိုင်ငံသည် စက်မှုထွန်းကားသည့် နိုင်ငံမဟုတ်သည့်အတွက် ၎င်းယာဉ်အမျိုးအစားများကို မထုတ်လုပ်နိုင်သေးသလို၊ ၎င်းယာဉ်များ သွားလာနိုင်ရန်အတွက် လမ်းများသည် ပြုပြင်ပေးနိုင်ခြင်း မရှိပါဘူး။ တရုတ်နိုင်ငံကဲ့သို့ စက်မှုထုတ်လုပ်သော နိုင်ငံများအတွင်းမှာပင် ထော်လာဂျီများကို အသုံးပြုနေတာကို တွေ့ရှိကြရမှာဖြစ်ပါသည်။ စက်ဆိုတာ ဘယ်အချိန်မှာ ချို့ယွင်းပျက်စီးမယ်ဆိုတာ ပုံသေမပြောနိုင်ပါဘူး။ အကောင်းတိုင်း မောင်းနှင်ရာပြီးတော့မှ ချက်ချင်းဆူညံပြီး ပွင့်ထွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်မရဲ့အိမ်မှာ ဝပ်ရှော့၊ အထူးသဖြင့် ထော်လာဂျီပြုပြင်ရေးလုပ်ငန်းနှင့် ထော်လာဂျီအပိုပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်ထားပါသဖြင့် ပြည်သူလူထု အထူးသဖြင့် ထော်လာဂျီမောင်းသူများ၏ ဘဝကို ပိုပြီးသိရှိရပါသည်။ ထော်လာဂျီတစ်စီးလုံးပိုင်ထားပြီး အိတ်စောမတပ်ရ ကောင်းလားလို့ သူတို့ကိုအပြစ်တင်မိတဲ့အခါမှာ ၎င်းတို့က "ကျွန်တော်တို့ တစ်ခေါက်ပြေးရင် ဟိုကြေးဒီကြေးနုတ်နဲ့ ဘာမှမကျန်လို့ ဝယ်မတပ်ရသေးပါဘူး၊ ဒီတစ်ခေါက်ခြံထွက် သီးနှံရောင်းပြီးမှဘဲ၊ ဝယ်တပ်နိုင်တော့မယ်"လို့ဖြေပါတယ်။ ဖြစ်နိုင်ပါတယ်။ အိတ်စော တစ်ခုတပ်နိုင်ဖို့ရန် အိတ်စောနတ်၊ အိတ်စောဝါရှာ၊ အိတ်စောပိုက်ဂေါက်နှင့် အိတ်စော စုစုပေါင်း (၁၀၀၀၀/-)ကျပ်အထက်မှာ ရှိနေပါတယ်။ အဲ့ဒီလို ဆူညံသံ အိတ်စော မတပ်လို့ ဆူညံသံထွက်နေတဲ့ စက်တွေကို သတိပေးဆောင်ရွက်မှု လေးတော့ လုပ်ပေးစေလိုပါတယ်။

လယ်ယာကဏ္ဍ၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်မှာ သယ်ယူပို့ဆောင်ရေးသည် အလွန် အရေးကြီးလှပါတယ်။ သီးနှံများနှင့် သစ်တောထွက် ပစ္စည်းများကို ရွာအရောက်သယ်ယူပို့ဆောင်ရန်နှင့် စီးပွားရေးစွေးကွက်သို့ အချိန်မှီတင်ပို့နိုင်ရန်၊ ကုန်သွယ်စီးဆင်းမှု အဆင်ပြေရန်မှာ မိမိတို့ရှမ်းပြည်နယ်အနေဖြင့် ထော်လာဂျီသည် တောရောမြို့ပါမရှိမဖြစ်လိုအပ်လာပါသည်။ သို့သော်မြို့များတွင်ထော်လာဂျီများ စနစ်တကျဝင်ထွက်သွားလာနိုင်ရန်အတွက် လမ်းများ သတ်မှတ်ပေးဖို့ အထူးလို အပ်ပါတယ်။

ထော်လာဂျီမောင်းနှင်ရာတွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်သည့် ယာဉ်မောင်း လိုင်စင်ရှိသူများကိုသာ မောင်းနှင်ခွင့်ပြုရန်နှင့် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များကို သက်သာတဲ့ နှုန်းထားနှင့် မနှေးအမြန်လုပ်ကိုင်ပေးသည့် ပါတယ်။ လမ်းစည်းကမ်းနှင့် ယာဉ်စည်းကမ်းများကို ပြည်သူများ ပိုမိုသိရှိနားလည်ရန် သက်ဆိုင်ရာမှ မကြာခဏကွင်းဆင်းပညာပေးဆောင်ရွက်ရန်လည်း အထူး လိုအပ်လာပါသည်။ ထော်လာဂျီလိုင်စင်ဆောင်ရွက်မယ်ဆိုရင် မြင်းကောင်ရေပေါ်မူတည်၍ ကိုယ်တိုင်လာရောက်ထမ်းဆောင်ရွက်မယ်ဆိုရင် သက်သာတော့ နှုန်းထားဖြင့် အခွန်ပေးဆောင်ပြီး၊ ကညနက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဒီကနေ့မနက်မှာ ဘဏ္ဍာနဲ့အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်က ပြောကြားချက်အရ သိရှိရပါတယ်။

(၂၀-၇-၂၀၁၁) ရက်စွဲပါအကောက်ခွန်ဦးစီးဌာနရုံးချုပ်ရဲ့ ညွှန်ကြားလွှာအမှတ်၊ ၁၇/၂၀၁၁ မှာ ထော်လာဂျီများအတွက် ကောက်ခံရမယ့် တန်ဘိုးသတ်မှတ်ခြင်းမှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် (၁၂)မြင်းကောင်ရေအားအတွက် အခွန်မှာ (၃)သောင်းမျှသာ ဖြစ်သော်လည်းဘဲ ကုန်သွယ်ခွန်မှာ (၂)သိန်းနဲ့ (၆)သောင်းဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဩော် . . . သည်းခံပါ ရှင်။ (၂)သိန်းနဲ့ (၆)ခြောက်ထောင်ပါ။ အဲ့ဒါကြောင့် ကျသင့်ခွန်စုစုပေါင်းမှ လာရောက်ဖမ်းဆီးမယ်ဆိုလို့ရှိရင် နှစ်သိန်းကိုးသောင်းရှစ်ထောင်ငါးရာရှိတာကို တွေ့ရှိရပါတယ်။ (၃၀)အင်ဂျင်နဲ့အထက်မှာ ဆိုလို့ရှိရင် အကောက်ခွန်ဟာ တစ်သိန်းခြောက်သောင်းငါးထောင် သာဖြစ်သော်လည်းဘဲ ကုန်သွယ်ခွန်မှာ တစ်ဆယ့်တစ်သိန်းသုံးသောင်းသုံးထောင်ဖြစ်နေတာကို တွေ့ရှိရပြီး၊ စုစုပေါင်းလိုင်စင်ရဖို့မှာ ဆယ့်ခြောက်သိန်းလေးသောင်းတစ်ထောင်ခုနစ်ရာငါးဆယ် ရှိတာကို တွေ့ရှိရပါတယ်။ ဒါကို ကြည့်ချင်းအားဖြင့် ကျွန်မတို့နိုင်ငံဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် လုပ်ဆောင်နေတာတွေဟာ တစ်ကယ်ရောဟုတ်ပါရဲ့လားလို့ သံသယဝင်စရာတွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီထော်လာဂျီတွေဟာ မရှိမဲ့ ရှိမဲ့နဲ့ ဝယ်ထားရတဲ့ ဇိမ်ခံသုံးပစ္စည်းမဟုတ်ပဲနဲ့ ကျေးလက်ဒေသစိုက်ပျိုးရေးအတွက် အသုံးပြုနေရတဲ့အတွက်သာ ကုန်သွယ်ခွန်တွေကို ဒီလိုအဆမတန်ကောက်ခံ နေခြင်းဟာ ပြည်သူတွေကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံအနေနဲ့ ကျွန်မတို့ ပြည်နယ်အနေနဲ့ ပွင့်လင်းမြင်သာတဲ့ အကောက်ခွန်နှုန်းများဖြစ်အောင် ကုန်သွယ်ခွန်ကို လျှော့ပေါ့ပြီးတော့ ထော်လာဂျီကို လိုင်စင်မရှိသေးတဲ့ ထော်လာဂျီများကို မနှေးအမြန် လုပ်ဆောင်ပေးဖို့ တောင်းဆိုအပ်ပါတယ်။ အဆိုရှင် ဦးထွန်းထွန်းလွင် ၏ မိမိတို့ ရှမ်းပြည်နယ်ဆူညံသံကင်းမဲ့ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ စေတနာကိုလည်း အလွန်အသိအမှတ်ပြုလေးစားမိပါတယ်။

ဒါပေမယ့် ကျွန်မတင်ပြပြီး ဖြစ်တဲ့အတိုင် ကျွန်မတို့ ရှမ်းပြည်နယ်အနေနဲ့ ဒီထော်လာဂျီဟာ မရှိမဖြစ်လိုအပ်နေတဲ့အတွက်ကြောင့် ဦးထွန်းထွန်းလွင် ရဲ့ မီးခိုးထွတ်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များအား ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းသတ်မှတ် ပေးရန်ဆိုသော အဆိုကို ထောက်ခံခြင်းမပြုဘဲနဲ့ ဖြည့်စွက်ဆွေးနွေးရခြင်းဖြစ်ပါတယ် ရှင်။ အားလုံးကိုလေးစားပါတယ် ရှင်။[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး ဒီအဆိုကို ဆွေးနွေးဖို့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် ကို ဖိတ်ခေါ်ပါတယ်။

ဦးအောင်ကျော်ညွန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရပ်စောက်မဲဆန္ဒနယ်၊ အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ တင်ပြထားသော အဆိုကို ကျွန်တော် ပြန်လည်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမမှာ မည်သည့်စက်တပ်ယာဉ်မဆို မောင်းနှင်သူသည် တောရော၊ မြို့ပါ လိုင်စင်ရှိမှ မောင်းရမည်ဆိုသည့် ဥပဒေများကို ကုန်းလမ်းပို့ဆောင်ရေး ကညန မှ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ပါက မောင်းသူတာလျှင် ခံရမည်ဖြစ်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဆက်လက်၍ မီးခိုးထွက်များသော ယာဉ်များဟုဆိုရာ၌ ယခုအခါတွင် နိုင်ငံတော်မှနေ၍ သဘာဝပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှုကို ထိန်းသိမ်းသည့်အနေဖြင့် ယာဉ်များမှထွက်သော မီးခိုးများ၊ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့များကို လျော့ချသည့် လုပ်ငန်းစီမံချက်များကို ပြည်သူ လူထုများလည်း ထိခိုက်နှစ်နာမှုမရှိစေဘဲ ပြုလုပ်ပေးလျက်ရှိပါတယ်။ ပြုလုပ်ပေးရာတွင်လည်း မှန်ကန်၍ အခြေခံကျသော ယာဉ်အို၊ ယာဉ်ဟောင်းများကို အသစ်လဲလှယ်ပေးလျက်ရှိရာ ယခုအခါတွင် "ဒ"အက္ခရာအထိ ကားများကို အသစ်များဖြင့် လဲလှယ်ပေးလျက်ရှိပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ရှမ်းပြည်နယ်တွင် ဖွံ့ဖြိုးဆဲပြည်နယ်တစ်ခုသာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံအသက်မွေးရသော တိုင်းရင်းသား ပြည်သူလူထုများ အများအပြားနေထိုင်ရာ ဒေသတစ်ခုဖြစ်ပါတယ်။

ထို့အတူဘဲ လမ်းပန်းဆက်သွယ်ရေးကို တင်ပြရလျှင် ပြည်ထောင်စုလမ်းမကြီးသာလျှင် ကတ္တရာလမ်းအဆင့်ရှိ၍ ကျန်သောလမ်းများမှာ ကျောက်လမ်း၊ မြေလမ်း၊ တောင်တက်၊ တောင်ဆင်း အင်မတန်ခက်ခဲပြီး၊ မိုးရာသီသွားလာရာတွင် အင်မတန်မှ ခက်ခဲသော လမ်းများ ဖြစ်ပါတယ်။ အဆိုပါခက်ခဲသော ခက်ခဲသော လမ်းများကို သွားနိုင်တက်နိုင်သော ယာဉ်မှာ တစ်လုံးထိုးထော်လာဂျီသာ ဖြစ်ပါတယ်။ ထိုစက်များသည် နွေ၊ မိုး၊ ဆောင်းမရွေး အကြမ်းခံပါတယ်။ အထူးသဖြင့် အဆိုပါခရီးများကဲသို့ တောင်ပေါ်ဒေသတွင် နေထိုင်သော ပလောင်တိုင်းရင်းသားများလူနေမှုဘဝတွင် ထော်လာဂျီမရှိ၍ မဖြစ်ဘဲ အဆိုပါ ထော်လာဂျီများဖြင့် ပညာရေး၊ ကျန်းမာရေးများအတွက် သယ်ယူပို့ဆောင်ရာတွင် အသုံးပြုရပါတယ်။ ထွက်ရှိလာသော သီးနှံများကိုလည်း မြို့သို့ ပို့ဆောင်ရာတွင် အသုံးဝင်သော စက်ဖြစ်ပါတယ်။

ထို့အတူ ထော်လာဂျီများ၏ သဘောသဘာဝကိုလည်း ရှင်းပြလိုပါတယ်။ ထော်လာဂျီစက် အင်ဂျင်သည် တစ်လုံးထိုးအင်ဂျင်ဖြစ်၍ စက်အပူရှိန်မြင့်ပါက စက်သည် မကြာမီ ပျက်စီးသွားနိုင်တာ ဖြစ်လို့၊ သို့ဖြစ်ပါ၍ အဆိုပါစက်များတွင် အသံတိတ်ကရိယာအိတ်ဇောမပါရှိဘဲ ဖွင့်၍ မောင်းရတဲ့အတွက် အသံထွက်ခြင်းဘဲဖြစ်ပါတယ်။ အသံထွက်မှ မီးခိုးအနည်းငယ်ထွက်မှ အင်ဂျင်ဆွဲအားကောင်းပြီးတော့ တောလမ်းမှာ မောင်းနှင်ရတာဖြစ်ပါတယ်။ ထိုနည်းလည်းကောင်းဘဲ

ထော်လာဂျီဟာဆိုရင် အင့်မတန်မှ ဗိုက်ဘရေးရှင်း ဆိုတဲ့ တုန်ခါနှုန်းရှိတဲ့အတွက် ကျွန်တော်တို့ မြို့ပေါ်မှာ တိတ်ပြီးတော့ မမောင်းလိုပါဘူး။ အသက်ကျန်းမာရေး ထိခိုက်တာဖြစ်တဲ့အတွက် စွေးနှုန်းသက်တာတဲ့ ထော်လာဂျီရဲ့ သဘောသဘာဝ ရှိတဲ့အတွက် ဝယ်ယူနိုင်တဲ့ တောသူတောင်သားများသည် မရှိမဖြစ် လက်သလောအနေဖြင့် မောင်းနှင်းအသုံးပြုနေရအုံးမှာဘဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ကျေးရွာများသို့ ထော်လာဂျီများကိုသာ အားကိုးအသုံးပြုနေရ၍ လွတ်တော်အနေနှင့် တင်ပြပါအဆိုရှင် ပြန်လည်စဉ်းစားဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဆက်လက်၍ ၎င်းအဆိုကို ဆွေးနွေးဖို့ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦး ကို ဖိတ်ခေါ်ပါတယ်။

ဦးဇော်ဦး(နမ့်တူမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါတော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ပြောကြား အပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမည့်အကြောင်းအရာကတော့ -

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်း လာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုး ထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်များအတွင်း မောင်းနှင်ခွင့်ပြုမပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" အဆိုကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ(၁၆)သိန်းခန့်ရှိသည့်အနက် (၇၀)ရာခိုင်နှုန်းမှာ ကျေးလက်နေ ပြည်သူများဖြစ်ပါတယ်။ ကျေးလက် နေပြည်သူများသည် စိုက်ပျိုးရေးကို အခြေခံထားပြီး လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီးမှလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒတစ်ရပ်အဖြစ် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို ဒေသအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် အမျိုးသားကုန်ထုတ်လုပ်မှုတန်ဘိုး (ဂျီဒီပီ)ပါဝင်မှုအချိုးကို လေ့လာကြည့်မယ်ဆိုလျှင် လယ်ယာကဏ္ဍပါဝင်မှုအချိုးမှာ(၃၉. ၈) ရာခိုင်နှုန်း ဖြစ်ပြီး၊ ကျပ်ဘီလီယံ(၁၀၈၄ . ၁) အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားသည်ကို သိရှိရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်(၈)ရပ်တွင် လယ်ယာကုန်ထုတ် လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သည်ကို တွေ့ရှိရပါတယ်။ နိုင်ငံတော်မှလည်း လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်တွင်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်လုံးထိုးလက်တွန်းထွန်စက်များ ဝယ်ယူသုံးစွဲမှု တိုးပွားလာပြီဖြစ်ပါတယ်။ တစ်လုံးထိုးအင်ဂျင်များ လယ်ယာလုပ်ငန်းခွင်တွင် သုံးစွဲနေသလို သီးနှံထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင်လည်း တစ်လုံးထိုးအင်ဂျင်တပ်ဆင်ထားသော ထော်လာဂျီအကြီး၊ အလတ်၊ အသေးများကိုသာ အားထားသုံးစွဲနေရပါတယ်။

ရှမ်းပြည်နယ်သည် မြေပြင်အနေအထားအရ တောင်ကုန်း၊တောင်စောင်းများပေါများသဖြင့် လမ်းပန်း ဆက်သွယ်ရေးဖွံ့ဖြိုးမှု နည်းပါးနေသေးသဖြင့် ကျေးလက်ဒေသနေ ပြည်သူများသည် တစ်လုံးထိုးအင်ဂျင် တပ်ထော်လာဂျီအကြီး၊ အလတ်၊ အသေးများကိုသာ အားထားသုံးစွဲနေကြပြီး၊ ကျေးရွာတစ်ရွာမှ တစ်ရွာသို့ဒေသတစ်ခုမှ တစ်ခုသို့ ကုန်စည်များ ပို့ဆောင်ခြင်း၊ ကျေးရွာဓလေ့အရ ကျင်းပသော ပွဲလမ်းသဘင်များ၊ သာရေးနာရေး ကိစ္စများတွင် ဖော်ပြပါထော်လာဂျီများကိုသာ သုံးစွဲနေရကြောင်း သိရှိရပါတယ်။

အဆိုပါထော်လာဂျီများကို ဥပဒေတစ်ရပ်အဖြစ် ထုတ်ပြန်ပြီး တားမြစ်ပိတ်ပင်ပါက ကျေးရွာနေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများ အဟန့်အတားအခက်အခဲများ ဖြစ်ပေါ် လာစေမှာ အမှန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသများတွင် တစ်လုံးထိုးအင်ဂျင်တပ် ထော်လာဂျီအကြီး၊ အလတ်၊ အသေးများကို ဆက်လက်သုံးစွဲခွင့်ပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။

မြို့ပေါ် လမ်းမကြီးမှာမူ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့လယ်လမ်းမကြီးတွင် သုံးစွဲရန် မသင့်တော်သော်လည်း မြို့အစွန်အဖျားမှာမူ အကန့်အသတ်ဖြင့် သုံးစွဲသင့်ကြောင်း သုံးသပ်ရပါတယ်။ ထို့ကြောင့် တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီ ယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းလာသောကြောင့် ထော်လာဂျီအကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေး ယာဉ်များကို ရှမ်းပြည်နယ်များအတွင်း မောင်းနှင်ခွင့်ပြုမပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" တင်သွင်းထားခြင်းနှင့် ပတ်သက်၍ အထက်တွင် တင်ပြလာသည့်အတိုင်း ကျေးလက်ဒေသနှင့် မြို့အစွန်အဖျားများ၌ လက်ရှိဒေသနေ ပြည်သူလူထု လိုအပ်ချက်အရ အဆိုရှင် ဦးစိုင်းထွန်းထွန်းလွင် မှ ပြန်လည် စဉ်းစားသုံးသပ်သင့်ပါကြောင်း ဖြည့်စွက်ဆွေးနွေးတင်ပြ အပ်ပါတယ် ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ ဤအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ် အပ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းထွန်းလွင် ၏ "ယခုခေတ်အခါတွင် တောရော၊ မြို့ပါထော်လာဂျီယာဥ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းနှင်လာသောကြောင့် ထော်လာဂျီယာဥ် အကြီး၊ အလတ်၊အသေးမောင်းနှင်ရာတွင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ် မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်ခွင့်ပြုရန် မီးခိုးထွက်များသော ယာဉ်များ ဆူညံသံအလွန်ကျယ်သောထော်လာဂျီယာဥ် အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်း ဥပဒေများ သတ်မှတ်ပေးရန်"ဆိုသည့် အဆိုနှင့်စပ်လျဉ်းပြီး၊ ကျွန်တော်တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်၏ အဆိုနှင့်ပတ်သက်၍ ဖြေကြားရာတွင် မီးခိုးထွက်များသော ယာဉ်များ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်း ဥပဒေများ သတ်မှတ်ပေးရန်ဆိုသော အဆိုနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ် စားလှယ်သုံးဦးက ပြန်လည်ဆွေးနွေးသွားပြီ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဆွေးနွေးခြင်း မပြုတော့ပါဘူး။

ဆက်လက်ပြီးတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး တော့ ဆက်လက်ပြီး ဖြေကြားရာတွင် ရှမ်းပြည်နယ်အတွင်း မေလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇွန်နဝါရီလ(၃၁)ရက်နေ့အထိ ထော်လာဂျီ ယာဉ်တိုက်မှုတိမ်းမှောက်မှု (၅၄)မှုရှိပြီး၊ သေဆုံးသူ ကျား(၂၂)၊ မ(၃)ဦး၊ စုစုပေါင်း(၂၄)ဦး၊ ဒဏ်ရာရရှိသူ ကျား(၇၇)၊ မ(၃၁)ဦး၊ စုစုပေါင်း(၁၀၈)ဦးရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇွန်နဝါရီလ(၁) ရက်နေ့ကနေ ၂၀၁၂ ခုနှစ်၊ ဇွန်နဝါရီလ(၃၁)ရက်နေ့အထိ စည်းကမ်းပျက် ထော်လာဂျီယာဥ်များအား မော်တော်ယာဉ် နည်းဥပဒေဖြင့် အရေးယူ(၁၀၀)မှု အရေးယူဆောင်ရွက် နိုင်ခဲ့ပြီး၊ မီးခိုးအလွန်အကျွံ ထွက်သော စက်သံဆူညံလွန်းသည့် ထော်လာဂျီယာဥ်များအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ပို့အပ်ကာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးလျက်

ယာဉ်နှင့် ဘရိတ်များ ကောင်းမွန်နေသည့် ပြင်ဆင်ပြီးမှသာ မောင်းနှင်သွားနိုင်ရန် ကြပ်မတ်ဆောင်ရွက် လျှက်ရှိပါသည်။ ယာဉ်မောင်းနှင်သည့် အသက်အပိုင်း အခြားအနေဖြင့် (၁၈)နှစ်ပြည့်မှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်မောင်းလိုင်စင်ထုတ်ပေးပြီး၊ ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်ပါက မော်တော်ယာဉ် နည်းဥပဒေပုဒ်မ-၁၅/၂၁ အရ အပြစ်ပေးအရေးယူပြီး၊ တရားရုံးမှာ ဒဏ်ငွေ(၅၀၀/-)ပေးဆောင်ရန် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

အဆိုပါ စည်းကမ်းပျက်ထော်လာဂျီများနှင့်ပတ်သက်၍ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်သော ထော်လာဂျီယာဉ်(၈၁)မှု၊ ယာဉ်လိုင်စင်မပါ အရေးယူမှု (၆)မှု၊ မဆင်မခြင်မောင်းနှင်မှု (၁၀)မှု၊ ယာဉ်တန်းဦးစားမပေးမှု(၂)မှုနှင့် ယာဉ်ထိန်းကြီးကြပ်မှု မလိုက်နာခြင်း(၁)မှုတို့ဟာ မော်တော်ယာဉ်နည်းဥပဒေတို့ဖြင့် တရားဆွဲတင်ပို့နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး စည်းကမ်းပျက် ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်ရေးနှင့် သတ်မှတ်ချက်နှင့် ကိုက်ညီခြင်းမရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူ ဆောင်ရွက်နိုင်ရေးတို့အတွက် ရှမ်းပြည်နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်း။ စည်းကမ်းပျက်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ဆပလိုင်းချက်များ ပြုလုပ်စစ်ဆေးခြင်း၊ယာဉ်တိုက်မှုများ လျော့ချနိုင်ရေးအတွက် ဘုတ်ဆိုင်းများ တပ်ဆင်ခြင်း၊ စလိုးတောင်းများ ပြုလုပ်ခြင်း၊ ဒစ်ဂျစ်တယ်မီးပွိုင့်များ တပ်ဆင်ခြင်း၊ မြို့ပေါ်တွင် ကားဖြင့် လှည့်လည်၍ မောက်စပီကာများဖြင့် ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများ အသိပေးကြေညာခြင်း၊ မီးပွိုင့်များတွင် ဟဲစပီကာများဖြင့် မောင်းနှင်ရသည့် ယာဉ်ကြောများကို အသိပေးကြေညာခြင်း၊ လူစည်ကားရာ နေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပေး ယာဉ်ဘုတ်ဆိုင်များ စိုက်ထူခြင်းတို့ ဆောင်ရွက်ပေးလျှက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး၊ ရှမ်းပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လမ်းညွှန်မှုဖြင့် စည်းကမ်းမဲ့သွားလာသော ထော်လာဂျီယာဉ်များအား အရေးယူ ဆောင်ရွက်ခြင်း၊ မြို့ပေါ်နှင့် ကျေးလက်မကျန် ပညာပေး ဟောပြောခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေတရားရေးဌာနများနှင့် ပူးပေါင်း ကြီးကြပ်ဆောင်ရွက်လျှက်ရှိနေပါသောကြောင့် ယင်းအဆိုကို အတည်ပြုရန် မသင့်ပါကြောင်းနှင့် အဆိုနှင့်ပတ်သက်၍ ပြန်လည်ရုပ်သိမ်း သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဒီဆိုနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးသွားသလို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်ကလည်းဘဲ ရှင်းလင်းပြောကြားပြီး၊ ဒီအဆိုကို ရုပ်သိမ်းဖို့အတွက် ဆွေးနွေးသွားပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးစိုင်းထွန်းထွန်းလွင် အနေနဲ့ ထပ်မံတင်ပြဖို့ရှိရင် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးစိုင်းထွန်းထွန်းလွင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်ပြခဲ့သည့် ထော်လာဂျီကိစ္စ အဆိုကို ရှမ်းပြည်နယ် လွှတ်တော်က မှတ်တမ်းတင်ထားပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ဒီအဆိုနှင့်ပတ်သက်လို့ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းက ဒီအဆိုကို ပြန်လည်ရုပ်သိမ်းပေးဖို့အတွက် ဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်လို့ ထပ်မံပြီးတော့မှ ဆွေးနွေးဖို့ရှိတယ်ဆိုရင် ဆွေးနွေးပေးပါ။ ဦးစိုင်းထွန်းထွန်းလွင် ကိုယ်တိုင် ဆွေးနွေးပေးပါ။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးစိုင်းထွန်းထွန်းလွင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်ပြခဲ့သည့် ထော်လာဂျီကိစ္စအဆိုကို ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယခုခေတ်အခါတွင် တောရော၊ မြို့ပါ ထော်လာဂျီ ယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်းလာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေး မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်း လိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်ပြုမပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန် " အဆိုနှင့်ပတ်သက်လို့ ဦးစိုင်းထွန်းထွန်းလွင် ကိုယ်တိုင် ဒီအဆိုကို ရုပ်သိမ်းရန် တင်ပြလာတဲ့အတွက် ဒီအဆိုကို ရုပ်သိမ်း ကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမဲဆန္ဒနယ်အမှတ်(၂)မှ ထော်လာဂျီနှင့် ဆိုင်သော ဒုတိယအဆိုအား လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသော အစည်းအဝေးအစီအစဉ်ပါ ဒုတိယအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါ့ကြောင့် စာရင်းပေးသွင်းထားတဲ့ ဒေါ်နန်းခမ်းအေးက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး(နမွတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက် လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယဖြစ်ပါစေ ရှင်။ ကျွန်မကတော့ နမွတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယစားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ် ရှင်။

ဦးစိုင်းထွန်းထွန်းလွင်၊တန့်ယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)၏ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်းမတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ် နေခြင်း၊ ယာဉ်မောင်းလိုင်စင် ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ် ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါစီးနှင်သူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်တစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန်အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ၊ အိတ်စောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်ခွင့်ပြုသည့် စည်းကမ်း ဥပဒေများ သတ်မှတ်ပေးရန်" ဆိုတဲ့ အဆိုကို ဖြည့်စွက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေပေမယ့် စည်းကမ်းဥပဒေအပြည့်ချမှတ်ထားပြီးတဲ့ နိုင်ငံဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနမှ မိမိနိုင်ငံနှင့်သင့်တော်သော ယာဉ်စည်းကမ်းဥပဒေများကို အပြည့်ချမှတ်ထားပြီးဖြစ်ပါသည်။ ၎င်းစည်းကမ်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှ ပညာပေးအစီအစဉ်များ ဟောပြောပို့ချခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးရန်သာ အထူးလိုအပ်နေပါသည်။ ကျောင်းဖွင့်စတွေ့မှာ ကျောင်းတွေ့မှာ တစ်နှစ်တစ်ကြိမ်ယာဉ်စည်းကမ်းနှင့်ပတ်သက်ပြီး ပညာပေးဟောပြောပွဲများလုပ်နေပါသော်လည်း မြို့တိုင်းတွင် မကြာခဏဆောင်ရွက် ပေးရန် လိုအပ်နေပါသည်။ ယာဉ်နှင့်ပတ်သက်သော မတော်တဆထိခိုက်မှုများတွင် ဆိုင်ကယ်ကြောင့်ဖြစ်သော မတော်တဆထိခိုက်မှုများသည်သာ အများဆုံးဖြစ်တာကို တွေ့ရှိရပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်ဟာ တောင်ပေါ်ဒေသဖြစ်တဲ့ အားလျော်စွာ ဆိုင်ကယ်ရှိခြင်းကြောင့်သာ ပြည်သူများအတွက် သွားလာရေးတွေ အဆင်ပြေစေခြင်းသာ ဖြစ်တဲ့အတွက်ကြောင့် ယာဉ်ထိန်းမှ လည်း လိုင်စင်မရှိဘဲ မောင်းနှင်ခြင်းကို သက်ညာစွာ ခွင့်ပေးထားတာကိုလည်း တွေ့ရှိရပါတယ်။ ပြည်သူများအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိလိုက်နာ ဆောင်ရွက်ရန် အထူးလိုအပ် နေတဲ့အတွက်ကြောင့် မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားကနေပြီးတော့ စဉ်ဆက်မပြတ်ထုတ်လုပ် ပေးဖို့ကာ ပိုပြီးတော့ ထိရောက်မှုရှိနိုင်မှာ ဖြစ်ပါတယ်။

မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ခြင်းနှင့် ပတ်သက်၍ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးရန်အတွက် ကျွန်မတင်ထားပါသည်။ ဒါပေမယ့် အဆိုမှာ ကျွန်မပါဝင်ပြီး ဆွေးနွေးပေးရတဲ့ အတွက်ကြောင့် အဲ့ဒီမေးခွန်းကို ကျွန်မပြန်ပြီး ရုပ်သိမ်းပေးပါ့မယ်။ အသက်အပိုင်း အခြား ကန့်သက်ချက်များဖြင့် ဆိုင်ကယ်များစီးနှင်ခွင့်နှင့် ပတ်သက်၍ ဖြည့်စွက် ဆွေးနွေးလိုပါတယ်။ ကျွန်မတို့နိုင်ငံတွင် ကျောင်း စနေသည့် အရွယ်မှာ(၅)နှစ်ဖြစ်ပြီး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် အချိန်တွင် အသက်(၁၆)နှစ်သာ ရှိပါသေးသည်။ ကျွန်မတို့နိုင်ငံတွင် အသက်(၁၈)နှစ်ပြည့်ပြီးမှသာ ယာဉ်မောင်းလိုင်စင်(က) (ဆိုင်ကယ် မောင်းနှင်ခွင့်) ထုတ်ပေးပါသည်။ တက္ကသိုလ်ပထမနှစ် စတက်ရမည့်အချိန်မှာ ယာဉ်မောင်းလိုင်စင်(က) (ဆိုင်ကယ်မောင်းနှင်ခွင့်) ကိုင်ဆောင်ရန် အသက် လုံးဝပြည့်မှီခြင်း မရှိသေးပါ။ သို့သော် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ သည် ဖယ်ရီစီးရန်အခက်အခဲရှိခြင်း၊ ကျောင်းမှ စီစဉ်ပေးသော လိုင်းကားများရှိရာ ဂိတ်စသို့ သွားရန်အခက်အခဲရှိခြင်းကြောင့် မလွဲမရှောင်သာ လိုင်စင်မရှိဘဲနှင့် ဆိုင်ကယ်မောင်းနှင်ကြရပါသည်။

လိုင်စင်မရှိခြင်းကြောင့် ယာဉ်ထိန်းရဲကို ရှောင်ရှားမောင်းနှင်နေရပါသဖြင့် မတော်တဆ ထိခိုက်မှုများ ပိုမိုများပြားလာပါသည်။ သို့ဖြစ်ပါ၍ (၁၈)နှစ်ပြည့်မှ ယာဉ်မောင်းနှင်ခွင့် လိုင်စင်ပေးမည့် အစား တက္ကသိုလ်တက်မည့်ကျောင်းသားများနှင့် ကိုက်ညီမည့်လိုင်စင်ကို သတ်မှတ်ပေးဖို့အတွက်

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေး ပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းလွန် ၏ မော်တော်ဆိုင်ကယ်များကိစ္စ၊ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ် အချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်ခွင့်ပြုရေး အတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ဥပမာ-ဆိုင်ကယ်စီးဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်စီးနှင်းလိုက်ပါသူများထက်ပိုမိုစီးနှင်းခြင်း၊နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်း ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန်၊ မြို့တွင်း(၁)နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ကိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်အပိုင်းခြားသတ်မှတ်ပေးရန် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်ဆိုသည့် အဆိုနှင့် စပ်လျဉ်းပြီး ကျွန်တော်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းရင် ၏ အဆိုနှင့်ပတ်သက်၍ ဖြေကြားရလျှင် ရွှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ(၃၁)ရက်နေ့အထိ မော်တော်ဆိုင်ကယ် တိုက်မှု၊ တိမ်မောက်မှုအပေါ် (၂၄၈)မှုရှိပြီး၊ သေဆုံးသူ ကျား(၅၂)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၇၀)ဦး၊ ဒဏ်ရာရသူ

ကျား(၃၀၃)ဦး၊ မ(၆၂)ဦး၊ စုစုပေါင်း(၃၆၅)ဦးရှိပါသည်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့အထိ စည်းကမ်းပျက် ဆိုင်ကယ်အရေးယူမှု(၃၁၄၀)မှု၊ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး၊ စည်းကမ်းမဲ့ဆိုင်ကယ်မှားနှင့်ပတ်သက်၍ ရှမ်းပြည်နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုကော်မတီ၊ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ (၁၉-၉-၂၀၁၁)ရက်နေ့မှစတင်၍ စည်းကမ်းတစ်ကျမောင်းနှင်ခြင်းမရှိသော ဆိုင်ကယ်များအား တရားရုံးဒဏ်ငွေ(၁၅၀၀/-)နှင့် အထူးဒဏ်ငွေ(၁၀၀၀၀/-) ဆိုင်ကယ်အား (၁၅)ရက်ထိန်းသိမ်းခြင်းဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ယာဉ်မောင်းနှင် သည့် အသက်အပိုင်းအခြားအနေဖြင့် (၁၈)နှစ်ပြည့်မှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးပြီး၊ ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်ပါက နည်းဥပဒေပုဒ်မ-၁၅/၂၁ အရ အပြစ်ပေးအရေးယူပြီး၊ တရားရုံးမှာ ဒဏ်ငွေ(၅၀၀/-)ပေးဆောင်ရန် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

ဒီအသက်အပိုင်းအခြားကလည်း နိုင်ငံတကာနှင့် ယှဉ်ပြိုးတော့မှ သတ်မှတ်ထားတဲ့ စည်းကမ်းဥပဒေဘဲ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့အထိ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်သော ဆိုင်ကယ်(၂၅၅)မှု၊ နောက်ကြည့်မှန်မပါသော ဆိုင်ကယ်(၃၉၄)မှု၊ မီးခိုးအလွန်ထွက်ပြီး စက်သံဆူညံစွာဖြင့် အိတ်ဇောအကုန်ဖွင့်၍ မောင်းနှင်သော ဆိုင်ကယ်(၃)မှုတို့ကို တရားဆွဲတင်ပို့နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်ရေးနှင့် သတ်မှတ်ချက်နှင့်ကိုက်ညီခြင်းမရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေးတို့အတွက် ရှမ်းပြည်နယ် ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်း။ စည်းကမ်းပျက်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဆပလိုင်းချက်များ ပြုလုပ်စစ်ဆေးခြင်း၊ ယာဉ်တိုက်မှုများ လျော့ချနိုင်ရေးအတွက် ဘုတ်ဆိုင်းများ တပ်ဆင်ခြင်း၊

စလိုးတောင်းများ ပြုလုပ်ခြင်း၊ ဒစ်ဂျစ်တယ်မီးပွိုင့်များ တပ်ဆင်ခြင်း၊ မြို့ပေါ်တွင်ကားဖြင့် လှည့်လည်၍ မောက်စပီကာများဖြင့် ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများ အသိပေးကြေညာခြင်း၊ မီးပွိုင့်များတွင် ဟဲစပီကာများဖြင့် မောင်းနှင်ရသည့် ယာဉ်ကြောများကို အသိပေးကြေညာခြင်း၊ လူစည်ကားရာနေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပေးဘောဘုတ်များစိုက်ထူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆိုင်ကယ်စီးနှင်းမှုများနှင့်ပတ်သက်၍ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီးမှ မောင်းတိုင်းကြိုးတပ်၍ စီးရန်၊ နှစ်ယောက်ထက်ပိုမစီးရန်၊ နောက်ကြည့်မှန်များတပ်ဆင်ထားရန်၊ ရောင်ပြန်စပီကာများ တပ်ရန်၊ ဆိုင်ကယ်များ ပြည့်စုံစွာတပ်ဆင်၍ စီးနှင်းရန်၊ ထီးဆောင်း၍ ဆိုင်ကယ်မစီးရန်၊ ဖုန်း ပြော၍ ဆိုင်ကယ်မစီးရန် ပညာပေးကြေညာခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအားလုပ်သားပြည်သူ၊ ကျောင်းသူ/သား၊ ကျေးလက်နေ ကျေးလက်ဒေသနေပြည်သူများအထိ သိရှိနိုင်စေရန် အတွက် ပူးပေါင်းအဖွဲ့များအားရှမ်းပြည်နယ်အတွင်း မြို့နယ်အလိုက် လစဉ်ပညာပေး ဟောပြောမှုများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့အထိ ပညာပေးဟောပြောမှုများအနေဖြင့် မြို့ပေါ်(၅၂)ကြိမ်၊ ကျေးလက် (၁၅)ကြိမ်၊ စုစုပေါင်း(၆၇)ကြိမ် ပညာပေးဟောပြောခဲ့ပြီး၊ တက်ရောက်သူဦးရေ(၃၅၁၆၅)ဦးအား ဟောပြောဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ (၁-၇-၂၀၀၅)ရက်နေ့မှစတင်ပြီး၊ မည်သူမဆို အောက်ပါမော်တော်ယာဉ် နည်းဥပဒေတစ်ခုခုအား ကျူးလွန်လျှင် တရားရုံးပြစ်ဒဏ်အဖြစ် အထူးဒဏ်ငွေ(၁၀၀၀၀/-)တိတိကိုပါ ပေးဆောင်စေရန် ဒေသန္တရချမှတ်ခဲ့ပါသည်။ အဲ့ဒါတွေကတော့ -

- ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း ပုဒ်မ-၁၇၃(ဂ)/၂၂၊ ဆိုင်ကယ်အားနှစ်ဦးထက် ပိုစီးခြင်း ပုဒ်မ-၁၇၃(ခ)/၂၂၊ စက်သံဆူညံစွာ မောင်းနှင်ခြင်း ပုဒ်မ-၁၇၃(ဆ)/၂၂၊ နံပါတ်ပြား မတပ်၊ မထင်ရှားခြင်း ပုဒ်မ-၁၃၇/၂၂၊ လမ်းညွှန်အမှတ်အသားမလိုက်နာခြင်း ပုဒ်မ-၁၃၄(က)/၂၂၊ မီးနီဖြတ်ခြင်း ပုဒ်မ-

ယာဉ်မောင်းနှင်သည့် မိုင်နှုန်းကန့်သတ်ချက်အနေဖြင့် မြို့တွင်း (၁)နာရီလျှင် (၃၀)မိုင်နှုန်း (၄၈)ကီလိုမီတာထက် ပိုမောင်းရန်အတွက် သတိပေးဆိုင်းဘုတ်များ ရှိမ်းပြည်နယ်အတွင်းရှိ မြို့ကြီးများတွင် စိုက်ထူထားခြင်း သည် ယာဉ်ထိန်းခြင်းနည်းစနစ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းနည်း ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်(၅)မျိုးဖြင့် ဆောင်ရွက်လျှက်ရှိပါတယ်။ အဲ့ဒါတွေ ကတော့ -

(က) အေဂျူကေးရှင်းဆစ္စတမ်-အသိပညာပေးရေးနည်းစနစ် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာ၊ စာသင်ကျောင်းများ အစရှိသည့် နေရာများတွင် ပညာပေးဟောပြောမှုများ ဆောင်ရွက်ခြင်း၊

(ခ) အင်ဂျင်နီးယားရင်းဆစ္စတမ်-အင်ဂျင်နီယာနည်းစနစ် မီးပွိုင့်များ၊ စလုံးတောင်းများ၊ ဆေးရေး အမှတ်အသားများ၊ ဘုတ်ဆိုင်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဂ) အင်ဖို့မန့်ဆစ္စတမ်-စစ်ဆေးအရေးယူဆောင်ရွက်ခြင်း နည်းစနစ် တရားရေးဥပဒေဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် တပ်ထိန်းတပ်ဖွဲ့များ ပူးပေါင်း၍ ဆာပလိုင်းချက်များ ပြုလုပ်ခြင်းနှင့် ဒဏ်ဆောင်စေခြင်း၊

(ဃ) အနေနဲ့ အင်မာဂျက်စီမက်နီကယ်ဆားဝစ်ဆစ္စတမ်-အရေးပေါ်ဆောင်ရွက်ခြင်းနည်းစနစ် ယာဉ်မတော်တမှုများ ဖြစ်ပေါ်ပါက လူနာအား ဆေးရုံသို့ အမြန်ဆုံးရောက်ရှိစေရေးအပြင် ရှေးဦးသူနာပြုစုနည်းများဖြင့် လည်းဆောင်ရွက်ခြင်း၊

(င) အင်ဝါရိုးမန့်ဆစ္စတမ်-ပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းခြင်းနည်းစနစ် ပတ်ဝန်းကျင်မှ ယာဉ်၊ ယာဉ်မှ ပတ်ဝန်းကျင်သို့ အန္တရာယ်အယှက်မဖြစ်စေရေးအတွက် ထိန်းသိမ်းခြင်းများအပြင် သဘာဝဘေးအန္တရာယ်ကျရောက်နေချိန်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းဆိုတဲ့ နည်းစနစ်တွေနဲ့ ဆောင်ရွက်လျှက်ရှိပါတယ်။

သို့ဖြစ်၍ ရှမ်းပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး၊ ရှမ်းပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပညာပေးဟောပြောခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေနှင့် တရားရေးဌာနများနှင့် ပူးပေါင်း ကြီးကြပ်ဆောင်ရွက်ပြီး၊ အပြည်ပြည်ဆိုင်ရာ နည်းစနစ်များ၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်လျက် ရှိနေပါသောကြောင့် ယင်းအဆိုကို အတည်ပြုရန် မသင့်ပါကြောင်းနှင့် အဆိုနှင့် ပတ်သက်၍ ပြန်လည်ရုပ်သိမ်း သင့်ပါကြောင်း တင်ပြဖြေကြားအပ်ပါသည်။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဒီအဆိုနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးနဲ့ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်(၁)ဦးက ဆွေးနွေးရှင်းလင်းပြောကြားသွားပြီး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဦးစိုင်းထွန်းထွန်းလွင် အနေနဲ့ ထပ်မံတင်ပြရန် ရှိပါက တင်ပြပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးစိုင်းထွန်းထွန်းလွင်၊ မဲဆန္ဒနယ် အမှတ်(၂)မှ တင်ပြခဲ့သည့် မော်တော်ဆိုင်ကယ်ကိစ္စနဲ့ပတ်သက်ပြီး၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေနှင့်အညီ သပ်သပ်မတ်မတ်ဆောင်ရွက်ပေးမည်ဆိုပါက ကျွန်တော်၏ အဆိုကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနဲ့ပတ်သက်၍ အဆိုရှင်ကလည်း ရုပ်သိမ်းပြီဖြစ်ကြောင်း သဘောတူတဲ့တွက် ဒါကို လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုပြန်လည်ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ -

"လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။"

[(၃)ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

ဥက္ကဋ္ဌ ။ လွတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို ရုပ်သိမ်းကြောင်း ကြေညာပါတယ်။ [သြဘာသံများ]

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသောအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန်က အစည်းအဝေးပါ အစီအစဉ်ပါ အဆိုကို ဆွေးနွေးဖို့အတွက် လွှတ်တော် ကိုယ်စားလှယ်များ စာရင်းပေးပို့ထားခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ ပတ်သက်လို့ သက်ဆိုင်ရာတာဝန်ရှိပြည်နယ်အဖွဲ့အစည်းက ဆွေးနွေးရှင်းလင်း ပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်ရဲ့ အဆိုနဲ့ပတ်သက်ပြီး၊ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်က "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အချို့မြို့နယ်များတွင် နေအိမ်အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်း ထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများ လွတ်လပ်၍ စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ် ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ် အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရ သစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆို တင်သွင်းသွားပါတယ်။

အဲ့ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ရှမ်းပြည်နယ်သည် အရေးကြီးစီမံကိန်းလုပ်ငန်းများ၊ အစိုးရဌာနများနှင့် ပြည်သူများသို့ သစ်ခွဲသားဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဌာနပိုင်နှင့် အဌားသစ်စက်များဖြင့် အောက်ပါအတိုင်း ဆောင်ရွက်လျှက်ရှိပါသည် -

စဉ်	သစ်စက်/သစ်ဆိုင်အမည်	မြို့နယ်	မှတ်ချက်
(က)	<u>ရှမ်းပြည်နယ်(တောင်းပိုင်း)</u>		
၁။	အမှတ်(၁၂၇)သစ်စက်	အေးသာယာ၊ သစ်ပင်ထောင်ရွာ	ဌာနပိုင်သစ်စက်
၂။	ဝင်းထက်အဌားသစ်စက်	အေးသာယာမြို့သစ်	အဌားသစ်စက်
၃။	ဟိုမိန်းအမှတ်(၁)အဌားသစ်စက်	အေးသာယာမြို့သစ်	အဌားသစ်စက်
၄။	ဟိုမိန်းအမှတ်(၂)အဌားသစ်စက်	အေးသာယာမြို့သစ်	အဌားသစ်စက်
၅။	သမဝါယမအဌားသစ်စက်	ရပ်စောက်မြို့	အဌားသစ်စက်
၆။	မူဝံအဌားသစ်စက်	ရပ်စောက်မြို့	အဌားသစ်စက်
၇။	ဦးမောင်မောင်အဌားသစ်စက်	ရပ်စောက်မြို့	အဌားသစ်စက်
၈။	ဦးသန်းဆွေ အဌားသစ်စက်	ရပ်စောက်မြို့	အဌားသစ်စက်
၉။	မိုးမခအဌားသစ်စက်	ရပ်စောက်မြို့	အဌားသစ်စက်
၁၀။	ဖိုးလဝင်းအဌားသစ်စက် (သစ်တောဖက်စပ်)	ရပ်စောက်မြို့	အဌားသစ်စက်
၁၁။	တောင်ကြီးသစ်ဆိုင်	တောင်ကြီးမြို့	ဌာနပိုင်သစ်ဆိုင်
၁၂။	အေးသာယာသစ်ဆိုင်	အေးသာယာမြို့	သစ်တောဖက်စပ်
(ခ)	<u>ရှမ်းပြည်နယ်(အရှေ့ပိုင်း)</u>		
၁။	ကျိုင်းတုံသစ်ဆိုင်	ကျိုင်းတုံမြို့	ဌာနပိုင်သစ်ဆိုင်
၂။	တင်မြင့်ရီအဌားသစ်စက်	တာချီလိတ်မြို့	အဌားသစ်စက်

စဉ်	သစ်စက်/သစ်ဆိုင်အမည်	မြို့နယ်	မှတ်ချက်
(၈)	ရှမ်းပြည်နယ်(မြောက်ပိုင်း)		
၁။	အမှတ်(၁၁၂)သစ်စက်	သီပေါမြို့	ဌာနပိုင်သစ်စက်
၂။	အမှတ်(၁၁၈)သစ်စက်	မိုးမိတ်မြို့	ဌာနပိုင်သစ်စက်
၃။	သံလွင်အငှားသစ်စက်	လားရှိုးမြို့	အငှားသစ်စက်
၄။	ဒေါ်စန်းရီအငှားသစ်စက်	လားရှိုးမြို့	အငှားသစ်စက်
၅။	မြသီတာအငှားသစ်စက်	မိုးမိတ်မြို့	အငှားသစ်စက်
၆။	လားရှိုးသစ်ဆိုင်	လားရှိုးမြို့	ဌာနပိုင်သစ်စက်
၇။	ကျောက်မဲသစ်ဆိုင်	ကျောက်မဲမြို့	ဌာနပိုင်သစ်စက်
၈။	မိုးမိတ်သစ်ဆိုင်	မိုးမိတ်မြို့	ဌာနပိုင်သစ်ဆိုင်

အထက်ဖော်ပြပါ သစ်စက်နှင့် သစ်ဆိုင်များတွင်သာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သစ်ခွဲသားရောင်းချပေးရန် တိုက်ရိုက်ခွင့်ပြုချက်များဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့သို့ တစ်ဆင့် ရောင်းချခွင့်ပြုထားသော သစ်တန်ပမာဏအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အရေးကြီးစီမံကိန်းများ၊ အစိုးရဌာနများနှင့် ပြည်သူများသို့ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်လုံးကုန်ကြမ်းထုတ်လုပ်ရရှိနိုင်မှုနှင့် နယ်မြေအခြေအနေအရ သစ်ခွဲသား ထုတ်လုပ်သယ်ယူမှု အခက်အခဲရှိသဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေးမှာ သစ်တောဥပဒေ ပုဒ်မ-၁၈(က)နှင့် ၁၈(ခ)တို့အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့သစ်လုပ်ငန်းမှသာ သစ်ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်အား ခွင့်ပြုဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းလျက် ပြည်နယ်အတွင်း အခြေအနေပေးသော မြို့နယ်များတွင် ဖွင့်လှစ်ခွင့်ပြုရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား လိုပါတယ်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပြည်နယ်အတွင်း သစ်ခွဲသားများ ဖြည့်ဆည်းပေးသွားရန် အရေးပေါ်အခြေအနေ (ဥပမာအားဖြင့်-တာလေဝလျှင်) ပေါ်ပေါက်လာပါကလည်း အထူးကိစ္စရပ်အနေဖြင့် သက်ဆိုင်သော နယ်မြေ/ဒေသ/မြို့နယ်များတွင် သစ်ခွဲသားအရောင်းဆိုင်နှင့် သစ်စက်များ ယာယီအစီအစဉ်ဖြင့် ဖွင့်လှစ်၍ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒါ့အပြင် အခြေခံဥပဒေဇယား(၂)အရ ကျွန်းနှင့် သစ်မာများ၏ ထုတ်လုပ်ရောင်းချပိုင်ခွင့်သည် ပြည်ထောင်စုဝန်ကြီး၏ လုပ်ပိုင်ခွင့်အတွင်း သက်ရောက်နေပါသည်။ သို့သော် သစ်မာနှင့် အခြားသစ်ခွဲသားများကို တရားဝင်သစ်ထုတ်လုပ်ခွင့်ရရှိသူများထံမှ ဝယ်ယူပြီး၊ ပြည်နယ်အတွင်း သယ်ဆောင်ခွင့်ကို ခွင့်ပြုပေးနိုင်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ထို့ကြောင်း ဒေါ်အေးချိုစိန် ၏ အဆိုကို မှတ်တမ်းတင်ထားသင့်ကြောင်း ရှင်းလင်း တင်ပြလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဒီအဆိုနှင့်ပတ်သက်လို့ အဆိုရှင် ဒေါ်အေးချိုစိန် မှ ထပ်မံဆွေးနွေးဖို့ရှိရင် ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်(ဖယ်ခုံမဲဆန္ဒနယ်အမှတ်-၁)။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အခုလို ကျွန်မရဲ့ အဆိုကို သစ်တောနှင့် သတ္တုဝန်ကြီးက ပြည့်ပြည့်စုံစုံ ရှင်းလင်းပေးသွားတဲ့ အတွက်ကြောင့်မို့ ကျေးဇူးအင်မတန်တင်ရှိပါကြောင်း ပဏာမအနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်မရဲ့ အဆိုပေါ်မှာ ကျွန်မထပ်မံပြီးတော့ အချက်(၃)ချက်အနေနဲ့ ထပ်မံဆွေးနွေးလိုပါတယ်။ ဆွေးနွေးခွင့်ပြုနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ် ရှင်။

ပထမအနေနဲ့ ကျွန်မတို့ရဲ့ ပြည်နယ်အစိုးရဝန်ကြီးက ရှင်းလင်းပြသွားတဲ့ နေရာမှာ သစ်ထုတ်ရာ ဒေသဖြစ်တဲ့ အဓိကသစ်ခွဲစက်များရှိရာ အေးသာယာ၊ ရပ်စောက်စသည့်နယ်မြေများမှာ သစ်များကို ခွဲပြီးတော့ သက်ဆိုင်ရာ နေရာများကို နိုင်ငံတော်ရဲ့ အခွန်ကိုဆောင်ပြီးတော့ ပေးပို့ရတယ်ဆိုတာ ကျွန်မတို့ သိရှိရပါတယ်။

သို့သော်လည်းဘဲ အချို့သော စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနကဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီးတော့ အပြင်မှာ အရပ်စကားကြားသလိုပဲ "ပါမစ်တစ်စောင် သစ်တောလုံးပြောင်"ဆိုသလို "ပါမစ်သစ်တန်(၅၀) (၅)နှစ်ခုတ်မယ်"ဆိုတဲ့ အသံတွေကို ကျွန်မတို့ လက်တွေ့ကြားသိနေရပါတယ်။ အဲ့ဒါမျိုးတွေကို ကျွန်မတို့ ပြည်နယ်အစိုးရအနေနဲ့ ကြပ်ကြပ်မတ်မတ်စိစစ်နိုင်မယ်ဆိုရင် ကျွန်မတို့ပြည်ထောင်စု ဘဏ္ဍာဟာလည်း ဒီထက်ပိုပြီးတော့ ဝင်ငွေတိုးပွားလာမှာ ဖြစ်သလို ကျွန်မတို့ ပြည်နယ်အတွက်လည်း စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်မတို့ရဲ့ ဒီသစ်ပေါ်မှာ သုံးစွဲနေတဲ့ပြည်သူလူထုရဲ့ အခြေအနေ ဖြစ်ပါတယ်။ လက်ရှိ ရပ်စောက်မှာ ရှိနေတဲ့ ကျွန်မတို့ သစ်ခွဲသားကို တရားဝင်သစ်ခွဲစက်ကနေ ဝယ်ယူနေပေမယ့်လည်း ကျွန်မတို့ တခြားနေရာကို သယ်ယူတဲ့အခါမှာ ဘာလို့စျေးကြီးရသလဲ ဆိုရင် သစ်တောဌာနကို ပေးဆောင်နေရတဲ့ ကြေးတွေရှိပါတယ်။ လမ်းကြေး၊ တံတားကြေးတွေရှိပါတယ်။ အဲ့ဒါကြောင့်မို့ သစ်စျေးကြီးရတာပါဆိုတဲ့ အကြောင်းပြချက်မျိုးတွေ ရှိလာပါတယ်။ အဲ့ဒါတွေဟာ အဲ့ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ကျွန်မတို့ရဲ့ ဌာနက ဝန်ထမ်းတွေ ကလည်း မစွန့်မပွတ်လေးရတာပါ။ လက်ပေးလက်ယူ စီးပွားဖြစ်တဲ့အဆင့်အထိကို ကျွန်မတို့ ရရှိတာ မဟုတ်ဘဲနဲ့ ဝန်ထမ်းရဲ့ သိက္ခာကို အလကားနေ ကျဆင်းစေပြီးတော့ တကယ်တန်းကြားထဲကနေ စီးပွားရေးလုပ်ငန်းရှင်များက ကြီးပွားချမ်းသာ သွားကြတာပဲ ဖြစ်ပါတယ်။

အဲ့ဒီစီးပွားရေးလုပ်ငန်းရှင်များဟာ တကယ်ဆောင်ရမယ့် နိုင်ငံတော်ရဲ့ အခွန်ကို မဆောင်ဘဲနဲ့ တရားဝင်ဝယ်ယူထားတဲ့ သစ်ခွဲစက်ကနေ သယ်ယူလာတာတောင်မှ ကျွန်မတို့ လမ်းထဲမှာ သယ်ယူတဲ့အခါမှာ ဘာကြောင့်မို့ အခက်အခဲတွေ ကြုံတွေ့နေရသလဲဆိုတဲ့ အချက်ကိုလည်း ပြည်နယ်အစိုးရကနေ စိစစ်ပြီးတော့ စဉ်းစားပေးစေလိုကြောင်း တိုက်တွန်းအကြံပြုအပ်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကျွန်မတို့လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သစ်တောဝန်ထမ်း များကလည်း ကြီးကြပ်ဆောင်ရွက်တဲ့အခါမှာ ဒီလုပ်ငန်းရှင်တွေဟာ ဟိုလူတွေနဲ့ပဲ ပိုင်သလိုလို၊ ဒီလူနဲ့ပဲ ပိုသလိုလိုဆိုတဲ့ ပုံစံလုပ်ပြီးတော့ သစ်တောဝန်ထမ်းကို ကား(၁)စီး တန်(၂၀)လောက် တင်လာပြီးတော့ ဝန်ထမ်းကိုမှ တစ်သောင်း၊ နှစ်သောင်းလေးပေးတဲ့ ဒီပုံစံမျိုးလုပ်နေတဲ့ အနေအထားမှာလည်း

ကျွန်မတို့ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို သစ်တောဝန်ထမ်းတွေကဘဲဖြစ်ဖြစ်၊ အခြားသော တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကိုဘဲဖြစ်ဖြစ် ပိုက်ဆံပေးရင်ရတယ်ဆိုတဲ့ အခြေအနေမျိုးကို ကျွန်မတို့ ဒီလိုအခြေအနေမျိုးတွေကို ခွာထုတ်ပစ်ဖို့ ကျွန်မတို့ လိုအပ်နေပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ဒီပြဿနာဟာ ဘယ်သူ့ကို အပြစ်တင်ရမလဲဆိုရင် ဝတ်လုံးစကျွတ်ဖြစ်နေပြီလို့ ကျွန်မမြင်ပါတယ်။ အဲ့ဒါကြောင့်မို့ အဲ့ဒီလိုဖြစ်နေတဲ့အနေအထားမှာ ကျွန်မတို့ဟာ ဒီစကျွတ်ကို ကျွန်မတို့ ခွာချဖို့ လိုအပ်ပြီလို့ ကျွန်မအကြံပြု တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားမှာ ပြည်ထောင်စုအစိုးရကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတယ်ဆိုပေမယ့် နောင်တစ်ချိန်မှာ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲပိုင်ခွင့်များ ကြုံလာခဲ့လျှင် ဒီလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ကျွန်မရဲ့ အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှာ မှတ်တမ်းတင်ပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ် ရှင်။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒေါ်အေးခိုမြစိန်၊ ဖယ်ခုံ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အခြို့ မြို့နယ်များတွင် နေအိမ်အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ဒေသထွက်သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူနေရသည်ကို တွေ့ရှိရပါသည်။ သစ်မာ၊အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ်သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။ သို့ပါ၍ ဒေသတွင်း ပြည်သူများလွှတ်လပ်၍ စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး၊ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ခွင့်ပြုရေး" အဆိုကို တင်သွင်းသွားပါတယ်။ ဒီအဆိုနှင့်ပတ်သက်လို့ ဒီအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

ဥက္ကဋ္ဌ ။ အဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်မှ -
" သဘောတူပါသလား ခင်ဗျား။ "
[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

လွှတ်တော်မှ သဘောတူတဲ့အတွက် ဤအဆိုကို မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။ [ခြဲဘာသံများ]

ဦးစိုင်းနု၊ ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်(၂)မှ အဆိုများ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ကွန်ဟိန်း မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု က "ကွန်ဟိန်းမှ မိုင်တိုင် အမှတ်(၁၅)မိုင်ရှိ (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ် (၂၅)မိုင်ရှိ (၇၂)ပေရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင်တံတား၊ မိုင်တိုင်အမှတ် (၃၀)မိုင်ရှိ(၁၀၀)ပေရှည်သော ခိုလေ/ငါးတိုင်တံတား ကြီးများသည် အသုံးပြု၍ မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာ နေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲ များစွာ ကြုံတွေ့ရလျက်ရှိသော ကြောင့် အဆိုပါ တံတားကြီး (၃)စင်းအား စိစစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အဆို"ကို တင်သွင်းလာပါတယ်။ ဒါကြောင့် ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းနု က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ကျွန်တော်ကတော့ ကွန်ဟိန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ "လမ်းပန်း ဆက်သွယ်ရေးကိစ္စ" နဲ့ ပတ်သက်ပြီး အဆိုပြုတင်ပြ သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်(အလယ်ပိုင်း) လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်ဟာ ယခင်က တရားဥပဒေစိုးမိုးနိုင်မှု နဲပါးခဲ့သော ဒေသတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ် အတွင်းမှာပါဝင်တဲ့ ကွန်ဟိန်း-ဝမ်လော-ဆိုင်းခေါင်-ကျိုင်းခမ်းလမ်းဟာ ယခင်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သော ကျောက်ချောလမ်းများ ဖြစ်ပါတယ်။ သို့သော် နယ်မြေဒေသလုံခြုံမှုကြောင့် အချိန်မှီပြုပြင်ထိန်းသိမ်းနိုင်မှု မပြုနိုင်ခဲ့သဖြင့် ယင်းလမ်းကြောင်းပေါ်ရှိ လမ်း/တံတားများ ပျက်စီးခဲ့ပါတယ်။

ဌင်းလမ်းကြောင်းပေါ်တွင် တံတားကြီး၊ ငယ်များ များစွာတည်ရှိပြီး၊ ယခုအခါ အများစုမှာ ပျက်စီးနေကြပြီ ဖြစ်ပါတယ်။ ဌင်းဒေသမှာ နေထိုင်ကြတဲ့လုပ်သားပြည်သူများအနေဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင်လည်းကောင်း၊ မိမိတို့ဒေသထွက် ထုတ်ကုန်များ ဈေးကွက်ရှိရာသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ခက်ခဲစွာ သွားလာနေကြရပါတယ်။ အထူးသဖြင့် မိုးတွင်းကာလများတွင် ပိုမိုဒုက္ခရောက် ကြရပါတယ်။

ဌင်းလမ်းကြောင်းပေါ်ရှိ မြေသားလမ်းများ၊ တံတားငယ်များအချို့ကို ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့သော်လည်း တံတားကြီးများကို ပြုပြင်ရန် များစွာအခက်အခဲရှိပါတယ်။ ဌင်း တံတားကြီးများအနက် -

(က) ကွန်ဟိန်းမြို့မှ (၁၅)မိုင်ခန့်ကွာဝေးတဲ့ (၃၅)ပေရှည် ကွတ်ပုံ-ဝမ်လောတံတား

(ခ) ကွန်ဟိန်းမြို့မှ (၂၅)မိုင်ခန့်ကွာဝေးတဲ့ (၇၂)ပေရှည် ဆိုင်းမွန်း-ဆိုက်ခေါင်တံတား

(ဂ) ကွန်ဟိန်းမြို့မှ (၃၀)မိုင်ခန့်ကွာဝေးတဲ့ (၁၀၀)ပေရှည် ခိုလေ-ငါးတိုင်တံတားကြီးများဟာ ပျက်စီးနေကြပြီး၊ ဖြတ်သန်းသွားလာတဲ့ ခရီးသွားပြည်သူများ အန္တရာယ်ဖြစ်စေနိုင်ပြီး၊ ဒေသအနေဖြင့် ပြန်လည်ပြုပြင်ရန် အခက်အခဲရှိတဲ့ တံတားများ ဖြစ်ပါတယ်။

ယခုအခါ ကျွန်တော်တို့ဒေသမှာ ငြိမ်းချမ်းမှုရှိလာသည်ဖြစ်တဲ့အတွက် ဖော်ပြပါ တံတားကြီး (၃)စင်းအား သင့်သလို ပြန်လည်ပြုပြင်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးစိုင်းဘဦး(လွိုင်လင်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦး ဘဲ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းနု တင်သွင်းသော အဆိုကို ထောက်ခံပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနု တင်သွင်းသော အဆိုကို ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက

“ သဘောတူပါသလား ခင်ဗျား။ ”

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်]

ဥက္ကဋ္ဌ ။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

× × × ×

ဥက္ကဋ္ဌ။ ပြည်ယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု က ဒုတိယအဆိုဖြစ်တဲ့ "ပြည်နယ်အတွင်း ခါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ လိုအပ်သလို စိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက် သင့်ပါကြောင်း"အဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနု က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခဲ့. လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ကျွန်တော်ကတော့ ကွန်ဟိန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ "သတ္တုရှာဖွေဖော်ထုတ်မှုခွင့်ပြုရေး" နဲ့ပတ်သက်ပြီး အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟာ မိမိဒေသအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး၊ ကော်မတီများဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အောင်မြင်ထိရောက်မှု ရှိစေရေးအတွက် ပြည်နယ်အစိုးရမှာ ဘဏ္ဍာငွေတောင့်တင်းခိုင်မာဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ မြေပေါ်မြေအောက် သံယံဇာတပေါကြွယ်ဝတဲ့ ဒေသတစ်ခု ဖြစ်တဲ့အားလျော်စွာ ပြည်နယ်အတွင်းရှိ သံယံဇာတများကို ဥပဒေနှင့်အညီ ထုတ်လုပ်ခွင့်များ ချမှတ်ပေးပြီး၊ ပြည်နယ်ဘဏ္ဍာရံပုံငွေသို့ သတ်မှတ်တန်ဘိုးသင့် အခွန်အခကြေးများ ထည့်ဝင်စေချင်းဖြင့် ရံပုံငွေများ ပိုမိုရရှိစေနိုင်မှာ ဖြစ်ပါတယ်။

မိမိတို့ရှမ်းပြည်နယ်ဒေသအတွင်းရှိ သတ္တုများကို စမ်းသပ်ရှာဖွေဖော်ထုတ်ခွင့်များ လျှောက်ထား လာကြကြောင်း သိရှိရပါတယ်။ ဒီလိုလျှောက်ထားလာရာမှာ အခြို့သော လုပ်ငန်းများဟာ ရာသီဥတုအရ ကာလကန့်သတ်ချက်များရှိနေတတ်သည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရွှေ၊ ခနောက်စိမ်းစသော သတ္တုများ စမ်းသပ်ရှာဖွေဖော်ထုတ်ခွင့်လျှောက်ထားသော တစ်ပိုင်တစ်နိုင် အငယ်စားထုတ်လုပ်ခွင့်များအား အချိန်နှင့်တပြေးညီစစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ပေးသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးစိုင်းကမ်(မိုင်းရှူးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကမ် ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုတင်သွင်းချက် အဆိုများကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဦးစိုင်းနု တင်သွင်းသော အဆိုကို ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရမှ လိုအပ်သလို စိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက -

" သဘောတူပါသလား ခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်]

ဥက္ကဋ္ဌ ။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

× ×

အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါတယ်။ [သြဘာသံများ]

ဥက္ကဋ္ဌ။ ဦးစိုင်းနု တင်သွင်းသော အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးပို့ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ (၂၉)ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပြည်ယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနု က တတိယအဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ "ယာဉ်အမျိုးအစားအလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားသော်လည်း သတ်မှတ်ခွင့်ပြု တန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး၊ ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းတို့ ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေခြင်း၊ ကုန်ကျစရိတ်ပိုသဖြင့် ကုန်စျေးနှုန်း တည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ တန်ပိုမှုကြောင့် လမ်း၊တံတားကြဲ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော် ယာဉ်ကြီးများအား မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရေး အတွက် ခြောက်ဘီးယာဉ်များအား (၂၅)တန်အထိလည်းကောင်း၊ ဆယ်ဘီး ယာဉ်များအား(၃၀)တန်အထိလည်းကောင်း သိကျစွာ သတ်မှတ်၍ တင်ဆောင်စေပြီး၊ စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုသွားမည် ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်နိုင်ပါရန်" အဆိုကို ပေးပို့လာပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနုက တတိယအဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ကျွန်တော်ကတော့ ကွန်ဟိန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေးမှာ "ကုန်စည်အားသယ်ယူပို့ဆောင်မှုကိစ္စ" နဲ့ ပတ်သက်ပြီး အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟာ ပြည်သူများခရီးသွားလာမှု လုံခြုံချောမွေ့စေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် မိမိနိုင်ငံအတွင်း အခြေခံကာဒေသအတွင်း နိုင်ငံများနဲ့ ဆက်စပ်ညှိနှိုင်းပြီး ကုန်စည်များ စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိနေတာ တွေ့ရှိရပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ လမ်း၊ တံတားများ၏ ကြံခိုင်မှုနှင့် ခိုင်ဆပြီး၊ ယာဉ်အမျိုးအစားအလိုက် တင်ဆောင်ရတဲ့ အလေးချိန်(တန်)များ သတ်မှတ်ပေးကာ လုပ်ငန်းများ လည်ပတ်စေလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်လာသော ယာဉ်များအား တန်ဖိုးကြေး ပေးဆောင်စေကာလမ်း၊ တံတားလုပ်ငန်းမှ ဘဏ္ဍာငွေများ ရရှိစေလျက်ရှိ နေကြောင်းလည်း သိရှိရပါတယ်။

သို့ရာတွင် အချို့သော မော်တော်ယာဉ်များအနေဖြင့် သတ်မှတ်တန်ချိန်များထက် ပိုမိုတင်ဆောင်လာကာ ဖြတ်သန်းရာဂိတ်များ၊ လမ်းတံတားခကောက်ခံရေးစခန်းများတွင် ညှိနှိုင်းကာ တင်ဆောင်သွားလာလျက် ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ယင်းကဲ့သို့ တန်ဖိုးများတင်ဆောင်ပါက တန်ဖိုးကျေးအသင့်အတင့် ပေးပြီး ညှိနှိုင်းဆောင်ရွက်ကြခြင်း အားဖြင့် -

- မလိုလားအပ်သော ငွေကြေးဆိုင်ရာပြဿနာများ ပေါ်ပေါက်လာနိုင်ခြင်း
- လမ်း၊ တံတားများ၏ ရေရှည်ကြံ့ခိုင်မှုအား ထိခိုက်စေခြင်း
- ကုန်စျေးနှုန်းများ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်းများ ဖြစ်ပေါ်စေနိုင်ပါတယ်။

သို့ဖြစ်ပါ၍ အပိုတင်တန်ဖိုးများအား တန်ဖိုးကျေးပေးဆောင်စေမှုအစား မိမိဒေသနှင့်လိုက်လျော ညီထွေမှုဖြစ်စေတဲ့ သဟာဇာတဖြစ်စေတဲ့၊ ဥပမာအားဖြင့် -

(က) ခြောက်ဘီးယာဉ်အား (၂၅)တန်အထိလည်းကောင်း

(ခ) ဆယ်ဘီးယာဉ်အား (၃၀)တန်အထိလည်းကောင်း တိကျစွာ သတ်မှတ်ပေးပြီး သတ်မှတ် စည်းကမ်း လိုက်နာရန် ပျက်ကွက်သည့် ယာဉ်များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် ဖော်ပြပါမလိုလား အပ်သော ပြဿနာများမှ ရှောင်လွှဲနိုင်မည်ဖြစ်တဲ့အပြင် အားလုံးအဆင်ပြေနိုင်မှာဖြစ်တဲ့ အတွက် သင့်သလိုဆောင်ရွက် နိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးစိုင်းအောင်ခမ်း(မိုင်းပန်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု တင်သွင်းချက် အဆိုများကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါ ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနု တင်သွင်းသော တတိယအဆိုကို ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

" သဘောတူပါသလား ခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်]

ဥက္ကဋ္ဌ ။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

× ×

အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ တတိယအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရှမ်းပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီလ(၂၉)ရက်နေ့၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပါကြောင်း ကြေငြာအပ်ပါတယ်။ [ဩဘာသံများ]

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွှတ် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ညနေ (၁၆း၀၀)နာရီအချိန်တွင် ရပ်နားပါသည် ။]

ရှမ်းပြည်နယ်
ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး တတိယနေ့မှတ်တမ်း
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်
၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၉)ရက်
(ပုဒ္ဓဟူးနေ့)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ပုံမှန်အစည်းအဝေးတတိယနေ့ အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကို စတင်ပါတော့မယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး တတိယနေ့
အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးအဖွဲ့ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၁၄၃)ဦးရှိပြီး၊

ယနေ့အစည်းအဝေးကို (၁၃၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၃ • ၇)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က)နဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်း အဝေး အထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၅)နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားဖို့ လိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ်(၁)ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးအာဇာဟန်(ဖယ်ခုံမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာဇာဟန် ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးခိုစိန် သည် သား/သမီးများ ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၉-၂-၂၀၁၂)ရက်နေ့မှ (၁-၃-၂၀၁၂)ရက်နေ့အထိ(၂)ရက် ကင်းလွတ်ခွင့် ပြုပါရန် ဒေါ်အေးခိုစိန် (ကိုယ်စား)လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန်-

" သဘောတူပါသလား ခင်ဗျား။ "

[(၃) ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၁၄၃)ဦး၊ ယခင်ကခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ ပြည်နယ်လွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၉)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်မရှိပါ။

ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ကိုရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို -

" အတည်ပြုပါသလား ခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းကြေငြာပါတယ်။[သြဘာသံများ]

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးယာကုပ်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးယာကုပ်(မိုင်းခတ်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ပမာဏဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊မိုင်းခတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် ဖြစ်ပါတယ်။ယနေ့ ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့အတွက် အကျိုးရှိမည့် မေးခွန်းများ မေးမြန်းတင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြအပ်ပါတယ်။

မေးခွန်း(၁) (၁၆-၈-၂၀၁၁)ရက်နေ့က ကျွန်တော်၏တင်ပြချက်အရ ရှမ်းပြည်နယ်အစိုးရမှ (၁၅-၉-၂၀၁၁)ရက်စွဲပါစာအမှတ်၊၂၅၄/၁-၁၃၃/အစရ(ရှမ်း)ဖြင့် တွဲဘက်ပြည်နယ်ဆည်မြောင်းဦးစီးဌာန (ကျိုင်းတုံ)သို့ နောင်လျန့်ဆည် တည်ဆောက်ပေးပါရန်နှင့် ဖိုက်တင်းဆည်ပြုပြင်ပေးရန်အတွက် လိုအပ်သည့် စီစစ်ချက်၊ စစ်ဆေးမှုပြုလုပ်၍ ပြန်လည်တင်ပြရန် ညွှန်ကြားစာကို တွေ့ရှိရပါတယ်။ နောင်လျန့်ဆည်နှင့် ဖိုက်တင်းဆည် ကောင်းမွန်နေပါက ရွာ(၅)ရွာမှ လယ်မြေကေ(၄၇၀)ခန့် နွေစပါး၊ မိုးစပါး ကောင်းမွန်စွာ စိုက်ပျိုးနိုင်မည် ဖြစ်ပါသည်။

သို့သော်လည်း ယနေ့အချိန်ထိ ပွင့်လင်းရာသီဖြစ်သော်လည်းအဆိုပါ နောင်လျှန်ဆည် တည်ဆောက် ပေးရန်နှင့် ဖိုက်တင်းဆည်ပြုပြင်ပေးရန်အတွက် လုပ်ငန်းတိုင်းတာ စိစစ်သည်ကို မတွေ့ရှိရသဖြင့် မည်သည့်အချိန်တွင် တည်ဆောက် ပြုပြင်ပေးနိုင်မည်ကို သိရှိလိုပါသည်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် မေးမြန်းထားသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ဦးယာကုပ်က " နောင်လျှန်ဆည်နှင့် ဖိုက်တင်းဆည်ကောင်းမွန်နေပါကရွာပေါင်း(၅)ရွာမှ လယ်မြေ(၃၇၀)ခန့် နွေစပါး၊ မိုးစပါးကောင်းမွန်စွာ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း ယနေ့အချိန်တွင် ပွင့်လင်းရာသီဖြစ်သော်လည်း အဆိုပါနောင်လျှန်ဆည်တည်ဆောက်ပေးရန်နှင့် ဖိုက်တင်းဆည်ပြုပြင်ပေးရန်အတွက် စိစစ်သည်ကိုမတွေ့ရှိရသဖြင့် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း " မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင် ဆည်မြောင်းဦးစီးဌာန၊ ကျိုင်းတုံမြို့အဖွဲ့မှ ကွင်းဆင်းစစ်ဆေး စီစစ်ပြီးဖြစ်ပါတယ်။ နောင်လျှန်ဆည်သည် မိုင်းခတ်မြို့၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဟလိုင်းကျေးရွာအရှေ့ဘက် ပေ(၁၅၀)အကွာ၊ နမ့်ခတ်ချောင်းပေါ်တွင် ပြုလုပ်ထားသော် သစ်ရိုက်ဆည်တစ်ခုဖြစ်ပါသည်။ ၎င်းဆည်၏ အပေါ်ဘက်ပေ(၂၅၀)ခန့်အကွာ ချောင်းအကျယ်(၅၅)ပေနေရာတွင် ရေတံခါး၊ **Stop Log** ရေလွှဲဆည်တစ်ခု တည်ဆောက်ရန် သင့်တော်မည့်နေရာရှာထားပြီးဖြစ်ပါသည်။

၄င်းနေရာသည် ဒေသခံများ လုပ်ထားသည့် သစ်ရိုက်ရေထုတ်မြောင်းသို့ (၄)ပေအကျယ်၊ (၄)ပေအနက်မြေသား ရေနက်မြောင်းအထိ တူးဖော်ဆက်သွယ်ပေးပါက လယ်ဧက(၁၂၀)ခန့်ကို မိုးစပါး၊ နွေစပါးစိုက်ပျိုးရေရရှိနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဖိုက်တင်းဆည်သည် အထက်တင်ပြပါ နောင်လိုက်ဆည် အောက်ဘက်ပေ(၅၀၀၀)အကွာ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလိုင်းကျေးရွာ၏ တောင်ဘက် ၂၀၀၂ ခုနှစ် ဒေသဖွံ့ဖြိုးရေးဆည်အဖြစ် တရုတ်ပညာရှင်ဖြင့် တည်ဆောက်ခဲ့ပြီး အလျား(၅၇)ပေ၊ အနံ(၉)ပေ(၆)လက်မ၊ အမြင့်(၇)ပေ (၃)လက်မ အကျယ်ရေထုတ်ပေါက် (၂)ခုဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရေလွှဲဆည်၏အောက်ဘက် (၁၀)ပေ၌ လျှောစောက်ဖြင့် လည်းကောင်း၊ နောက်ထပ်(၁၀)ပေအား ကွန်ကရစ်ကြမ်းခင်းဖြင့်လည်းကောင်း ထည့်သွင်းတည်ဆောက်ပါက ယနေ့ ရေလွှဲဆည်၏ ခိုင်ခန့်မှုပိုကောင်းမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလ၏ ရေစီးနှုန်းများသဖြင့် ရေထုတ်ပေါက်အား (၄)ပေအကျယ်၊ ရေတံခါးပေါက်(၂)ခုကို အသစ်ထပ်မံတည်ဆောက်သွား သင့်ကြောင်း၊ ယခုအခါလက်ဝဲ ဘက်ကမ်းရှိ(၅)ပေအကျယ် ရေထုတ်မြောင်းအား မိုင်းခတ်မြို့နယ် အုပ်ချုပ်ရေးမှူး အစီအစဉ်ဖြင့် ရေသောက်တောင်သူများက မြေထိန်းကျောက်စီနိုင်ရန် နံရံ(၁၀၀)ပေခန့်ဆောင်ရွက်နေကြောင်း ကွင်းဆင်းစိစစ်တွေ့ရှိရပါသည်။ အထက်ဖေါ်ပြပါဆည်များကို နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့် အပိုင်းအားဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာတွက်ချက်စေပြီး ကုန်ကျမည့် ငွေစာရင်းနှင့်အတူ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြပေးသွားမည်ဖြစ်ပါသည်။ ခွင့်ပြုငွေရရှိပါက အမြန်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးယာကုပ်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးယာကုပ်(မိုင်းခတ်မဲဆန္ဒနယ်အမှတ်-၂)။ အားလုံးမင်္ဂလာပါ။ ဆက်လက်၍ တင်ပြရမည့် မေးခွန်းနှင့် မိုင်းခတ်မြို့နယ်အမှတ်(၂) လွှတ်စစ်ဝန်ကြီးဌာနမှ ချက်ကိုစလိုဗက်ကီးယား နိုင်ငံ၏ ၁၉၆၀ခုနှစ်ထုတ် (၁၅၀)ကေဇီအေ စကိုဒါမီးစက် တစ်လုံးဖြင့် (၃)နာရီ မီးအလင်းပေးလျက်ရှိပါသည်။ သို့သော်လည်း ၄င်းမီးစက် သည် နှစ်ပေါင်း(၅၂)ခန့်က ထုတ်လုပ်သော စက်ဖြစ်သည့်အပြင် အပိုပစ္စည်း လည်း ရှားပါးခက်ခဲပါသည်။ ယခုအခါတွင် မီးစက်ကြီး စက်ချို့ယွင်း၍ ရပ်ထားသည်မှာ (၁၆-၁-၂၀၁၂)ရက်နေ့မှ (၂၀-၂-၂၀၁၂)ရက်နေ့ထိ ဖြစ်ပါသည်။ မိုင်းခတ်မြို့၏ လိုအပ်သည့် လွှတ်စစ်ခါတ်အားမှာလည်း (၃၀၀)ကီလိုဝပ် ခန့်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ် လွှတ်စစ်မီး ကောင်းစွာ ရရှိရေးအတွက် (၃၀၀)ကီလိုဝပ်စက်သစ်တစ်လုံး လဲလှယ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ အားလုံးမင်္ဂလာပါ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းထွန်းရင်၊လွှတ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ချမ်းသာပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် ၏ " မိုင်းခတ်မြို့နယ်တွင် အမှတ်(၂) လွှတ်စစ်စွမ်းအားဝန်ကြီးဌာနမှ ချက်ကိုစလိုဗက်ကီးယား နိုင်ငံ၏ ၁၉၆၀ ခုနှစ်ထုတ် (၁၅၀)ကေဗီအေ စကိုဒါမီးစက်(၁)လုံးဖြင့် (၃)နာရီမီးအလင်း ပေးလျက်ရှိပါသည်။ သို့သော်လည်း ၄င်းမီးစက်သည်နှစ်ပေါင်း (၅၂)ခန့်က ထုတ်လုပ်သော စက်ဖြစ်သည့်အပြင် အပိုပစ္စည်းလဲ ရှားပါးခက်ခဲပါသည်။ ယခုအခါတွင် ၄င်းမီးစက်ကြီး စက်ချို့ယွင်း၍ ရပ်ထားရသည်မှာ (၁၆-၁-၂၀၁၂)ရက်နေ့မှ (၁၅-၂-၂၀၁၂)ရက်နေ့ အထိ ဖြစ်ပါသည်။မိုင်းခတ်မြို့၏လိုအပ်သည့် လွှတ်စစ်ခါတ်အား မှာလည်း (၃၀၀)ကီလိုဝပ် ခန့်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ် မီးကောင်းစွာရရှိရေးအတွက် (၃၀၀)ကီလိုဝပ် စက်သစ်တစ်လုံးလဲလှယ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်" ဆိုတဲ့ မေးခွန်းကို ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွှင်းတုံခရိုင်၊ မိုင်းခတ် မြို့နယ်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ချက်ကိုစလိုဗက်ကီးယား နိုင်ငံ၏ ၁၉၆၀ ခုနှစ်ထုတ် (၁၅၀)ကေဗီအေ စကိုဒါမီးစက်ဖြင့် ရပ်ကွက်(၂) ရပ်ကွက်၊ အိမ်ခြေ(၃၈၀)၊ အိမ်ထောင်စု(၂၆၂)ဦးနှင့် ဌာနဆိုင်ရာ(၅)ဦးတို့အား (၁၅၀)ကေဗီအေစကိုဒါဓါတ်အားပေးစက်နှင့် (၇၃)ကေဗီအေ ဗားမက်ဓါတ်အား ပေးစက်တစ်လုံးတို့ဖြင့် ဓါတ်အားဖြန့်ဖြူးပေးခဲ့သည်။ ဓါတ်အားပေးစက်(၂)လုံး၏ သက်တမ်းမှာ ကြာမြင့်နေပါသဖြင့် စက်စွမ်းအားအပြည့် မလည်ပတ်နိုင်သည့် အပြင် (၁၅၀) ကေဗီအေစကိုဒါဓါတ်အားပေးစက်မှာ(၁၆-၁-၂၀၁၂)နေ့တွင် ဘယ်ရင်(၃)စုံ စားသွား၍ ဘယ်ရင်အသစ်ဖြင့် အစားထိုးလဲလှယ်ခဲ့ပါသည်။ ကရိုင်းရှပ်ဘဲဥပုံဖြစ်နေ၍ ကရိုင်းရှပ်သခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး သော်လည်း(၂-၂-၂၀၁၂)ရက်နေ့အထိ ကောင်းစွာ ဓါတ်အားပေးနိုင်ခြင်း မရှိသေးပါ။ (၁၅၀)ကေဗီအေ စကိုဒါဓါတ်အားပေးစက်အား ဆက်လက်ပြုပြင် လျှက်ရှိပြီး၊ ကျန်(၇၃)ကေဗီအေဗားမက်ဓါတ်အားပေးစက်ဖြင့် ဝန်အားနိုင်သ လောက် ဓါတ်အားဖြန့်ဖြူးပေး လျှက်ရှိပါသည်။ (၁၅၀)ကေဗီအေ စက်ပြုပြင်ပြီး ဓါတ်အားပေးနိုင်ပါက စက်ပျက်ရက်များအတွက် အစားထိုးနာရီ ပိုမိုမောင်းပေး သွားမည်ဖြစ်ပါသည်။မိုင်းခတ်မြို့အားဓါတ်အားလုံလောက်စွာ ပေးနိုင်ရေးအတွက် ဓါတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ရန် မလိုအပ်ပါ။ သို့သော်ယခု ဒီဇယ်ဓါတ်အား ပေးစက်များမှာ စက်သက်တမ်းနှစ်ကာလကြာမြင့်ခြင်း၊ စက်အရံပစ္စည်းရှားပါးခြင်း တို့ကြောင့် လာမည့်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်(၃၀၀)ကေဗီအေ စက်အသစ် တစ်လုံး တင်ပြတောင်းခံ၍ အစားထိုးလဲလှယ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိနေကြောင်း တင်ပြဖြေကြားအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေးက မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအိုက်အေး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းအိုက်အေးဖြစ်ပါတယ်။မေးမြန်းလိုတဲ့ မေးခွန်းကတော့ " ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ကျန်ရှိသော မြို့နယ်(၄၀)အတွက် ချေးငွေမည်မျှ ထုတ်ချေးပေးမည်ကို သိလိုခြင်း၊ ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချနိုင်ရေးအတွက် နိုင်ငံတော်မှ စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အလားတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများအား ချေးငွေကျပ်(၅၅၀၀)သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်တွင် ကျန်ရှိနေသော မြို့နယ်(၄၀)အား ချေးငွေပေါင်းမည်မျှ ထုတ်ပေးမည်ကို သိရှိလိုပါကြောင်း" တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်း ချမ်းမြေ့ပြီး၊ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ လင်းခေးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေးမှ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအား ချေးငွေကျပ်(၅၅၀၀)သန်းထုတ်ချေးပေးခဲ့ကြောင်း သိရှိရပါသည်။ ရှမ်းပြည်နယ်တွင် ကျန်ရှိသောမြို့နယ်(၄၀)အား ချေးငွေပေါင်းမည်မျှထုတ်ပေးမည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးခွန်သိန်းမောင်ကနေ ဖြေကြားရှင်းလင်းတင်ပြ ပေးသွားမှာဖြစ်ပါ့တယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေးမေးမြန်းသည့် အကြောင်းအရာသည် အသေးစားပုဂ္ဂလိက ငွေစုငွေခွေးလုပ်ငန်း ဖွင့်ဖြူး တိုးတက်ရေးအဖွဲ့မှ ဆောင်ရွက်နေသော အစီအစဉ်ဖြစ်ပါတယ်။ မိမိတို့ရဲ့ မြို့နယ်မှာလည်း အသေးစားပုဂ္ဂလိကငွေစုငွေခွေးလုပ်ငန်းအဖွဲ့များရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ရွာငံမြို့နယ်မှာရှိနေတဲ့ ဝေဖြူးလျှံအသင်းအမည်ဖြင့် အသေးစားပုဂ္ဂလိကငွေစုငွေခွေးအသင်းအား ထည့်ဝင်ငွေစု(၅၀)၊ စုဆောင်းငွေကျပ်သိန်း(၁၅၀)ဖြင့်လည်းကောင်း၊ တက်မြန်မာမှ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ကလော၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်း၊ ညောင်ရွှေ မြို့နယ်တို့တွင် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းဝင်(၅၂၉၅၉)ဦးအနက်(၄၂၁၇)ဦးထံသို့ ကျပ်သန်းပေါင်း(၆၈၅၉. ၂၄)ထုတ်ချေးပေးခဲ့ခြင်း။ ဗဟိုသမဝါယမအသင်းနဲ့ သမဝါယမအသင်းစုချုပ်တို့မှ တစ်ဆင့် ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်း(၇၁)သင်းမှ အသင်းသားများသို့ ယခုနှစ်အတွင်း(၁၀၆၄. ၇)သန်းကိုလည်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အတွက် ကျန်ရှိသောမြို့နယ်(၄၀)အား ချေးငွေထုတ်ပေးနိုင်ပါရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချေးငွေကျပ်သန်းပေါင်း(၁၅၄၄၉ . ၁)ကို တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။လုပ်ငန်းစဉ်(၈)ရပ်အလိုက် ထုတ်ချေးရန် ခရိုင်အလိုက်စီစဉ်ထားမှုမှာ တောင်ကြီးခရိုင်အတွက်ထုတ်ချေးမဲ့ လျာထားတာက(၅၉၈၁)သန်းဖြစ်ပါတယ်။ လင်းခေးခရိုင်အတွက်(၃၉၀)သန်း ဖြစ်ပါတယ်။ လားရှိုးခရိုင်အတွက်(၂၁၇၅)သိန်းဖြစ်ပါတယ်။ မူဆယ်ခရိုင်အတွက်(၃၀၉၀)သိန်းဖြစ်ပါတယ်။ ကျောက်မဲခရိုင်အတွက်(၁၅၂၅. ၆)သန်း ဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်အတွက်(၁၀၉၇ . ၅)သန်းဖြစ်ပါတယ်။မိုင်းဖြတ်ခရိုင်အတွက် (၄၀ . ၀)သန်း၊ စုစုပေါင်း(၁၅၄၄၉ . ၁)ထုတ်ချေးပေးရန် ကျွန်တော်တို့ လျာထားပါတယ်။ အဲ့ဒီအပြင် ပြည်နယ်အတွင်းမှာရှိနေတဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကလည်း ရင်းနှီးမတည်ငွေများမတည်ပေးရန်ရှိတဲ့အတွက် ပုဂ္ဂလိကမတည်ငွေနဲ့ ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထားသော ငွေများပါဝင်ပါက စုစုပေါင်းကျပ်သန်းပေါင်း(၂၀၀၀၀)ကျော်နဲ့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး က မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး(မိုးနဲမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်တောင်းရင်း ကျွန်တော်ကတော့ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နမ့်စန်-ကွန်ဟိန်းလမ်းပိုင်း၊ ကျိုင်းတောင်း-ခိုလမ်လမ်းပိုင်း၊ ကျိုင်းတောင်း-နားခမ်းလမ်းပိုင်း၊ ကျိုင်းတောင်း-မိုင်းပန်လမ်းပိုင်း၊ နမ့်စန်-မိုးနဲ- လင်းခေး-မိုင်းပန်မဟာဗျူဟာလမ်းမကြီး တို့အား စံချိန်စံညွှန်းများနှင့် အညီရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ပြန်လည်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ကျိုင်းတောင်းဒေသသည် နိုင်ငံတော်၏ မဟာရေအားလျှပ်စစ်ဓါတ်အား စီမံကိန်း အမှတ်(၁)၊ အမှတ်(၂) စက်ရုံများ ရှိတဲ့ဒေသဖြစ်ပါတယ်။ တဖန် ကျိုင်းတောင်းဒေသမှ ထွက်ရှိသော ကျွန်းသစ်သယံဇာတများကို (၁၉၈၇)ခုနှစ်မှ စတင်ပြီး၊ နိုင်ငံတော်မှ ထုတ်ယူကာ နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းမြောက်များစွာ ထုတ်ယူသုံးစွဲခဲ့ပြီး ဖြစ်ပါတယ်။ ဤကဲ့သို့သော ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုသော တန်ပို ကျွန်းသစ်လုံးတင် တန်ပိုမော်တော်ယာဉ်များကြောင့် အထက်မေးခွန်းပါ ဖော်ပြပါ လမ်းပိုင်းများသည် ဟောင်းနွမ်းပျက်စီးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်းကောင်း၊ ဟောင်းနွမ်းပျက်စီးသွားသောလမ်းများ၊ တံတားများကို စံချိန်စံညွှန်းများနှင့်အညီ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ပြန်လည်တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ စိုင်းနော်ခမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး တာဝန်ကို တာဝန်ယူထားသည့် ဝန်ကြီးတစ်ဦးဖြစ်ပြီးတော့မှ ယခုမိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ စိုင်းမောင်ကြီးမေးမြန်းသည့်မေးခွန်းအား ပြန်လည်ဖြေကြားပေးပါမယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွိုင်လင်ခရိုင်အတွင်း သစ်လုံးတင်တန်ပို မော်တော်ယာဉ်ကြီးများကြောင့် နမ့်စန်-ကွန်ဟိန်းလမ်းအပိုင်းများ ပျက်စီးမှုအား နမ့်စန်(၁၈၉)မိုင်(၀)ဖာလုံမှာ ခိုလမ်မြို့နယ်ခွဲအစုံမိုင်တိုင်အမှတ်(၂၃၃)အထိ (၄၄)မိုင်ဟာ ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီနှစ်ခုဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မိုင်တိုင်အမှတ်(၂၃၃)မှ တာကော်တံတားအထိ (၅၀)မိုင်(၄)ဖာလုံအား လည်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နမ့်စန်မြို့မှ ကွန်ဟိန်းမြို့နယ်အဆုံးမိုင်တိုင် (၂၆၂)(၆)ဖာလုံမှ ယခုနှစ်ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေကျပ်(၆၃၁. ၇၆၅)သန်းဖြင့် လမ်းကြမ်းသော အပိုင်းကတ္တရာလမ်းအနိမ့်အမြင့်ညှိ၍ ရေပိတ်လွှာခင်းခြင်း (၁၅)မိုင်၊ ကတ္တရာလမ်းပေါက်ဖာထေးခြင်း(၄၂)မိုင်၊ သစ်သားတံတားပြင်ဆင်ခြင်း (၉)စင်းနှင့်အထွေထွေသာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

လမ်းအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် အဆိုပြုတင်ပြငွေကျပ်(၁၇၃၃)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁၂)မိုင်၊ ကျောက်တောင်မိုင်းခွဲလမ်းခဲ့ခြင်း (၁၉၅၀၀)ကျင်း၊ အမြဲတမ်းသံကူကွန်ကရစ်(၁၂)စင်း၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း(၁၀၀၀)ပေ၊ သံကူကွန်ကရစ်ရေထုတ်ပြွန် (၁၆)လုံးနှင့် တည်ဆောက်ခြင်း လုပ်ငန်းများ ၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ရံပုံငွေပေါ်မှာမူ တည်ပြီးတော့မှ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခိုလုံ-ကျိုင်းတောင်းလမ်းမိုင်တိုင် (၀/၀)မှ (၁၈)မိုင်(၄)ဖာလုံဟာ ယခုနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရုံးဥက္ကဋ္ဌပြု(၈. ၁၂၅)သန်းဖြင့် အထွေထွေသာမန် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း မိုင်တိုင်(၀၀)မှ (၁၆)မိုင်(၄)ဖာလုံအား ယခုနှစ်ပြင်ဆင်ထိန်းသိမ်းခြင်း ရုံးပုံဥက္ကဋ္ဌပြု (၈. ၂၅)သန်းဖြင့် အထွေထွေသာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ သွားရာ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်သို့ ဆက်သွယ်ထားသောခရိုင်ချင်းဆက်လမ်းမကြီး၊ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်ပါသည်။နမ့်စန်မြို့နယ် မိုင်တိုင်အမှတ်(၀/၀)မှ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် မိုင်တိုင် (၁၁၆၀)ထိ စုစုပေါင်း (၁၁၆)မိုင်ရှည်လျားပါသည်။ လင်းခေးခရိုင်မှ တာဝန်ယူ ဆောင်ရွက်ရသည့်အပိုင်း မိုင်(၁၆/၄)ဖာလုံမှ (၁၁၆/၀၀)ထိကတ္တရာလမ်း (၄၆)မိုင်(၆)ဖာလုံ၊ ကျောက်လမ်း (၁၆)မိုင်၊ အမာခံလမ်း(၂၆)မိုင် (၃)ဖာလုံ၊ မြေလမ်း (၁၀)မိုင်(၃)ဖာလုံ စုစုပေါင်း(၉၉) မိုင် (၄)ဖာလုံရှိပါသည်။ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဖြစ်သည့် ကတ္တရာလမ်းပေါက် ဖာထေးခြင်း(၂၀)မိုင်(၁)ဖာလုံ၊ မြေညှိစက်ဖြင့်လမ်းပခုံးမြေသားညှိခြင်း၊ (၃၉)မိုင် (၄)ဖာလုံ၊ ကတ္တရာလမ်း မျက်နှာပြင်ရေပိတ်လွှာ လောင်းခြင်း(၇)မိုင်(၃)ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ တင်ခြင်း(၁)မိုင် (၂)ဖာလုံမြေလမ်းအပိုင်းအား အမာခံ လမ်းခင်းခြင်း (၆)ဖာလုံ၊ အတက်အဆင်းကြမ်းသော အပိုင်းအား ကတ္တရာလမ်း ခင်းခြင်း(၁)မိုင်၊ (၅)ပေ (၃၀)ပေသံကူကွန်ကရစ် ရေထုတ်ပြွန်တည်ဆောက်ခြင်း (၂)စင်း၊ ဆွေးမြေ့နေသော သစ်သားတံတားများ ပြုပြင်ခြင်း(၇)စင်း၊ မိုးဒဏ်ကြောင့် တောင်ပြိုမြေများအား အေစကာဗေတာဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊(၇၈၇၅)ကျင်းနှင့် အထွေထွေ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ခွဲဝေရရှိရန်ရန်ပုံငွေကျပ်(၅၂၂. ၂၈၂) သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးစီးမှု(၈၆)ရှိပြီ ဖြစ်ပါသည်။

လမ်းအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများအတွက် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် အဆိုပြု တင်ပြငွေရုံငွေကျပ်(၂၂၇၃. ၆၂၅)သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း (၇)မိုင်(၁)ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၁၂)မိုင် ကျောက်ချောလမ်းခင်းခြင်း (၁၁)မိုင် (၃)ဖာလုံ ကျောက်တောင်လမ်းကျဉ်းနေရာများ မိုင်းခွဲလမ်းချဲ့ခြင်း၊ ရေမြောင်းတူးခြင်း (၄၁၅၀)ကျင်း၊ မြေသားတာပေါင်မြှင့်၍ ကျောက်ချောလမ်းခင်းခြင်း(၁)မိုင်၊ ကျောက်စီမြေထိန်းနံရံများ ပြုလုပ်ခြင်း(၇၃၀)ပေ၊(၅)ပေ(၃၀)ပေ သံကူကွန်ကရစ် ရေထုတ်ပြွန်တည်ဆောက်ခြင်း(၂၀)စင်း၊(၆၀)ပေရှည် သံကူကွန်ကရစ်တံတား(၁)စင်းနှင့် သစ်သားတံတားများအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း(၆)စင်း၊ အဆိုပါတင်ပြထားတဲ့ လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်သွားနိုင်အောင် ရံပုံငွေများကို တင်ပြထားပြီးဖြစ်ပါသည်။နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း လမ်းအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများဖြစ်သော ကတ္တရာအဆင့်မြှင့်တင်ခြင်း၊ သစ်သားတံတားများနှင့် ရေပြွန်များအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လမ်းချဲ့ခြင်း လုပ်ငန်းများအား ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

ခိုလမ်-ကျိုင်းတောင်းလမ်း၊ ကျိုင်းတောင်း-မိုးနဲလမ်းနှင့် ကျိုင်းတောင်း-မိုင်းပန်လမ်း (၃)လမ်း အပိုင်းများအား ယခုဘဏ္ဍာရေးနှစ်၌ ကတ္တရာလမ်းအဆင့် တည်ဆောက်ရန် ရံပုံငွေမရရှိခဲ့ပါ။ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေ(၂၁ . ၉၀)သန်းဖြင့် ခိုလမ်-ကျိုင်းတောင်းလမ်းအား လမ်းမျက်နှာပြင် နိမ့်ကွဲပျက်စီးနေသော အပိုင်းအား သဲပြုန်းခင်းခြင်း(၅၇၆၀၉၊ စ/ပေ) သစ်သားတံတားများပြုပြင်ခြင်း(၅)စင်းနှင့် အထွေထွေပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် အဆိုပြုတင်ပြရုံပုံငွေကျပ်(၂၄. ၀၀)သန်းဖြင့် ခိုလမ်-ကျိုင်းတောင်းလမ်းအား (၁၀ ပေ× ၂၈ ပေ)သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း(၂)စင်း ဆောင်ရွက်ရန် တင်ပြထားပါသည်။ ပြင်ဆင်ထိန်းသိမ်းခြင်း ရုံပုံငွေကျပ်(၃၄. ၄၀)သန်းဖြင့် သစ်သားတံတားများ ပြုပြင်ခြင်း၊ မူလထုံးပြုန်းလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် အထွေထွေပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် တင်ပြထားထားပြီးပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် အဆိုပြုတင်ပြရုံပုံငွေ ကျပ်(၆၀ . ၀၀)သန်းဖြင့် ကျိုင်းတောင်-မိုးနဲ(နားခံ)လမ်းအား (၅ပေ×၃၀ပေ)သံကူကွန်ကရစ် ရေထုတ်ပြွန် (၁၀)စင်းဆောင်ရွက်ရန် တင်ပြထားပါသည်။ ပြင်ဆင်ထိန်းသိမ်းခြင်းရုံပုံငွေ (၇၇ . ၅၉၄)သန်းဖြင့် သစ်သားတံတားများ ပြုပြင်ခြင်း၊ မူလထုံးပြုန်းလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် အထွေထွေပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း ရုံပုံငွေကျပ်(၁၈. ၇၀) သန်းဖြင့် ကျိုင်းတောင်း-မိုင်းပန်လမ်းအား သစ်သားတံတား ပြုပြင်ခြင်း (၂၉၂၉၂ . ၇၅ စ/ပေ)နှင့် အထွေထွေပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရုံပုံငွေကျပ်(၆၇ . ၉၇) သန်းဖြင့် သစ်သား တံတားများ ပြုပြင်ခြင်း၊ မူလထုံးပြုန်းလမ်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် အထွေထွေပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမြှုပ်နှံမှု အစီအစဉ်တွင် အဆိုပြုတင်ပြရုံပုံငွေကျပ်(၃၆ . ၀၀)သန်းဖြင့် ကျိုင်းတောင်း-မိုင်းပန်လမ်းအား (၅ပေ × ၃၀ ပေ) သံကူကွန်ကရစ် ရေထုတ်ပြွန်(၆)စင်း ဆောင်ရွက်ရန် တင်ပြထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ လွတ်တော်ကိုယ်စားလှယ်များအားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးစိုင်းမောင်ကြီး က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး(မိုးနဲမဲဆန္ဒနယ်အမှတ်-၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ မိုးနဲမြို့နယ်အတွက် နိုင်ငံတော်မှ မီးသတ်မော်တော်ယာဉ်တစ်စီးနှင့် ဝန်ထမ်းများ ချထားပေးမည့်ကိစ္စနှင့် ပတ်သက်၍ ပြည်သူလူထုအပေါ် ငွေကြေးကောက်ခံမှု အစီအစဉ်ရှိ/မရှိနှင့် မြို့နယ်မီးလင်းရေးကော်မတီရုံးငွေဖြင့် မီးသတ် မော်တော်ယာဉ်ထုတ်ယူရေးကိစ္စတွင် အသုံးပြုရန်စီစဉ်နေမှုကိစ္စနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ မိုးနဲမြို့နယ်အတွက် မီးသတ်မော်တော်ယာဉ် (၁)စီးနှင့်ဝန်ထမ်းများ ချထားမည်ဟု သိရှိရပြီး အဆိုပါ မော်တော်ယာဉ်ထုတ်ယူသုံးစွဲနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ပြည်သူလူထုအပေါ် ငွေကြေးကောက်ခံမည့် အစီအစဉ် ရှိ/မရှိနှင့် မြို့နယ်မီးလင်းရေးကော်မတီရုံးငွေဖြင့် မီးသတ်မော်တော်ယာဉ် ထုတ်ယူရေးကိစ္စတွင်အသုံးပြုရန် စီစဉ်နေမှုကို ပြည်နယ်အစိုးရမှ သိရှိခြင်း ရှိ/မရှိ သိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ၏ "မီးသတ်မော်တော်ယာဉ်တစ်စီး နှင့် ဝန်ထမ်းများချထားမည်ဟု သိရှိရပြီး အဆိုပါမော်တော်ယာဉ်ထုတ်ယူသုံးစွဲနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ပြည်သူလူထုအပေါ် ငွေကြေးကောက်ခံမှု အစီအစဉ်ရှိ/မရှိနှင့် ရှင်းတမ်းတစ်ခါမှ ထုတ်ပြန်ခြင်းမရှိသော မြို့နယ်မီးလင်းရေးကော်မတီရုံးငွေဖြင့် မီးသတ်မော်တော်ယာဉ် ထုတ်ယူရေးကိစ္စတွင် အသုံးပြုရန် စီစဉ်နေမှုကိုပြည်နယ်အစိုးရမှ သိရှိခြင်းရှိ/မရှိ" မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် မှ ဖြေကြား သွားမှာဖြစ်ပါတယ်။

မီးသတ်မော်တော်ယာဉ်တစ်စီး ထုတ်ယူသုံးစွဲနိုင်ရေးကိစ္စနှင့်ပတ်သက်၍ မြို့နယ်မီးလင်းရေး ကော်မတီမှ ဆောင်ရွက်ပါမည်။ လျှပ်စစ်ဌာနမှ ငွေကြေးကိစ္စပါဝင်ပတ်သက်ခြင်းမရှိပါ။ ပြည်နယ်အစိုးရအနေဖြင့် အဆိုပါကိစ္စကို သိရှိခြင်းမရှိပါကြောင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းမောင်ကြီး က တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး(မိုးနဲမဲဆန္ဒနယ်အမှတ်-၂)။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လျှပ်စစ်ထရန်စဖော်များအား ဝန်ပိုသုံးစွဲခြင်းရှိ/မရှိ၊ ပြုပြင်ထိန်းသိမ်းရေး စရိတ်လျာထားခြင်း ရှိ/မရှိ၊ ထရန်စဖော်မာအသစ်များ ထပ်မံတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ တတိယ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မိုးနဲမြို့နယ်အနေဖြင့် အိမ်ခြေ(၁၆၉၅)အိမ်ရှိပါတယ်။ပါဝါမီတာသုံးစွဲတဲ့ ဆန်စက်ပေါင်း(၁၈)လုံးရှိပါတယ်။ စက်မှုလက်မှုနဲ့ ဝပ်ရှော့၊ စက်မှုလက်မှုလုပ်ငန်းအသေးစားများလည်းရှိပါတယ်။ ဤကဲ့သို့သော ဝယ်လိုအားများအတွက် လျှပ်စစ်ထရန်စဖော်မာ (၃)လုံးသာ မိုးနဲမှာချထားခြင်းရှိပါတယ်။

ဤကဲ့သို့ဝယ်လိုအားနဲ့ ရောင်းလိုအား ထရန်စဖော်မာများ ဝန်ပိုသုံးစွဲနေသည့်အတွက် ထရန်စဖော်မာများ ရေရှည်သက်တမ်းအပြည့်သုံးစွဲနိုင်ရေး ပြည်နယ်အစိုးရမှ သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ သော်လည်းကောင်း ပြုပြင်ထိန်းသိမ်းရေး လျာထားခြင်းရှိ/မရှိနှင့် ၂၀၁၁-၂၀၁၂ အတွင်း မိုးနဲမြို့နယ်အတွင်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ထရန်စဖော်မာ(၃)လုံးအနက် (၂)လုံးသည် ပျက်စီးလောင်ကျွမ်းသွားပြီး မြို့နယ်မီးလင်းရေး ရံပုံငွေဖြင့် ကျပ်သိန်း(၅၀)ခန့်ကုန်ကျပြီးပြင်ဆင်ခဲ့ရပါတယ်။ ထို့ကြောင့်ထရန်စဖော်မာအသစ်များ ထပ်မံတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါတယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၏ " လျှပ်စစ်ထရန်စဖော်များအား ဝန်ပိုသုံးစွဲခြင်းရှိ/မရှိ၊ ထရန်စဖော်မာ ရေရှည်သက်တမ်းပြည့် သုံးစွဲနိုင်ရေးအတွက် ပြည်နယ်အစိုးရမှ ပြုပြင်ထိန်းသိမ်းရေးစရိတ်လျာထားခြင်း ရှိ/မရှိ၊ ၂၀၁၁ ခုနှစ်တွင် ထရန်စဖော်များပျက်စီးခဲ့ပြီး မြို့နယ်မီးလင်းရေးကော်မတီရံပုံငွေဖြင့် ပြန်လည်ပြုပြင်ရာတွင် ငွေကျပ်သိန်း(၅၀) ခန့်ကုန်ကျခဲ့ပါသည်။ ပြည်သူလူထုငွေဖြင့် ထရန်စဖော်မာအသစ်များ ထပ်မံတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ " မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ထရန်စဖော်မာများ ရေရှည်သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးစရိတ်ကို ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ရံပုံငွေဖြင့် ကျခံဆောင်ရွက်သွားပါမည်။

၂၀၁၁ ခုနှစ်တွင် ထရန်စဖော်မာများ ချို့ယွင်းခြင်းအတွက် နောင်မဖြစ်ပွားစေရန် ခရိုင်လျှပ်စစ် အင်ဂျင်နီယာရုံး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ကြိုးကြပ်ဆောင်ရွက်သွားပါမည်။ ထရန်စဖော်မာအသစ်များ ထပ်မံတပ်ဆင်ပေးရန် အတွက် ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ တိုးချဲ့ဆောင်ရွက်ပေးသွားပါမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်(လင်းခေးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖြစ် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ရေလွှမ်းတတ်သော နေရာများအား ကြိုတင်ကာကွယ်ထိန်းသိမ်းရေး အစီအစဉ်နှင့်ပတ်သက်သည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် မိုးရာသီမှာ ဩဂုတ်-စက်တင်ဘာလများမှာ မိုးလွန်ကဲစွာရွာသွန်းမှုကြောင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်းပေါ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ကာ ယာဉ်အသွားအလာ ပြတ်တောက်မှု ရက်သတ္တပတ်(၄)ပတ်နီးပါးဖြစ်ပေါ်ခဲ့ရပါတယ်။ ရေလွှမ်း၊ရေလျှံဖြစ်ပေါ်ခဲ့သည့် နေရာများမှာ လွိုင်လင်မြို့နယ် အတွင်းဖြစ်ပြီး -

၁။ မိုင်(၁၇၀/၁)မိုင်(၁၇၀/၂)အတွင်း တောင်ကြီးမှ လွိုင်လင်သို့ မရောက်မီ(၁)မိုင်အကွာနေရာ

၂။ မိုင်(၁၇၁/၁)(၁၇၁/၂)အတွင်း တောင်ကြီးမှ လွိုင်လင်မြို့အဝင် ဂိတ်အနီးနေရာ

၃။ မိုင်(၁၇၃/၅)(၁၇၃/၆)အတွင်း လွိုင်လင်မှ နမ့်စန်ဘက်အထွက် လွိုင်လင်ရေကန်နေရာတို့ ဖြစ်ပါတယ်။ ယင်းကဲ့သို့ ရေလွှမ်း၊ရေလျှံမှုကြောင့် ယာဉ်ကြိုးများသွားလာနိုင်မှု လုံးဝပြတ်တောက်ခဲ့ရပြီး၊ ယာဉ်ငယ်နှင့်လူစီးခရီးသည်များအား ဖောင်ဖွဲ့သယ်ယူပို့ဆောင်ခဲ့ရသည့်၊ ဖြစ်ပေါ်ခဲ့ရသည့်အခြေအနေ ရှိပါတယ်။

ကျိုင်းတုံ-တာချီလိတ်ဘက်သို့ သွားလာသည့် ယာဉ်ကြီးများ၊ ယာဉ်ငယ်များ မိုင်းတုံ-မိုင်းဆတ်-မိုင်းပန်-လင်းခေးဘက်သို့သွားသော ယာဉ်ကြီး၊ ယာဉ်ငယ်များသွားလာမှုပြတ်တောက်ခဲ့ရသဖြင့် ကုန်စည်စီးဆင်းမှုရပ်ဆိုင်းခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်းများ အခိုက်အတန့်အားဖြင့်ဖြစ်ပေါ်ခဲ့ရပါတယ်။(၂)လခန့်ကြာရေနှစ်မြုပ်မှုကြောင့် ယင်းအနီးရှိလယ်စပါးများလည်းပျက်စီးမှုရှိခဲ့ရပါတယ်။ ယခင်နှစ်ကရေနှစ်မြုပ်မှုအတွက် ရေထွက်ပေါက်များ ဆောင်ရွက်ပေးခြင်း၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ လမ်းလွှဲများဆောင်ရွက်ပေးခြင်းကိုလည်း တွေ့ရှိခဲ့ရပါတယ်။

ယခုနှစ်နှင့်နောင်နှစ်များတွင်လည်း ရေလွှမ်းမိုးမှုအခြေအနေ ထပ်မံကျရောက်လာနိုင်ပါသဖြင့် ယာဉ်ကြီးယာဉ်ငယ်များ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အဆိုပါ ရေလွှမ်း၊ ရေလျှံသည့် နေရာများအား ယခုနှစ် မိုးရာသီကာလမတိုင်မီ ကြိုတင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် ရေထွက်ပေါက်များ ကြိုတင်ရှာဖွေတူးဖော်ပေးခြင်း (သို့မဟုတ်)လမ်းရှောင်၊ လမ်းလွှဲတည်ဆောက်ပေးခြင်း (သို့မဟုတ်)တစ်နေရာလျှင် ပေ(၆၀၀)နှင့်(၇၀၀)အကြား ရှည်လျားသောနေရာများအား တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း စသည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်သက်သာလုပ်ငန်းအား သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးနိုင်သည့်အခြေအနေကို သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် မေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား လုံး မင်္ဂလာပါခင်ဗျား။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်၍ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းမှာ ရေကြီးရေလျှံခဲ့ပါက ရေကျော်တတ်သည့်နေရာ(၂)နေရာ ရှိတတ်ပါသည်။ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း မိုင်တိုင် (၉၀/၆) ဖာလုံမှ (၉၁)မိုင်(၀)ဖာလုံ ကြားမှာ(၂)ဖာလုံမှာ ရေကြီးရေလျှံမှုများ နှစ်စဉ် ဖြစ်ပေါ်လျက်ရှိသဖြင့် လမ်းအဆင့်မြှင့်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ လမ်းတာဘောင်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင်အတွင်း B.O.T စနစ်ဖြင့် နေမင်းရောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော မိုင်တိုင်အမှတ်(၁၇၀)မိုင်(၁)ဖာလုံနှင့် (၁၇၀/၂)ဖာလုံ၊ (၁၇၁/၁)ဖာလုံနှင့် (၁၇၁/၂)ဖာလုံ အတွင်းမှာ ကတ္တရာခင်းခြင်းလုပ်ငန်းများအား အချိန်နှင့်တပြေးညီ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ မိုင်တိုင်အမှတ်(၁၇၃/၅)ဖာလုံနှင့် (၁၇၃/၆)ဖာလုံ အတွင်း လမ်းအောက်ခံမြေသား ရောင်မှုဖြစ်ပေါ်ခဲ့သောကြောင့် အောက်ခံမြေပျော့ပြီး တည်ငြိမ်မှုမရရှိသေး၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိသေးပါသို့ဖြစ်သည့်အတွက်ကြောင့် ကျောက်ဖြည့်ခင်းကြိတ်ခြင်း၊ မျက်နှာပြင်ချော့မွေ့စေရန် သဲငြုန်းဖြန့်ခင်းကြိတ်ခြင်းလုပ်ငန်းများအား ယာယီအစီအစဉ်ဖြင့် ဆောင်ရွက်ထားပြီး၊ မြေသားတည်ငြိမ်ပါက ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် သက်ဆိုင်ရာ ကုမ္ပဏီသို့ ညွှန်ကြားထားပြီး ဖြစ်ပါသည်။

ဖော်ပြပါလမ်းအပိုင်းအား အမြင့်ဆုံးရေအမှတ်အထက်(၃)ပေအမြင့် တာဘောင်တင်ခြင်း လုပ်ငန်းနှင့် ရေလွှမ်းဧရိယာတစ်ဝိုက်ရှိရေများအား ထုတ်ယူရန် ရေထွက်ပေါက်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် အတွက် စိမ်ကိန်း၊ စိမ်ချက်များကို တင်ပြပေးရန်နှင့် ၎င်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ မိုးရာသီမတိုင်ခင်မှာအပြီးဆောင်ရွက်သွားရန်အတွက် ညွှန်ကြားထားပြီးဖြစ်ပါသည်။ ၂၀၁၁-၁၂ ရာသီများမှာ ရေကြီး၊ ရေလျှံမှုကြောင့် မိုးများပြီး ကားလမ်းပေါ်မှာ ရေလျှံမှုကြောင့် လမ်းပြတ်တောက်မှု အခိုက်အတန့်ဖြစ်သွားသော်လည်း အချိန်နှင့် တပြေးညီကုန်စည်စီးဆင်းမှု၊ ခရီးသွားလာမှု လွယ်ကူလျှင်မြန်စေရန် ၎င်းရေလျှံသည့် နေရာများအား ရှောင်ကွင်းလမ်း သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနဲ့ ဆောက်လုပ်ရေးမှ အင်ဂျင်နီယာများ၊ ဒေသခံပြည်သူများနှင့် ကုမ္ပဏီများမှ ပူးပေါင်းပြီးတော့မှ အလျှင်အမြန်လမ်းဖောက်ပေးခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှုကိုအခိုက်အတန့်သာ ထိခိုက်မှုဖြစ်ပေါ်ခဲ့ပါသည်။ယခုအခါ ၎င်းလမ်းအား အဆိုပါဖြစ်ရပ်မျိုးထပ်မံမပေါ်ပေါက်စေရန် အတွက် လာမည့် ၁၂-၁၃ရာသီ မတိုင်မီ အမြန်ပြုပြင်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ကိုယ် စားလှယ်များအားလုံးနှင့် လွှတ်တော် ဥက္ကဋ္ဌကြီး အား ဂျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းလွင် က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်(လင်းခေးမဲဆန္ဒနယ်အမှတ်-၂)။ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှိုင်လင်ခရိုင်၊ လွှိုင်လင်မြို့ရှိ မြို့တွင်းလမ်းများ ပြုပြင် ဆောင်ရွက်ပေးမည့် အခြေအနေနဲ့ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ မြို့ရွာစိမ်းလန်းစိုပြေရေး၊ မြို့ရွာသန့်ရှင်းသာယာလှပရေး၊လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ကျေးလက်ရေရှရှေးနဲ့ကျေးလက်နေပြည်သူများ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လွှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကျေးလက်လမ်းတံတားအနှစ်(၃၀)စီမံကိန်း၊ စံပြကျေးရွာ အနှစ်(၂၀)စီမံကိန်း၊ ကျေးလက်ရေပေးဝေရေး(၁၀)နှစ်စီမံကိန်း၊ မြို့တွင်း လမ်းအားလုံးကတ္တရာလမ်းဖြစ်ရေး(၁၀)နှစ်စီမံကိန်း၊ မြို့ရေပေးဝေရေး (၂၀)စီမံကိန်းစသည်ဖြင့် စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို သိရှိရပါတယ်။ ၂၀၁၁-၁၂ အခုဘဏ္ဍာနှစ်တွင် လွှိုင်လင်မြို့ရှိ(အ. ထ. က)ကျောင်းလမ်း ဗောဓိလမ်းများကို ထူးခြားကောင်းမွန်စွာ ပြုပြင်ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့မြင်သိရှိခဲ့ရပါတယ်။ ပြီးခဲ့သည့် ၂၀၁၁ခုနှစ်၊ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် အခြားမြို့နယ်များထက် မိုးပိုမိုရွာသွန်းတတ်သည့် လွှိုင်လင်မြို့နယ်ရှိ မြို့တွင်းလမ်းများ ရေဝပ်ပြီး ယာဉ်ကြိုးများ ဖြတ်သန်းသွားလာမှု၊ ရပ်ဆိုင်းနားနေမှုများကြောင့် မြို့တွင်းလမ်း အများအပြားပျက်စီးမှုများ ရှိခဲ့ပါသည်။ ပျက်စီးခဲ့သည့်လမ်းများမှာ သွားလာရန်အဆင်မပြေတော့ခြင်း၊ အချို့တစ်ဝက်ပျက်စီး နေသည့်လမ်းများမှာလည်း ပြုပြင်ထိန်းသိမ်းမှုမရှိပါက နောင်တွင်ပိုမိုပျက်စီးလာမည့် အခြေအနေရှိခြင်းနှင့် လွှိုင်လင်မြို့ သည် ခရိုင်ရုံးစိုက်ရာ မြို့ဖြစ်သည်ကြောင့် ခရိုင်မြို့နှင့်လျော်ညီသော မြို့တွင်းလမ်းများအဖြစ်ကောင်းမွန်ရန် လိုအပ်နေကြောင်း တင်ပြလိုပါသည်။

သို့ဖြစ်ပါ၍ လွိုင်လင်မြို့တွင်းလမ်းအားလုံး ကတ္တရာလမ်းဖြစ်ရေး (၁၀)နှစ် စီမံကိန်းအောင်မြင်ပြည့်စုံစေရေးအတွက် နောင်လာမည့်ဘဏ္ဍာနှစ်အား လွိုင်လင်မြို့တွင်း လမ်းအား အထူးဦးစားပေးပြင်ဆင်ဆောင်ရွက်ခြင်းနှစ်အဖြစ် သတ်မှတ်၍ ပျက်စီးနေသောလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း၊ လမ်းဘေးရေနုတ်မြောင်းများအား ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးခြင်းနှင့် ရေဝပ်တတ်သော အနိမ့်ပိုင်းရှိ မြို့တွင်းလမ်းများပေါ်တွင် ကုန်စည်တင်ဆောင်ဖြတ်သန်းသော ယာဉ်ကြီးများ သွားလာမှု ကန့်သတ်ချက်များကို ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြချက်ဖြင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းလွင် မှ မေးမြန်းလာသည့် “ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့ရှိ မြို့တွင်းလမ်းများ ၂၀၁၁ ခုနှစ်တွင် မိုးရွာသွန်းမှုကြောင့် အများအပြားပျက်စီးမှုများ ဖြစ်ခဲ့ရပါသည်။ လွိုင်လင်မြို့သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည့်အလျောက် ခရိုင်မြို့နှင့် လျော်ညီသောမြို့တွင်းလမ်းများ ကောင်းမွန်မှုလိုအပ်နေပါသည်။ နောင်လာမည့်ဘဏ္ဍာရေးနှစ်အား လွိုင်လင်မြို့တွင်းလမ်းများ အထူးဦးစားပေးပြင်ဆင်ဆောင်ရွက်ခြင်း နှစ်အဖြစ်သတ်မှတ်၍ပျက်စီးနေသော လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း၊ လမ်းဘေးရေနုတ်မြောင်းများအား ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးခြင်းနှင့်ရေဝပ်တတ်သော အနိမ့်ပိုင်းရှိ မြို့တွင်းလမ်းများပေါ်တွင် ကုန်စည်တင်ဆောင်ဖြတ်သန်းသော ယာဉ်ကြီးများ

သွားလာမှုကန့်သတ်ချက်များကို ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု တင်ပြချက်ဖြင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီး ဦးတူးမောင်မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်(၉၈၇၀၀၀၀၀/-)ဖြစ်ပါသည်။ မြို့ပြ လမ်း၊ တံတားအတွက်သုံးစွဲရန် လျာထားငွေမှာ ကျပ်(၃၄၅၄၅၀၀၀/-)ကျပ်ဖြစ်ပြီး မြို့ပြလမ်း၊ တံတားများဆောင်ရွက်မည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိဗ္ဗာန်လမ်းကျောက်ခြောခင်းခြင်း = ၄၃၅၂၀၀၀/-
(၇၀၀ ပေ × ၁၀ ပေ)

(ခ) ရှုခင်းသာလမ်းကတ္တရာလမ်းခင်းခြင်း = ၁၂၃၆၈၀၀၀/-
(၉၆၀ ပေ × ၁၀ ပေ)

(ဂ) အထကကျောင်းလမ်းနှင့် ရုံးကြီးလမ်းဆုံ = ၁၀၄၆၀၀၀/-
ကွန်ကရစ်တံတားတည်ဆောက်ခြင်း
(၁၈ ပေ × ၆ ပေ × ၃ ပေ)

(ဃ) သုခလမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း = ၇၁၅၀၀၀၀/-
(၉၂၂ ပေ × ၁၂ ပေ)

(င) အနောက်ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာ = ၉၆၂၉၀၀၀/-
ခင်းခြင်း (၁၂၃၀ ပေ × ၁၂ ပေ)

အားလုံးစုစုပေါင်းကျပ်(၃၄၅၄၅၀၀၀/-)လျာထားပါတယ်။ရေနုတ်မြောင်းများအနေဖြင့် မြို့တွင်းရေနုတ်မြောင်းဖြစ်သော မြောင်းကြီးလမ်းရေမြောင်းအား ဘုရင့်နောင်လမ်းမှ မွေတော်ဘုရားလမ်းအထိ အရှည်ပေ(၂၄၅၀ ပေ) ရေနုတ်မြောင်း တူးဖေါ်ခြင်းအတွက် အဖွဲ့ရုံပုံငွေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကျန်မြို့တွင်းရေနုတ်မြောင်းများအား ပြည်သူ့ထုံနှင့် ပူးပေါင်းဆယ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်တွင် အဖွဲ့ပိုင်မြေတူးစက်ဖြင့် ရေနုတ်မြောင်း စတင်ဆယ်ယူဆောင်ရွက်လျက် ရှိပါသည်။

မြို့တွင်းအနိမ့်ပိုင်းလမ်းများပေါ်တွင် ကုန်စည်တင်ဆောင်ဖြတ်သန်းသော ယာဉ်ကြီးများသွားလာမှုအား ကန့်သတ်ရန်အတွက် ဒေသအာဏာပိုင် အဖွဲ့အစည်း၊ ယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းအပြင် ပြုပြင်ရန် လိုအပ်နေသော ဂေါ်ရခါးကျောင်းလမ်း(ဗိုလ်ချုပ်လမ်းနှင့် မွေတော်ကျောင်းလမ်းကြား)အား ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းနိုင်ရေးအတွက် လုပ်ငန်းပြောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံး ကျေးဇူးအထူးတင်ရှိပါသည်။

ဥက္ကဋ္ဌ။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်း က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း(လင်းခေးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော်သိရှိလိုသော ကဏ္ဍများသည် လင်းခေး-မိုင်းပန်-မိုင်းတုံလမ်းအပိုင်းကဏ္ဍဖြစ်ပါသည်။ လင်းခေး-မိုင်းပန်လမ်းပိုင်းတွင် မိုင်ပေါင်း(၃၁)မိုင်ကွာဝေးပြီး ဤလမ်းပိုင်း တွင် ကျောက်ချောလမ်းအချို့နှင့် ကတ္တရာလမ်းအချို့ ဆက်စပ်ခင်းထားသော လမ်းအပိုင်းများဖြစ်ပြီး ဤလမ်းပိုင်းသည် တောင်ကြီး-လင်းခေး-မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် အထိဆက်စပ် သွယ်တန်းထားသော လမ်းမကြီးတစ်ခုဖြစ်သည်။ မိုင်းပန်-မိုင်းတုံ-မိုင်းဆတ် မိဘပြည်သူများ၏ ဖွံ့ဖြိုးမှုနှင့် စားဝတ်နေရေးအတွက် မှီခိုအားထားအထောက်အကူပြုသော လမ်းမကြီးလည်းဖြစ်ပါသည်။မိုးရာသီတွင်လမ်းများအလွန်ဆိုးပြီး ခရီးသွားလာရသော မိဘပြည်သူများ အခက်အခဲကြုံပြီး ကြုံကြာမှုများရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ လင်းခေး-မိုင်းပန်(၃၁)မိုင်ရှိသော လမ်းပိုင်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်စီမံဆောင်ရွက်ပေးမှု ရှိ/မရှိနှင့် မိုင်းပန်-မိုင်းတုံ(၆၄)မိုင်ရှိသော လမ်းအပိုင်းတွင် ကျောက်ချောလမ်းအဆင့်သို့ စီမံဆောင်ရွက်ပေးမှု ရှိ/မရှိ သိရှိလိုကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်နဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် စိုင်းအောင်ခမ်းမေးမြန်းသည့် လမ်းသည် နမ့်စန်-မိုးနဲ-လင်ခေး-မိုင်းပန်-တာဆန်း-မိုင်းတုံလမ်းဖြစ်ပြီး၊ ၄င်းလမ်းသည် ပြည်ထောင်စုလမ်းဖြစ်ပါသည်။ ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး ၄င်းလမ်းအား အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်းရံပုံငွေလျာ ထားလျက် (၁၅၀၀. ၀၀)သန်းမှာ ထည့်သွင်းတင်ပြတောင်းခံ ထားပြီးဖြစ်ပါသည်။ လင်းခေး-မိုင်းပန်(၃၁)မိုင်လမ်းပိုင်းမှာ ၅၃ မိုင်/၄ ဖာလုံမှ ၆၅မိုင်/၀ဖာလုံအတွင်း စမိုင်၅ဖာလုံအား မူလမြေလမ်း၊ အမာခံလမ်း၊ ကျောက်လမ်းပေါ် အား (၁၂)ပေ အကျယ် ကတ္တရာလမ်းခင်းခြင်းအတွက် (၉၃၅ . ၅၀)သန်း၊ မိုင်တိုင်အမှတ်၊ ၆၃/၂မှ ၆၃/၃ အကြား ကျောက်တောင်လမ်းကျဉ်းနေရာအား (၂၀၀)ပေ အကျယ်အား ကျောက်မိုင်းခွဲ၍ လမ်းချဲ့ခြင်းကို(၁၇ . ၂၀)သန်း၊ မိုင်တိုင်အမှတ်၊ ၇၃/၇မှ ၇၄/၁အတွင်း ၂ ဖာလုံ၊ မိုင်တိုင် ၇၅/၁ မှ ၇၅/၁ အတွင်း (၁)ဖာလုံ၊ မိုင်တိုင်အမှတ်(၇၇/၃)အတွင်း (၁)ဖာလုံ လမ်းသားနိမ့်၍ ရေကျော်သော အပိုင်းများအား (၃၀ပေ)အကျယ်(၄ပေ)အမြင့် တာဘောင်မြင့်တင်၍ သဲပြုန်းခင်းဖြည့်ခြင်းအတွက် (၅၆ . ၁၀)သန်း၊ မိုင်းပန်မြို့ရှောင် လမ်း(၂)မိုင်အား မူလလမ်းဟောင်း မျက်နှာပြင်မှ ၄၀%၊ (၂)လက်မ၊(၄)လက်မ ကျောက်ဖြည့်ခင်းညှိခြင်းနဲ့ (၂)လက်မ၊ (၄)လက်မကျောက်(၄)လက်မ ထု(၁)လွှာခင်းခြင်း၊ သဲပြုန်းခင်းကြိတ်ခြင်း လုပ်ငန်းအတွက်(၆၉. ၀၀)သန်း၊ မိုင်းပန်-တာဆန်းလမ်းအတွက် မိုင်တိုင်(၉၄/၀)မှ(၁၁၄/၀)အတွင်း(၄)မိုင် အားမူလမြေလမ်းမှ (၁၆)ပေ အမာခံလမ်းခင်းခြင်း အတွက်(၂၄၀. ၀၀)သန်း၊မိုင်တိုင်(၅၃/၄)နှင့်(၁၁၆/၀) အတွင်း (၅ပေ)(၃၀ပေ) ကျောက်စီကမ်းကပ် သံကူကွန်ကရစ်ကြမ်းခင်း ရေထုတ်ပြွန် (၃၀)စင်းဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရံပုံငွေလျာထားချက်(၁၅၀၀ . ၀၀)သန်းအတွက် ထည့်သွင်းတင်ပြတောင်းခံထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျေးဇူးတင်ပါတ်တယ်။

ဥက္ကဋ္ဌ။ ဦးစိုင်းအောင်ခမ်းက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း(မိုင်းပန်မဲဆန္ဒနယ်အမှတ်-၂)။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တင်ပြလိုသည့်ကဏ္ဍကတော့ မြန်မာ့စီးပွားရေးဘဏ်ငွေခွဲ ကဏ္ဍဖြစ်ပါတယ်။ ကျွန်တော်သည် မိုင်းပန်မြို့နယ်ရှိ နိုင်ငံတော်အစိုးရ ဝန်ထမ်းများ အားလုံးနဲ့ ပြည်သူများအားလုံး ငွေထုတ်/ငွေလွှဲများ အဆင်ပြေလွယ်ကူစေရန် မိုင်းပန်မြို့နယ်၊ မြန်မာ့စီးပွားရေး ဘဏ်ငွေတိုက်ခွဲအဆင့်မှ မြန်မာ့စီပွားရေးဘဏ်ခွဲအဆင့်သို့ မြှင့်တင်ပေးနိုင်ရန် ကျွန်တော်ဝန်ထမ်းများ အားလုံးနှင့် ပြည်သူများ၏ကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ မိုင်းပန်ငွေတိုက်ခွဲမှ အခြေပြုပြီး လစာငွေများ ထုတ်ယူနေသော ဝန်ထမ်းစာရင်းမှာ(၃၁၆)ဦး ဝန်းကျင်ရှိပြီး၊ အမှတ်(၁၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်လက်အောက်ခံတပ်ရင်း(၁၀)ရင်းရှိပြီး၊ နိုင်ငံတော်အစိုးရ ဝန်ထမ်းများ မိုင်းပန်မြို့ငွေတိုက်ခွဲမှ တစ်လလျှင် လစာငွေထုတ်ယူမှု ကျပ်သိန်း(၁၀၀၀) ကျော်ရှိနေကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ တပ်ရင်းတပ်ဖွဲ့မိသားစုများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ ငွေထုတ်ငွေလွှဲကိစ္စများ အဆင်ပြေလွယ်ကူစေရန်အတွက် နိုင်ငံတော်အစိုးရမှ မိုင်းပန်မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ မြှင့်တင်ပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

မိုင်းပန်မြို့နယ်ဓမ္မဆန္ဒနယ်အမှတ်(၂)မှ ရွှေးပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းအောင်ခမ်း မှ "မိုင်းပန်မြို့ပြည်သူများနှင့် နိုင်ငံတော်အစိုးရဝန်ထမ်းများအားလုံး ငွေထုတ်/ငွေလွှဲကိစ္စရပ်များ အဆင်ပြေလွယ်ကူစေရန် မြန်မာ့စီးပွားရေးဘဏ်ငွေ တိုက်ခွဲအဆင့်မှ မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်သို့ မြှင့်တင်ပေးမည့် အစီအစဉ် ရှိ/မရှိသိရှိလိုပါကြောင်း " မေးခွန်းနှင့်စပ်လျဉ်း၍ ရွှေးပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ပြည်နယ်ဝန်ကြီး ကျွန်တော် ခွန်သိန်းမောင် ကနေ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ် -

၁။ ပထမအဆင့်အနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသများဖြစ်သော ရွာငံ၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ် ဘဏ်ငွေတိုက်ခွဲများကို မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၂။ မိုင်းပန်ဘဏ်ငွေတိုက်ခွဲနှင့် ကျန်ဘဏ်ငွေတိုက်ခွဲများကို နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှသာ ဆက်လက်၍ မြို့နယ်ဘဏ်ခွဲအဆင့် တိုးမြှင့်ဆောင်ရွက်သွားရန်ရှိပါသည်။

၃။ လောလောဆယ် မိုင်းပန်ဘဏ်ငွေတိုက်ခွဲကို မြို့နယ်ဘဏ်ခွဲအဆင့် တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးသော်လည်း လက်ရှိဝန်ထမ်းအင်အား (၆)ဦးဖြင့် ချေးငွေလုပ်ငန်းမှလွဲ၍ ကျန်ဘဏ်လုပ်ငန်းများအား ဝန်ဆောင်မှုပေးနိုင်ပါသည်။ ငွေလွှဲလုပ်ငန်းများတွင်လည်း ငွေလွှဲလက်မှတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ်ရှိသော မြို့နယ်များသို့ အပြန်အလှန် ငွေလွှဲပို့နိုင်အောင် ဆောင်ရွက်ပေးထားလျက်ရှိပါသည်။

၄။ မိုင်းပန်မြို့နယ်အနေဖြင့် မြို့နယ်ဘဏ်ခွဲအဆင့် တိုးမြှင့်နိုင်ခြင်းမရှိသေးသော်လည်း အော်တိုတယ်လီဖုန်းရရှိသည့်အခါ ဖက်စ်ငွေလွှဲလုပ်ငန်း တိုးချဲ့ဆောင်ရွက်၍ ဝန်ဆောင်မှု ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိုင်းပန်ဘဏ်ငွေတိုက်ခွဲအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ဘဏ်ခွဲ အဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံမှ ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစောလုံ(မိုးနဲမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် တက်ရောက်လာသော ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းခြွေအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းအမှတ်(၁)ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)လင်ခေးခရိုင်၊ မိုးနဲမြို့နယ်သည် ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းမှ ထုတ်လုပ်ဖြန့်ဖြူးပေးသည့် မဟာဓါတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးရရှိပါသည်။ သို့ပါသော်လည်း အခြို့သောမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် သစ်လုံးတိုင်များဖြင့်သာ လျှပ်စစ်ကြိုးများသွယ်တန်းထားပါသည်။ မဟာဓါတ်အားလိုင်း စနစ်နှင့် အညီ ၄၄ သစ်လုံးတိုင်အစား ကွန်ကရစ်တိုင်များဖြင့် အစားထိုးပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။

မိုးနဲမြို့နယ်၊ မဲဆန္ဒအမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်ဦးစောလုံ၏ "မိုးနဲလျှပ်စစ်ဓါတ်အားမီးတိုင်(ကွန်ကရစ်တိုင်)ကို မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထပ်မံလိုအပ်သော အရေအတွက် စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးနဲလျှပ်စစ်ဓါတ်အားမီတိုင်(ကွန်ကရစ်)တိုင်ကို မြို့နယ်စည်ပင်သာယာရေးအတွင်း ထပ်မံလိုအပ်သော ကွန်ကရစ်တိုင်များ၊ သစ်တားတိုင်များအစား ကွန်ကရစ်တိုင်များ ထူထောင်ရန်အတွက် ဘတ်ဂျက်ရှိမှုအပေါ် မူတည်ပြီး အခြားမြို့နယ်များနည်းတူ တိုးချဲ့ဆောင်ရွက်သွားပေးမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အာလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဦးစောလုံကဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစောလုံ(မိုးနဲမဲဆန္ဒနယ်အမှတ်-၁)။ ကျွန်တော်မေးမယ့် မေးခွန်းအမှတ်(၂)ကတော့ (၁၆-၂-၂၀၁၂)မြန်မာ့အလင်းသတင်းစာပါ ပြည်ထောင်စုလွှတ်တော်သတင်းအရ လင်းဆေးခရိုင်အတွင်း **CDMA** နှင့် **GSM** ဖုန်းများ ချပေးမည်ဟုသိရှိရပါသည်။ သို့သော် ကျိုင်းတောင်းမြို့နယ်ခွဲအတွက် စီမံချက်တွင် မပါရှိပါ။ ထို့ကြောင့် ကျိုင်းတောင်းမြို့နယ်ခွဲတွင် **GSM** နှင့် **CDMA** ဖုန်းကိစ္စ မည်သည့်အချိန်ကာလတွင် ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်း အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ "ကျိုင်းတောင်းမြို့နယ်ခွဲတွင် **GSM**နှင့် **CDMA** ဖုန်းကိစ္စကို မည်သည့်အချိန်ကာလတွင် ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း"ဆိုသည့်မေးခွန်နှင့်စပ်လျဉ်း၍ ကျွန်တော် ဗိုလ်မှူးကြီး အောင်သူ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစောလုံ၏ မေးမြန်းချက်ပါ ရွှမ်းပြည်နယ် လင်းခေးခရိုင်၊ ကျိုင်းတောင်းမြို့နယ်ခွဲတွင် **GSM** မိုဘိုင်းတယ်လီဖုန်းစံနစ်အား ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သိန္ဒိမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံအေးက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းစံအေး(သိန္ဒိမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ပထမ အကြိမ် ရွှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ သိန္ဒိမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအေး ဖြစ်ပါတယ် ခင်ဗျား။ ယခုကျွန်တော်ဟာ သိန္ဒိမြို့နယ်တွင် ဘိန်းအစ္စရာယ်မှ ကင်းဝေးစေရန် ပြည်နယ်အစိုးရအနေဖြင့် အထူးစီမံချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်နှင့် ပတ်သက်ပြီးမှ မေးခွန်းကိုမေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သိန္ဒိမြို့နယ်တွင် မူးယစ်ဆေးဝါးကဏ္ဍတွင် လွန်စွာဆိုးသွမ်းလျက်ရှိပြီး၊ ယခုနှစ်တွင် လွယ်တောင်၊ မန်လင်၊ နမ့်ခိုက်ဒေသများတွင် ဘိန်းများကို အကြီးအကျယ်စိုက်ပျိုးနေကြောင်း သိရှိရပါတယ်။ ဒေသခံအလုပ်သမားများသည် တစ်ရက်လျှင်နေ့စား၁(၅၀၀၀/-)ကျပ်နှုန်းဖြင့် သွားရောက်လုပ်ကိုင်နေကြောင်း ကြားသိရပါတယ်။ ထိုသို့စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးခြင်းကြောင့် ပြည်သူလူထု အတွင်း မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်ကြောင်း သိရှိရပါတယ်။ မူးယစ်ဆေးဝါးကြောင့် နိုင်ငံရေးအနာဂါတ် မျိုးဆက်သစ်လူငယ်၊ လူတော်လူကောင်းများ ပေါ်ထွန်းရေးတွင်များစွာ အဟန့်အတားဖြစ်စေသည်မက လူမျိုးပါတုန်းစေမည့် အရေးနှင့်ရင်ဆိုင်နေရပါတယ်။ကျောင်းနေရမည့်အရွယ် လူငယ်များကျောင်းတွင်မတွေ့ရဘဲ လမ်းဘေးချုံကြားတွင် မူးယစ်ဆေးဝါးများသုံးစွဲနေသည်ကို တွေ့ရှိရပါတယ်။ အဆိုပါ ဘိန်းအန္တရာယ်မှ ကင်းဝေးစေရန် ပြည်နယ်အစိုးရအနေဖြင့် အထူးစီမံချက်များ ချမှတ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာဒိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းပေးပြီးစာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ ခင်ဗျား။ သိန္ဒိမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်၏ “သိန္ဒိမြို့နယ်တွင် ဘိန်းအန္တရာယ်မှ ကင်းဝေးစေရန် ပြည်နယ်အစိုးရအနေဖြင့် အထူးစီမံချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ” မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဒိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး မှ ဖြေကြား သွားမှာ ဖြစ်ပါတယ်။

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စတင်တာဝန်ယူဆောင်ရွက်ခဲ့သည့်(၃၁-၃-၂၀၁၁) ရက်နေ့မှ(၂၄-၂-၂၀၁၂)ရက်နေ့အထိ သိန္နီမြို့နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးအရေးယူခြင်းများကို နယ်မြေခံရဲတပ်ဖွဲ့၊ မူးယစ်(အထူး)အဖွဲ့၊ မြို့နယ်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာဌာန ဆိုင်ရာများ၊ ဒေသခံပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

၂။ ထိုသို့ဆောင်ရွက်ရာတွင်(၃၁-၃-၂၀၁၁)ရက်နေ့မှ (၂၄-၂-၂၀၁၂)ရက်နေ့အထိ သိန္နီမြို့နယ်အတွင်း ပညာပေးဟောပြောမှုအနေဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ဟောပြောမှုအကြိမ်ပေါင်း(၃၆)ကြိမ်၊ ကျေးရွာပေါင်း(၁၄)ရွာရှိတောင်သူ(၁၄၆၁)ဦးအား လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးခြင်း၏ ဆိုးကျိုးများကို ပညာပေးဟောပြောဆောင်ရွက်ခဲ့ရာ ဟောပြောမှုအကြိမ်ပေါင်း(၁၆)ကြိမ်၊ ကျေးရွာ၁၃ရွာ၊ ရပ်ကွက်(၃)ရပ်ကွက်ရှိကျောင်းသားလူငယ်(၁၁၂၇)ဦးအား လည်းကောင်း ပညာပေးဟောပြော ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃။ ထို့အတူ ဘိန်းခင်းဖျက်ဆီးခြင်းများကိုလည်း သိန္နီမြို့နယ်အတွင်း မြေပြင်သတင်းများ ရယူ၍ တပ်မတော်၊ ရဲတပ်ဖွဲ့၊ မြို့နယ်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများဖြင့် ဖျက်ဆီးခဲ့ရာတွင်(၃၁-၃-၂၀၁၁)ရက်နေ့မှ (၂၄-၂-၂၀၁၂)ရက်နေ့အထိ စုစုပေါင်းဘိန်းခင်း(၂၀၇. ၈၈)ကော ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ သိန္နီမြို့နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ ဘိန်းခင်းများဖျက်ဆီးခြင်း ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုများကို ပိတ်ဆို့တားဆီး ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ(၃၁-၃-၂၀၁၁)ရက်နေ့မှ(၂၄-၂-၂၀၁၂) ရက်နေ့အထိ မူးယစ်ဆေးဝါးအမှုပေါင်း(၉၂)မှု၊ တရားခံကျား(၉၆)ဦး၊ မ(၁၄)ဦး၊ ဘိန်းဖြူ(၁ . ၃၃၅၃၉)ကီလို၊ ဘိန်းစိမ်း(၀ . ၀၄၈)ကီလို၊ စိတ်ကြွဆေးပြား(၆၂၉၄၈၉)ပြားတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို သိန္ဒိမြို့နယ်တွင်သာမက ရှမ်းပြည်နယ်တစ်ခုလုံးရှိ မြို့နယ်အားလုံး တို့တွင် အရှိန်အဟုန်မြင့် တွန်းအား ပေးဆောင်ရွက်လျက်ရှိရာ (၃၁-၃-၂၀၁၁) ရက်နေ့မှ (၂၄-၂-၂၀၁၂)ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း ပညာပေးဟောပြောမှု အကြိမ်ပေါင်း(၇၂၆)ကြိမ် ဟောပြောဆောင်ရွက်နိုင်ခဲ့ပြီး၊ ဘိန်းခင်းဖျက်ဆီးမှုများကိုလည်း ၂၀၁၁/၂၀၁၂ ခုနှစ်အတွင်း စီမံချက်များရေးဆွဲ၍ စစ်ဆင်ရေး တစ်ရပ်အနေဖြင့် မြက်ဖြတ်စက်များကို အသုံးပြု၍ လူအင်အား၊ မြက်ဖြတ်စက်အင်အား အပြည့်အဝဖြင့် အရှိန်အဟုန်မြင့်ဖျက်ဆီးဆောင်ရွက်ခဲ့ရာ ဘိန်းခင်းဧကပေါင်း (၅၆၁၅၆. ၈၂)ကေ(၂၂၇၄၃. ၅၁ ဟက်တာ)ကို ဖျက်ဆီးနိုင်ခဲ့ရာ ရှမ်းပြည်နယ်အနေဖြင့် ဘိန်းစိမ်းအလေးချိန်(၅၄၉. ၈၉)တန်ထွက်ရှိမှုကို တားဆီးနိုင်ခဲ့ပြီး၊ တစ်နည်းအားဖြင့် ဘိန်းဖြူ(၅၄. ၉၈၉)တန် ထုတ်လုပ်မှုလျော့ချနိုင်ခဲ့၍ နိုင်ငံတကာသို့ မရောက်ရှိစေရန် ထိန်းချုပ်နိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီး အရေးယူဆောင်ရွက်ခဲ့ရာတွင်လည်း အမှုပေါင်း(၈၈၂)မှု၊ တရားခံကျား(၁၀၄၀)ဦး၊ မ(၂၁၀)ဦး၊ ဘိန်းဖြူ၁၅ကီလိုကျော်၊ဘိန်းစိမ်း(၇၉၀)ကီလို၊ စိတ်ကြွဆေးပြား(၁၃. ၉)သန်းကျော်၊ ဆူဒိုအက်ဖီဒရင်းဆေးပြား(၁. ၉)သန်းကျော်၊ ဘိန်းဆီခဲ(၄၄. ၇)ကီလို၊ ကဖင်း(၅၈၄)ကီလို၊ ICE ပုံဆောင်ခဲ (၂၈)ကီလိုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

၆။ သိန္ဒိမြို့နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘိန်းခင်းဖျက်ဆီးမှုများလည်း တရုတ်နိုင်ငံအမျိုးသားမူးယစ် ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်(NNCC)မှ ငြိုလ်တုဖြင့် တိုင်းတာရရှိသည့် ဘိန်းခင်းနေရာများ၊ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)မှ တိုင်းတာရရှိသည့် ဘိန်းခင်းနေရာများနှင့်တပ်မတော်၊ ရဲတပ်ဖွဲ့၊ မိမိအမာခံသတင်းပေးများထံမှရရှိသည့် ဘိန်းခင်းနေရာများအား လုံခြုံရေးလိုအပ်သည့် နေရာများတွင် လုံခြုံရေးတင်ပြ တောင်းခံပြီး တပ်မတော်၊ ရဲတပ်ဖွဲ့အုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဆက်လက်ဖျက်ဆီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးအရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သိန္နီမြို့နယ်တွင်သာမက ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးစိုင်းစံအေးက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းစံအေး(သိန္နီမဲဆန္ဒနယ်အမှတ်-၁)။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရဲ့ ဒုတိယမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ သိန္နီမြို့နယ်တွင် တပ်များတိုးချဲ့၍ တည်ဆောက်ခဲ့ပါသည်။ ထိုသို့တည်ဆောက်ရာတွင် ပြည်သူများ လုပ်ကိုင်စားသောက်သော စိုက်ပျိုးမြေအချို့ကို တပ်နယ်အဖြစ် သိမ်းယူခဲ့ပါတယ်။ တပ်မြေအဖြစ်သိမ်းယူထားသော အချို့မြေလွတ်နေရာတွင် ပြည်သူများက အဆိုပါ မြေလွတ်နေရာများကို တစ်ကေလျှင်(၂၅၀၀၀/-)ကျပ်နှုန်းဖြင့် ပြန်လည်ငှားရမ်းပြီး စိုက်ပျိုးနေရပါတယ်။ သို့ဖြစ်ပါ၍ တပ်နယ်များ၌ မြေလွတ်နေရာများတွင် ပြည်သူများအား အခမဲ့လုပ်ကိုင်စားသောက်ခွင့်ပြုနိုင်ပါရန် ပြည်နယ်အစိုးရအနေဖြင့် ပြည်သူ့အကျိုးကို ရှေးရှုပြီးဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေး မေးထားသော မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

သိန္ဓိမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းစံအား မှ "သိန္ဓိမြို့နယ်တွင် တပ်မြေအဖြစ်သိမ်းယူထားသော မြေလွတ်နေရာများတွင် ပြည်သူအား အခမဲ့ လုပ်ကိုင်စား သောက်ခွင့်ပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့် ပတ်သက်၍ မြေနေရာအတိအကျအား ဖော်ပြပေးပါက သက်ဆိုင်ရာ မြေစာရင်း ဦးစီးဌာနအား ကွင်းဆင်းစီစစ်ရာတွင် လွယ်ကူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးလုပ်ကိုင်လိုသူများမှ စိုက်ပျိုးလုပ်ကိုင်လိုသော မြေနေရာတင်ပြလာပါက မြေရာဇဝင်စီစစ်တင်ပြစေပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီ သက်ဆိုင်ရာမှ တရားဝင်ရယူထားသော မြေဧရိယာအတွင်း ကျရောက်နေခြင်း မရှိပါက ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ တောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသော မြေများသည် လယ်ယာမြေများဖြစ်ပါက တောင်သူများအနေဖြင့် ၁၉၆၃ ခုနှစ် သိမ်းစားချထားရေးအက်ဥပဒေအရ မြေတည်ရှိရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထံ သိမ်းစားလုပ်ကိုင်ခွင့်လျှောက်ထားပြီး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ဥပဒေနှင့်အညီ သိမ်းစားလုပ်ကိုင်ခွင့် ချမှတ်ပေးနိုင်ပါသည်။ မြေလွတ်မြေရိုင်းဖြစ်ပါကလည်း လုပ်ကိုင်ခွင့်ရရှိရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီသို့ အဆင့်ဆင့်လျှောက်ထားနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးထိုက်က မေးခွန်းကို မေးမြန်း ဖို့ဖြစ်ပါတယ်။

ဦးစိုးထိုက်(မောက်မယ်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ကတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစိုးထိုက် ဖြစ်ပါတယ်။ မိုးနဲမြို့နယ်နှင့် မောက်မယ်မြို့နယ် မြို့ချင်းဆက်လမ်းပိုင်းအား ပြုပြင်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ အထက်ပါ မေးခွန်းနှင့် ပတ်သက်ပြီး၊ မိုးနဲနှင့် မောက်မယ်မြို့ မြို့ချင်းဆက်လမ်းပိုင်း အကွာအဝေးသည် ၂၇ မိုင်ရှိပါသည်။

မိုးနဲမြို့မှ နယ်ခြားမှတ်တိုင်အထိ ၈ မိုင်၊ နယ်ခြားမှတ်တိုင်မှ မောက်မယ်မြို့သို့ ၁၉ မိုင် ရှိပြီးနယ်ခြားမှတ်တိုင်မှ ၁၉မိုင် အကွာအဝေးသာ ရှိသောလမ်းများသည် အလွန်ဆိုးရွားပြီး၊ မိုးရာသီတွင် လုံးဝအသုံးမပြုနိုင်သောနေရာများစွာ ရှိပါသည်။ မိုင်အားဖြင့် ဝေးလွန်းသော ခရီးမဟုတ်သော်လည်း လမ်းပန်းအခက်အခဲကြောင့် ကုန်စျေးနှုန်းများကြီးခြင်း၊ ဒေသခံတောင်သူလယ်မားများအနေဖြင့် မိမိတို့ ဒေသထွက် ကုန်ပစ္စည်းများအား အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြရာတွင် သယ်ယူမှုစရိတ် ကြီးမြင့်ခြင်းတို့ကြောင့် ထိုက်သင့်သော အကျိုးအမြတ်များ ဆုံးရှုံးကြရပါတယ်။အခြားမြို့ပေါ်များသို့ အရေးပေါ်သွားရောက်ဆေးကုသမှုခံကြရာတွင်လည်းလမ်းတစ်ဝက်တွင် အသက်ဆုံးရှုံး၍ ပြန်လာကြရသော ဖြစ်ရပ်များစွာ ရှိပါတယ်။ ထို့ကြောင့် မောက်မယ်မြို့နယ်လမ်းပိုင်းအား အခြားသော မြို့နယ်များကဲ့သို့ ရာသီမရွေးသွားလာနိုင်ရန် ယခုနှစ်ရာသီနှင့် နောင်လာမည့် ရာသီများတွင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူများကိုယ်စား မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစိုးထိုက်မေးမြန်းသော မိုးနဲမြို့နယ်နှင့် မောက်မယ်မြို့နယ်မြို့ချင်းဆက်လမ်းဟာ မိုင်တိုင်အမှတ်၊ (၀/၀)မှ (၂၇/၀)ထိ (၂၇)မိုင်ရှည်လျားသော ပြည်နယ်မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်ခင်ဗျား။ မိုးနဲ မြို့နယ်အပိုင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် ငွေကျပ်(၄ . ၀၀)သန်းရရှိခဲ့ပါတယ်။ မောက်မယ်မြို့နယ်အပိုင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက်(၉. ၁၅)သန်းရရှိခဲ့ပါတယ်။ ရရှိရံပုံငွေများဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မောက်မယ်မြို့နယ်အပိုင်းတွင် မိုင်တိုင်အမှတ်(၁၆/၆)မှ(၁၇/၃)

စုစုပေါင်း ၅ ဖာလုံအား ကတ္တရာလမ်း မျက်နှာပြင်နိမ့်ကွဲမျက်စိုးနေသော အပိုင်းအား ၂လက်မ၊ ၄ လက်မကျော်၊ ၄ လက်မထု ၂၀ %၊ ၁ လက်မ ၂ လက်မကျော် ၃ လက်မထု ၄၀% ဖြည့်ခင်းကြိတ်ပြီး၊ လမ်းမျက်နှာပြင်ညီ ကတ္တရာခင်းခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မိုင်တိုင် အမှတ် ၁၇/၃မှ ၁၈/၃ စုစုပေါင်း ၁ မိုင်အတွင်းမှာ ကတ္တရာမျက်နှာပြင် နိမ့်ကွဲ ပျက်စီးနေသော အပိုင်းအား ၂ လက်မ၊ ၄ လက်မကျော်၊ ၄ လက်မထု ၂၀%၊ ၁ လက်မ ၂ လက်မကျော် ၊ ၃လက်မထု ၄၀% ဖြည့်ခင်းကြိတ်ပြီး လမ်းမျက်နှာပြင်မြေညီကတ္တရာခင်းခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တံတားအမှတ် ၆/၁၃နှင့် ၆/၂၁ စုစုပေါင်း တံတား ၂ စင်း အား ၅လက်မ ၅ပေ×၃၀ပေ သံကူကွန်ကရစ်ရေထုတ်ပြန် **Slab Culvert** တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်အတွက် အဆိုပြုတင်ပြတောင်းခံထားတဲ့ ငွေကတော့ မိုးနဲမြို့နယ်အပိုင်းမှာ မိုင်တိုင်(၀/၀)မှ (၂/၀)အထိ(၂)မိုင် ကတ္တရာလမ်းမျက်နှာပြင် နိမ့်ကွဲပျက်စီးနေ သော အပိုင်းအား ၂လက်မ-၄လက်မကျောက်ထု ၂၀%၊ ၁လက်မ-၂ လက်မ ကျောက် ၃ ပေထု ၄၀% ဖြည့်ခင်းကြိတ် လမ်းမျက်နှာပြင်ညီ ကတ္တရာခင်းခြင်း လုပ်ငန်း ကျပ်(၃၅ . ၀၀)သန်း၊ မိုင်တိုင်အမှတ်(၇/၀မှ ၈/၀အတွင်း ၁မိုင်အတွင်းမှာ ကတ္တရာလမ်းနိမ့်ကွဲနေရာများအား ၂ လက်မ-၄လက်မကျောက် ၄လက်မထု၊ ၁လက်မ-၂လက်မကျောက် ၃ပေထု ဖြည့်ခင်းကြိတ်၍ ကတ္တရာ လောင်းဖာထေးခြင်း လုပ်ငန်းအတွက်(၁၅စ၄၀ စတုရန်းပေ)၊ ၄င်းအတွက် ငွေကျပ်(၁၀ . ၃၀)သန်း၊ တံတားအမှတ် ၄/၂၊ ၆/၃ စုစုပေါင်း(၂)စင်း သစ်သားတံတားများ၏ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရမ်းများ လဲလှယ်ပြင်ဆင်ခြင်း လုပ်ငန်းအတွက် ကျပ်(၅ . ၀၀)သန်း၊ မောက်မယ်မြို့နယ်အပိုင်းအတွက် မိုင်တိုင်(၈/၀)မှ (၂၇/၀)အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကျပ်(၉. ၁၅)သန်း၊ မိုင်တိုင်အမှတ်(၁၆/၆)မှ (၁၈/၄)အတွင်း ကတ္တရာလမ်း နိမ့်ကွဲ နေရာများအား ၂လက်မ-၄လက်မကျောက် ၄လက်မထု၊ ၁လက်မ-၂ လက်မ ကျောက် ၃လက်မထု ဖြည့်ခင်းကြိတ်၍ ကတ္တရာလောင်းဖာထေးခြင်း လုပ်ငန်း အတွက် (၂၇၇၂၀ စတုရန်းပေ)အတွက် ငွေကျပ်(၁၈. ၀၀)သန်း၊ မိုင်တိုင်အမှတ် (၁၈/၄မှ ၂၀/၁) စုစုပေါင်း (၁ မိုင် ၅ ဖာလုံ) အတွက် မိုင်တိုင်(၂၂/၀)မှ (၂၂/ ၂)နှင့် စုစုပေါင်း(၂)မိုင်အား ၂လက်မ-၄လက်မ ကျောက် ၄ လက်မ ထု ၂၀%၊ ၁လက်မ-၂လက်မကျောက်၊ ၃လက်မထု ၄၀%ဖြည့်ခင်းကြိတ်ပြီး လမ်း

မျက်နှာညိုကတ္တရာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများအတွက် ကျပ်(၃၅ . ၀၀)သန်း၊ မိုင်တိုင်(၂၀/ ၂)နှင့် (၂၀/၄)ခဖာလုံ အတွင်းမှာ ရေကျော်သော အမာခံလမ်းပိုင်းအား ၂လက်မ-၄လက်မကျောက်၊ ၄လက်မထု(၂)လွှာခင်းကြိတ်၍ သဲပြုန်း ၁ လက်မခွဲထု ခင်းကြိတ်ခြင်းလုပ်ငန်းအတွက် ကျပ်(၁၆. ၃၉)သန်း၊ တံတားအမှတ်(၁/ ၂၂)(၃/ ၂၂)၊ (၁/ ၂၅)(၆/ ၂၇)၊ စုစုပေါင်း(၄)စင်းအတွက် သစ်သားတံတားများ၏ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရမ်းများ လဲလှယ်ပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ကျပ်(၉. ၀၀)သန်း၊ ဖော်ပြပါ ရံပုံငွေများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရန် အဆိုပြုတင်ပြထားပြီး၊ ရရှိရံပုံငွေပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်ရှိနေသည့် လမ်းပိုင်းများကိုလည်း ဦးစားပေးအလိုက် ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးဆိုပြီးတော့မှ ပြည်နယ်များမှာ ကျွန်တော်တို့ရံပုံငွေရရှိပြီးတော့မှ တင်ပြတောင်းခံ ရရှိတဲ့ငွေများကို ကျန်ရှိနေတဲ့ လမ်းပိုင်းများကို အဆင့်မြှင့်တင်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးနမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယဖြစ်ပါစေရှင်။ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေးဖြစ်ပါတယ်ရှင်။ကျွန်မဒီမေးခွန်းမေးရတဲ့ အကြောင်းအရင်းကို ဦးစွာအနည်းငယ်ပြောကြားလိုပါတယ်ရှင်။ ကျွန်မတို့ကျောက်မဲခရိုင်၊ နမ္မတူမြို့မှာ ရှိတဲ့အချို့ကျေးရွာတွေမှာဆိုလို့ရှိရင် မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရန်အတွက် မြေတွေတူးဖော်လျက်ရှိပါတယ်။

အဲဒီပိုက်လိုင်းဖြတ်သန်းမိတဲ့ လယ်ယာမြေတွေအတွက် လျော်ကြေးငွေ ပေးချေတဲ့အခါမှာ တစ်မြို့နှင့်တစ်မြို့ သတ်မှတ် နှုန်းထားခြင်း ကမတူပါဘူးရှင်။ ဒါပေမဲ့ ကျွန်မတို့နမွတူမြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေအားလုံးကို ပထမ တန်းစားအဖြစ် သတ်မှတ်ထားခြင်း၊ ယာမြေအားလုံးကိုလည်း သီးနှံ အားလုံး အစိုက်ပြထားရုံသာမက သီးနှံအထွက်နှုန်းကိုလည်း အထွက်တိုးနှုန်းဖြင့် ပေးလျော် ထားကြောင်း သိရှိရပါတယ်ရှင်။ အဲဒါကိုကြည့်ချင်းအားဖြင့် နိုင်ငံတော်ဟာ ပြည်သူအပေါ် ဘယ်လောက် စေတနာထားတယ်ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း ၂၅-၉-၂၀၁၁ ခုနှစ်မှာ လျော်ကြေးငွေပေးချေတဲ့ အချိန်မှာ မတရားငွေဖြတ်စားမှု၊ မြေရိယာတွက်ချက်ရာမှာ မှားယွင်းမှုတွေ ရှိနေတွက် ကြောင့် ဒေသခံရွာသားများမှ ကျေနပ်မှုမရှိကြောင်း တင်ပြလာပါတယ် ရှင်။ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက် " ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပဲ ပြည်သူ့အသံကို နားထောင်ပြီးမိမိတို့ ကနေပြီးတော့ ပူးပေါင်းပါဝင်ကူညီချင်တဲ့ ဆန္ဒနဲ့ အုပ်ချုပ်ရေးထံကို အကြောင်းကြားခဲ့ပါတယ်။ ဒါပေမဲ့ ရွာဖြစ်စဉ်တွေအနက် အနည်းငယ်ကိုသာ ဖြေရှင်းပေးခဲ့တာကို စိတ်မကောင်းစွာ တွေ့ခဲ့ရပါတယ်။ ၂၀-၁၀-၂၀၁၁ ခုနှစ်မှာ ကျွန်မကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်တဲ့အခါမှာ လူ(၂)ဦးသာ ပိုင်တဲ့မြေကွက်ကို (၃)ဦးဖြစ်အောင် လုပ်ကြံဖော်ထုတ်ထားတာကို တွေ့ရှိရပြီး၊ အမည်ခံငွေထုတ်ယူစေတဲ့အတွက်ကြောင့် တစ်ကယ့်မြေပိုင်ရှင်မှာ များစွာ နစ်နာမှုရှိနေတာကို တွေ့ရှိရခဲ့တဲ့အပြင် ဓါတ်ငွေပိုက်လိုင်းဖြတ်သန်းခံရခြင်း မရှိပဲနဲ့ ငွေထုတ်ယူထားခိုင်းတဲ့ ဖြစ်ရပ်တွေလည်း ရှိနေတာကို တွေ့ရှိရပါတယ်။ ဥပဒေပြုရေးအာဏာရှိတဲ့ လွှတ်တော်နဲ့ အုပ်ချုပ်ရေးအာဏာရှိတဲ့ အစိုးရတို့ ပူးပေါင်းဆောင်ရွက်ဖြေရှင်းခြင်းသည် ပြည်သူလူထုမှသည် နိုင်ငံ့အကျိုးကိစ္စရပ် များကို အလျင်အမြန်အမှန်အကန် ဖြေရှင်းနိုင်မည်ဟု ယူဆထားပါသဖြင့် ဖြစ်ရပ် မှန်များကို အုပ်ချုပ်ရေးထံသို့ ထပ်မံပြီးတော့ မေတ္တာရပ်ခံအကြောင်းကြား ခဲ့ပါတယ်။ ၂၉-၁၀-၂၀၁၁ခုနှစ်မှာ အဲဒီကိစ္စတွေကို အုပ်ချုပ်ရေးမှ ပြည်သူအားလုံး စိတ်ကျေနပ်မှု ရှိအောင် ဖြေရှင်းပေးပါကြောင်း ပြောကြားလာတဲ့အတွက် မိမိမှာများစွာ သက်သာမှုမျိုးကို ခံစားမိပါတယ်။

ပြည်သူ့အကျိုးကို တစ်ကယ်သယ်ပိုးနိုင်တဲ့ ကိုယ်စားလှယ်ဖြစ်ပြီဆိုပြီး တော့လည်း ကိုယ်စားလှယ်ဘဝကို တစ်ကယ်ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ အုပ်ချုပ်ရေးတို့ရဲ့ အမှန်တရားကို လက်ခံနိုင်ခြင်းအတွက်လည်း နိုင်ငံ့အတွက် မှန်ကန်တဲ့ပြုပြင်ပြောင်းလဲမှု၊ တိုးတက်မှုကို သက်သေထူနိုင်ခြင်းဖြစ်ကြောင်း လည်း ဂုဏ်ယူမိပါတယ်။ဒါပေမဲ့ ပြည်သူ့အသံကို တစ်ကယ်နားဆင်ပြီးတဲ့ အခါမှာ အမှန်တစ်ကယ်ဆောင်ရွက်ပေးခဲ့ခြင်း မရှိပါဘူး။ ၁၂-၁-၂၀၁၁ ခုနှစ်မှာ အဲဒီ ဖြစ်စဉ်များကို စိုက်ပျိုးရေးနဲ့ မွေးမြူရေးဝန်ကြီးထံ အဖြစ်မှန်ကို တင်ပြခဲ့ပါတယ်။ ဝန်ကြီးမှလည်း မိမိရဲ့တင်ပြချက်ကို အလေးထားပြီး အမှန်ဖြစ်အောင် လမ်းညွှန် ဆောင်ရွက်ပေးလိမ့်မယ်လို့ အခိုင်အမာယုံကြည်ထားပြီးဖြစ်ပါတယ်။

ဒါပေမဲ့လည်း လျော်ကြေးငွေနဲ့ပတ်သက်ပြီး နစ်နာမှုရှိနေတဲ့ရွာသား များမှာ အုပ်ချုပ်ရေးထံသို့ (၅)ကြိမ်တိုင်တိုင် သွားရောက်ပြောကြားပါသော်လည်း ကျွန်မ ဒီလွှတ်တော်ကို မလာခင်အချိန်ထိ ကျေနပ်မှုရှိအောင် ဆောင်ရွက်ပေး နိုင်ခြင်းမရှိတာကို သိရှိခဲ့ရပါတယ်။ လုပ်ကြံဖော်ထုတ်ထားသော မြေကွက်များမှ ငွေများ အားလုံးကို ပြန်လည်တောင်းယူပြီး ဒုတိယအရစ်မှာ ပေးချေမဲ့ငွေနဲ့ ပေါင်းပေးမယ် ဆိုရင်တောင်မှ ပြည်သူလူထုတွေ ရသင့်တဲ့အတိုင်း အပြည့်အဝ ရနိုင်မှာ မဟုတ်ပါဘူး။ ၎င်းတို့ အပြည့်အဝပြန်လည်ရရှိအောင် နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်နေပါပြီ။ဝန်ကြီးမှ ဖြေရှင်းပေးပါရန် ညွှန်ကြား ထားပါသော်လည်း အဘယ့်ကြောင့် ပြေလည်အောင် ဖြေရှင်းခြင်းမရှိတာကို နားမလည်အောင် ဖြစ်မိပါတယ်။ ယခုကဲ့သို့ မှားယွင်းကြောင်း သိသာထင်ရှား နေတော့ ကိစ္စရပ်များကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်းမရှိပါက လွှတ်တော် ကိုယ်စားလှယ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရုံသာမက ပြည်နယ်ဝန်ကြီးမှသည် ရွာမ်းပြည်နယ်အစိုးရ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်ပါတယ်။ ယနေ့ဦးတည်နေ သော နိုင်ငံတော်ရဲ့ ရည်မှန်းချက်နှင့်လည်း သွေဖီနေပါတယ်။ အဲဒါကြောင့် ကျွန်မဒီပထမအကြိမ် ရွာမ်းပြည်နယ်လွှတ်တော်ရဲ့ တတိယပုံမှန်အစည်းအဝေးမှာ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားတဲ့ လယ်ယာ မြေများအတွက် လျော်ကြေးငွေများ ရရှိမှုနဲ့ပတ်သက်ပြီး မတရားငွေကြေး ဖြတ်စားမှု၊ မြေဧရိယာတွက်ချက်ရာတွင် မှားယွင်းမှုတို့အတွက် ရွာမ်းပြည်နယ် အစိုးရမှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ် ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

စိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းထားသော မေးခွန်းနဲ့ ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ မှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါ်နန်းခမ်းအေးမှ နမ့တူမြို့နယ်ရှိ ကျေးရွာအုပ်စုများတွင် မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းသွားသည့် လယ်မြေများအတွက် လျော်ကြေးငွေ ရရှိမှုနှင့် ပတ်သက်ပြီး၊ မတရားငွေကြေးဖြတ်စားမှု၊ မြေဧရိယာတွက်ချက်ရာတွင် မှားယွင်းမှုတို့ အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်၍ နမ့တူမြို့နယ်ရှိ ကျေးရွာများတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းသွားသည့် လယ်မြေများအတွက် လျော်ကြေးငွေရရှိမှုနှင့် ပတ်သက်ပြီး၊ မတရားငွေကြေးဖြတ်စားမှု၊ မြေဧရိယာတွက်ချက်ရာတွင် မှားယွင်းမှုတို့အတွက် ကွင်းဆင်းပြီး ပြန်လည်တင်ပြစေခဲ့ပါသည်။ တိုင်ကြား စာအပိုဒ်(၁)နှင့် အပိုဒ်(၆)ဖြစ်စဉ်မှာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပန်လုံကျေးရွာ အုပ်စု၊ အုပ်ချုပ်ရေးမှူး၏ နေအိမ်တွင် တောင်သူ စိုင်းအောင်ထွန်း၊ စိုင်းလောင်ဝ်ခမ်း၊ စိုင်းလှမြင့်၊စိုင်းဟွန်း၊ အိုက်လျန်း၊ ဦးစံလောတို့၏ ခြံမြေကိစ္စများ ဖြေရှင်းရာ၌ ဦးစံလောအား ဦးစိုးလွင်ရေနံအထူးအရာရှိမှ အကြိမ်ကြိမ်ရှင်းပြရာတွင် သဘောမပေါက်၊နားလည်ခြင်းမရှိ၍ ဂရုဏာဒေါသဖြင့် ပြောဆိုခဲ့ခြင်းသာ ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးမှလည်း မည်သည့်လက်မှတ်ကိုမှ ရေးထိုးခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။

တိုင်ကြားစာ အပိုဒ်(၂)ဖြစ်စဉ်မှာ နမ့တူမြို့နယ်အတွင်း မြေယာနှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့ မြေတန်ဖိုးစျေးနှုန်းသီးနှံအလိုက် အထွက်နှုန်းတို့ကို ၂၀၁၁ ခုနှစ် သြဂုတ်လ ၁၈ ရက်နေ့ ပန်လုံကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ပိုက်လိုင်း ဖြတ်သန်းသွားသော အုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူကိုယ်စား လှယ်များဖြင့် အများသဘောတူ သတ်မှတ်ခဲ့ခြင်းသာ ဖြစ်ပါတယ် -

(က) စပါးတင်း ၁၈၀ နှင့် အထက်ထွက်နှုန်းရှိပါက ပထမတန်းစားလယ်
(ခ) စပါးတင်း ၁၀၀ နှင့် ၅၀ ကြား ထွက်ပါကဒုတိယတန်းစားလယ်
(ဂ) စပါးတင်း ၅၀ အောက်ထွက်ပါက တတိယတန်းစားလယ်
(ဃ) ယာမြေအားလုံးကို ပထမတန်းစားလယ်အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

ပန်လုံကျေးရွာတွင် တာဝန်ထမ်းဆောင်နေသော ကျေးရွာအထွေထွေအုပ်ချုပ်ရေးဦးဇာနမှ စာရေးဦးနေလင်းဝိုးသည် ပန်လုံကျေးရွာတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်မှာ (၁၂)နှစ်ရှိပြီဖြစ်၍ ကျေးရွာရှိ တောင်သူများနှင့် ခင်မင်ရင်းနှီးလျက်ရှိရာ တောင်သူများအား သီးနှံနှင့် မြေယာလျော်ကြေးပေးချေရေးအတွက် ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေနပ်မှုရှိသဖြင့် ပန်လုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းခမ်းခေါင်နှင့် စာရေးဦးနေလင်းဝိုးတို့အား စေတနာအလျှောက် မုန့်ဖိုးပေးခဲ့ခြင်းဖြစ်ပြီး၊ တိုင်စာပါ ငွေကြေးအတိုင်းပေးထားခြင်းမဟုတ်ပဲ ဦးစိုင်းခမ်းခေါင် နှင့် စာရေးဦးနေလင်းဝိုးတို့မှ အတင်းတောင်းခံခဲ့ခြင်းမဟုတ်ကြောင်း၊ တောင်သူများမှ ပေးသည့် မုန့်ဖိုးငွေအားလက်ခံခဲ့မိသဖြင့် တို့နှစ်ယောက်တော့ လူမိုက်တွေဖြစ်ကုန်ပြီလား မသိဘူးဟု ပြောဆိုခဲ့ခြင်းသာဖြစ်ကြောင်း၊ တောင်သူများမှ စေတနာအလျှောက် ပေးထားခြင်းဖြစ်၍ လက်မခံလိုကြောင်း ပြောသော်လည်း ပြန်လည်ပေးအပ်ပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

တိုင်ကြားစာအပိုဒ်(၄)ဖြစ်စဉ်၌ နမ့်တူမြို့နယ်တွင် ရေနံပိုက်လိုင်းဖြတ်သန်းသွားသော ဆားငံသီးစိုက်တောင်သူ(၃)ဦးတွင် မန်စံရွာမှ(၂)ဦး၊ ပန်လုံရွာမှ (၁)ဦးဖြစ်ပြီး၊ ယခုဖြစ်စဉ်မှာ ပန်လုံရွာမှ ဦးအိုက်ဖန် ဖြစ်ပြီး ဆားငံပင်လျော်ကြေးမရဟုဆိုသော ဖြစ်စဉ်မှာ စိုက်ကေ(၂. ၃၀)တွင် ၎င်း၏သဘောတူညီချက်အရ မြေတန်ဘိုး ၃၄၅၀၀၀၀၊ ပထမသီးနှံတန်ဘိုး ၅၇၅၈၁၆၅၊ ဒုတိယသီးနှံတန်ဘိုး ၂၆၀၈၂၀၀၊ စုစုပေါင်း တန်ဘိုး ၁၁၈၁၆၃၆၅ ကျပ်ဖြစ်၍ ၅၀%ကို တောင်သူဦးအိုက်ဖန် အား(၂၅-၁၁-၂၀၁၁)ရက်နေ့၌ မြို့နယ်ခန်းမတွင် လျော်ကြေးငွေပေးရေးအဖွဲ့မှ တွက်ချက်မှုအပေါ် ကျေလည်မှုမရှိပါက ထုတ်ယူခြင်းမပြုသေးရန်နှင့် ကျေနပ်မှုရှိမှသာထုတ်ယူနိုင်ကြောင်း တောင်သူအားလုံ့ရှေ့မှောက်တွင် ရှင်းလင်းပြောကြားရာ ဦးအိုက်ဖန်မှ သဘောတူကျေနပ်သဖြင့် ပထမအရစ်ထုတ်ပေးခြင်းဖြစ်ပါသည်။

ကိုင်ကြားစာအရ ဦးအိုက်ဖန်၏ယာခင်း (၂ . ၃၀)ကေအား ဆားငံသီး၊ ပြောင်းဖူး၊ သီးညှပ်ဖြင့် ပြန်လည်စီစစ်တွက်ချက်ပါက (၁)ဆားငံသီးအပင်ဝင်ဆံ့မှုမှာ တန်းခြားပေ(၂၀)၊ ပင်ခြား(၁၅)ပေစနစ်ဖြင့် စိုက်ပျိုးထားကြောင်း စိစစ်တွေ့ရှိရပြီး (၁)ကေအပင်ဝင်ဆံ့မှုမှာ(၁၄၅)ပင်နှင့် ဆားငံသီးစိုက်ကေ (၁. ၅၀)ကေဖြစ်ကြောင်း တောင်သူဦးအိုက်ဖန်တင်ပြချက်အရ ဆားငံပင်(၁၂၀)ပင်ရှိကြောင်းသိရှိရ၍ တွက်ချက်မှုအရ မြေတန်ဘိုး၊ ဆားငံပင်၊ ပြောင်းသီးနှံ ဒုတိယသီးနှံပန်းနှမ်းစုစုပေါင်း တန်ဘိုး(၁၁၈၉၀၄၄၀)ကျပ်ဖြစ်၍ မူလတွက်ချက်မှုနှင့် ကြီးမားသော ကွာခြားမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

တိုင်ကြားစာပါ အပိုဒ်-၅ နှင့်အပိုဒ်-၇ ပါ ဖြစ်စဉ်အား(၂၁-၁-၂၀၁၂)ရက်နေ့ ပန်လုံကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနေအိမ်၌ ခြံမြေကိစ္စဖြေရှင်းပေးမှုတွင် လုပ်ကြံမြေကွက်များဖြင့် မလိမ့်တပတ်ငွေထုတ်ယူထားခြင်းမရှိပဲ မြေတိုင်းတာစဉ်က တောင်သူအများစုမှာ မိမိလုပ်ကွက်တွင်ကြုံတင် စောင့်ဆိုင်းပြသမှုမရှိသဖြင့် လိုက်ပါဆောင်ရွက်သူတောင်သူအချို့၏ ပြောကြားချက်အရသာ မြေကွက် လုပ်ကိုင်သူအချို့၏ ပြောကြားချက်အရသာ မြေကွက်လုပ်ကိုင်သူ အမည်မှတ်သားခြင်းကြောင့် ကန်သင်းတင်တောင်သူအချင်းချင်း မိမိတို့လုပ်ကွက် ဧရိယာ ပိုင်ဆိုင်မှုအပေါ် သူ့လုပ်ကွက်၊ ကိုယ့်လုပ်ကွက် အငြင်းပွားခဲ့ခြင်းဖြစ်ပါသည်။ (၂၆-၂-၂၀၁၂)နေ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများအပြီးသတ်ပြေလည်အောင် ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါသည်။ ပန်ဟတ်ရွာမှ မောင်အောင်ထူး၏ မြေယာသည် အနည်းငယ်သာရှိပြီး၊ ဦးဆိုင်ဟွမ်နှင့် ဒေါ်နန်းခမ်းလူ ကို ပိုထုတ်ထားသည့်ငွေအား ပြန်လည်ပေးအပ်ပြီးဖြစ်သဖြင့် တောင်သူ ဦးဆိုင်ဟွမ်နှင့် ဒေါ်နိုင်းခမ်းလူ တို့မှ ကျေနပ်လက်ခံခဲ့ပြီးဖြစ်ပါသည်။ ပန်ဟတ်ရွာမှ ဦးဝင်းလှိုင်၏ မြေယာသည် စိုင်းလောင်ခမ်း၏ မြေယာနှင့်ဆက်စပ်မှုရှိသဖြင့် ဦးဝင်းလှိုင်မှ စိုင်းလောင်ဝ်ခမ်း အား မှားယွင်းထုတ်ထားသည့် ငွေကို ပြန်လည်ပေးအပ်ပြီးဖြစ်ပါသည်။ စိုင်းလောင်ခမ်းမှလည်း ကျေနပ်လက်ခံပြီးဖြစ်ပါသည်။ ပန်ဟတ်ရွာမှ နန်းနွမ်းခမ်းမှလည်း စိုင်းရွှေဟန်၏ မြေယာလျော်ကြေးအား မှားယွင်းထုတ်ယူထားသဖြင့် စိုင်းရွှေဟန်အား ပြန်လည်ပေးအပ်ပြီးဖြစ်ကာ စိုင်းရွှေဟန်မှ ကျေနပ်လက်ခံပြီးဖြစ်ပါသည်။ ပန်လုံရွာမှ ဦးဆိုင်ဖနှင့် ဦးစိုင်းအွတ် တို့သည် မြေပိုင်များမဟုတ်ဘဲ မြေငှားများဖြစ်သဖြင့် ၎င်းတို့နှင့် ဆက်စပ်သည့် ဦးစန္ဒောအား ဒုတိယအရစ် ထုတ်ယူချိန်တွင် အပြည့်အဝ ပြန်လည်ပေးချေမည်ဖြစ်ကြောင်း ကျေနပ်လက်ခံပြီးဖြစ်ပါသည်။

တိုင်ကြားစာအပိုဒ်(၈)မှာ ရေနံပိုက်လိုင်း ဖြတ်သန်းသွားသော မြေကွက်များအတွက် နစ်နာကြေးပေးရာတွင် မြေပိုင်ရှင်များကိုသာထုတ်ပေးခြင်းဖြစ်ပြီး၊ မြေပိုင်ရှင်မှ သီးစားချထားခြင်းကို မြို့နယ်စာရင်းရုံးသို့ သွားရောက်မှတ်ပုံတင်ထားခြင်းမရှိသဖြင့် မြေငှားလုပ်ကိုင်သူများကို သီးနှံလျော်ကြေးပေးရန် တာဝန်မရှိကြောင်းနှင့် မြေငှားလုပ်ကိုင်သူများတင်ပြမှသာလျှင် ဖြေရှင်းပေးနိုင်ကြောင်း စိစစ်တွေ့ရှိရပြီး ကော်ရွာအုပ်ချုပ်ရေးမှူးနှင့် ကော်ရွာစာရေးမှ ဖြေရှင်းပေးပြီးကြောင်း စိစစ်ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဒေါ်နန်းခမ်းအေး(နမွတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ရှင့်။ ကျွန်မ ဒီဝန်ကြီးရဲ့ ဖြေကြားချက်နဲ့ပတ်သက်ပြီးတော့ ကျွန်မကို အနည်းငယ်ပြောကြားခွင့်ပြုပါ ရှင်။

ခဏလေ ကျွန်မတင်ပြသွားတဲ့အထဲမှာ မှားယွင်းကြောင်းသိသာထင်ရှားနေသော ကိစ္စရပ်များလို့ ပါသွားပါတယ်။ ခုနဝန်ကြီးဖြေရှင်းသွားတဲ့ အချက်တွေအားလုံးဟာ ဆိုလို့ရှိရင် ကျွန်မတကယ့်လက်တွေ့ ပြည်သူတွေ ထိတွေ့ဖြစ်ပျက်နေတဲ့ အခြေအနေနဲ့ တစ်ခြားစီဖြစ်နေပါတယ်။ အဲ့ဒါကြောင့် ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ကျွန်မကတော့ ဝန်ကြီးကို ဖိတ်ခေါ်ပြီးတော့ ကွင်းဆင်းစစ်ဆေး ပေးစေချင်ပါတယ်။ အဲ့ဒါဘာကြောင့်လဲ ဆိုတော့ ကျွန်မဒီကို မလာချိန်ထိ ဒီလွှတ်တော်အစည်းဝေးခန်းမ မလာခင်ချိန်ထိမှာ ကျွန်မဒီလိုဖြစ်နေမှာ ဒီလိုအဖြေတွေရမှာစိုးလို့ကို ကျွန်မသက်ဆိုင်ရာ မြေပိုင်ရှင်ဆီကို ကျွန်မဖုန်းဆက်ပြီးတော့ အရင်မေးလိုက်ပါတယ်။ ပြေလည်အောင် ဖြေရှင်းပြီးပြီလားဆိုတာ မဖြေရှင်းသေးပါကြောင်း ပြောလာပါတယ်။ ပြီးတော့ ကျွန်မ ဒီလွှတ်တော်အစည်းအဝေးမလာခင်ချိန်ထိမှာ နေလင်းစိုး၊ ပန်လုံစာရေး၊ နေလင်းစိုးကနေပြီးတော့ ကျွန်တော်တို့ အကုန် ဖြေရှင်းပေးပါ့မယ် အစ်မရယ် ဆိုပြီးတော့ ကျွန်မကို လာတောင်းပန် ထားတာရှိပါတယ်။ ကျွန်မကလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းကို ခုနကျွန်မပြောသွားတဲ့ အတိုင်းအကြိမ်ကြိမ်မေတ္တာရပ်ခံထားပြီးတဲ့ ကိစ္စဖြစ်ပါတယ်။ တစ်ကယ်လည်း ပါဝင်ပူးပေါင်း ပါဝင်ကူညီ ဆောင်ရွက်လိုတဲ့ဆန္ဒနဲ့ ကျွန်မကမေတ္တာရပ်ခံထားခြင်းဖြစ်ပါတယ်။အဲ့ဒါကြောင့် ဒီလိုမှားယွင်းကြောင်း သိသာထင်ရှားနေတဲ့ကိစ္စကို ကျွန်မတို့လွှတ်တော်မှာ ထပ်ပြီးတင်ပြတာတောင်မှ မှားယွင်းပြီး ဆုံးဖြတ်မယ်ဆိုလို့ရှိရင် ကျွန်မတို့အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒကို ဖော်ဆောင်နိုင်ခြင်းဖြစ်မှာ မဟုတ်တဲ့အတွက်ကြောင့် ကျေးဇူးပြုပြီးတော့ ကွင်းဆင်းပေးစေချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ထပ်မံပြီးတော့မှ ကွင်းဆင်းစစ်ဆေးဖို့ လိုအပ်ပါတယ်။

စိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ ကျွန်တော့်ကို အနည်းငယ် တင်ပြခွင့်ပြုပါ။ အငြင်းပွားဖြစ်နေတဲ့ မြေနေရာတွေ တော်တော်သွားလာလို့ ခက်ခဲတဲ့နေရာဖြစ်ကြောင်း ကျွန်တော် သိရှိရပါတယ်။ ဒီဘက်၊ အဲ့ဒီဘက်ဒေသမှာ ဘာလို့ကျွန်တော် အဲဒီလိုတင်ပြရလဲဆိုတော့ ပြီးခဲ့တဲ့ကျွန်တော် တို့ ၂၀၁၀ခုနှစ်မှာ မိုင်းရင်ဆည်တည်ဆောက်ပြီး၊ ကျွန်တော်တို့ အဲဒီမိုင်းရင်ဆည် ကနေကျေးလက် မီးလင်းရေးအတွက် ကျွန်တော်တို့ ၅၀ ကီလိုဝပ်မီးစက်(၂)လုံး ကျွန်တော်တို့ တပ်ဆင် ထားပါတယ်။ အဲဒီကျေးရွာကို ကျွန်တော်တို့ လျှပ်စစ်မီးသွယ်တန်းနေတဲ့ နေရာမှာ တော်တော်အခြိန်ယူပြီး သတိထားပြီး ကျွန်တော်တို့ သွားလာဆောင်ရွက်ပေး ခဲ့ရပါတယ်။ ဒီနေ့ထိ မီးကြိုးတွေသွယ်တန်းပြီးသော်လည်း သက်ဆိုင်ရာစက်ရုံကို လာရောက်တပ်ဆင်ပေးတဲ့ ပညာရှင်က လာရောက်နိုင်မယ့်အခြေအနေ မရှိသေး တော့ ကျေးရွာဒေသမှာလည်း မီးမလင်းနိုင်သေးတာကို ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။

လက်ရှိဖြစ် အငြင်းပွားနေတဲ့ မြေတွေဟာလည်း ဒါကျွန်တော်တို့ မြို့နှင့် နီးတာလည်း မဟုတ်တဲ့အတွက် ကျွန်တော်တို့ အနေအထားဟာလည်း သွားရေး လာရေးနှင့်ပတ်သက်တာ ကိုယ့်ဟာကို သတိထားဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်တဲ့ အတွက် အဲ့ဒီကျေးရွာဒေသထိ ကျွန်တော်ကိုယ်တိုင် မသွားရောက်နိုင်သော်လည်း ကျွန်တော့်ကိုယ်စားတာဝန်ရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများကို ကျွန်တော် စေလွှတ်ပြီး၊ တစ်ကယ့်အဖြစ်မှန်အတိုင်း ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ တစ်ကယ်လို့ ကျွန်တော်တို့ ဝန်ထမ်းများအနေနဲ့ မှားယွင်းဆောင်ရွက်ပေးမိပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ဒီအစည်းအဝေး မှာကျွန်တော်တင်ပြလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးမဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦးက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး(မဘိမ်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဆုတောင်း လိုက်ပါတယ်။ ကျွန်တော် မေးခွန်း ပထမမေးခွန်းအနေနဲ့ မဘိမ်းမြို့နယ်တွင် ၂၀၀၈ခုနှစ်မှ ၂၀၁၀ခုနှစ်ထိ တရားမဝင်သစ် သယ်ဆောင်သည့် ကားများအားသစ်တော၊ စုပေါင်းအဖွဲ့မှ ဖမ်းဆီး၍ မြန်မာ့သစ်လုပ်ငန်းတွင် အပ်နှံထား သည့်ကား အရေအတွက် မည်မျှရှိသည်ကိုသိရှိလိုပါသည်။ ၄င်းကားများကို ဖမ်းဆီးသစ်ရရှိသည့် ကုမ္ပဏီတစ်ခုမှ အသုံးပြုနေသည်ကို တွေ့ရှိနေပါ၍ ဝန်ကြီးဌာနကဌားရမ်းခရရှိလျှင် မည်မျှရရှိသည် ကိုလည်းကောင်း၊ ကျန်ကားများအား ဘယ်ဌာဌေရရှိရန် လေလံတင်ရောင်း ချမည့်အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းမေတ္တာပို့သအပ်ပါတယ်။ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦး ရဲ့ မေးမြန်းချက်အရ" မဘိမ်းမြို့နယ်တွင် ၂၀၀၈ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တရားမဝင်သစ်တော၊ စုပေါင်းအဖွဲ့မှ ဖမ်းဆီး၍ မြန်မာ့သစ်လုပ်ငန်းတွင် အပ်နှံထားသည့် ကားအရေအတွက် မည်မျှရှိသည်ကို သိရှိလိုပါသည်။ ၄င်းကားများကို ဖမ်းဆီးသစ်ရရှိသည့် ကုမ္ပဏီတစ်ခုမှ အသုံးပြုနေသည်ကိုတွေ့ရှိရပါ၍ ဝန်ကြီးဌာနမှ ဌားရမ်းခရရှိလျှင် မည်မျှရရှိသည်ကိုလည်းကောင်း၊ ကျန်ကားများအား ဘယ်ဌာဌေရရှိရန် လေလံတင်ရောင်းရမည့်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်" ဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တု ဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်းကနေပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း တရားမဝင်သစ်သယ်ဆောင်သည့် ကားများအား သစ်တောစုပေါင်းအဖွဲ့မှ ဖမ်းဆီး၍ မြန်မာ့သစ်လုပ်ငန်း၊ မိုးမိတ် သစ်ထုတ်လုပ်ရေးဒေသသို့ ယာဉ်(၃၇)စီး၊ ရွှေလီ-မဘိမ်း သစ်ထုတ်ရေးဒေသသို့ (၃၇)စီး၊ စုစုပေါင်း(၇၄)စီးအပ်နှံခဲ့ပါတယ်။ အဆိုပါယာဉ်များအား မြန်မာ့ သစ်လုပ်ငန်းမှ လက်ခံထိန်းသိမ်းထားရပြီး၊ ၄င်းယာဉ်များအနက် ရွှေလီ-မဘိမ်း ဒေသမှ (၁၄)စီး၊ မိုးမိတ်ဒေသမှ (၁၆)စီး၊ စုစုပေါင်း(၃၀)စီးတို့အား ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် မိုးမိတ်ဒေသရှိဖြိုးစည်သူကုမ္ပဏီသို့ ဌာနကိုယ်စား ဖမ်းဆီးသစ်များ သယ်ယူရန် စာချုပ်ဖြင့်ဌားရမ်း၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကျွန်း/သစ်မာ စုစုပေါင်း(၉၈၀၂)တန်အား တောတွင်းနေရာအနှံ့အပြားမှ သစ်ဆိပ်များသို့ သယ်ဆောင်ပြီး ဌာနသို့ အပ်နှံရပါသည်။ ဖမ်းဆီးသစ်သယ်ယူရာတွင် ငုတ်ထုတ် လုပ်ငန်း၊ လမ်းဖောက်လုပ်ငန်း၊ ကားတိုက်လုပ်ငန်း၊ သစ်တင်/သစ်ချလုပ်ငန်း လုပ်ငန်းစဉ်များရှိရာ လုပ်ငန်းစဉ်ရှိသည့် အတွက် ကုမ္ပဏီမှ ဆီ၊ ငွေ၊ ယန္တရား၊ ဆင်အင်အားများ အသုံးပြုခဲ့ရပါတယ်။ ဌာနမှ ဖမ်းဆီးယာဉ်များ ဌားရမ်းပေးခဲ့မှု ကြောင့် ကုမ္ပဏီသို့ လုပ်အားခပြန်လည်ပေးချေရာ၌ သစ်သယ်ယူ ကားတိုက်ခ အား ပေးချေခြင်းမပြုဘဲ ခုနှိမ်သောစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။ ဌားရမ်းစာချုပ်တွင် ယာဉ်များ၏ ပြင်ဆင်မှုအလုံးစုံအား ဌားရမ်းသည့် ကုမ္ပဏီမှ ကျခံပြင်ဆင်၍ ပြန်လည်အပ်နှံရာတွင် မူလဌားရမ်းစဉ်က ပကတိအခြေအနေ အတိုင်း ပြန်လည်အပ်နှံရန် စည်းကမ်းချက်များဖြင့် ဆောင်ရွက်ပါသည်။ ဖော်ပြပါဌာနမှ လက်ခံထိန်းသိမ်းထားရသော ဖမ်းဆီးယာဉ်များအား လေလံတင် ရောင်းချမှုအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာန၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးသန့်ဇင်ဦး က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်အမှတ်(၂)။ ဒုတိယမေးခွန်း အနေနဲ့တော့ မဘိမ်းမြို့နယ်တွင် ငါးအိုးကြိုးဝိုင်းသည် အကွက်ပေါင်း(၇၄)ကွက်၊ ဧကပေါင်း (၄၅၄၇၁)ကေရှိရာ ၂၀၀၇ ခုနှစ်မှ စ၍ ကုမ္ပဏီ၊ ဌာနအဖွဲ့စည်းများမှ ကြံနှင့် ကျွန်းစိုက်ပျိုးရန် စိုက်ခင်းက(၂၈၆၅၇. ၅)ကေကို သစ်တောရေးရာဝန်ကြီး ဌာနတွင် မြေငှားရမ်း၍ သီးနှံစိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။ ၄င်းကုမ္ပဏီများ စိုက်ပျိုးလျှောက်ထားသည့် ကာလမတိုင်မီ ၁၉၈၉ ခုနှစ်ခန့်ကပင် ၄င်းကြိုးဝိုင်းတွင် တောင်သူများ ကြံစိုက်ပျိုးခဲ့ရာ ၂၀၀၇-၂၀၀၈ ခုနှစ် သစ်တောကြိုးစိုက်ဧရိယာက (၁၃၆၄၅)ကေခန့်ရှိကြောင်းနှင့် ၂၀၁၁-၁၂ခုနှစ်တွင်တောင်သူ(၁၇၄၉)ဦး ကြံစိုက်ခင်း က (၁၆၅၉၂)ကေခန့်ရှိသည်ဟု မြို့နယ်စီမံကိန်းစာရင်းများအရ သိရှိရပါသည်။ အခို့ကုမ္ပဏီများသည် စိုက်ပျိုးထားသည့်တောင်သူများ၏ စိုက်ခင်းများအား ခြိမ်းခြောက်ခြင်း၊ စည်းရုံးခြင်းစသည့် နည်းလမ်းမျိုးစုံဖြင့် စိုက်ခင်းမြေများအား ဝယ်ယူလျက် ရှိနေပါသည်။ ၄င်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနအနေဖြင့် ယခင်စိုက်ပျိုးထားသည့် တောင်သူများ၏ စိုက်ခင်းများ အား ဝန်ကြီးဌာနမှ မြေငှားရမ်းခွင့်ပြု၍ တောင်သူများ အလုပ်ကိုင်မပျက်စေရန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကုမ္ပဏီများ၏ စိုက်ခင်းများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ အရေးယူခြင်း ပြန်လည် သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ဆက်လက် ဖြေကြားဖို့ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန့်ဇင်ဦးရဲ့ မေးခွန်းကိုဆက်လက်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦးမှ မေးမြန်းတဲ့အချက်ကတော့ "မဘိမ်းမြို့နယ်တွင် ငါးအိုးကြီးဝိုင်းသည် အကွက်ပေါင်း(၇၄)ကွက်၊ ဧကပေါင်း(၄၅၄၇၁)ဧကရှိရာ ၂၀၀၇ ခုနှစ်တွင် ကုမ္ပဏီ၊ဌာန၊အဖွဲ့အစည်းများမှ ကြံနှင့် ကျွန်း စိုက်ပျိုးရန် စိုက်ခင်းဧက (၂၈၆၅၇. ၅)ဧကကို သစ်တောရေးရာဝန်ကြီးဌာနတွင် မြေငှားရမ်း၍ သီးနှံစိုက်ပျိုးခဲ့ကြောင်းသိရှိရပါသည်။ ၎င်းကုမ္ပဏီများ စိုက်ခင်းလျှောက်ထားသည့် ကာလမတိုင်မီ (၁၉၈၉)ခုနှစ်ခန့်ကပင် ကြီးဝိုင်းတွင် တောင်သူများ ကြံစိုက်ပျိုးခဲ့ရာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် သစ်တောကျွှးစိုက်ဧရိယာဧက(၁၃၆၄၀)ခန့်ရှိကြောင်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ်ခန့်တွင် တောင်သူ(၁၇၄၉)ဦး၊ ကြံစိုက်ဧက(၁၆၅၉၂)ဧကခန့်ရှိသည်ဟု မြို့နယ်စိမ်းကိန်းစာရင်းအရ သိရှိရပါသည်။ တစ်ချို့ကုမ္ပဏီများသည် စိုက်ပျိုးထားသည့် တောင်သူများ၏ စိုက်ခင်းများအား ခြိမ်းခြောက်ခြင်း၊ စည်းရုံးခြင်းစသည့် နည်းလမ်းမျိုးစုံဖြင့် စိုက်ခင်း မြေများအား ဝယ်ယူလျက်ရှိပါသည်။ ၎င်းအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယခင် စိုက်ပျိုးထားသည့် တောင်သူများ၏ စိုက်ခင်းများအား ဝန်ကြီးဌာနမှ မြေငှားရမ်းခွင့် ပြု၍ အလုပ်အကိုင်မပျက်စေရန် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကုမ္ပဏီများ၏ စိုက်ခင်းများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ အရေးယူခြင်း၊ ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ဖြေကြားရမည်ဆိုလျှင် ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးသစ်တောကြီးဝိုင်းသည် အကွက်ပေါင်း(၇၅)ကွက်နှင့် ဖွဲ့စည်းထားပြီး ဧရိယာ (၄၅၄၇၁ . ၅၆)ဧက ကျယ်ဝန်းပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများအား တည်ထောင်ရန် ခွင့်ပြုပေးလျက်ရှိရာ မဘိမ်းမြို့နယ်၊ ငါးအိုးကြီးဝိုင်းအတွင်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဂရိတ်ဝေါလ် ကုမ္ပဏီအား ကြံနှင့်ပီလောပီနံစိုက်ပျိုးရန် ဧက(၂၀၀)၊ ၂၀၀၈ ခုနှစ်တွင် အောင်ဝင်းနားလန်းကုမ္ပဏီအား ကျန်တဲ့ပီလောပီနံစိုက်ပျိုးရန် ဧက(၁၂၀၀)၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ဂွတ်ဘရားသားစ်ကုမ္ပဏီအား ပုဂ္ဂလိကကျွန်းစိုက်ခင်းစိုက်ပျိုးရန် ဧက(၁၈၀၀)နှင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဟွန်ဒါ(မြန်မာ)ကုမ္ပဏီအား ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ရန် ဧက(၄၀၀၀)အား သတ်မှတ်မြေငှားရမ်းခ တစ်နှစ်တစ်ဧကလျှင် ကျွန်း(၁၀၀/-)၊ ရာဘာ၊ ကြံ၊ ပီလောပီနံစိုက်ခင်းများအတွက် (၅၀၀/-) နှုန်းဖြင့် နိုင်ငံတော်သို့ ပေးသွင်းစေပြီး နှစ်(၃၀)မြေငှား စာချုပ်စနစ်ဖြင့် ခွင့်ပြုစိုက်ပျိုးပါသည်။

ထိုသို့ ခွင့်ပြုရာတွင် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များသို့ လုပ်ငန်းဆောင်ရွက်မည့် စီမံချက်ရေးဆွဲ တင်ပြစေပြီး စီမံချက်အရနှစ်စဉ် အမှန်တကယ်စိုက်ပျိုးသည့် ဧရိယာ(ဧက)အလိုက် မြေငှားရမ်းခပေးသွင်းစေပြီးမှ တစ်နှစ်ချင်းစာချုပ်ချုပ်ဆို၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကြီးပိုင်းအတွင်း သီးနှံစိုက်ပျိုးလျက်ရှိသည့် တောင်သူများအား သစ်တောဦးစီးဌာနနှင့် တရားဝင်မြေငှားစာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ပြုနိုင်ပါသည်။လုပ်ကိုင်နိုင်သည့်နည်းလမ်းများမှာ ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်း နည်းလမ်းများဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးနိုင်ရပါသည်။ သစ်တောဦးစီးဌာနမှ လျှောက်ထားသည့်ဧရိယာ၊ လုပ်ငန်းလုပ်ကိုင် လိုသူများကို စီစစ်၍ စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်ပါက အနှစ်(၃၀) မြေငှားစာချုပ်ဖြင့် ခွင့်ပြုပေးနိုင်ပါသည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များ စာချုပ်ပါ စည်းကမ်းများအတိုင်း အမှန်တကယ်စိုက်ပျိုးခြင်း ရှိ/မရှိအား သစ်တောဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပါသည်။ အမှန်သတ်မှတ်ဧကအတိုင်း စိုက်ပျိုးမှုသာ စီမံချက်အရ နောင်စိုက်ပျိုးမည့် ဧရိယာ(ဧက)များအတွက် မြေငှားရမ်းခပေးသွင်းစေပြီး ဆက်လက်စာချုပ်ချုပ်ဆိုခွင့်ပြုစေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနမှ သတ်မှတ်သည့်ခွင့်ပြုစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းမပြုသော (သို့မဟုတ်)နှစ်အလိုက် သတ်မှတ်စိုက်ဧကအပြည့်အဝမစိုက်ပျိုးသော ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် ကုမ္ပဏီတို့အား စစ်ဆေး၍ စည်းကမ်းနှင့်မညီညွတ်ပါက ခွင့်ပြုထားသည့် ဧရိယာအား ပြန်လည် သိမ်းဆည်းခြင်း၊ သစ်တောဦးစီးဌာနမှ သတ်မှတ်သည့်လျော်ကြေးငွေအား ပေးဆောင်စေခြင်းစသည့် အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးသန့်ဇင်ဦးက တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး(မဘိမ်းမဲဆန္ဒနယ်အမှတ်-၂)။ တတိယမေးခွန်းကတော့ ရှမ်းပြည်နယ်တွင် ကုမ္ပဏီများမှ သတ္တုအသေးစားလုပ်ကွက်များ လျှောက်ထား၍ တူးဖော်နေကြပါသည်။ ၄င်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ရံပုံငွေမည်မျှရရှိသည်ကိုလည်းကောင်း၊ မဘိမ်းမြို့နယ်တွင်လည်း ကုမ္ပဏီများမှ ရွှေသတ္တုအသေးစားလုပ်ကွက် လျှောက်ထား၍ တူးဖော်နေရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးရံပုံငွေ မည်မျှရရှိကြောင်းနှင့် ရရှိငွေမှ မိမိမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန့်ဇင်ဦးရဲ့မေးခွန်းကို ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးသန့်ဇင်ဦး ရဲ့ မေးမြန်းချက်မှာ " ရှမ်းပြည်နယ်တွင် ကုမ္ပဏီများမှ သတ္တုအသေးစားလုပ်ကွက်များ လျှောက်ထား၍ တူးဖော်နေကြပါသည်။ ၄င်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ရံပုံငွေမည်မျှရရှိသည်ကိုလည်းကောင်း၊ မဘိမ်းမြို့နယ်တွင်လည်း ကုမ္ပဏီမှ ရွှေသတ္တုအသေးစား လုပ်ကွက်လျှောက်ထား၍ တူးဖော်နေရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးရံပုံငွေ မည်မျှရရှိနည်းကြောင်းနှင့် ရရှိငွေမှ မိမိမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" နှင့် စပ်လျဉ်းပြီး၊ စပ်လျဉ်းတဲ့မေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ပြည်ထောင်စု တဝှမ်းလုံးရှိ ကုမ္ပဏီများမှ လာရောက်၍ သတ္တုမိုးစုံ တူးဖော် လျက်ရှိပါသည်။ ထိုသို့ တူးဖော်လျက်ရှိသော ကုမ္ပဏီများကို ပြီးခဲ့သည့် ပြည်နယ်လွှတ်တော် ပထမအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ရံပုံငွေအတွက် ကောက်ခံနိုင်ရန် အဆိုပြုခဲ့ပြီး ထိုအဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့ သည့်အတွက် ရံပုံငွေများ ကောက်ခံခဲ့ပါသည်။သဘာဝပတ်ဝန်းကျင် ရံပုံငွေကို မြန်မာ့စီးပွားရေးဘဏ် (တောင်ကြီး)မြို့တွင် **CF-001329**ဖြင့် စာရင်း ဖွင့်ပြီး ရံပုံငွေများကို ဘဏ်တွင် တိုက်ရိုက်ပေးသွင်း စေခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ(၂၇)ရက်နေ့ထိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရံပုံငွေ စုစုပေါင်း(၃၀၂၅. ၂၅)သိန်းကောက်ခံရရှိပြီးဖြစ်ပါသည်။ အလားတူဒေသဖွံ့ဖြိုးရေး ရံပုံငွေကို တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းအမှတ် **CF-001330**ဖြင့် ဖွင့်လှစ်ပြီး ရံပုံငွေများကို ဘဏ်သို့တိုက်ရိုက် ပေးသွင်းစေခဲ့ရာ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့အထိ ရံပုံငွေစုစုပေါင်း(၃၀၁၃. ၂၅)သိန်း ကောက်ခံ ရရှိပြီးဖြစ်ပါတယ်။ သို့သော် ယခုအခါတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရံပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးရံပုံငွေဟူ၍ စာရင်းဖွင့်လှစ်ငွေပေးသွင်းခြင်းကို ရပ်ဆိုင်းစေပြီး တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းအမှတ် **CF-001437** ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရံပုံငွေခေါင်းစဉ် အသစ်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းခေါင်းစဉ်အရ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇) ရက်နေ့အထိ ရံပုံငွေပေါင်း(၁၃၁၅)သိန်းတိတိ ကောက်ခံရရှိပြီးဖြစ်ကြောင်း ဖြေကြား အပ်ပါသည်။

ထို့အပြင် မဘိမ်းမြို့နယ်အတွင်း အသစ်လျှောက်ထားလာသော ကုမ္ပဏီများမှ သတ္တုတူးဖော်ခြင်းကို ရံပုံငွေများ ကောက်ခံရာ ၄င်းမြို့နယ် ဧရိယာအနေဖြင့် ရံပုံငွေစုစုပေါင်းသိန်း(၆၀) ကောက်ခံရရှိပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကောက်ခံရ သည့်ရံပုံငွေစုစုပေါင်း(၇၃၅၃. ၅)သိန်းကို ယနေ့အထိ မြန်မာ့စီးပွားရေး ဘဏ်တွင်သာ ထားရှိထားပြီး လုံးဝထုတ်ယူသုံးစွဲထားခြင်း မရှိသေးကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတ္ထဋ္ဌ။ နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချို့မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝ ပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ဒီအစည်းအဝေးကြီးမှာ ဝက်ဝံ-တောင်ခမ်း လမ်းမိုင်(၂၀)နှင့် ပတ်သက်လို့ မေးမြန်းသွားမှာဘဲ ဖြစ်ပါတယ်။ ဝက်ဝံတောင်ခမ်း လမ်းမိုင်(၂၀)အား ဖောက်လုပ်ခဲ့တဲ့နေရာမှာ ကျောက်ကြမ်းလမ်း(၁၂)မိုင်ခန့်ပြီးစီး ခဲ့ပြီး၊ (၈)မိုင်ခန့်မှာ တစ်ကြောင်းထိုးမြေသားလမ်း အဖြစ်သာ ဆောင်ရွက်ပြီးစီး ခဲ့သေးသည်ကို တွေ့ရှိပါတယ်။ ယင်း လမ်းဖောက်ပေးခြင်းအားဖြင့် တောင်းခမ်း ဒေသမှ မန္တလေးသို့ သွားတဲ့ နေရာမှာ မိုင်(၂၀)ခန့်သက်သာ သွားမည်ဖြစ်ပြီး၊ လမ်းတ လျှောက်ရှိ ကျေးရွာများလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ဖွံ့ဖြိုးတိုးတက်လာကာ ကုန်စည်စီးဆင်းမှုလမ်းကြောင်း ဖြန့်ဖြူးလာမည် ဖြစ်ပါတယ်။ ဝက်ဝံ-တောင်ခမ်းလမ်း မိုင်(၂၀)ဖောက်လုပ်ရာတွင် ကျန်ရှိနေသေးတဲ့တစ်ကြောင်း ထိုးမြေသားလမ်း(၈)မိုင်ကို ကျောက်ခင်းလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ရန် အစီအစဉ်ရှိပါသလား။အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေး ပါမလဲလို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီး က ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ နောင်ခြုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြမေးမြန်းသည့် ဝက်ဝံ-တောင်ခမ်းလမ်းသည် ၂၉မိုင် ၅ဖာလုံရှိပြီး၊ ပြည်နယ်မှ စီမံခန့်ခွဲရတဲ့ လမ်းအမျိုး အစားဖြစ်ပါတယ်။ လက်ရှိ လမ်းအမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ မိုင်တိုင်အမှတ်(၀/၀)မှ ၁၀ မိုင် ၃ ဖာလုံထိသည် အမာခံလမ်းဖြစ်ပြီး၊ မိုင်တိုင် အမှတ် (၁၀ မိုင်/၃ မှ ၂၉ မိုင်/၅ဖာလုံ)ထိသည် မြေလမ်းဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက်(၁၇. ၈၁၁)သန်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း အတွက် ရံပုံငွေရရှိခဲ့ပါတယ်။သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေ(၅ . ၈၁၁)သန်းဖြင့် မိုင်တိုင်အမှတ် (၀/၀ မှ ၁၄/၅)အတွင်း လမ်းဘေးရေမြောင်းတူးခြင်း၊ ချုံခုတ်ခြင်း၊ လမ်းခြင့်ခွက်များ ကျောက်ပြုန်းဖြင့် ဖာထေးခြင်း၊ (၁၀၁၄၀) စတုရန်းပေ မိုင်ဖာလုံ တိုင်များအား စိုက်ထူခြင်း(၁၀)ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အထူးပြင်ဆင်ထိန်းသိမ်းခြင်း ငွေနဲ့ ရံပုံငွေ(၄ . ၅)သန်းဖြင့် မိုင်တိုင်အမှတ် (၁၀/၃မှ ၁၄/၀)အတွင်း (၂)ပေ ရေပြွန်တံတားငယ်(၃)စင်း တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ မိုင်တိုင်အမှတ်(၂၅/၅မှ ၂၉/၅)အတွင်း (၂)ပေ ရေပြွန်တံတားငယ် (၅)စင်းတည်ဆောက်ခြင်းလုပ်ငန်းကို (၃ . ၅)သန်း ရံပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်းရရှိရံပုံငွေ (၁၇ . ၈၁၁)သန်းဖြင့် အထက်ပါလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရံပုံငွေ(၃၅၃ . ၀၀)သန်းဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တင်ပြ လျှာထားပါတယ်။ မိုတိုင်အမှတ်(၂၄/၅မှ ၂၉/၅)အထိ (၅)မိုင်ကို (၂)လက်မ-(၄)လက်မ ကျောက်(၇၀%)နှင့် (၁)လက်မ-(၂)လက်မ ကျောက်(၃၀%)ညှပ်၍ (၄)လက်မထူ (၂)လွှာခင်းခြင်း၊ ပြုန်းကျောက်(၂)လက်မထူ ဖြန့်ခင်းကြိတ်ခြင်း၊ တစ်ဖက် (၃)ပေအကျယ် မြေသားလမ်း ပခုံးခင်းကြိတ်ခြင်း လုပ်ငန်းများအတွက် (၂၉၇ . ၀၀)သန်းလျှာထားပါတယ်။

မိုင်တိုင်အမှတ်(၁၅/၀မှ ၁၅/၁)၊ မိုင်တိုင်အမှတ်(၁၅/၅မှ ၁၅/၆)၊ မိုင်တိုင်အမှတ်(၁၆/၀မှ ၁၆/၁)၊ မိုင်တိုင်အမှတ်(၁၆/၄မှ ၁၆/၅)၊ မိုင်တိုင်အမှတ်(၁၆/၅မှ ၁၆/၆)အတွင်းမှာရှိနေတဲ့ (၅)ပေ×(၅)ပေ×(၂၄)ပေအကျယ်ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်တံတား (၅)စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် (၃၂. ၀၀)သန်း လျာထားပါတယ်။

မိုင်တိုင်အမှတ်(၁၅/ ၂မှ ၁၅/၃)၊ မိုင်တိုင်အမှတ်(၁၇/၀မှ ၁၇/၁)အတွင်း (၁၀)ပေ အရှည် (၂၄)ပေအကျယ် ကျောက်စီကမ်းကပ်ခုံနဲ့ သံကူကွန်ကရစ်ကြမ်းခင်းတံတား(၂)စင်း တည်ဆောက်ရန်အတွက် (၂၄ . ၀၀)သန်းလျာထားပါတယ်။

ကျန်ရှိမြေသားလမ်း (၁၄ မိုင် ၂ ဖာလုံ)ကို နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေခွဲဝေရရှိ ရေးဆက်လက်တင်ပြတောင်းခံပြီး ကျောက်လမ်းအဆင့်မြှင့်သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုနေ့လည်စာစားသုံးဖို့ အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ခတ္တရပ်နားပါမယ်။ အစည်းအဝေးကို နေ့လည် (၁)နာရီ (၄၅)မိနစ်အချိန်မှာ ပြန်လည်စတင်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။

တတိယနေ့ (ဒုတိယပိုင်း)အစီအစဉ်
ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု အချိန်ကစပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(ဒုတိယပိုင်း) အစီအစဉ်ကို စတင်ကျင်းပပါတော့မှာ ဖြစ်ပါသဖြင့် သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ (၃) ကြိမ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။
အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၁၂ ခုနှစ်နှင့် ၂၀၁၂-၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း
ရက်စွဲ ၊ ၂၀၁၂၊ ဖေဖော်ဝါရီလ ၂၉ ရက်

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးရဲ့ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ တင်သွင်းသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၁၂ ခုနှစ်နှင့် ၂၀၁၂-၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၃/ပုဒ်မခွဲ(ခ)အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြ ပေးပါရန် ဖြစ်ပါတယ်။ ဖတ်ကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်ကျော်ညွှန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌမှ တာဝန်

ပေးအပ်သော ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် တင်သွင်းဖတ်ကြားရမဲ့ ဥပဒေကြမ်းကတော့ ရှုမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှုမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းသည့် ၂၀၁၁-၁၂ ခုနှစ်၊ ၂၀၁၂-၁၃ ခုနှစ်ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်သွင်းရမှာ ဖြစ်ပါတယ်။

နိဒါန်း

၁။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ရှုမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးသို့ ရှုမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၁-၁၂ ခုနှစ်၊ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်များအတွက် ဒေသန္တရ စီမံကိန်းဥပဒေကြမ်းကို တင်သွင်းခဲ့ပါတယ်။

၂။ ယင်းတင်ပြချက်များအရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ယင်းစီမံကိန်း ဥပဒေကြမ်းနှင့်ပတ်သက်ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ နည်း ဥပဒေပုဒ်မ ၁၃၃၊ (ခ)အရလွှတ်တော် တွင်ဖတ်ကြားရှင်းလင်းနိုင်ရေးနှင့် ကော်မတီ၏ အစီရင်ခံစာပြုစုတင်ပြရန် ပေးပို့လာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ယင်းညွှန်ကြားချက်နှင့်အညီ ဤအစီရင်ခံစာကို ပြုစု တင်ပြ ရခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၄။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမ အကြိမ် ရှုမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ရှုမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၁၃ခုနှစ်နှင့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းတွင် ဖော်ပြပါရှိသော အချက်များသည် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ် အတွက် နောက်ဆုံးလသို့ရောက်ရှိ နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထူးစိစစ် ဆောင်ရွက်ရန်မရှိပဲ အတည်ပြုပေးသင့်သည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၂-၁၃ဘဏ္ဍာရေးနှစ်အတွက်တင်ပြသည့် ဥပဒေကြမ်းများမှာ ကုန်ဆုံး မည့် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်ကို အခြေပြုပြီးရေးဆွဲပေးသည့် ဥပဒေကြမ်းဖြစ် ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းကဏ္ဍ အလိုက် မူဝါဒများရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လာ သည့် စီမံကိန်းဖြစ်သည်ကိုလည်းတွေ့ရှိရပါသည်။

၆။ အခြို့ကဏ္ဍများတွင် ဖော်ပြသည့်စာသားအသုံးအနှုန်းများသည် ရှေ့နောက် အဓိပ္ပါယ်မကွဲလွဲစေရေးနှင့် လက်တွေ့အသုံးအဆောင်နှင့် မကင်းလွှတ်စေရန်

သတိပြုသုံးနှုန်းသင့်ကြောင်းကို သုံးသပ်ရရှိပါသည်။ ဥပမာ-ဥပဒေကြမ်း၏ ပုဒ်(၉) အပိုဒ်(၂)၌ သစ်နှင့်အခြားသစ်တော ထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲရေးဟူသော အသုံးအနှုန်းအား စဉ်ဆက်မပျက်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေးဟု သုံးနှုန်းသင့်ပါကြောင်း အဆိုပြုအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၇။ အထက်တွင်ဖော်ပြခဲ့သည့်အတွက် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကန်း ဥပဒေကြမ်းသည် ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်အတွက် လုပ်ဆောင်ခဲ့သည်များကို မိမိဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့်အချက်များဖြင့် ပေါင်းကူးဆောင်ရွက်သွားမည်ကို တွေ့ရှိရသဖြင့် ဖော်ပြသည့် ကိန်းဂဏန်းများကို အခြေခံနှစ်အဖြစ်ထား၍ သင့်ပါသည်။

၈။ တင်သွင်းလာသည့် ဥပဒေကြမ်းတွင်ဆောင်ရွက်မည့် ရည်မှန်းချက်များသည် ဒေသတစ်ခုချင်းအတွက် ခွဲခြမ်းစိတ်ဖြာ၍ဆောင်ရွက်ရန်မဟုတ်ပဲ ရှမ်းပြည်နယ်ဒေသတစ်ခုလုံးကို လွှမ်းခြုံကာ ရည်မှန်းထားသည့်အချက်ဖြစ်ပါသည်။ ဥပဒေကြမ်းအား အတည်ပြုပြီးပါက ယင်းအားအခြေခံပြီး ဒေသတစ်ခုခြင်းစီအတွက် စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၉။ သို့ဖြစ်ပါ၍ တင်သွင်းသည့်စီမံကိန်းဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း ဤကော်မတီမှ အစီရင်ခံတင်ပြအပ်ပါသည်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၁၃ ခု ဘဏ္ဍာရေးနှစ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စာရင်းပေးသွင်းထားခြင်းမရှိတဲ့အတွက် နောက်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၂-၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ရှင်းလင်းဆွေးနွေးခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂-၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအနေဖြင့် တင်ပြပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးခွန်သိန်းမောင်၊ စီမံကိန်းဝန်ကြီး ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအား ပူးတွဲတာဝန်ထမ်းဆောင်နေသော ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းတဲ့ ၂၀၁၁-၁၂ နဲ့ ၂၀၁၂-၁၃ ခုနှစ်ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့စီစစ် တင်ပြချက်အစီရင်ခံစာအပေါ် အဆိုပြုချက်အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေပြုဆိုင်ရာကော်မတီ လေ့လာတွေ့ရှိချက်များထဲမှ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတဲ့ ဥပဒေကြမ်းမှာ ကုန်ဆုံးမဲ့ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်ကို အခြေပြုပြီး ရေးဆွဲထားတဲ့ ဥပဒေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအလိုက် မူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လာသည့် စီမံကိန်းဖြစ်သည်ကို တွေ့ရှိရကြောင်းလို့ ဖော်ပြထားပါတယ်။

အခု ကဏ္ဍာတွေမှာဖော်ပြထားတဲ့ စာသားအသုံးအနှုန်းများသည် အရှေ့၊ အနောက် အဓိပ္ပါယ်မကွဲလွဲစေရေးနှင့် လက်တွေ့အနေအထားနှင့် မကင်းလွတ်စေရန် သတိပြုသုံးနှုန်းသင့်ကြောင်းကို သုံးသပ်ရရှိပါသည်ဟု ဖော်ပြထားတာကိုလည်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဒေသန္တရ ဥပဒေကြမ်းရဲ့ ပုဒ်မ(၉)အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)၌ သစ်နှင့်သစ်တောထွက် အခြားပစ္စည်းများစဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲရေးဟူသော အသုံးအနှုန်းအား စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေးဟု သုံးနှုံးသင့်ပါသည်ဆိုတဲ့ အဆိုပြုချက်ဟာ ပိုမိုပြည့်စုံလေးနက်ပါသဖြင့် လျော်ကန်သင့်မြတ်လှပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကန့်ကွက်ရန်မရှိသဘောတူပါတယ်။

အဲ့ဒီအပြင် ကော်မတီရဲ့သဘောထားမှတ်ချက်ဖြစ်တဲ့ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းသည် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ဆောင်ခဲ့သည်များကို မိမိဒေသနှင့်လိုက်လျော ညီထွေမည့်အချက်များနှင့် ပေါင်းကူးဆောင်ရွက်သွားမည်ကို တွေ့ရှိရသဖြင့် ဖော်ပြတဲ့ကိန်းဂဏန်းများအခြေခံနှစ်အဖြစ် ထားရှိသင့်သည်ဆိုတဲ့ အဆိုပြုအကြံပြုချက်ကိုလည်း လျော်ကန်သင့်မြတ်လှပါတယ်။ ၂၀၁၂-၁၃ ခုနှစ်အတွက် ရှမ်းပြည်နယ်ရဲ့ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းမှာ ဆောင်ရွက်မဲ့စီမံကိန်း ရည်မှန်းချက်များသည် ဒေသတစ်ခုခြင်းအတွက် ခွဲခြမ်းစိတ်ဖြာ၍ ဆောင်ရွက်ရန် မဟုတ်ပဲ ရှမ်းပြည်နယ်ဒေသတစ်ခုလုံး လွှမ်းခြုံကာ ရည်မှန်းထားသည့် အချက်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အတည်ပြုပြီးပါက ယင်းအားအခြေခံပြီး ဒေသတစ်ခုချင်းစီအတွက် စီမံချက်များ ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးသပ်အတည်ပြုချက် ဖော်ပြချက်သည် လျော်ကန်သင့်မြတ်လှပါသဖြင့် ကန့်ကွက်ရန်မရှိ သဘောတူပါတယ်။ အဲ့ဒီအပြင် ဖော်ပြပါ အကြံပြုချက်အတိုင်းဒေသ(၁)ခုခြင်းစီအတွက် စီမံချက်များ ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၂၀၁၂-၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ပြင်ဆင်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းပြီး၊ အဆိုပြုပေးသည့် ပြဌာန်းချက်သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲရေးအစား ပြင်ဆင်သတ်မှတ်ပေးသည့် စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေးဟူသော အသုံးအနှုန်းကို ဥပဒေကြမ်းမှာ ပြင်ဆင်သတ်မှတ်ရန်အတွက်လွှတ်တော်ရဲ့ဆန္ဒကို ခံယူပါတယ်။ ပြင်ဆင်သောအသုံးအနှုန်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(၃ ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်)

လွှတ်တော်ကသဘောတူသည့်အတွက်စဉ် ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲရေး ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ကွန်ဟိန်းမှ မိုင်တိုင်အမှတ်(၁၅)မိုင်ရှိ(၃၅)မိုင် ရှည်သော ကွတ်ပုံ/ဝမ်လေးတံတား၊ မိုင်တိုင်အမှတ်(၂၅)ရှိ(၇၂)ပေရှည် သော ဆိုင်မွန်း၊ ဆိုက်ခေါင်တံတား၊ မိုင်တိုင်အမှတ်(၃၀)ရှိ ပေ (၁၀၀) ရှည်သော ခိုလေ/ငါးတိုင် တံတားကြီးများသည် အသုံးပြု၍မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်း အတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိသောကြောင့် အဆိုပါတံတားကြီး (၃)စင်းအား စိစစ်၍ ပြန်လည် ပြုပြင်ပေးနိုင်ရန် အဆိုကိုပေးပို့ပေးပါတယ်။ ယင်းအဆိုနဲ့ပတ်သက်လို့ ဆွေးနွေး မည့် ကိုယ်စားလှယ်မရှိတဲ့အတွက် အဆိုနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်း ဆေးနွေးပေးပါရန် ဖိတ်ခေါ် အပ်ပါတယ်။

စိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့. လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့. လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု တင်သွင်းသော အဆိုဖြစ်သည့် မိုင်တိုင်အမှတ် ၈၇/၅ တွင် တည်ရှိသော တံတားအမှတ် ၄/၈၈ အရှည် (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လေးတံတားသည် ပြည်နယ်လမ်းဖြစ်သော မိုးနဲ/ ကျိုင်းတောင်း/ဆိုက်ခေါင်/ကွန်ဟိန်းလမ်းပေါ်တွင် တည်ရှိပြီး မိုင်တိုင် အမှတ် ၂/၄ ရှိတံတားအမှတ်၊ ၁/၃ ပေအရှည်(၇၂)ပေ ရှည်သော ဆိုင်မွန်း/ဆိုက်ခေါင် တံတားနှင့် မိုင်တိုင်အမှတ် ၆/၅ ရှိတံတားအမှတ် ၅/၇ပေ အရှည်(၁၀၀) ရှိသော ခိုလေ/ငါးတိုင်တံတားများသည် ပြည်နယ် လမ်းဖြစ်သည့် ဆိုက်ခေါင်/ ကျိုင်းခမ်းလမ်းပေါ်တွင် တည်ရှိပါသည်။ အဆိုပါလမ်းများတွင် ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ် အတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းရန် ပုံငွေခွဲဝေချထားပေးခြင်း မရှိသည့်အတွက် ဤအဆိုကို အသေးစိတ်ဆွေးနွေး ရှင်းလင်းရန်မရှိပါ။ အဆိုအားပြန်လည် ရုပ်သိမ်းပြီး မေးခွန်းအဖြစ်သာ ပြန်လည် မေးမြန်းစေသင့်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုတင်သွင်းသော ကိုယ်စားလှယ်အနေနဲ့ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၁၉၊ နည်းဥပဒေခွဲ(၈)အရ ပြန်ကြား ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၁)။ လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် ဒုတိယနေ့အစည်းအဝေးမှာ လမ်းတံတားများကိစ္စနှင့်ပတ်သက်ပြီး အဆိုပြု တင်ပြခဲ့ပါတယ်။ ယင်းအဆိုကိုသုံးသပ်ပြီး အဆိုအစား မေးခွန်းအဖြစ် ပြောင်းလဲ တင်ပြပေးပါရန် ဝန်ကြီး မှ မေတ္တာရပ်ခံလာပါတယ်။ ကျွန်တော်ရဲ့ အဆိုသည် မြေပြင်တွင် အမှန်တကယ် ဖြစ်လျက်ရှိသော ကိစ္စဖြစ်ပြီး ဒေသနေပြည်သူများ၏ အသံအမှန်ဖြစ်ပါသည်။ ပြည်သူတို့၏ အသံအမှန်အား လွှတ်တော်သို့ တင်ပြ ရမည့်တာဝန်ရှိသည်နှင့်အညီ ယင်းအဆိုကိုတင်ပြရခြင်းဖြစ်ပါသည်။ အဆိုပြု သည်ဖြစ်စေ မေးခွန်းပြုသည်ဖြစ်စေ အရေးကြီးသည်မှာ ပြည်သူအသံ လွှတ်တော် ရောက်ရေးသာဖြစ်သဖြင့် မိမိအဆိုပြုချက်အား မေးခွန်းအဖြစ် ပြောင်းလဲတင်ပြပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းနု ၏ " ကွန်ဟိန်းမှ မိုင်တိုင်အမှတ် (၁၅)မိုင်ရှိ (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင် အမှတ်(၂၅)မိုင်ရှိ (၃၂)ပေ ရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင် တံတားမိုင်တိုင် အမှတ်(၃၀)ရှိပေ(၁၀၀)ရှည်သော ခိုလေ/ငါးတိုင် တံတားကြီးများသည် အသုံးပြု၍ မရရှိ နိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းအတွင်းမှ ဖြတ်သန်းသွားလာ နေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိ သောကြောင့် အဆိုပါ တံတားကြီး(၃)စင်းအား စိစစ်၍ပြန်လည်ပြုပြင်ပေးရန် " အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲ သတ်မှတ်ရန်လွှတ်တော်က

" သဘောတူပါသလား ခင်ဗျား။ "

(၃ ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်)

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူတဲ့အတွက်ဂုဏ်းအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသတ်မှတ်ပါကြောင်း အတည်ပြုကြေငြာအပ်ပါတယ်။

[ဩဘာသံများ]

ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ဓါတ်သတ္တုရှာဖွေစမ်းသပ်တူးဖော်မှုနှင့်စပ်လျဉ်းသည့် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ဆက်လက်ပြီး၊ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)သည် "ပြည်နယ်အတွင်းဓါတ်သတ္တုရှာဖွေစမ်းသပ်တူးဖော်သူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ်မှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်ရေးစိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုကိုဆွေးနွေးမဲ့ ကိုယ်စားလှယ်အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့် ရှေးဦးစွာ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသောင်းရွှေ က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

ဦးသောင်းရွှေ(ကလောမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်အမှတ်(၁)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ်၊ အမှတ်(၂)မဲဆန္ဒနယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်နေမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေးအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကနေ့ နိုင်ငံတော်အစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့အသစ်တို့ရဲ့ အသွင်ကူးပြောင်း ကနဦးအပိုင်းကာလမှာ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာတာနဲ့အမျှ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများအနေနှင့် ရွှေနှင့်အခြားဓါတ်သတ္တုစမ်းသပ်ရှာဖွေလုပ်ကိုင်ရေး ကို စွန့်စားလုပ်ကိုင်လာကြပါတယ်။

ဒီလိုလုပ်ကိုင်ကြရာမှာ ပြည်နယ်အစိုးရထံသို့ လုပ်ကိုင်လိုတဲ့ လုပ်ကွက်နေရာအား မြေရာဇဝင်စစ်ဆေးခွင့်နှင့် မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခွင့်ရရှိရေး ဦးစွာတင်ပြလျှောက်ထားပြီး မြေပုံစံ(၁၀၅)ရရှိပါက သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရပါတယ်။ ဒီလိုလျှောက်ထားရာမှာ ရွှေသတ္တုတူးဖော်လုပ်ကိုင်ခွင့်ကို အသေးစားလုပ်ကွက်(၁)ခုလျှင် ဧက(၂၀)ဖြင့် လျှောက်ထားရပြီး လုပ်ကိုင်ခွင့်ရရှိပါက စမ်းသပ်ကာလဟူ၍ မရှိတော့ပဲ နိုင်ငံတော်ဘဏ္ဍာအခွန်သို့ သတ်မှတ်နှုန်းအတိုင်း(၁)နှစ်စာအတွက် အပြီးငွေပေးသွင်းစာချုပ်ပြီးမှ လုပ်ကိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ရွှေသတ္တုရှာဖွေ လုပ်ကိုင်ခြင်းဟာ မြေအောက်မှာ ကြိုတင်မမြင်ရတဲ့ သယံဇာတကို စွန့်စားရင်းနှီး လုပ်ကိုင်ရဲတာကြောင့်တစ်ဘက်မှာလည်း လုပ်ကိုင်သူများကို လုပ်သာကိုင်သာ ရှိစေမည့်အခွင့်အလမ်း အခြေအနေများရှိအောင် ဖန်းတီးပေးနိုင်ပါက ပိုမိုအကျိုးရှိ အောင်မြင်စေမှာဖြစ်ပါတယ်။ ဤနေရာမှာ အလျဉ်းသင့်လို့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်အတွင်းမှာ တွေ့ကြုံရတဲ့ အခြေအနေတစ်ရပ်အပေါ် အခြေခံပြီးတင်ပြ လိုပါတယ်။ ကလောမြို့နယ်၊ ရွှေမင်းဖုန်းကျေးရွာအုပ်စု နယ်မြေအတွင်းမှာ ဒေသခံတိုင်းရင်းသားများ ခေတ်အဆက်ဆက်က လက်လုပ်လက်စားဘဝများဖြင့် မှီတင်းခိုလှုံလုပ်ကိုင်စားသောက်နေလာခဲ့ကြတဲ့ပျံကျရွှေလုပ်ကွက်(၁)နေရာတစ်ခုမှာ ဒေသခံကုမ္ပဏီငယ် (၃)ခုတို့က အသေးစားလုပ်ကွက်(၁)ခုစီဖြင့် တရားဝင်လုပ်ကိုင်ခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလျှောက်ထားခဲ့ကြပါသည်။ ဒေသခံများ မိခိုလုပ်ကိုင်စားနေရာမှာလည်း တင်ပြလျှောက်ထားတဲ့ အသေးစားလုပ်ကိုင်(၃)ခု နယ်မြေအတွင်းမှာသာဖြစ်တဲ့အတွက် အဆိုပါကုမ္ပဏီငယ်များအနေဖြင့် လုပ်ကိုင်ခွင့်ရရှိပါက မူလရှိနှင့်နေပြီးသားဖြစ်တဲ့ ဒေသခံများနှင့် ပိုနေမဲကျားနေမြဲလက်တွဲလုပ်ကိုင်သွားရန်ပဲ ဖြစ်ပါတယ်။

အဲဒီအခြေအနေမှာ အခြားဒေသမှ ကုမ္ပဏီကြီး(၄)ခုနှင့် ဖွဲ့စည်းထားတဲ့ အင်အားကြီး ကုမ္ပဏီအုပ်စုကြီး(၁)ခုက ဒေသခံကုမ္ပဏီငယ်များ လျှောက်ထားနေတဲ့ လုပ်ကွက်ငယ်(၃)ခုအပေါ် မှာလွှမ်းမိုးပြီး ဧရိယာ(၆၇၂၀)ကေခန့်ကို လေလံစနစ်ဖြင့်ဝင် ရောက်လာခဲ့ပါတယ်။ ၎င်းတို့အနေနဲ့ နိုင်ငံတော်သို့ (၅)နှစ်အတွက် ရွှေသတ္တု(၂ . ၂၀၅၈)တန်ပေးသွင်းရန် အကြောင်းပြချက်ဖြင့် ဝင်ရောက်လာတာဖြစ်တဲ့အတွက် အသေးစားလုပ်ကွက်လျှောက်ထားတဲ့ ဒေသခံကုမ္ပဏီငယ်များအနေနဲ့ နိုင်ငံတော်သို့ အခွန်ပိုမိုများပြားစွာ ပေးသွင်းမည့်တာဝန်ကို အသိအမှတ်ပြုသောအားဖြင့်

မိမိတို့ပုံစံ(၁၀၅)ရရှိထားသော လျှောက်ထားဆဲလုပ်ကွက်နေရာများအား လက်လွတ်ဆုံးရှုံးပေးခဲ့ရတဲ့အနေအထားမျိုး ရောက်ရှိခဲ့ရပါတယ်။ အဆိုပါလေလံကုမ္ပဏီကြီးအနေဖြင့် လေလံစနစ်မဆောင်ရွက်မီ လုပ်သင့်လုပ်ထိုက်သော မြေပြင်သို့ကွင်းဆင်းလေ့လာပြီး၊ ၄င်းတို့ပေးသွင်းရမည့် ရွှေတန်ပမာဏကိုအမှန်တကယ်ပေးသွင်းနိုင်ခြင်း ရှိ/မရှိ အသေအခြာလေ့လာ စမ်းသပ်တွက်ချက်ဆောင်ရွက်ခဲ့ခြင်းမရှိပဲ လုပ်ငန်းအဆင့်များ ကျော်လွန်ဝင်ရောက် လာခြင်းကြောင့် မြေပြင်တွင် အမှန်တကယ်လုပ်ကိုင်နိုင်သည့် အခါနိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေသတ္တုတန်ပမာဏ အခြားအခွန်အခစရိတ်များ၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ ပေါင်းစပ်လိုက်သည့်အခါ ကုန်ကျစရိတ်ပမာဏမှ များပြားလွန်းသည့်အပြင် ၄င်းတို့ကုမ္ပဏီအကျိုးစီးပွားအတွက်ပါ ဦးစားပေး၍ တွက်ခြေကိုက်အောင် မဖြစ်မနေ လုပ်ဆောင်ကြရတဲ့အတွက် ဒေသခံများနှင့် ညှိနှိုင်းအဆင်မပြေတော့ပဲ ပဋိပခများဖြစ်ပေါ်လာတာကို တွေ့မြင်ရပါတယ်။ လေလံကုမ္ပဏီ ကြီးများမှာ စက်ယန္တရားကြီးများကို အသုံးပြုသောကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများပြားပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကာ စားဝတ်နေရေးကြပ်တည်း ဒုက္ခရောက်လာခဲ့ကြတာကို တွေ့မြင်ရပါတယ်။

ထို့ပြင်အကြီးစားလေလံစနစ်ဖြင့် ဝင်ရောက်လာသောကုမ္ပဏီကြီးများအနေဖြင့် နိုင်ငံတော်၏လမ်းညွှန်ချက်ဖြစ်သော လုပ်ထုံးလုပ်နည်းစနစ်များတွင် ပွင့်လင်းမှုနှင့် ထင်သာမြင်သာ ရှိစေမှုအင်္ဂါရပ်များအားနည်းနေသဖြင့် ဒေသခံများနှင့် သံသယပဋိပခများ ပိုမိုဖြစ်ပေါ် ရသည်ဟု သုံးသပ်ရပါသဖြင့် နောင်တွင် ပြည်နယ်အတွင်းသို့ လေလံကုမ္ပဏီကြီးများ ဝင်ရောက်လာသည့်အခါ စနစ်ကျသောကြိုတင်ပြင်ဆင်လေ့လာမှု၊ ရှင်းလင်းမြင်သာသော လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်အိစုးရသို့ ကြိုတင်ဆက်သွယ်ဆောင်ရွက်မှု၊ ဒေသခံများရှိနေပါက တစ်လက်သက်နစ်နာမှုများ မဖြစ်စေရန် ကြိုတင်အပြန်လှန်ညှိနှိုင်းမှုစသည် စနစ်များဖြင့်ဆောင်ရွက်ပါက ဒေသတွင်း မလိုလားအပ်သောပဋိပက္ခ ဆိုးကြိုးများ မဖြစ်ပေါ် စေရန်ကာကွယ်ပေး နိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ထိုသို့ဆောင်ရွက်စေခြင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်မူဝါဒဖြစ်တဲ့ ယခင်ကကျင့်သုံးခဲ့သော **TOP, DOWN** အပေါ်မှ အောက်သို့ တိုက်ရိုက်ချပေးခိုင်းစေပြီး စနစ်ကိုရှောင်ကြဉ်ပြီး၊ **BOTTOM, UP** အောက်ခြေမြေပြင်တွင် ကြိုတင်လေ့လာညှိနှိုင်းပြီး သက်ဆိုင်ရာသို့တင်ပြဆောင်ရွက်သည့်စနစ်ကို လိုက်နာကျင့်သုံးရာလည်း ရောက်စေမှာဖြစ်ပါတယ်။

၄င်းအပြင် ရွှေသတ္တုထုတ်လုပ်သည့်အခါ ဆိုဒီယမ်ဆိုက်ရာနိုက်မသုံးလျှင် မဖြစ်သောဓါတုပစ္စည်းတစ်မျိုးဖြစ်ပါတယ်။ ၄င်းဆိုဒီယမ်ဆိုင်ရာနိုက်မှာ မသုံးလျှင် ရွှေပါသောမြေ၊ ရွှေပါသောကျောက်ခဲမှ ရွှေ(၂၅)ရာခိုင်နှုန်းသာ ထုတ်ယူနိုင်ပြီး၊ ဆိုဒီယမ်ဆိုင်ရာနိုက်သုံးခွင့်ရပါက ၈၅ % အထိ ထုတ်ယူနိုင်ပါတယ်။

ရွှေလုပ်ကွက်များတွင် ဆိုဒီယမ်ဆိုင်ရာနိုင်ကို တရားမဝင်သုံးစွဲ နေကြသည်မှာ တွင်တွင်ကျယ်ကျယ်ဖြစ်ပါတယ်။ မသုံးသော ရွှေလုပ်ကွက်မရှိသလောက်ပင် ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှ ဝန်ထမ်းများလည်း အသိပင် ဖြစ်ပါတယ်။ ဆိုဒီယမ်ဆိုင်ရာနိုက်မှာ မူးယစ်ဆေးဝါးကဲ့သို့သုံးချင် သလိုသုံး၍ရသော ဓါတုပစ္စည်း မဟုတ်ပါ။ အဆိုပါဓါတုပစ္စည်းကို တရားမဝင်ဟုသတ်မှတ်ထားပါက ရွှေတူးဖော်လုပ်ကိုင်သူများနှင့် သတ္တုဝန်ထမ်းများ အပေးအယူလုပ်စရာတစ်ခုမျှသာ ဖြစ်နေပါလိမ့်မယ်။ တရားဝင်စနစ်တကျ သုံးစွဲပြီးစနစ်တကျစွန့်ပစ်စေပါကပို၍ သင့်လျော်မည်ဟုယူဆပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်အစိုးရအနေဖြင့် ဒေသခံကုမ္ပဏီများကို အသေးစားလုပ်ကွက်များလုပ်ပိုင်ခွင့်ရရှိစေရေး စနစ်တကျ စိစစ်ချထားပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားနိုင်ပါက အောက်ပါ ကျေးဇူးများ ဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါတယ် -

(၁) အသေးစားလုပ်ကွက်တွင်စက်ယန္တရားများအသုံး မပြုပဲလုပ်အားဖြင့်သာ လုပ်ကိုင်ရသည့်အတွက် သဘာဝတောတောင်ပတ်ဝန်းကျင် ပြုန်းတီးပျက်စီးမှု အနည်းဆုံးဖြစ်ပေါ်စေပြီး ဒေသခံများအလုပ် အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း။

(၂) အလုပ်အကိုင်များတွင် ရွှေသတ္တုတူးဖော်သည့်လုပ်ငန်းအပြင် အခြားဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ စားသောက်ရေး၊ စွေးရောင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ရေပေးဝေရေး၊ လုပ်ငန်းသုံးပစ္စည်းများရောင်းချခြင်းစသည့် အခွင့်အလမ်းများပါဖြစ်ပေါ်လာသည့် အတွက် အသေးစားလုပ်ကွက်(၁)ခုလျှင် ဒေသခံလူဦးရေ သောင်းနှင့်ချီပြီး မှီခိုလုပ်ကိုင်လာနိုင်ခြင်း၊

(၃) ထိုသို့မှီခိုလုပ်ကိုင်နိုင်သဖြင့် တစ်ဦးချင်းဝင်ငွေများရရှိလာပြီး နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေနိုင်ခြင်း၊

(၄) ဒေသခံတိုင်းရင်းသားများအနေဖြင့် ကုမ္ပဏီဖွဲ့စည်း၍ စနစ်တကျ လုပ်ကိုင်တတ်သည့် အလေ့အကျင့်ရရှိစေပြီး၊ ဒေသတွင်းတွင် လုပ်ကိုင်ရသည့်အတွက် အရင်းအနှီးလေလွင့်မှု သက်သာစေသော တပိုင်တနိုင်လုပ်ကိုင်အောင်မြင်စေခြင်း၊

(၅) ဒေသခံများဖြစ်၍ မိမိအကျိုးနှင့်အတူဒေသ၏ ဖွံ့ဖြိုးရေးအကျိုးကိုပါ အပြန်အလှန် အထောက်အကူပြုစေနိုင်ခြင်း၊

(၆) ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်နိုင်ငံတော်သို့ တရားဝင် အခွန်ပေးဆောင်လုပ်ကိုင် ရသည့်ဥပဒေဘောင်အတွင်း လုပ်ငန်းများ အပေါ် ပိုမိုယုံကြည်ထားကာ စွန့်စားလုပ်ကိုင်လိုစိတ် ပိုမိုမြင့်အား အောင်ကြိုးတင်အားပေးရာရောက်စေခြင်းတို့ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်အကျိုး ပြည်နယ်ဒေသခံတိုင်းရင်းသားများ အကျိုး ကျေးဇူးကို အမှန်တကယ် ဖြစ်ထွန်းစေနိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု အဆိုပြုတင်ပြထားသည့် ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေ ထုတ်လုပ်၊ လုပ်ကိုင်လိုသူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက် ပေးခွင့် ပြုနိုင်ခဲ့လျှင် ဓါတ်သတ္တုအမျိုးပေါင်း စုံလင်စွာပေါကြွယ်ဝသော ရှမ်းပြည်နယ်၏ တိုးတက်မှုကို အနေအထားတစ်ခုသို့ ရောက်အောင်သတ္တု ကဏ္ဍမှ ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဟုယူဆပါတယ်။ သို့ဖြစ်ပါ၍ ဦးစိုင်းနု၏ အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကအလေးထား အကောင်အထည်ဖော် ဆောင်ရွက် ပေးနိုင်ခဲ့မည်ဆိုလျှင် ယင်းအဆိုပြုချက်သည် ရှမ်းပြည်နယ်အတွက် ကျယ်ပြန့်သော ကြီးမားသော အဆို(၁)ခုဖြစ်လာမည်ဖြစ်ကြောင်း အပြည့်အဝ ထောက်ခံတင်ပြအပ်ပါသည်ခင်ဗျား။ **[သြဘာသံများ]**

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီးမဘိမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦးက ဆက်လက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ဦးဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒ အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနု၏" ပြည်နယ်အတွင်း ဓါတ်သတ္တု စမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင် အသေးစား ထုတ်လုပ်လိုသူများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလို စိစစ်၍ လုပ်ကိုင်ဆောင် ရွက်ခွင့်ပြုနိုင်ရေး" အဆိုအား ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် မြို့နေလူထုနှင့်ကျေးလက်နေ လူထုအားအခြိုးတွက်ကြည့်ပါက ကျေးလက်နေပြည်သူ လူထုများတွင်လည်း လယ်ယာလုပ်ငန်းကို အားပေး အသက်မွေး ဝမ်းကျောင်း ပြုကြသည့် တောင်သူလယ်သမား အများစုဖြစ်ပါသည်။ဂုင်းတောင်သူအများစုမှာ လယ်ယာလုပ်ငန်းစိုက်ပျိုးပြီး ထွန်တုံးပိတ်ချိန်တွင် လုပ်ငန်းမရှိ၍ ရွှေထွက်ရှိရာ ချောင်း၊ မြောင်းများတွင်အုပ်စုလိုက် မိသားစုစီးပွားရေးအတွက် အပိုငွေရရှိရန် လုပ်ကိုင်ကြသည့် အစဉ်အလာရှိပါသည်။ ရွှေသတ္တုတူး ဖော်ရာတွင် အကြီးစား၊ အသေးစားလုပ်ကွက်များနှင့်တပိုင်တနိုင်လက်လုပ် လက်စားဟူ၍ ခွဲခြားထား သည်ကိုတွေ့ရှိရပါသည်။ အကြီးစားလုပ်ကွက်များအနေဖြင့် ဧက(၅၀)ထိ လည်းကောင်း အသေးစားလုပ်ကွက်တစ်ကွက်လျှင်(၀ . ၅၀)ကေဖြင့် လူ(၁)ဦးလျှင် လုပ်ကွက်(၃)ကွက်(၁. ၅၀)ဧကထိ လုပ်ကိုင်ခွင့်ပြုကြောင်း လေ့လာသိရှိရပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိမိတို့မဘိမ်း မြို့နယ်တွင် ယခင်က ကုန်သွယ်ရေး ဝန်ကြီးဌာန၏ (၃-၅-၁၉၉၁)ရက်စွဲပါ စာအမှတ်၊ ၃၉၇/၉၁/ဦး ကအရ ၁၉၉၁ ခုနှစ်မှစ၍ ရွှေဝယ်ယူရေးကြီးကြပ်မှု ကော်မတီဖွဲ့စည်းလျက်(၁)လုံးထိန်း အင်ဂျင်စက် တပ်အသုံးပြုသည့်မီးပွားဖြစ်ရွှေထုတ် လုပ်ခွင့်(၀. ၅၀)ဧက လုပ်ကွက်များ အား စိစစ်ချက်လုပ်ကွက်(၁)ကွက်မှတ်ပုံတင်ကြေး(၁၀၀၀/-)လိုင်စင်ကြေး (၁၀၀၀၀/-)ကျပ်ထက်မနည်းသောအပိုငွေအား အထွေထွေကုန်ပစ္စည်းရောင်း ဝယ်ရေးသို့ ပေးသွင်းစေကာ လိုင်စင်ချထား ပေးပြီး ရွှေဝယ်ယူရေးလုပ်ငန်းများကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ ရွှေဝယ်ကိုယ်စားလှယ်များခန့် ထားဆောင်ရွက်ခဲ့ပါသည်။

၄င်းအပြင် မိသားစုရွှေကျင်လုပ်ငန်းကလေးများ၊ လက်လုပ်လက်စားများအား (၁)နှစ်သက်တမ်းအတွက် မှတ်ပုံတင်ကြေး(၁၀၀၀/-)ပေးသွင်းစေလျက် လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။သို့သော် (၂၀၀၉)ခုနှစ်မှစ၍ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ငန်းအဖြစ် အသေးစားရွှေတူးဖော်ရေး လုပ်ငန်းများမှာ တရားမဝင်ရွှေခိုးတူးထုတ်လုပ်သည့် လုပ်ငန်းအဖြစ်သက်ရောက်သွားရာ လုပ်ငန်းခွင်အားလပ်ချိန်မိသားစု အပိုဝင်ငွေရရှိရန် လုပ်ကိုင်နိုင်တော့ခြင်း မရှိတော့သဖြင့် ၄င်းတို့၏ မိသားစုလူမှုစီးပွားရေးဘဝ ထိခိုက်မှုရှိသည်ကို တွေ့ရှိရပါသည်။ လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မိမိလေ့လာမှု အရအခို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တပိုင်တနိုင်လုပ်ကိုင်ခွင့်များ ချထားပေးသည်ကို တွေ့ရှိရပါသည်။ ၄င်းအပြင်တပိုင်တနိုင်ရွှေလုပ်ကွက်များအား တိုင်းဒေသကြီးအဆင့်သို့ လုပ်ကိုင်ခွင့်ရရှိနေသည်ကိုလည်း လေ့လာတွေ့ရှိပါသည်။ မိမိအနေဖြင့် ၂၉-စ-၂၀၁၁ ရက်နေ့တွင် (၁)ကြိမ်၊ ၂၁-၁၁-၂၀၁၁ ရက်နေ့တွင် (၁)ကြိမ် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တစ်ပိုင်တနိုင်ရွှေတူးဖော်ခွင့် ခွင့်ပြုရန် တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၃၀-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ (၂၀၂)/၃/၃ - ၆၀၆/အစရ(ရှမ်း)ဖြင့် တပိုင်တနိုင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများအား အကြောင်းကြားလာပါသည်။ ၄င်းလုပ်ဆောင်ရ မည့်လုပ်ငန်းများအား လေ့လာကြည့်ရာ အသေးစားရွှေထုတ် လုပ်ခွင့်လုပ်ငန်းများ အတိုင်းဖြစ်နေသဖြင့် ကုမ္ပဏီများအနေဖြင့်၄င်းကုန်ကျငွေအား အကုန်ကျခံနိုင်သော်လည်း တပိုင်တနိုင် ရွှေတူးဖော်ရန် လျှောက်ထားသူများအနေဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာယခင်နည်းလမ်းများအတိုင်း မိမိမြို့နယ်မှ တောင်ကြီး၊ လားရှိုး၊ ကျောက်မဲသို့ မြေရာဇဝင်စိစစ်ခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခြင်းစသည့် လုပ်ငန်းများအတွက် (၃)ကြိမ်ခန့်အသွားအပြန် ဆောင်ရွက်နေရပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အခို့ဌာနများမှ လုပ်ဆောင်ရာကြန့်ကြာမှုများရှိနေ၍ မလိုလား အပ်သောအခြိန်၊ ငွေကြေးကုန်ကျမှုကြီးမားစွာကြုံတွေ့နေရပါသည်။ ၄င်းအတွက်တပိုင်တနိုင် သတ္တုတူးဖော်လိုသူများအနေဖြင့် တရားဝင်လိုင်စင်ရရှိရန်မှာ ကုမ္ပဏီကြီးများကဲ့သို့ မတတ်နိုင်သဖြင့် တရားဝင်လုပ်ကိုင်ခွင့်ရရှိခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

လွတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား တပိုင်တနိုင်သတ္တုတူးဖော်ရာတွင်လည်း (၀.၅၀)ကေအတွက် သတ္တုတွင်းဝန်ကြီးဌာနသို့(၁)နှစ် အတွက်သတ္တုတူးခွန်(၂) သိန်း၊ မြေဌားရမ်းခ(၆၀၀၀/-) ပေးသွင်းရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအတွက် လုပ်ကွက်များချပေးခြင်းအားဖြင့် နိုင်ငံတော်တွင် တပိုင်တနိုင် အပိုဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။ တရားမဝင်ရွှေတူးဖော်ပါက နိုင်ငံတော်မှ ရရှိမည့်အခွန်ဝင်ငွေမရရှိနိုင်သလို ၎င်းတရားမဝင်ရွှေတူးဖော် သူများအား ဥပဒေအရ အရေးယူဆောင်ရွက်ရာတွင်လည်းအခက်အခဲများစွာ ရှိနေသည်ကိုတွေ့ရှိရပါသည်။ ရွှေတူးဖော်ရာ ဒေသများသည် မြို့၊ ကျေးရွာများနှင့် အလှမ်းဝေးကွာခြင်း၊ တူးဖော် နေသူများသည် စီးပွားရေးအရနှိမ့်ကျနေသည့် တောင်သူလယ်သမား လက်လုပ်လက်စားသမားများ ဖြစ်နေခြင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ တပိုင်တနိုင် ရွှေတူးဖော်လျှောက်ထားရာတွင် (၃)ကြိမ်ခန့် လုပ်ငန်းလုပ်ဆောင်ရွက်ရသော်လည်း နောက်ဆုံးအဆင့်တွင် သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်သို့လိုအပ်သော အထောက်အထား အပြည့်အစုံဖြင့် သွားရောက်ရပါသည်။ ၎င်းအတွက်အချိန်နှင့် ငွေကြေးအကုန်အကျများရာ ရှုံးပြည်နယ်အစိုးရအဖွဲ့မှ တပိုင်တနိုင်သတ္တု တူးဖော်ရေးလုပ်ငန်းအား စိစစ်၍ လုပ်ကိုင်ခွင့်ချပေးပါက အချိန်အားဖြင့် ၎င်းငွေကြေးအားဖြင့်ဆုံးရှုံးမှုလျော့ နည်းသွားမည့်အပြင် နိုင်ငံတော်နှင့် ပြည်နယ် အစိုးရအဖွဲ့အတွက် ဝင်ငွေတိုးတက် ရရှိလာမည်ဖြစ်ပါသည်။ ၎င်းအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး အစီအစဉ်အားအကောင် အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းတိုးတက် ရရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနုအဆိုအားဆောင်ရွက် သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီးမဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော်က ဆေးနွေးဖို့ဖြစ်ပါတယ်။

ဦးဇော်ဇော်(မဘိမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က တော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏ "ပြည်နယ်အတွင်း ခါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား လုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလို စိစစ်၍ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုရေးစိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုကိုဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် ရွှေထွက်ရာ ဒေသများစွာ ရှိပါသည်။ရွှေထွက်ရာဒေသများဖြစ်သော်လည်း ဒေသခံများမှာ ရွှေသတ္တုတူးဖော်ခွင့် အား ရရှိခဲ့ခြင်းမရှိဖြစ်ခဲ့ပါတယ်။ မဘိမ်းမြို့နယ်တွင်လည်း ရွှေသတ္တုတူးဖော် သောကုမ္ပဏီပေါင်း(၁၂)ခု၊ လုပ်ကွက်ပေါင်း(၂၈)ကွက်၊ လျှောက်ထားဆဲကုမ္ပဏီနှင့် လုပ်ကွက်များစွာလည်း ကျန်ရှိနေပါသည်။ ဒေသခံများမှ ရွှေထွက်ရာမြေမှာနေပြီး၊ ရွှေရေစိမ်ထားသောရေကိုသောက်နေရသော်လည်း ရွှေတူးဖော်စားသောက်ခွင့် မရှိပဲ ကုမ္ပဏီများမှရွှေတူးနေသည်ကိုသာ ထိုင်ကြည့်နေရပါသည်။

ရွှေသတ္တုတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုအား လက်ရှိတူးဖော်ခွင့်ရရှိသော ကုမ္ပဏီများမှာ ခံစားရမှာ မဟုတ်ဘဲ ဒေသခံပြည်သူများ သာ ခံစားရမှာဖြစ်ပါတယ်။ ကုမ္ပဏီများ ရွှေသတ္တုတူးဖော်ခြင်း သည်ဒေသခံများ အတွက်အကျိုးမရှိခြင်းကြောင့် ဒေသခံများရွှေသတ္တုတူးဖော်ခွင့် ရှိမှသာလျှင် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်မြင့်မားလာမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအနေဖြင့် တပိုင်တနိုင်ရွှေသတ္တုတူးဖော်ခွင့် လွယ်ကူစွာ ဆောင်ရွက်ပေး နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာပြီး လူနေမှုဘဝမြင့်မား လာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် တပိုင်တနိုင် ရွှေသတ္တုတူးဖော်ခွင့်ကို လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်ပေးမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးခြင်းမည်ပါသည်။ ထို့အတွက် ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနု ၏ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစီစစ်ဆောင်ရွက်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေး စီစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုအား ဆောင်ရွက်သင့်ပါကြောင်း ဖြည့်စွက်ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ဆွေးနွေးရှင်းလင်းပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ အားလုံးကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းမေတ္တာပို့သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု က အဆိုတင်သွင်းသွားပါတယ်။သူ့ရဲ့အဆိုအရ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တပိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစီစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စီစစ်ဆောင်ရွက်သွားသင့်ပါကြောင်း"အဆိုနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်း မှ ယင်းအဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓါတ်သတ္တုများ အသေးစား(သို့မဟုတ်)အကြီးစား တူးဖော်ခြင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသော အခြေခံဥပဒေဇယားနှစ်တွင် ပါရှိခြင်း မရှိပါ။သို့သော် ရှမ်းပြည်နယ်အစိုးရသည် ကုမ္ပဏီများမှ တူးဖော်လိုသော သတ္တု လုပ်ကွက်များအတွက် မြေရာဇဝင်စိစစ်ခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခွင့်ပြုခြင်း၊ သက်ဆိုင်ရာ

မြို့နယ်အုပ်ချုပ်ရေးမှူးမှ ထောက်ခံချက်ပေးခြင်း၊ ရွှေးပြည်နယ်အစိုးရ၏ ထောက်ခံသဘောထားပေးခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အသေးစားသတ္တုလုပ်ကွက်ဆိုရာမှာ ရွှေမှအပ အခြားသတ္တုများကို အသေးစားလုပ်ကွက်(၁)ကွက်လျှင် ဧက(၅၀)အောက်သတ်မှတ်ထားပြီး ရွှေလုပ်ကွက်အသေးစားတစ်ကွက်လျှင် ဧက(၂၀)သတ်မှတ်ထားပါတယ်။

ပထမအကြိမ်ရွှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းသော အဆိုအား လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုဆုံးဖြတ်ချက်အရ ရွှမ်းပြည်နယ်အစိုးရအတွက် သင့်တော်သောနှုန်းထားများဖြင့် ရံပုံငွေများပံ့ပိုးခြင်းဆောင်ရွက်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်မြို့နယ်၌ ရတနာတူးဖော်ခြင်းလုပ်ငန်းကို လက်လုပ်လက်စားအဖြစ် လူတစ်ဦးလျှင်(၁)ကေနှုန်းဖြင့် ခွင့်ပြုကြောင်း လေ့လာသိရှိရပါသည်။ ထိုလုပ်ကွက်(၁)ကေအတွက် ပြည်ထောင်စုဘဏ္ဍာတော်အတွက် (၅)သိန်းကျပ်နှုန်း ပေးဆောင်ရကြောင်း လေ့လာတွေ့ရှိရပါတယ်။ရွှေနဲ့ဓါတ်သတ္တုတူးဖော်ခြင်း လုပ်ငန်းများကို ရွှမ်းပြည်နယ်တွင် ငွေကြေးတတ်နိုင်သော လုပ်ငန်းရှင်ကုမ္ပဏီများ ကသာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ကျေးလက်နေပြည်သူ များသည် မိမိဒေသတွင် ရွှေနဲ့အခြားအဖိုးတန်သတ္တုများရှိကြောင်း သိရှိသော်လည်း လုပ်ပိုင်ခွင့်မရပဲ ဆင်းရဲမြဲဆင်းရဲလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ထို့ကြောင့် နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချရေးနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တပိုင်တနိုင်လက်လုပ်လက်စား ခွင့်ပြုသင့်သည်ဟု ယူဆပါသည်။ သို့သော် ပေးသင့်သော ငွေကြေးများကို ပြည်ထောင်စုဘဏ္ဍာသို့ အခြားတိုင်းဒေသကြီးများနည်းတူ ပေးသွင်းစေ သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ရွှမ်းပြည်နယ်အစိုးရရဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချရေး ရံပုံငွေကိုလည်း ထိုက်သင့်သလို ပေးသွင်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်သည်သာပဒါနကျသောကြောင့် လွှတ်တော်ရဲ့ဆုံးဖြတ်ချက်သာ ခံယူသင့်ကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ။ အဆိုနဲ့စပ်လျဉ်းပြီး ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးသွားပြီးတော့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကလည်း ကြောင်းကျိုးဖော်ပြချက်နှင့်တကွ ရှင်းလင်းဆွေးနွေးသွားတာတွေ့ရပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ဦးစိုင်းနု ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာအစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုနဲ့စပ်လျဉ်းပြီး ယခုပြည်နယ်လွှတ်တော်ရဲ့ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ဒီအဆိုကို အတည်ပြုချက်ရနိုင်ရန်အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

(၃ ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်)

လွှတ်တော်က သဘောတူတဲ့အတွက် "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုကို အတည်ပြုကြောင်း ကြေငြာအပ်ပါတယ်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယာဉ်အမျိုးအစားအလိုက် တင်ဆောင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များသတ်မှတ်ထားပါသော်လည်း သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ညှိနှိုင်း ဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေပြီး၊ ကုန်ကျစရိတ်ပိုစေသဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်း၊ တံတား၊ ကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။သို့ဖြစ်ပါ၍ ကုန်တင်ယာဉ် မော်တော်ယာဉ်ကြီးများအား မိမိဒေသနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၆)ဘီးယာဉ်များအား (၂၅)တန်ထိ လည်းကောင်း၊ (၁၀)ဘီးယာဉ်များအား တန်(၃၀)ထိ လည်းကောင်း တိကျစွာ သတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုလုပ်မည်ဆိုပါက အဆင်ပြေစေမည်ဖြစ်သဖြင့် စီစစ်ဆောင်ရွက်နိုင်ရန်" အဆိုကိုတင်သွင်းခဲ့ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမဲ့ကိုယ်စားလှယ်များ မရှိသည့်အတွက် ယင်းအဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ရှင်းလင်းဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုတင်သွင်းသော အဆိုဖြစ်သည့် "ယာဉ်အမျိုးစားအလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ ညှိနှိုင်း ဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေခြင်း၊ ကုန်ကျစရိတ်ပိုသဖြင့် ကုန်စျေးနှုန်းတည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်း၊ တံတားကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ် စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ်ကြီးများအား မိမိဒေသနှင့် လိုက်လျော ညီထွေမှုရှိစေရေးအတွက် (၆)ဘီးယာဉ်များအား (၂၅)တန်ထိလည်းကောင်း၊ (၁၀)ဘီးယာဉ်များအား (၃၀)တန်ထိလည်းကောင်း တိကျစွာသတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမည်ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည် ဖြစ်ပါသဖြင့်" ဆိုသည့် အဆိုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် စိုင်းနော်ခမ်းကနေ ဆွေးနွေးပေးပါ့မယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့စွဲပါ စာအမှတ်၊ ၉၂/၂၅၇/အဖရ(၁၈)/၂၀၁၁ဖြင့် အာဆီယံစံချိန်စံညွှန်းများနှင့်အညီ အသစ်ပြင်ဆင်သတ်မှတ်ထားသည့် ယာဉ်နှင့်ကုန်စုစုပေါင်းအလေးချိန် သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၆)ဘီး၊ ဝင်ရိုး(၂)ချောင်းတပ် **DYNA,CANTER** ဘော်ဒီရှည် (၁၄)ပေ ယာဉ်များအတွက် (၅. ၅)တန်၊ (၆)ဘီးဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်(၁၆)တန်၊ (၁၀)ဘီးဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ်(၂၁)တန်၊(၁၂)ဘီး ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်(၂၅)တန်၊ (၁၄)ဘီး ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်(၃၄)တန်၊ (၁၈)ဘီး ဝင်ရိုး(၅)ချောင်းတပ် ကုန်တင်ယာဉ်(၄၆)တန်၊ (၂၂)ဘီး ဝင်ရိုး(၆)ချောင်းတပ် ကုန်တင်ယာဉ် (၅၅)တန် သတ်မှတ်ထားပါတယ်။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

ကျွန်တော်တို့နိုင်ငံသည် ယခုအခါ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံကို ဖော်ဆောင် နေပါတယ်ခင်ဗျား။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံကို ဖော်ဆောင်ရာမှာ လွှတ်တော်မှာလည်း တာဝန်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များမှာ လည်း တာဝန်ရှိပါတယ်။ အစိုးရအဖွဲ့အစည်း အသီးသီးမှာလည်း တာဝန်ရှိပါတယ်။ ပြည်သူ့အသံသည် လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒသည် လွှတ်တော်ဆန္ဒ ပြည်သူ့ဆန္ဒကို လွှတ်တော်ကဖော်ဆောင်လျက်၊ မှန်ပါတယ်ခင်ဗျား။ မှန်ပင်မှန်ငြားသော်လည်း မလိုလားအပ်သော စီးပွားရေးလူတစ်စုလက်တစ်ဆုပ်စာ၏ (၆)ဘီးယာဉ်များအား (၂၅)တန်ထိလည်းကောင်း၊ (၁၀)ဘီးယာဉ်များအား (၃၀)တန်ထိလည်းကောင်း တင်ဆောင်လိုသည့် စိတ်ဆန္ဒသည် မိမိတို့နိုင်ငံတော် အကြီးအကဲများ ဖော်ဆောင်နေသည့် **Good Government, Clean Govern- ment** နှင့် လုံးဝမကိုက်ညီပါ ခင်ဗျား။ ယခုလွှတ်တော်မှာ အဆိုတင်သွင်းနေသည့် အဆိုသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ထားသည့် အမိန့်ကို ကျော်လွန်ရာ ရောက်ပါတယ် ခင်ဗျား။ မေတ္တာရပ်ခံခြင်းမဟုတ်ပါ အဆိုကို အဆိုအဖြစ်သော် လည်းကောင်း၊ အဆိုကို မေးခွန်းအဖြစ် သော်လည်းကောင်း ပြောင်းလဲပေးပါရန် တင်ပြခြင်းသာ ဖြစ်တဲ့အတွက် ၎င်း၏အဆိုအား ပြန်လည်ရုပ်သိမ်းသင့်သည်/မရုပ်သိမ်း သင့်သည်ကို ၎င်းကိုယ်တိုင် ဆုံးဖြတ်ရမည်ဖြစ်ကြောင်းနှင့် လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ဆုံးဖြတ်ပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အား ကျေးဇူးတင်ပါတယ်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ ယင်းအဆိုကို တင်သွင်းသော ကိုယ်စားလှယ်အနေဖြင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၁၉)၊ နည်းဥပဒေခွဲ (၈)အရ ပြန်ကြားဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ကုန်စည်ပို့ဆောင်ရေးကိစ္စနှင့်ပတ်သက်ပြီး၊ အဆိုပြုတင်ပြခဲ့ပါတယ်။ ယင်းအဆိုကို သုံးသပ်ပြီး အဆိုအား ရုပ်သိမ်းပေးပါရန် ဝန်ကြီးမှ သုံးသပ်ညွှန်ကြားပါတယ်။ "မော်တော်ယာဉ်များ ကုန်ချိန်တင်နိုင်ခွင့်နှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့်မှ ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားကြောင်း သိပါသည်။ တန်ပိုကြေးသတ်မှတ်ပြီး ဒဏ်ကြေးငွေများ ပေးဆောင်စေလျက် ရှိကြောင်းလည်း သိပါသည်။ သို့သော် တန်ပိုတင်ဆောင်မှုများကြောင့် ဂိတ်များတွင် ညှိနှိုင်းမှုရှိနေသည့်ကိစ္စ၊ လမ်းတံတားများ ရေရှည်ကြံ့ခိုင်ရေးအား ထိခိုက်မှု ရှိနေသည့်ကိစ္စ ဖြစ်ရပ်မှန်အား လွှတ်တော်သို့ တင်ပြလိုသည့်ရည်ရွယ်ချက်သာ အဓိကဖြစ်ပါသဖြင့် " အဆိုအား ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါသည် ခင်ဗျား။

[ဩဘာသံများ]

ဥက္ကဋ္ဌ။ ဦးစိုင်းနု၊ ကွန်ဟိန်းမဲဆန္ဒနယ် အမှတ်(၂)၏ "ယာဉ်အမျိုးအစားအလိုက် တင်ဆောင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း သတ်မှတ်ခွင့်ပြုတန်ချိန် ထက်ပိုမိုတင်ဆောင်ပြီး၊ ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေခြင်း၊ ကုန်ကျစရိတ်ပိုသဖြင့် ကုန်စျေးနှုန်း တည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုများကြောင့် လမ်းတံတား ကြံ့ခိုင်မှုထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်ယာဉ်မော်တော်ယာဉ်ကြီးများအား မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၆)ဘီးတပ်ယာဉ်များအား (၂၈)တန်ထိလည်းကောင်း၊ (၁၀)ဘီးတပ်ယာဉ်များအား (၃၀)တန်ထိလည်းကောင်း တိကျစွာ သတ်မှတ်၍ တင်ဆောင်စေခြင်း၊ စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုလုပ်သွား မည်ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်ပေးနိုင်ပါရန်" အဆိုကို ရုပ်သိမ်းရန် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ အဆိုကို ရုပ်သိမ်းရန် လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

(ခုကြိမ်တိုင်တိုင်မေးပါသည်။လွတ်တော်က သဘောတူပါသည်)

လွတ်တော်က သဘောတူသည့်အတွက် ၎င်းအဆိုကို ရုပ်သိမ်းကြောင်း ကြေငြာအပ်ပါတယ်။ [ဩဘာသံများ]

ပြည်နယ်လွတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား ယခုပထမအကြိမ် ရှမ်းပြည်နယ် လွတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ရပ်နားပါမယ်။ အစည်းအဝေးအစီအစဉ် စတွာထနေ့ကို မတ်လ(၁)ရက်နေ့ ကြာသပတေးနေ့မှာ ပြန်လည်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။ [ဩဘာသံများ]

အခမ်းအနားမှူး။ ပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။

ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွါနိုင်ပါပြီ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွတ် တတိယပုံမှန်အစည်းအဝေး
တတိယနေ့ကို
ညနေ ( )နာရီအချိန်တွင် ရပ်နားပါသည် ။]

ရှမ်းပြည်နယ်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး

စတုတ္ထနေ့ မှတ်တမ်း

၁၃၇၃ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၂ခုနှစ်၊ မတ် လ ၁ ရက်)

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မကြာမီအချိန်အတွင်း ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးအား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြား အပ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့
အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၁၄၃)ဦးရှိပြီး၊ ယနေ့ အစည်းအဝေးကို (၁၃၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေရဲ့ စုစုပေါင်း(၉၄. ၄)ရှိပြီး၊တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ် ။ [ဩဘာသံများ]

ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄) (က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် တခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း(မိုင်းပန်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်မြင့် (ခ) ဦးဝင်းမောင် သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၁-၃ -၂၀၁၂)ရက်နေ့ (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးကျော်မြင့် (ခ) ဦးဝင်းမောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားဖို့ ရှိပါသေးသလား။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စားလှယ်ရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် -

"သဘောတူပါသလားခင်ဗျား။"

[(၃) ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်၍ ပြည်နယ်လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (၈)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို -

" အတည်ပြုပါသလားခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်]

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။**[သြဘာသံများ]**

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦး မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ဖြေကြားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်မြက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချိုမဲဆန္ဒနယ်အမှတ်-၁)။ ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာ ပြောကြား အပ်ပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကနေ့ကျင်းပတဲ့အစည်းအဝေးမှာ ပြည်သူများရဲ့အသံနဲ့ ဆန္ဒများကို ထင်ဟပ်ပြီး မေးခွန်းများကို မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်မေးမဲ့ မေးခွန်းကတော့ နောင်ချို့မြို့ပေါ်မှာ လက်ရှိအခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်းသာ ရှိပါတယ်။ နောင်ချို့မြို့ဟာ လူဦးရေတိုးတက်များ ပြားလာတဲ့အလျောက် နှစ်စဉ်ကျောင်းသားဦးရေ တိုးတက်များပြားလာရာ ယခုစာသင်နှစ်မှာ ကျောင်းသား ၂၂၀၀ ခန့် ရှိလာမှာ ဖြစ်ပါတယ်။ လက်ရှိကျောင်းအဆောက်အဦးနဲ့ စာသင်ခန်းဟာ ကျောင်းသား ၂၀၀၀ ဦးအတွက်ပဲ လုံလောက်မှု ရှိပါတယ်။ နောင်ချို့မြို့ပေါ်မှာ အလယ်တန်းကျောင်း (၁)ကျောင်းရှိရာ ယင်းကျောင်းကို အထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ပေးမှသာ လာမဲ့စာသင်နှစ်မှာ ထပ်မံတိုးလာမဲ့ကျောင်းသားများအတွက် သင်ကြားမှု အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။

အလယ်တန်းကျောင်းမှာ ပညာရေးဌာနက ပေ ၁၂၀၊ ၃၀ ပေ တစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင်ဆောက်လုပ်ပေးရေး တင်ပြထားရာ တာဝန်ရှိသူများနဲ့ လူထုကနေပြီးတော့မှ သိန်း(၁၀၀)ခန့် ကြိုတင်ထည့်ဝင်ပြီးတော့ နိုဝင်ဘာတည်းက အုတ်မြစ်ချတည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ နောင်ချို့မြို့ပေါ်မှာ တိုးတက်များပြားလာတဲ့ကျောင်းသားများ ပညာသင်ကြားနိုင်ရေးအတွက် လက်ရှိအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် သို့မဟုတ် ပညာရေးဝန်ကြီးဌာနသို့ ဦးစားပေးအဆင့်ထဲတွင် ပါဝင်နိုင်ရေးအတွက် သဘောထားမှတ်ချက်ပေးပြီး ထောက်ခံပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်မြင့်၏ "နောင်ချိုမြို့ပေါ်တွင် တိုးတက်များပြားလာသော ကျောင်းသားများ ပညာသင်ကြားနိုင်ရေးအတွက် လက်ရှိအခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် သို့မဟုတ် ပညာရေးဝန်ကြီးဌာနသို့ ဦးစားပေးအဆင့်ထဲတွင် ပါဝင်နိုင်စေရေးအတွက် သဘောထားမှတ်ချက်ပေးပြီး ထောက်ခံပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။"ဟူသော မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း တိုးတက်များပြားလာသော ကျောင်းသားများ ပညာသင်ကြားရေးအတွက် နောင်ချိုမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)(၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၆)ကျောင်းအား တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ၏ ကွင်းဆင်းစိစစ်ချက်အရ တင်ပြချက်ထား သော သတ်မှတ်ပုံစံဇယားအချက်အလက်များကို သတ်မှတ်အချိန်ကာလတွင် အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ တင်ပြပြီး ခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး " နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)အဖြစ် ရည်မှန်းထားသည့် ကျောင်းဖြစ်ရာ ပညာရေးဌာနသို့ တင်ပြထားသည့် တိုးချဲ့ကျောင်းဆောင်သစ်အား အမြန်ဆုံးဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ "ဟူသော မေးခွန်းနှင့်ပတ်သက်၍ နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၂၀×၃၀)ပေ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်နိုင်ရန်အတွက် ပညာရေးဌာနမှ ရန်ပုံငွေကျပ် (၄၁၅)သိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေခွင့်ပြုပေးနိုင်ရန်အတွက် အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ ပေးပို့တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဦးကျော်မြက တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချိုမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ တတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

သရက်ကုန်းကျေးရွာဟာ၊ အုပ်စုရွာတစ်ရွာဖြစ်ပြီး စေ့ရှိသည့် ကျေးရွာလည်း ဖြစ်ပါသည်။ ပြင်ဦးလွင်ကော်ဖီစက်ရုံအတွက် ကုန်ကြမ်းအထောက်အကူပြုတဲ့ ချောင်းကွေ့ကော်ဖီခြံရှိပြီး၊ ပဂ္ဂလိကကုမ္ပဏီများရဲ့ ကော်ဖီခြံများလည်းရှိသည့် ကျေးရွာဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်မှာ မန္တလေး-လားရှိုးလမ်းဘေးမှာ ရှိတဲ့ လွန်းကျော်ရွာကနေ သရက်ကုန်းကျေးရွာ အထိ သရက်ကုန်း၊ ခိုအုံ၊ ကြိမ်ဂနိုင်ကျေးရွာအုပ်စုများက ပြည်သူများထည့်ဝင်တဲ့ငွေနှင့် စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေဖြင့် ၇ မိုင် ၅ ဖာလုံရှိသော ကျောက်လမ်းဖောက်လုပ်ခဲ့ရာ ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည့် ခဲထိပ်တံတားဟာ ပြီးခဲ့တဲ့မိုးတွင်းတောင်ကျရေကြောင့် ရေထဲမျောပါသွားခဲ့ပါတယ်။ အဆိုပါတံတားကို ကွန်ကရစ်တံတားအဖြစ် ကျေးရွာလူထုမှ သိန်း(၆၀)ကျော်အကုန်ခံပြီး အသစ်တည်ဆောက်လျက်ရှိနေပါတယ်။

လမ်းတံတားနှစ်ခုအနက်မှာ တံတားကို ကျေးရွာလူထုမှ အသစ်ပြန်လည် တည်ဆောက်နေပြီဖြစ်သဖြင့် စည်ပင်သာယာရေးအဖွဲ့မှ အမာခံရှိပြီး ကျောက်လမ်းကို ကျောက်ချောလမ်းအဖြစ် ပြင်ဆင်ပေးရန် နယ်ခြေခံလူထုမှ ဆန္ဒရှိနေကြပါတယ်။ လွန်းကျော်-သရက်ကုန်း ၇. ၅ မိုင်လမ်းအား ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ ပြုပြင်ဆောင်ရွက် ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ နောင်ခြုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ၏ မေးမြန်းချက်နှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်မှ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးကျော်မြ ၏ " လွန်းကျော်-သရက်ကုန်းလမ်း (၇)မိုင် (၄)ဖာလုံလမ်းအား ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြုပြင်ရန် ရှိပါက မည်သည့်အချိန်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုပါကြောင်း" မေးမြန်းချက်နှင့် စပ်လျဉ်း၍ လွန်းကျော်-သရက်ကုန်းလမ်း (၇)မိုင် (၄)ဖာလုံသည် လွန်းကျော်၊ ကြိမ်ဂနိုင်၊ ဆင်လန်းစု၊ သပြေဝန်း၊ ခဲထိပ်၊ ပန်းညိုရေ၊ သရက်ကုန်း ကျေးရွာများသို့ ဆက်သွယ်ထားသော ကျေးလက်ကျောက်ကြမ်းလမ်းဖြစ်ပြီး ၁၉၉၈-၁၉၉၉ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် (၂၇၅၅၀၀၀/-)ဖြင့် ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပါသည်။ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ကျပ် (၄၄၀၀၀၀/-) သုံးစွဲ၍ လည်းကောင်း၊ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျပ် (၉၅၀၀၀၀/-)သုံးစွဲ၍လည်းကောင်း၊ ပြုပြင်မွမ်းမံပေးခဲ့ပြီး ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် ပြုပြင်ပေးနိုင်ခြင်း မရှိခဲ့ပါ။ ၄င်းကျောက်လမ်း(၇)မိုင်(၄)ဖာလုံအား ပြုပြင်မည်ဆိုပါက ကျပ်(၃၅၂၂၀၀၀၀/-) ကုန်ကျ မည်ဖြစ်ပါသည်။ နောင်ခြုံမြို့နယ်စည်ပင်၏ ဝင်ငွေလျာထားချက်မှာ ကျပ်(၂၅၄၈၀၀၀၀၀/-)ဖြစ်ပြီး ဘဏ္ဍာငွေအား သက်ဆိုင်ရာကဏ္ဍအလိုက် ရာခိုင်နှုန်းသတ်မှတ်ခွဲဝေသုံးစွဲဆောင်ရွက်ရသဖြင့် ၄င်းလမ်းအား (၂)နှစ်ခွဲ၍ ပြုပြင်ပေးရန် အတွက် နှစ်(၃၀)ကျေးလက်လမ်းစီမံကိန်း တတိယ(၅)နှစ် ကာလတို စီမံချက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တို့တွင် ပြုပြင်ပေးရန် ဘျာထားရေးဆွဲပြီး ဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူး တင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ဦးကျော်မြက စတုတ္ထမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချို့မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆိတ်ဖူး-နမ့်ကယ်အိုက်မြေသားလမ်းအား ကျောက်လမ်းခင်းပေးရေးကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဆိတ်ဖူးကျေးရွာဟာ အုပ်စုရွာတစ်ရွာဖြစ်ပြီး ကျောက်မဲမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် ရွာတစ်ရွာ ဖြစ်ပါသည်။ နောင်ချိုမြို့ကနေ (၁၈)မိုင် ကွာဝေးပြီး ပင်တီးအုပ်စု၊ နမ့်ကယ်အိုက်ရွာနှင့် (၆)မိုင်ဝေးပါတယ်။ ဆိတ်ဖူးရွာမှာ ရေပူစမ်းရှိသဖြင့် နောင်ချိုမြို့နယ်အပြင် အခြားမြို့နယ်မှ လူများလာရောက်လျက်ရှိပြီး၊ ယခုလို ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အများဆုံးလာရောက်ကြပါတယ်။ ဆိတ်ဖူး-နမ့်ကယ်အိုက် (၆)မိုင်လမ်းမှာ မြေသားလမ်းဖြစ်နေသဖြင့် မိုးတွင်းကာလတွင် အသွားအလာ ခက်ခဲကာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအတွက် များစွာခက်ခဲလျက် ရှိပြီး၊ သယ်ယူစရိတ်လည်း ကြီးမြင့်လျက်ရှိပါသည်။ ဆိတ်ဖူးကျေးရွာအုပ်စု၏ ကျေးလက်ဒေသဖွံ့ဖြိုးလာရေးအတွက် ဆိတ်ဖူး-နမ့်ကယ်အိုက် (၆)မိုင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်နိုင်ပါမည်နည်း။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၏ "ဆိတ်ဖူး ကျေးရွာအုပ်စု၏ ကျေးလက်ဒေသဖွံ့ဖြိုးလာရေးအတွက် ဆိတ်ဖူး-နမ့်ကယ်အိုက် (၆)မိုင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း" မေးမြန်းချက်နှင့် စပ်လျဉ်း၍ -

ဆိတ်ဖူး-နမ့်ကယ်အိုက် မြေသားလမ်းသည် အုမ္မခါး-ပင်တီး-ဆိတ်ဖူး လမ်းပိုင်းတွင် ပါဝင်သော လမ်းအစိတ်အပိုင်းဖြစ်ပါသည် လမ်းအရှည် (၂၀)မိုင် (၅)ဖာလုံရှိပြီး ကျောက်လမ်း (၃)မိုင်နှင့် မြေသားလမ်း (၁၇)မိုင် (၅)ဖာလုံရှိပါသည်။ လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား အောက်ပါအတိုင်း ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်ပေးခဲ့ပါသည် -

(က) ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်၊ ကျပ် ၃၄၅၀၀၀၀/-
ကျောက်လမ်း ၄ . ၇၇ ဖာလုံခင်းခြင်း

(ခ) ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်၊ ကျပ် ၄၄၀၀၀၀/-
ကျောက်လမ်းမွမ်းမံပြုပြင်ခြင်း

(ဂ) ၂၀၀၆-၂၀၀၇ ခုဘဏ္ဍာရေးနှစ်၊ ကျပ် ၇၇၅၀၀၀/-
ကျောက်လမ်းမွမ်းမံပြုပြင်ခြင်း

(ဃ) ၂၀၀၇-၂၀၀၈ ခုဘဏ္ဍာရေးနှစ်၊ ကျပ် ၁၈၉၂၄၀/-
ကျောက်လမ်းမွမ်းမံပြုပြင်ခြင်း

(ဃ) ၂၀၀၉-၂၀၁၀ ခုဘဏ္ဍာရေးနှစ်၊ ကျပ် ၁၀၈၈၅၀၀/-
မြေသားလမ်းဖောက်လုပ်ခြင်း (၄)မိုင် (၄)ဖာလုံ

စုစုပေါင်း ကျပ် ၁၇၄၄၇၄၀၀/-

နောင်ခ်ျမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရရှိသည့်ဝင်ငွေအပေါ် နှစ်စဉ်စီမံချက်အလိုက် ဘဏ္ဍာငွေခွဲဝေသုံးစွဲလျက်ရှိပြီး၊ ၎င်းလမ်းအား နှစ်(၃၀) ကျေးလက်စီမံကိန်း တတိယ(၅)နှစ် ကာလတို စီမံချက်၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၁)မိုင်၊ ကျောက်ချောခင်းရန် လျာထား ရေးဆွဲပြီးဖြစ်ပါသည်။ ၎င်း ဆိတ်ဖူး-နမ့်ကယ်အိုက် (၆)မိုင် မြေသားလမ်းမှာ တောင်ကြောတောလမ်းဖြစ်ပြီး၊ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ကျပ် (၁၄၈၁. ၈၁)သိန်း ကုန်ကျမည်ဖြစ်ပြီး၊ အဖွဲ့ရန်ပုံငွေဖြင့် (၁)နှစ်တည်းဖြင့် အပြီးဆောင်ရွက်ပေးနိုင်မည့်အခြေအနေမရှိပါ။ ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍ နှစ်အလိုက်ပိုင်းခြားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးအထူးတင်ရှိပါတယ်။

ဦးကျော်မြ(နောင်ချို့မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ဆီဆုံ-ရွာဦးတံတား ပြုပြင်ပေးရေးနဲ့ ပတ်သက်ပြီးတော့ ဆက်လက် မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

ဆီဆုံကျေးရွာဟာ အုပ်စုရွာတစ်ရွာဖြစ်ပါသည်။ ဆီဆုံအခြေခံပညာ အလယ်တန်းကျောင်းမှာ ဆီဆုံနှင့် ပါဟတ်ရွာကြားတွင်ရှိပြီး ဆီဆုံရွာဦးတံတားမှာ အလယ်တန်းကျောင်းနှင့် ရွာအကြားမှာ ရှိပါသည်။ သစ်သားတံတားဟာ လွန်ခဲ့သည့် (၂၅)နှစ်က တည်ဆောက်ခဲ့ရာ ယခုဟောင်းနွမ်းပျက်စီး လျက်ရှိပါသည်။ ဆီဆုံရွာဦးတံတားဟာ ပေ(၆၀)ရှိပြီး၊ အမြင့်ဟာ (၂၀)ပေခန့် ရှိပါသည်။

ကျေးရွာလူထုအနေဖြင့် ရွာချင်းဆက်လမ်းများကို ငြိုးကျောက်များခင်းပြီး၊ လမ်းကောင်းရန် စီစဉ်ဆောင်ရွက်နေသော်လည်း တံတားမှာမြင့်သည့်အတွက် မိုးတွင်းရေတိုက်စားသည့်ဒဏ်ကို မခံနိုင်သည့် အခြေအနေမှာ ရှိပါတယ်။ စက်တပ်ယာဉ်များ၊ လှည်းများ၊ လူများ၊ ကျောင်းသားများ နေ့စဉ်အသုံးပြုနေရသည့် လမ်းတံတားဖြစ်တဲ့အတွက် ခိုင်ခန့်ကောင်းမွန်သော တံတားတည်ဆောက်ရန် လိုအပ်နေပါသည်။

နေ့စဉ်လူများ၊ ကျောင်းသားများ၊ စက်တပ်ယာဉ်များ၊ လှည်းများ သွားလာအသုံးပြုနေသည့် ဆီဆုံရွာဦးတံတားအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ အသစ်တည်ဆောက်ပေးမည်ဆိုပါက မည်သည့်နှစ်တွင် တည်ဆောက်ပေးနိုင်ပါမည်နည်း။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ နောင်ချို့မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ၏ "ပြည်သူများ နေ့စဉ်သွားလာအသုံးပြုနေသည့် ဆီဆုံရွာဦးတံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း" မေးမြန်းချက်နှင့် စပ်လျဉ်း၍ -

ဆီဆုံရွာဦးတံတားသည် သရက်ကုန်း-ငါးပင်-ပါဟတ်-ဆီဆုံလမ်းပေါ်တွင်ရှိပြီး သစ်သားတံတား အမျိုးအစားဖြစ်ပါသည်။ အရှည်(၅၅)ပေနှင့် အကျယ်(၁၂)ပေ အမြင့်(၁၅)ပေရှိပါသည်။ လွန်ခဲ့သည့်(၁၀)နှစ်ခန့်က ကျေးရွာမှ ကိုယ့်အား ကိုယ်ကိုးတည်ဆောက်ထားသော တံတားဖြစ်ပါသည်။ ၎င်းတံတားအား ပြုပြင်မည်ဆိုပါက ကျပ်(၈၅၀၀၀၀၀/-)ခန့် ကုန်ကျမည်ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် တံတားပြုပြင်ရန် လျာထားခြင်း မရှိသော်လည်း ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ ဖြည့်စွက်ရန်ပုံငွေ တောင်းခံခြင်း၊ လုပ်ငန်းပြောင်းဆောင်ရွက်ခြင်းများဖြင့် စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဦးကျော်မြက ဆဋ္ဌမမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ချိုမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ သရက်ကုန်းဈေး ပြုပြင်ပေးရေးနဲ့ ပတ်သက်ပြီး မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

သရက်ကုန်းကျေးရွာရှိ သရက်ကုန်းဈေးဟာ (၅)ရက်တစ်ပတ်ဈေးဖြစ်သော်လည်း အခြို့ဆိုင်တွေမှာ နေ့စဉ်ရောင်းချလျက်ရှိသည့် ဈေးတစ်ဈေးဖြစ်ပါတယ်။ သရက်ကုန်းဈေးသို့ သရက်ကုန်း၊ သံဘို၊ အနောက်ကြူအင်း၊ ခိုအုံ ကျေးရွာအုပ်စုများအပြင် ဘန်ဘွေးနှင့် ပြင်ဦးလွင်မှ ဈေးသည်များပါ ရောင်းဝယ်ဖောက်ကားသည့် ဈေးတစ်ဈေးလည်း ဖြစ်ပါတယ်။

သရက်ကုန်းဈေး၏ အဆောက်အဦများမှာ ညံ့ဖျင်းနေပြီးတော့ မြေနေရာမှာလည်း ပြန့်ပြူးမှုမရှိသဖြင့် ဈေးတစ်ဈေး၏ အဂၤါရုပ်နှင့် ညီညွတ်မှုမရှိသဖြင့် ဒေသခံများမှ သန့်ရှင်းသပ်ရပ်မှုရှိသော စနစ်ကျသော ဈေးအဖြစ် သက်ဆိုင်ရာမှ ပြုပြင်ပေးရန် ဆန္ဒရှိနေကြပါတယ်။ သရက်ကုန်းဈေးအား ပြုပြင်ပေးရန် အစီအစဉ်ရှိပါသလား။ ဈေးပြုပြင်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်း။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ "သရက်ကုန်းစျေးအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြုပြင်ရန် အစီအစဉ်ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း " မေးခွန်းနှင့် စပ်လျဉ်း၍-

နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာ၊ သရက်ကုန်းစျေးသည် ၁၉၇၄ ခုနှစ်တွင် ကျေးရွာမှ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ပြီး ၆၀ ပေ × ၂၀ ပေ အရွယ်၊ သစ်သားထည်၊ မြေခင်း၊ သက်ကယ်မိုးစျေးရုံ(၄)ရုံရှိပါသည်။ ၁၉၉၃ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သည့် စျေးဖြစ်ပါသည်။ ပုံကျစျေးသည် (၇၀)ခန့်သာ စျေးရောင်းချလျက်ရှိပြီး (၅)ရက်တစ်စျေးဖြစ်ပါသည်။ ပုံကျစျေးဆိုင်ခန်း (၇ ပေ × ၉ ပေ) (၁၉၂)ခန်းရှိပြီး ဆိုင်ခန်း (၅၀)ခန်းမှာ စျေးရောင်းချခြင်းမရှိတော့သည့် စျေးဖြစ်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပေါ်စျေး၊ ကျေးလက်စျေးများ အပါအဝင်စျေးများ၏ စျေးဆိုင်ခန်းများပြုပြင်တည်ဆောက်ရာတွင် အဖွဲ့ရံပုံငွေဖြင့်လည်းကောင်း၊ အခြားထောက်ပံ့ငွေများဖြင့် လည်းကောင်း၊ ပြုပြင်တည်ဆောက်ခြင်း မရှိပါ။ စျေးသူစျေးသားအများစု၏ ဆိုင်ခန်းများအတွက် အကုန်အကျခံနိုင်သော ကုန်ကျစရိတ်အပေါ် မူတည်၍ ဆိုင်ခန်းများ သတ်မှတ်ပေးပြုပြင်ပေးခြင်းသာ ဆောင်ရွက်ပါသည်။ အဖွဲ့ရံပုံငွေဖြင့် ဆောင်ရွက်သော စျေးပြုပြင်ခြင်း ဆိုင်ရာ လုပ်ငန်းများမှာ စျေးအတွင်း လမ်းများပြုပြင်ပေးခြင်း၊ ရေပေးရေးဆောင်ရွက်ပေးခြင်း၊ ခြံစည်းရိုးကာရံပေးခြင်းစသည့် လုပ်ငန်းများအား အဖွဲ့ရံပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် သရက်ကုန်းစျေးပြုပြင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သရက်ကုန်း ကျေးရွာစျေးသူစျေးသားများ၊ သရက်ကုန်းကျေးရွာမှ ပြည်သူလူထုတို့နှင့် သရက်ကုန်း စျေးပြုပြင်ဆောက်လုပ်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စျေးပြုပြင်ရန်

သဘောတူညီချက်ရရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ထုံးလုပ်နည်းများနှင့် အညီ သရက်ကုန်းစျေးအား ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမုန့်က မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမုန့်(မိုင်းခတ်မဲဆန္ဒနယ်အမှတ်-၁)။ ရိုသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ပဏာမ ဆုမွန်ကောင်း တောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူများအတွက် အကျိုးရှိစေမည့်မေးခွန်းများကို မေးခွန်းများကို မေးမြန်းတင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမဲ့ မေးခွန်းအမှတ်စဉ်(၁)ကတော့ " ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့တွင် ဘောလုံးကွင်း(၁)ကွင်းရှိသော်လည်း ကွင်းမှာ(၂)ပေခန့် နိမ့်နေပါသဖြင့် အားကစားရာသီဖြစ်သော မိုးရာသီတွင် ဘောလုံးကစားရန် အလွန်ခက်ခဲလျက်ရှိပါတယ်။ ယခုအခါတွင်ဘောလုံးကစားခြင်းကို နိုင်ငံတော်မှ အထူးပင်အားပေးသော ကာလဖြစ်နေပါသဖြင့် မိုင်းခတ်မြို့တွင် ခေတ်မီအားကစားကွင်း၊ ဘောလုံးကွင်း(၁)ကွင်း လိုအပ်လျက် ရှိနေပါသည်။ ခေတ်မီအားကစားကွင်း၊ ဘောလုံးကွင်း(၁)ကွင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည် " ကိုလည်း ကျွန်တော်သိလိုပါတယ်ခင်ဗျား။

ကျွန်တော်ဆက်လက်မေးမဲ့မေးခွန်းအမှတ်စဉ် (၂)ကတော့"မိုင်းခတ်မြို့တွင် အားကစားရုံ(၁)ခုရှိသော်လည်း ထိန်းသိမ်းစောင့်ရှောက်ပြီး ဦးစီးဆောင်ရွက်မည့် အား/ကာဦးစီးဌာနနှင့်အားကစားမှူး တစ်ဦးလိုအပ်လျက် ရှိနေပါတယ်။ အားကစားမှူး တစ်ဦးခန့်အပ်ခြင်း ရှိ/မရှိနှင့် ခန့်အပ်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ခန့်အပ်ပေးနိုင်ခြင်း မရှိကြောင်း"ကိုလည်း ကျွန်တော်သိလိုပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့် ၏ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ မိုးထွန်း မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့်မှ "ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့တွင် ခေတ်မီအားကစားကွင်း(ဘောလုံးကွင်း) တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည်။ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကို သိလိုပါသည်။" ဟူသော မေးခွန်းနှင့် ပတ်သက်၍ -

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ လက်ရှိ မိုင်းခတ်မြို့နယ် အားကစားကွင်းမှာ မြောက်ဘက်(၂၃၅)ပေ၊ တောင်ဘက်(၃၀၀)ပေ၊ အရှေ့ဘက် (၂၄၀)ပေနှင့် အနောက်ဘက် (၃၆၀)ပေ စတုဂံပုံသဏ္ဌာန်ရှိပြီး (၁ . ၈၄)ကေသာရှိပါသည်။

မီတာ (၄၀၀) ပြေးလမ်းပါ ခေတ်မီအားကစားကွင်း (ဘောလုံးကွင်း) တည်ဆောက်မည်ဆိုပါက မြေ(၇)ကေခန့် ရရှိရန်လိုအပ်မည်ဖြစ်ပြီး၊ လက်ရှိကွင်းမှာ တည်ဆောက်၍ မရနိုင်ပါ။

အားကစားဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ပြီး အားကစားကွင်း၊ အားကစားခန်းမများ ရေရှည်တည်တံ့ အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်အပြင် အားကစားကွင်း၊ အားကစားခန်းမ ရှိသေးသော ခရိုင်၊ မြို့နယ်များတွင် အသစ်ဆောက်လုပ်ပေးရန် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေကြေးပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်လျက်ရှိသဖြင့် မိုင်းခတ်မြို့တွင် ခေတ်မီအားကစားကွင်း တည်ဆောက်နိုင်ရေးအတွက် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေကြေးရရှိမှုပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ တင်ပြဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး "မိုင်းခတ်မြို့တွင် အားကစားရုံ(၁)ခု ရှိသော်လည်း ထိန်းသိမ်းစောင့်ရှောက်ပြီး ဦးစီးဆောင်ရွက်မည့် အား/ကာဦးစီးဌာနနှင့် အားကစားမျူးတစ်ဦးလိုအပ်လျက် ရှိနေပါသဖြင့် အားကစားမျူးတစ်ဦးခန့်အပ်ခြင်း ရှိ/မရှိနှင့် ခန့်အပ်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ခန့်အပ်ပေးနိုင်ခြင်း မရှိကြောင်း သိလိုပါသည်။" ဟူသော မေးခွန်းနှင့် ပတ်သက်၍

အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ဝန်ထမ်းများ ခွဲဝေချထားမှု အရသော် လည်းကောင်း၊ ခရိုင်၊ မြို့နယ်များ၏ တင်ပြချက်အရသော်လည်း ကောင်း၊ ဦးစီးအရာရှိ၊ နည်းစနစ်မှူးများအား မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနတာဝန်ခံများအဖြစ် လစ်လပ်သော မြို့နယ်များတွင် ခွဲဝေတာဝန်ချ ထားပေးလျက် ရှိပါသည်။

မိုင်းခတ်မြို့နယ်တွင် အားကစားတာဝန်ခံ နည်းစနစ်မှူးတစ်ဦးခန့်ထား နိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် ဒေသခံတစ်ဦးလျှောက် ထားလာပါက ခန့်ထားနိုင်ရေးတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုနေ့လည်စာ စားသုံးဖို့ အတွက် အစည်းအဝေးကို (၁း၃၀)ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ နေ့လည်ပိုင်းအစည်းအဝေးကို (၁း၃၀)အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါမယ်ခင်ဗျား။

စတုတ္ထနေ့ (ဒုတိယပိုင်း)အစီအစဉ်
ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု အချိန်ကစပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(ဒုတိယပိုင်း) အစီအစဉ်ကို စတင်ကျင်းပပါတော့မှာဖြစ်ပါသဖြင့် သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ (၃) ကြိမ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။
အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား- ယခုအစည်းအဝေးရဲ့ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြင့်စိုးနိုင်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်အတွင်းရှိ ကျိုင်းခမ်းစံပြကျေးရွာသည် အခြေခံပညာအလယ်တန်းကျောင်း အဆင့်သာ ရှိသဖြင့် ဒေသခံကျောင်းသားကျောင်းသူများ အထက်တန်းပညာသင်ကြားရေးအတွက် များစွာ အခက်အခဲတွေ့ကြုံနေရပါသည်။ အနီးဆုံးအခြေခံပညာအထက်တန်းကျောင်းရှိသော ရပ်စောက်မြို့နှင့် မိုင်ပေါင်း(၄၀)ခန့်ကွာဝေးနေပါသဖြင့် ၄င်းကျိုင်းခမ်းကျေးရွာ အခြေခံပညာ အလယ်တန်း

ကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။ ၄င်းကျိုင်းခမ်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းသည် ဆရာ/ဆရာမအင်အား(၁၀)ဦးသာရှိပြီး၊ မူလတန်းပြဆရာ(၂)ဦးမှာ ပြောင်းရွှေ့သွားပြီး အစားထိုးခန့်ထားခြင်း မရှိသေးပါ။ သို့ပါ၍ စာသင်ချိန်မလုံလောက်မှုများကြုံတွေ့နေရပါသဖြင့် ဆရာ/ဆရာမများ အစားထိုးခန့်ထားပေးနိုင်ခြင်းနဲ့ ဆရာ/ဆရာမအင်အားတိုးမြှင့်ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်၏ မေးခွန်းနဲ့ ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြင့်စိုးနိုင်၏ " ရပ်စောက်မြို့နယ်အတွင်း ကျိုင်းခမ်းကျေးရွာ အုပ်စုအတွင်း ပညာသင်ကြားမှု အခြေအနေမှာ အလယ်တန်းအဆင့် အထိသာ ရှိသဖြင့် အထက်တန်းပညာသင်ကြားရေးတွင် အခက်အခဲများ ကြုံတွေ့နေရပါသဖြင့် အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း။

ထို့အပြင် ၄င်းစာသင်ကျောင်းတွင် ပညာသင်ကြားပို့ချသော ဆရာ (၁၀)ဦးရှိရာ မူလတန်းပြဆရာ (၂)ဦးမှာ ပြောင်းရွှေ့သွားပြီး အစားထိုးမရရှိသေးသည့် အတွက် စာသင်ချိန်လုံလောက်ခြင်းမရှိပဲ အခက်အခဲများ ကြုံတွေ့နေရပါသဖြင့် လိုအပ်လျက် ရှိသော မူလတန်းပြဆရာ (၂)ဦးအား အစားထိုးခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း " ဟူသော မေးခွန်းနှင့် ပတ်သက်၍ -

ရပ်စောက်မြို့နယ်၊ကျိုင်းခမ်းကျေးရွာအုပ်စု၊ အလက-ကျိုင်းခမ်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ပြည်နယ်ပညာရေးမှူးရုံး၏(၂၅-၁၁-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ စိတ် (၁)/ ၂၈၁၇/အခ-မြို(ကျောင်းတိုး) ၂၀၁၁ ဖြင့် အမှတ် (၂)အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါသည်။ ဖွင့်လှစ်ခွင့် မရရှိသေးပါ။

၄င်းစာသင်ကျောင်းတွင် အလယ်တန်းပြဆရာ(၇)ဦးနှင့် မူလတန်းပြဆရာ(၁)ဦးသာ ရှိသဖြင့် လိုအပ်နေသော မူလတန်းပြဆရာ(၂)ဦးအား ပညာရေးကောလိပ်သင်တန်းဆင်း ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးမြင့်စိုးနိုင်က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၂)။ မင်္ဂလာပါခင်ဗျာ။ အခုကျွန်တော် တင်ပြခဲ့သည့် ကျိုင်းခမ်းကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းသည် ကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူ/ ကျောင်းသားများနဲ့ ဆရာ/ဆရာမများ သောက်သုံးရေ အခက်အခဲရှိနေပါသဖြင့် ၄င်းကျောင်းဝန်းအတွင်း စက်အဝီစိတွင်း တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ဆက်လက်ဖြေကြားဖို့ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်မေးမြန်းလာသည့် "ကျိုင်းခမ်းကျေးရွာအုပ်စု၊ ကျိုင်းခမ်းကျေးရွာအခြေခံ ပညာအလယ်တန်းကျောင်းတွင် ကျောင်းသားများအတွက် သောက်သုံးရေအခက်အခဲ ရှိနေပါသဖြင့် စက်ရေတွင်းတူးဖော်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း " မေးခွန်းနှင့် ပတ်သက်၍

ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအုပ်စုတွင် ကျိုင်းခမ်း၊ ဟိုနားနှင့် မာမီးကျေးရွာ (၃)ရွာ စုစုည်းတည်ရှိပြီး မြို့ပေါ် ရပ်ကွက်ကဲ့သို့ ရွာချင်းဆက်နေကာ ကျိုင်းခမ်းကျေးရွာဟု အမည်တွင်ပါသည်။ ကျိုင်းခမ်းကျေးရွာအုပ်စုတွင် အိမ်ခြေ (၁၉၆)အိမ်၊ လူဦးရေ (၁၆၈၈)ဦးနှင့် အိမ်ထောင်စု (၃၅၀) စု ရှိပါသည်။

ကျိုင်းခမ်းကျေးရွာအုပ်စုတွင် ကျိုင်းခမ်းကျေးရွာ (၁)ရွာတည်းအနေဖြင့် အိမ်ခြေ (၄၉)အိမ်၊ လူဦးရေ (၃၈၂)ဦး၊ အိမ်ထောင်စု (၈၈) စုရှိပါသည်။ ကျေးရွာ

လူထုသည် သောက်သုံးရေရရှိရေးအတွက် ရွာ၏ မြောက်ဘက်ပိုင်းရှိ ရွာမြေမျက်နှာပြင်ထက်(၅၀ပေ) နိမ့်သည့် နန့်အက်ချောင်းရေကို မှီခိုနေရပါသည်။ ၄င်းချောင်းရေကို နွားလှည်းများဖြင့် သယ်ယူ၍လည်းကောင်း၊ ကိုယ်ထူကိုယ်ထ တာဘိုင်များဖြင့် အိမ်အရောက်သွယ်ယူ၍ လည်းကောင်းသုံးစွဲလျက်ရှိပါသည်။

၂၀၀၉-၂၀၁၀ ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ရေတွင်း (၂ပေ၀၃၀၀ပေ၊ ၅-၆ ကောင်ကူဘိုတာ၊ ၃ပေ၀၂ လုံးထိုး **Compressor)** တို့အား (၁)တွင်းလျှင် တန်ဘိုးငွေကျပ် (၁၅၀၀၀၀၀)သိန်းနှုန်းဖြင့် ကျေးရွာ(၃)ရွာလုံးကို တူးဖော်ပေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂါလံ (၂၄၀၀)ဆန့် အုတ်ရေလှောင်ကန်(၈ပေ×၈ပေ×၆ပေ)တစ်ကန်လျှင် တန်ဘိုးငွေကျပ် (၇၅၈၀၀၀)နှုန်းဖြင့် ကျေးရွာ (၃)ရွာလုံးကို တည်ဆောက်ပေးခဲ့ပါသည်။

ကျိုင်းခမ်းကျေးရွာအုပ်စု ကျိုင်းခမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဆရာ/ဆရာမ (၁၀)ဦး၊ ကျောင်းသား/ကျောင်းသူ (၂၂၄)ဦးရှိပြီး သောက်ရေအတွက် နွားလှည်းများဖြင့် ခပ်ယူသုံးစွဲလျက် ရှိပါသည်။

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေလျာထားချက် ကျပ်(၁၁၃၃. ၀၀)သိန်းဖြစ်၍ မြို့ပြလမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းအား ဝင်ငွေ၏ (၁၉ . ၃၃%)လျာထားပြီး (၁) ဧရိပ်သာလမ်းအပိုင်း-၁ ကတ္တရာခင်းခြင်း (၇၈၀ပေ×၁၂ပေ)ကုန်ကျငွေကျပ် (၄၆ . ၇၀)သိန်း၊ (၂) ဧရိပ်သာလမ်းအပိုင်း-၂ ကတ္တရာခင်းခြင်း (၁၀၉၅ပေ×၁၂ပေ) ကုန်ကျငွေကျပ် (၆၅ . ၈၀)သိန်း၊ (၃) အောင်သုခလမ်းအပိုင်း- ၂ ကတ္တရာခင်းခြင်း (၂၁၄ပေ×၁၂ပေ) ကုန်ကျငွေကျပ်(၁၂. ၈၀)သိန်း၊ (၄) ဥဝါလမ်းကျောက်ခြောခင်းခြင်း (၁၀၈၅ပေ×၁၂ပေ) ကုန်ကျငွေကျပ် (၄၀ . ၀၀)သိန်း၊ (၅) မြမြင့်မိုရ်လမ်းကျောက်ခြောခင်းခြင်း (၁၁၅၀ပေ × ၁၂ပေ)ကုန်ကျငွေကျပ် (၄၂ . ၅၀)သိန်း၊ (၆)သိမ်တော်ကြီးလမ်းပေါ်ရှိ ဘုရင့်နောင်လမ်းဆုံတွင် အုတ်ခုံခံသံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်း (၁၈ပေ×၃ပေ×၂ပေ)ကုန်ကျငွေ ကျပ်(၁၁ . ၂၀)သိန်း၊ စုစုပေါင်းလုပ်ငန်း (၆)ခုကို ငွေကျပ် (၂၁၉ . ၀၀)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြို့ပြလမ်း/တံတားမွမ်းမံခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၅)လျာထားပြီး (၁)သံလွင်လမ်းပေါ်ရှိ ရပ်စောက်-ရွှေညောင်လမ်းဆုံတွင် အုတ်ခုံ ခံသံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း (၃၂ပေ×၄ပေ×၃ပေ) ကုန်ကျငွေကျပ် (၂၄. ၁)သိန်း၊ (၂) သရဖီလမ်းပေါ်ရှိ နဝရတ်လမ်းဆုံတွင် အုတ်ခုံခံသံကူ ကွန်ကရစ်တံတားတည်ဆောက်ခြင်း (၃၂ပေ×၃ပေ×၂ပေ) ကုန်ကျငွေကျပ် (၁၈ . ၄၀)သိန်း၊

(၃)ဧရိပ်သာလမ်း၊ မြို့ပတ်လမ်းနှင့် သရဖီလမ်းတွင် ကတ္တရာလမ်း ပေါက်ဖာခြင်း (၄၄၀၀ စ/ပေ) ကုန်ကျငွေကျပ် (၈. ၃၀)သိန်း၊ (၄) နိဗ္ဗာန်လမ်း ကျောက်ခြောလမ်း မြှုပ်ခြင်း(၃၅၇၀ စ/ပေ) ကုန်ကျငွေကျပ် (၅. ၈၅)သိန်း၊စုစုပေါင်းလုပ်ငန်း(၄)ခုကို ငွေကျပ်(၅၆. ၆၅)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြို့ပြရေပေးရေးတိုးချဲ့အသစ်လုပ်ငန်းအား ဝင်ငွေ၏ (၄)လျာထားပြီး (၁)မိန်းစတပ်(၁)လုံးနှင့် ဘရိတ်ကာ(၁)ခု ဝယ်ယူခြင်း ကုန်ကျငွေကျပ်(၃. ၀၀)သိန်း၊ (၂) ၄ပေØGI ဘား(၁)စုံ ဝယ်ယူတပ်ဆင်ခြင်း ကုန်ကျငွေကျပ် (၂ . ၀၀)သိန်း၊ (၃) ဇော်ဂျီရပ်ကွက်သို့ ၆ပေØPVC ပိုက်လိုင်းသွယ်တန်းခြင်း ကုန်ကျငွေကျပ်(၄၀. ၃၂)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြို့ပြရေပေးရေး မွမ်းမံခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၁)လျာထားပြီး (၁)ရေတင်ပန့်ဘော (၁၀)လုံးလဲလှယ်ခြင်း ကုန်ကျငွေကျပ် (၃. ၀၀)သိန်း၊ (၂) ၄ပေØGI ပိုက် (၄)လုံးနှင့် ၆ပေါ်ဇာင္ဘယ ပိုက် (၉)လုံးလဲလှယ်ခြင်း ကုန်ကျငွေကျပ် (၈. ၃၃)သိန်း၊ စုစုပေါင်းလုပ်ငန်း(၂)ခုကို ငွေကျပ်(၁၁. ၃၃)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၁၃)လျာထားပြီး (၁) ပင်ဖြစ်-ဝါးပြားလမ်းကျောက်ခြောခင်းခြင်း (၁၄၅၂ပေ×၁၀ပေ) ကုန်ကျငွေကျပ်(၅၀ . ၅၀)သိန်း၊ (၂)ရပ်စောက်-ဖောင်းတောလမ်းကျောက်ခြောခင်းခြင်း (၂၀၆၀ပေ×၁၀ပေ) ကုန်ကျငွေကျပ် (၇၁ . ၇၉)သိန်း၊ (၃) ကောင်းဘို-ဝန်စိုမြေသားလမ်းဖောက်လုပ်ခြင်း (၅၂၈၀ပေ×၁၀ပေ) ကုန်ကျငွေကျပ် (၂၅ . ၀၀)သိန်း၊ စုစုပေါင်းလုပ်ငန်း(၃)ခုကို ငွေကျပ် (၁၄၃ . ၂၉)သိန်းဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ကျေးလက်လမ်း/တံတား မွမ်းမံခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၂)လျာထားပြီး ရပ်စောက်-ဖောင်းတော ကျောက်ခြောလမ်းပြုပြင်ခြင်း (၁၀၁၂၆ စ/ပေ)ကို ကုန်ကျငွေကျပ် (၂၂ . ၆၆)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ရေပေးရေးတိုးချဲ့အသစ်လုပ်ငန်းအား ဝင်ငွေ၏ (၄)အား လျာထားပြီး၊ (၁) ရေဝန်(တောင်)ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း (၅၂၈၀ပေ) ကုန်ကျငွေကျပ် (၁၀ . ၀၀)သိန်း၊ (၂) ထင်းကွင်းကျေးရွာ စက်ရေတွင်းတူးဖော်ခြင်း (၃ပေØ ၄၀၀ပေ)ကုန်ကျငွေကျပ် (၃၅ . ၃၂)သိန်း၊ စုစုပေါင်း လုပ်ငန်း (၂)ခုကို ငွေကျပ် (၄၅ . ၃၂)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ရေပေးရေး မွမ်းမံခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၁) လျာထားပြီး ကြာအင်း၊ ပါပန်း၊ လှည်းတိုး ကျေးရွာတို့တွင် လက်တူးတွင်းမှား၌ ခြေနင်းတုံကင် (၇)လုံးလဲလှယ်တပ်ဆင်ခြင်း ကုန်ကျငွေကျပ် (၁၁ . ၃၃)သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေလျာထားချက် (၁၂၀၀. ၀၀)သိန်းဖြစ်၍ မြို့ပြ လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းအား ဝင်ငွေ၏(၂၅ . ၀၂%)လျာထားပြီး (၁) ဟော်ကုန်းလမ်းမြေသားမှ ကျောက်ချောခင်းခြင်း (၅၉၅ပေ×၁၂ပေ) ကုန်ကျငွေကျပ် (၃၃ . ၉၆)သိန်း၊ (၂) ဇီဇဝါလမ်းမြေသားမှ ကျောက်ချောခင်းခြင်း (၆၂၇ ပေ×၁၂ပေ) ကုန်ကျငွေကျပ် (၃၅ . ၇၀)သိန်း၊ (၃) ကျွန်းရွှေဝါလမ်းမြေသားမှ ကတ္တရာခင်းခြင်း (၅၇၄ပေ×၁၂ပေ) ကုန်ကျငွေကျပ်(၃၇ . ၅၀)သိန်း၊ (၄) ဇီဝကလမ်းမြေသားမှ ကတ္တရာခင်းခြင်း (၈၇၈ပေ×၁၂ပေ) ကုန်ကျငွေကျပ်(၅၇ . ၃၀) သိန်း၊ (၅) အင်းခေါင်းလမ်းကျောက်ချောမှ ကတ္တရာခင်းခြင်း (၄၄၀ပေ× ၁၂ပေ) ကုန်ကျငွေကျပ် (၁၈ . ၉၀)သိန်း၊ (၆) ဧရိပ်သာလမ်းအပိုင်း -၃ ကျောက်ချောမှ ကတ္တရာခင်းခြင်း (၆၅၅ပေ×၁၂ပေ) ကုန်ကျငွေကျပ် (၂၈ . ၁၃)သိန်း၊ (၇) ရဿဝတီလမ်းရှိ ရပ်စောက်-ရွှေညောင်လမ်း (မြောက်ဘက်) ဆုံတွင် အုတ်ခုံခံ၊ သစ်သားခင်းတံတားဆောက်လုပ်ခြင်း (၁၆ပေ×၄ပေ×၃ပေ) ကုန်ကျငွေကျပ် (၁၀ . ၀၀) သိန်း၊ (၈) ရတနာပုံလမ်းရှိ ရပ်စောက်-ရွှေညောင် လမ်းဆုံတွင် အုတ်ခုံခံ၊သစ်သားခင်းတံတားဆောက်လုပ်ခြင်း (၁၆ပေ×၄ပေ×၃ပေ) ကုန်ကျငွေကျပ် (၁၀. ၀၀)သိန်း၊ (၉) မေခလမ်းရှိ ရပ်စောက်-ရွှေညောင်လမ်းဆုံတွင် အုတ်ခုံခံ၊ သစ်သားခင်းတံတားဆောက်လုပ်ခြင်း (၁၆ပေ×၄ပေ×၃ပေ) ကုန်ကျ ငွေကျပ် (၁၀. ၀၀)သိန်း၊ (၁၀) ရွှေလီလမ်းရှိ ရပ်စောက်-ရွှေညောင်လမ်း (မြောက်ဘက်)ဆုံတွင် အုတ်ခုံခံ၊ သစ်သားခင်းတံတားဆောက်လုပ်ခြင်း (၃၂ပေ×၄ပေ×၃ပေ) ကုန်ကျငွေကျပ် (၁၀ . ၀၀)သိန်း၊ (၁၁) ချင်းတွင်းလမ်းရှိ ရပ်စောက်-ရွှေညောင်လမ်း(မြောက်ဘက်) ဆုံတွင် အုတ်ခုံခံ၊ သစ်သားခင်းတံတား ဆောက်လုပ်ခြင်း (၃၂ပေ×၄ပေ×၃ပေ) ကုန်ကျငွေကျပ် (၁၇ . ၃၀)သိန်း၊ (၁၂) ဇီဝကလမ်းရှိ ရပ်စောက်-ရွှေညောင်လမ်းဆုံတွင် အုတ်ခုံခံ၊ သံကူကွန်ကရစ်ခင်း တံတားဆောက်လုပ်ခြင်း (၃၂ပေ×၄ပေ×၃ပေ) ကုန်ကျငွေကျပ်(၂၄. ၁၀)သိန်း၊ စုစုပေါင်းလုပ်ငန်း (၁၂)ခု ကုန်ကျငွေကျပ် (၃၀၀. ၁၉) သိန်းဖြင့် ဆောင်ရွက်ရန် လျာထားပါသည်။ မြို့ပြလမ်း/တံတားမွမ်းမံ လုပ်ငန်းအား ဝင်ငွေ၏ (၃ . ၈၆)လျာထားပြီး ဦးဥတ္တမလမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်း (၆၆၀ပေ×၁၂ပေ) ကုန်ကျငွေကျပ် (၄၆ . ၃၀)သိန်းဖြင့် ဆောင်ရွက်ရန် လျာထားပါသည်။ မြို့ပြရေ ပေးရေးတိုးချဲ့အသစ် လုပ်ငန်းအား ဝင်ငွေ၏(၄ . ၅၈) လျာထားပြီး ဇော်ဂျီရပ်ကွက်သွား ၆ပေပဓာဋ်ယ ပိုက် (၁၆၃၈ပေ) သွယ်တန်းခြင်း ကုန်ကျငွေ ကျပ်(၅၅ . ၀၀)သိန်းဖြင့် ဆောင်ရွက်ရန်လျာထားပါသည်။ မြို့ပြရေပေးရေးမွမ်းမံ လုပ်ငန်းအား ဝင်ငွေ၏ (၀ . ၈၈%)လျာထားပြီး (၁) ရေတင်ပန့်ဘော

(၁၂)လုံးလဲလှယ်ခြင်း ကုန်ကျငွေကျပ် (၃ . ၈၀)သိန်း၊ (၂) ၄ပေØPVC ပိုက် (၁၂)လုံး လဲလှယ်ခြင်း ကုန်ကျငွေကျပ်(၆. ၈၀)သိန်း၊ စုစုပေါင်းလုပ်ငန်း(၂)ခု ကုန်ကျငွေကျပ် (၁၀ . ၆၀)သိန်းဖြင့် ဆောင်ရွက်ရန်လျာထားပါသည်။

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၁၃ . ၉၁%)လျာထားပြီး (၁) ရတနာပုံကျေးရွာ အရှေ့-အနောက် ဆက်သွယ်လမ်းအား မြေသားမှ ကျောက်ချောခင်းခြင်း (၁၅၂၁ပေ×၁၀ပေ) ကုန်ကျငွေ ကျပ်(၇၀ . ၀၀)သိန်း၊ (၂) ရပ်စောက်-ဖောင်းတောလမ်းမြေသားမှ ကျောက်ချောလမ်းခင်းခြင်း (၂၁၀၆ပေ×၁၀ပေ) ကုန်ကျငွေကျပ် (၉၆ . ၉၁)သိန်း၊ စုစုပေါင်းလုပ်ငန်း (၂)ခု ကုန်ကျငွေကျပ် (၁၆၆ . ၉၁)သိန်းဖြင့် ဆောင်ရွက်ရန် လျာထားပါသည်။ ကျေးလက်ရေပေးရေးတိုးချဲ့ အသစ်လုပ်ငန်းအား ဝင်ငွေ၏ (၁ . ၇၅) လျာထားပြီး ရွာသစ်ကျေးရွာစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ကုန်ကျငွေကျပ် (၂၁ . ၀၀)သိန်းဖြင့် ဆောင်ရွက်ရန် လျာထားပါသည်။

ကျိုင်းခမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရေရရှိရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းတိုင်းတာခန့်မှန်းကုန်ကျ စရိတ်တွက်ချက်ပြီး ကျေးရွာနေ ပြည်သူလူထုနှင့် ကျောင်းရေရရှိရေး သင့်တော်မည့် နေရာတစ်ခုအား ကျောင်းအနီးပတ်ဝန်းကျင်တွင် ရွေးချယ်သတ်မှတ်၍ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် စတင်ပြီး လုပ်ငန်းပြောင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဘဏ္ဍာရေးနှစ်တစ်နှစ်တည်းနှင့် ဆောင်ရွက်ရန် ငွေကြေး မလုံလောက်ပါက မြို့နယ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အပိုင်းအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း(မိုင်းပြင်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်ခရိုင်၊ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ဒီနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူအတွက် အကျိုးရှိစေမည့် မေးခွန်းများကို မေးမြန်းခွင့် ရရှိတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ရှိပါတယ်။

အခုကျွန်တော် မိုင်းပြင်းမြို့ မိခင်နဲ့ကလေး ကျန်းမာရေးဌာနအဖြစ် အသုံးပြုနေသော အဆောက်အဦးဟာ ၁၉၅၃ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အလျားပေ (၃၀)၊ အနံပေ (၂၀)ပေ၊ အမြင့် (၁၁)ပေ ရှိပြီး သွပ်မိုး၊ ပျဉ်ကာ၊ အင်္ဂတေခင်း ဖြစ်ပါတယ်။ မိုင်းပြင်းမြို့ ပြည်သူ့ဆေးရုံမရှိမီက ဆေးရုံ၊ ဆေးပေးခန်း အဖြစ် အသုံးပြုခဲ့ပါတယ်။ ပြည်သူ့ဆေးရုံတည်ဆောက်ပြီး နောက်ပိုင်း မိုင်းပြင်း အထက ကျောင်းမှာ စာသင်ဆောင်အဖြစ် ယာယီအသုံးပြုခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်တွင် ၎င်းအဆောက်အဦးအား မိခင်နဲ့ကလေးကျန်းမာရေးဌာနအဖြစ် ပြန်လည်အသုံးပြုခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါတယ်။

အဆောက်အဦးမှာ နှစ်ပေါင်း (၆၀)ကြာမြင့်ပြီဖြစ်သဖြင့် သဘာဝဒဏ်၊ ရာသီဥတုဒဏ်နဲ့ ပိုးမွှားများ၏ ဒဏ်ကြောင့် ပျက်စီးယိုယွင်းနေပါတယ်။ အသုံးပြုရန် မသင့်တော်သည့်၊ အန္တရာယ်ရှိသည့် အဆောက်အဦး ဖြစ်နေပါတယ်။ အသစ်ပြန်လည် တည်ဆောက်ပေးရန် လိုအပ်လျက် ရှိနေပါတယ်။ သို့ဖြစ်ပါ၍ မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အဦးသစ် ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိုင်းပြင်း(၁)မှ ဦးစိုင်းလှဝင်း၏ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း မှ ဖြေကြားမှာ ဖြစ်ပါတယ်။ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ " မိုင်းပြင်းမြို့၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနအဖြစ် အသုံးပြုသော အဆောက် အဦးသည် နှစ်ပေါင်း (၆၀)ခန့် ကြာမြင့်ပြီ ဖြစ်သဖြင့် သဘာဝဒဏ်၊ ရာသီဥတုဒဏ်၊ ပိုးမွှားများ၏ ဒဏ်ကြောင့် ပျက်စီးယိုယွင်း နေပါသောကြောင့် အဆောက်အဦးသစ် ပြန်လည် ဆောက်လုပ်ရန်အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့် အချိန်တွင် စတင်ဆောင်ရွက်ပေးဖြစ်ပါကြောင်း သိရှိလိုပါသည်။ " ဟူသော မေးခွန်း နှင့် ပတ်သက်၍ အဆောက်အဦးသစ် ပြန်လည်ဆောက်လုပ်ရန်အတွက် ဆောက်လုပ် မည့် အဆောက်အဦးပုံစံ၊ အရွယ်အစား၊ အမျိုးအစား၊ ဆောက်လုပ်မည့် ကုန်ကျ စရိတ်တို့ကို အင်ဂျင်နီယာ တွက်ချက်မှု၊ အဆောက်အဦဟောင်း ဓာတ်ပုံ(၁)ပုံ ပူးတွဲပြီး မိုင်းပြင်းမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးမှ တွဲဘက်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး၊ ကျိုင်းတုံမြို့မှတဆင့် ကျန်းမာရေးဦးစီးဌာန နေပြည်တော်သို့ တင်ပြရမည် ဖြစ်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ဆောက်လုပ် မည့် ကုန်ကျစရိတ်အား စိစစ်ပြီး ခွင့်ပြုသည့်အချိန်တွင် ပြန်လည်ဆောက်လုပ်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသန့်ဇင်ဦးက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး(မဘိမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး ဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ မဘိမ်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုးမိတ် သစ်ထုတ်ရေးဒေသ၊ ရွှေလီ-မဘိမ်းသစ်ထုတ်လုပ်ရေးဒေသ၊ အရှေ့ကသာသစ် ထုတ်ရေးဒေသဟု (၃) ခုရှိရာ သစ်ထုတ်လုပ်သည့် ကုမ္ပဏီ/ဌာနထုတ် စုစုပေါင်း

(၁၄)ခု ရှိသည်ဟု သိရှိရပါသည်။ ၄င်းကုမ္ပဏီ/ဌာန(၁၄)ခုမှ ကျွန်း(၁၀၈၃၀၀)တန်နှင့် သစ်မာ(၈၇၄၂၈)တန် စုစုပေါင်း (၁၉၅၇၂၈)တန် ထုတ်လုပ်လျက်ရှိရာ ကုမ္ပဏီ အများစုမှာ ဝန်ကြီးဌာန စည်းကမ်းများနှင့် မညီဘဲ သစ်ထုတ်နေသည်ကို တွေ့ရှိ နေရပါသည်။ (ဥပမာ ကျွန်းသစ်အား ရင်စို့လုံးပတ်(၄)ပေ ခွဲပြုထားရာ လုံးပတ်(၁)ပေမှ စ၍ ခုတ်နေခြင်း၊ ထုတ်ခွင့်ပြုသည့် ကြိုးဝိုင်း/ကြိုးပြင် အကွက်တွင် သာမက နီးစပ်ရာ/တခြားအကွက်မှ ထုတ်လုပ်ခြင်း)၊ ၄င်းကဲ့သို့ စည်းကမ်းမဲ့ထုတ်လုပ် နေခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုများစွာ ထိခိုက်လျက်ရှိပါသည်။ ၄င်းအတွက် စည်းကမ်းမဲ့စွာ သစ်ထုတ်လုပ်နေသည့် ကုမ္ပဏီများအား စစ်ဆေး၍ ထိရောက် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦးရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး သစ်တောနဲ့ သတ္တုဝန်ကြီး ကျွန်တော်ဦးစိုင်းအိုက်ပေါင်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးသန့်ဇင်ဦးရဲ့ မေးခွန်းမေးမြန်းချက်အရ

" မဘိမ်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုးမိတ်သစ်ထုတ်ရေးဒေသ၊ ရွှေလီ-မဘိမ်း သစ်ထုတ်လုပ်ရေးဒေသ၊ အရှေ့ကသာသစ်ထုတ်ရေးဒေသဟု (၃) ခုရှိရာ သစ်ထုတ်လုပ်သည့် ကုမ္ပဏီ/ဌာနထုတ် စုစုပေါင်း(၁၄)ခု ရှိသည်ဟု သိရှိရပါသည်။ ၄င်းကုမ္ပဏီ/ဌာန (၁၄)ခုမှ ကျွန်း(၁၀၈၃၀၀) တန်နှင့် သစ်မာ (၈၇၄၂၈)တန် စုစုပေါင်း (၁၉၅၇၂၈)တန် ထုတ်လုပ်လျက်ရှိရာ ကုမ္ပဏီအများစုမှာ ဝန်ကြီးဌာန စည်းကမ်းများနှင့် မညီဘဲ သစ်ထုတ်နေသည်ကို တွေ့ရှိနေရပါသည်။ (ဥပမာ ကျွန်းသစ်အား ရင်စို့လုံးပတ် (၄)ပေ ခွဲပြုထားရာ လုံးပတ် (၁)ပေမှ စ၍ ခုတ်နေခြင်း၊ ထုတ်ခွင့်ပြုသည့် ကြိုးဝိုင်း/ကြိုးပြင် အကွက်တွင် သာမက နီးစပ်ရာ/တခြားအကွက်မှ ထုတ်လုပ်ခြင်း)၊ ၄င်းကဲ့သို့ စည်းကမ်းမဲ့ထုတ်လုပ် နေခြင်းသည် သဘာဝပတ်ဝန်းကျင်ကို များစွာ ထိခိုက်လျက်ရှိပါသည်။

၄င်းအတွက် စည်းကမ်းမဲ့စွာ သစ်ထုတ်လုပ်နေသည့် ကုမ္ပဏီများ အား စစ်ဆေး၍ ထိရောက် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ "ဟု မေးမြန်းလာပါသည်။ ကိုယ်စားလှယ် တော်ကြီးရဲ့ မေးမြန်းချက်အရ -

မဘိမ်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုးမိတ်သစ်ထုတ်လုပ်ရေး ဒေသ၊ ရွှေလီ-မဘိမ်း သစ်ထုတ်ရေးဒေသ၊ အရှေ့ကသာသစ်ထုတ်ရေး ဒေသ(၃)ခုအနေဖြင့် ဌာန/ကုမ္ပဏီ အောက်ပါအတိုင်း ဖြစ်ပါသည် -

<u>မိုးမိတ်ဒေသ</u>

၁။	ဌာန	ကျွန်း/သစ်မာ
၂။	မိုမင့်တန်ကုမ္ပဏီ	ကျွန်း
၃။	မြတ်နိုးသူကုမ္ပဏီ	ကျွန်း/သစ်မာ
၄။	ဒွေးမိသားစု	ကျွန်း/သစ်မာ
၅။	ဖြိုးစည်သူကုမ္ပဏီ	ကျွန်း/သစ်မာ
၆။	MRT	ကျွန်း/သစ်မာ
၇။	ဂလိုရီ(ထူး)	ကျွန်း/သစ်မာ

<u>ရွှေလီ-မဘိမ်းဒေသ</u>

၁။	ဌာန	ကျွန်း/သစ်မာ
၂။	MRT	ကျွန်း/သစ်မာ
၃။	လူကာဝုဒ်	ကျွန်း/သစ်မာ
၄။	ဂလိုရီ(ထူး)	ကျွန်း/သစ်မာ

<u>ကသာအရှေ့ဒေသ</u>

၁။	ဌာန	သစ်မာ

စုစုပေါင်းဌာနနှင့် ကုမ္ပဏီ(၁၂)ခုမှ ကျွန်း(၁၁၀၃၀၀)တန်၊ သစ်မာ (၉၁၅၀၀)တန်၊ စုစုပေါင်း ကျွန်း/သစ်မာ (၁၉၄၃၀၀)တန်အား မိုးမိတ်ဒေသ၊ နမ့်ပေါ်ကြိုးဝိုင်း၊ နမ့်မဲကြိုးဝိုင်း၊ ကွန်းချောင်းကြိုးဝိုင်း၊ ဆူးပုတ်ကြိုးဝိုင်း၊ မိုင်းသာကြိုးဝိုင်း၊ ကြိုးပြင်(XII , XIII , XIIII) ရွှေလီမဘိမ်း ဒေသ နမ့်မဲကြိုးဝိုင်း၊ ကွန်းချောင်းကြိုးဝိုင်း၊ မန်ပုံကြိုးဝိုင်း၊ နမ့်ပါကြိုးဝိုင်း၊ ကြိုးပြင်(III) ကသာအရှေ့ဒေသ နမ့်ကြိုးဝိုင်း၊ အုံဒုတ်ကြိုးဝိုင်းတို့မှ ထုတ်လုပ်ရန် လျာထားခဲ့ရာလက်ရှိ သစ်ထုတ်ဆောင်ရွက်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

စဉ်	ဒေသ	ထျာထားချတ်		ခုတ်ထွဲသစ်		ထွတ်သစ်	
		ထျွန်း	သစ်ဓာ	ထျွန်း	သစ်ဓာ	ထျွန်း	သစ်ဓာ
၁။	မိုးမိတ်ဒေသ	၆၀၀၀	၆၁၅၀၀	၄၇၃၅၅	၅၇၀၁၄	၂၄၄၄၅	၃၅၅၆၄
၂။	ဌေလီ-ဓေါ်မိုး	၅၃၃၀	၂၁၀၀၀	၃၂၂၇၄	၁၄၄၄၆	၂၃၈၄၅	၆၆၄၁
၃။	တသာအရှေ့	-	၂၅၀၀	-	၁၀၂၉	-	၃၀၀
	စုစုပေါင်း	၁၁၀၃၀၀	၈၄၀၀၀	၇၉၄၂၉	၅၂၄၈၉	၄၈၇၉၀	၄၃၅၀၅

သစ်ထုတ်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်-

- သစ်ထုတ်ကုမ္ပဏီများမှ ကွင်းနင်းတင်ပြလျှောက်ထားသော ကြိုးဝိုင်း/သစ်ကွက်များကို ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုချက်အရ မြန်မာ့သစ်လုပ်ငန်းမှ ဌာန/ကုမ္ပဏီအလိုက် လျာထားချက် တန်ကိုခွင့်ပြုပြီး ကြိုးဝိုင်းသစ်ကွက်များအတွက် ကွင်းဝင်ခုတ်လှဲ ခွင့်အား သစ်တောဦးစီးဌာနသို့ တောင်းခံပါသည်။
- သစ်တောဦးစီးဌာနမှ ကွင်းဝင်ခွင့်ပြု ကြိုးဝိုင်း/သစ်ကွက်များတွင် မြန်မာ့သစ်လုပ်ငန်း၏ သစ်ခုတ်လှဲမိန့်**(Felline Order)**ဖြင့် ခုတ်လှဲဆောင်ရွက်ပါသည်။
- ခုတ်လှဲပြီးသော သစ်များအား ဆင်/ယန္တရားအင်အားဖြင့် ခုတ်လှဲသည့် သစ်ကွက်တွင် စာချုပ်ပါ တိုင်းဆိပ်**(Measuring Point)**သို့ စုပုံပါသည်။
- တိုင်းဆိပ် ရောက်ပြီးသော သစ်များအား ဌာနမှ တိုင်းသိမ်း လက်ခံ/အကောက်ရိုက် လုပ်ငန်းကို သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဆောင်ရွက်ခြင်း၊ ခုတ်လှဲပြီး ငုတ်များကို စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိ၍ ကုမ္ပဏီများ၏ ခုတ်လှဲခဲ့သည့်ပင်ထောင်ခွင့်ပြုသတ်မှတ်သစ်ကွက်မှ ဟုတ်/မဟုတ်နှင့် စည်းကမ်းနှင့် ညီညွတ်မှု ရှိ/မရှိကို ဖော်ထုတ်သိရှိ အတည်ပြုနိုင်ပါသည်။

သို့ဖြစ်၍ သစ်ထုတ်ကုမ္ပဏီများအနေဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့မှ သစ်ကွင်းအတွင်းလုပ်ငန်း အဆင့်အလိုက်အနီးကပ် ကြပ်မတ်ဆောင်ရွက်

လျက်ရှိခြင်းတို့ကြောင့် ထုတ်လုပ်ခွင့်ပြုသည့် ကြိုးဝိုင်း/သစ်ကွက်များမှ လွဲ၍ အခြားမသက်ဆိုင်သည့် သစ်ကွက်များမှ ခုတ်လှဲထုတ်ယူခြင်း မပြုနိုင်ကြောင်း ဖြေကြားအပ်ပါသည်။

ကျွန်းသစ်အား ရင်စို့လုံးပတ် (၄)ပေနှင့်အထက် ထုတ်လုပ်ရန် ခွင့်ပြုလျာထားရာ လက်ရှိ ဌာနကုမ္ပဏီတို့ ဆောင်ရွက်သော သစ်ဆိပ်သို့ ထွက်ရှိကျွန်းထွက် သစ်စာရင်းများအရ

- အနည်းဆုံးအလျား(၂၀)ပေရှိသော အပိုင်း(၁)သစ်လုံး (အရင်းပိုင်းသစ်လုံး)၏ ခါးလည် လုံးပတ်သည် (၃)ပေနှင့်အထက်ဖြစ်၍ ရင်စို့လုံးပတ်(၄)ပေနှင့် အထက်ရှိသော ကျွန်းပင်ထောင်များမှသာ ထွက်ရှိနိုင်ခြင်း။
- အဖျားပိုင်းဖြစ်သော အပိုင်း(၂) (သို့မဟုတ်) အပိုင်း(၃)တို့သည် လည်းခါးလည်လုံးပတ် အနည်းဆုံး (၂)နှင့် အထက်ဖြစ်ခြင်း။

သို့ဖြစ်၍ ဌာနမှ ခွင့်ပြုသတ်မှတ်ထားသည့် ရင်စို့လုံးပတ် (၄)ပေနှင့် အထက် ကျွန်းပင်ထောင် များကိုသာ စည်းကမ်းနှင့်အညီ ခုတ်လှဲထုတ်လုပ်ခြင်း ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ထို့အပြင် စည်းကမ်းနှင့် မညီညွတ်ဖောက်ဖျက်ပါက မြန်မာ့သစ်လုပ်ငန်းနှင့် သစ်ထုတ်ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုသော သစ်ထုတ်လုပ်ငန်းစာချုပ်ပါ။ ကန်ထရိုက်တာမှ ဆောင်ရွက်ရန် တာဝန်များ အပိုဒ်(၄)အရ သတ်မှတ်ရင်စို့လုံးပတ် ထက်ငယ်သည့် အပင်များ ခုတ်လှဲထုတ်ယူပါက ထုတ်လုပ်ခ ပေးချေမှုမပြုပဲ သစ်လုံးများကို ဌာနမှ သိမ်းယူမည့်အပြင် သစ်တောဦးစီးဌာန၏ သစ်တောဥပဒေအရ အရေးယူခြင်း၊ ဒဏ်ရိုက်ခြင်းကိုပါ ခံယူရပါမည်ဟု ဖော်ပြပါရှိပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဦးသန့်ဇင်ဦးက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး(မဘိမ်းမဲဆန္ဒနယ်အမှတ်-၁)။ ဒုတိယမေးခွန်းအနေနဲ့ "မဘိမ်းမြို့နယ် အတွင်းရှိ ငါးအိုးကျေးရွာနှင့် မဘိမ်းမြို့သို့ ဖောက်လုပ်နေသောလမ်းမှာ ၂၀၀၁ ခုနှစ်မှ စတင်၍ ဖောက်လုပ်နေသည်မှာ ခွင့်ပြုငွေကျပ် သိန်း (၇၀၀၀)ခန့်နှင့် (၁၀)နှစ်ခန့်ကြာမြင့်ပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငါးအိုး-မဘိမ်းလမ်းအား ၂၀၁၂-၂၀၁၃ တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လည်းကောင်း၊ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။" ကျေးဇူးတင်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျာ။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦး မေးမြန်းသည့် မေးခွန်းဖြစ်သည့် ငါးအိုး-မဘိမ်းလမ်းသည် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဖောက်လုပ်ခဲ့ရာ ငါးအိုးတွင် မိုင်တိုင်အမှတ် ၀/၀ သတ်မှတ်ခဲ့ပြီး မဘိမ်းမြို့တွင် မိုင်တိုင်အမှတ် ၅၉/၀ သတ်မှတ်ကာ စုစုပေါင်း ၅၉ မိုင် ရှည်လျားပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလအထိ ဆောင်ရွက်ပြီးစီးမှုမှာ ကျောက်လမ်း ၂ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၁၂ မိုင် ၄ ဖာလုံ၊ မြေလမ်း ၄၄ မိုင် ၀ ဖာလုံ ဖြစ်ပြီး မိုင်တိုင်အမှတ် ၀/၀ မှ မိုင်တိုင်အမှတ် ၂၅/၀ အထိ မြေတာဘောင် (၄၀)ပေ အကျယ် မြေဖို့ခြင်း၊ မြေဖြန့်ခြင်း လုပ်ငန်းများနှင့် မိုင်တိုင်အမှတ် ၀/၀ မှ မိုင်တိုင်အမှတ် ၂၈/၀ အတွင်း သစ်သားတံတား ကြီး/ငယ်ပေါင်း (၂၀)စင်း၊ သံကူကွန်ကရစ် တံတား ၃ စင်း၊ ပိုက်ရေပြွန် (၁)စင်း၊ စုစုပေါင်း (၂၄)စင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယခုလာမည့် ဘဏ္ဍာရေးနှစ် ၂၀၁၂-၂၀၁၃ ခုနှစ်မှ စ၍ ပြည်နယ်မှ စီမံခန့်ခွဲရန်အတွက် သတ်မှတ်ထားသည့်လမ်း ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုင်တိုင်အမှတ် ၂၅/၀ မိုင်တိုင်အမှတ် ၅၉/၀ အထိ မြေတာဘောင် (၄၀) ပေ အကျယ်ရရန် မြေဖို့ခြင်း လုပ်ငန်း၊ မြေဖြန့်ခြင်းလုပ်ငန်း၊ သံကူကွန်ကရစ် တံတားကြီး/ငယ် (၃၇)စင်း မိုင်တိုင်အမှတ် (၁၅/၀) မှ မိုင်တိုင်အမှတ် (၃၂/၀) အထိ အမာခံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းများအလိုက် ရန်ပုံငွေလျာထား တင်ပြထားကြောင်း ဖြေကြားအပ်ပါသည်။ လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းအိုက်အေး က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်အေး(လင်းခေးမဲဆန္ဒနယ်အမှတ်-၁)။ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ မေးခွန်းကတော့ အိမ်မြေဂရုံကိစ္စပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် မြို့နယ်ပေါင်း (၁၅)မြို့နယ် ရှိပြီး မြို့ကြီးများ အချို့၌သာ အိမ်မြေဂရုံများရှိကြပါတယ်။ ကျန်မြို့နယ်အများ အပြားမှာ အိမ်မြေဂရုံ မရှိကြသေးပါ။

အိမ်မြေဂရံမရှိသေးသော မြို့နယ်များအား အိမ်မြေဂရံများပြုလုပ်ပေးခြင်းအားဖြင့် အစိုးရမှာလဲ အခွန်တော်ငွေများရရှိပြီး ပြည်သူပြည်သားများလဲ အိမ်မြေဂံများ ရရှိကြ၍ ဝမ်းမြောက်ဝမ်းသာ ရှိကြမည် ဖြစ်ပါသည်။

ထို့ပြင် ပြည်သူပြည်သားများသည် ၄င်းတို့၏ လုပ်ငန်းများကို တိုးချဲ့နိုင်ရန်၊ အိမ်မြေဂရံကို သက်ဆိုင်ရာဌာနများတွင် အပေါင်ထားပြီး အရင်းအနှီးရယူနိုင်ကြမည် ဖြစ်ပါသည်။ အထက်ပါအချက်အလက်များအရ အစိုးရမှ မြို့ပြရပ်ကွက်နှင့် ကျေးရွာများအထိ တပြေးညီစွာ အိမ်မြေဂရံများ ဆောင်ရွက်ပေးရန် ရှိ/မရှိ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လုပ်သားပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်နှင့် အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများအား လေးစားစွာဖြင့် မေးခွန်းတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လင်းခေးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး၏ “ရှမ်းပြည်နယ်တွင် မြို့နယ်ပေါင်း(၅၅)မြို့ရှိပြီး မြို့ကြီးအချို့၌သာ အိမ်မြေဂရန်များ ရှိကြပါသည် ကျန်မြို့နယ်အများအပြားမှာ အိမ်မြေဂရံမရှိကြသေးပါ။ အိမ်မြေဂရံမရရှိသေးသောမြို့နယ်များအား အိမ်မြေဂရန်များပြုလုပ်ပေးခြင်းအားဖြင့် အစိုးရမှာလည်း အခွန်တော်ငွေများရရှိပြီး ပြည်သူပြည်သားများ ၄င်းတို့၏လုပ်ငန်းများ တိုးချဲ့နိုင်ရန် အိမ်မြေဂရန်ကို သက်ဆိုင်ရာဌာနများတွင် အပေါင်ထားပြီး အရင်းအနှီးရယူနိုင်ကြမည်ဖြစ်ပါသည်။အစိုးရမှမြို့ပြ ရပ်ကွက်နှင့်ကျေးရွာများအထိ တပြေးညီစွာ အိမ်မြေဂရန်များဆောင်ရွက်ပေးရန် ရှိ/မရှိ သိရှိ လိုပါကြောင်း” ဟု မေးမြန်း ထားမှုနှင့် ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားမှာ ဖြစ်ပါတယ်။

မြို့မြေများတွင် မြေဂရန်အသစ်ထုတ်ပေးခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ ဂရန်သက်တမ်းတိုးခြင်းတို့နှင့်ပတ်သက်၍ အောက်မြန်မာနိုင်ငံအတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ အခန်း(၂)၊ အပိုဒ်(၆)မှ ၂၉အရ လည်းကောင်း၊ အထက်မြန်မာနိုင်ငံအတွက် မြေနှင့် အခွန်နည်းဥပဒေ အခန်း(၆-က)၊ အပိုဒ် (၅၁)၊ ၅၁-က၊ ၅၁-ခ အရလည်းကောင်း ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ်တော်အရာရှိ)၏ လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း၊ ယင်းအာဏာကို ကျင့်သုံးရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့ နေ့စွဲပါအမိန့်ကြော်ငြာစာများဖြင့် အပ်နှင်းထားပါကြောင်း၊ ယင်းအမိန့်ကြော်ငြာစာနှင့် တည်ဆဲမြေနှင့် အခွန်ဥပဒေများအရ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ်တော်အရာရှိ)ထံတွင် စတင်လျှောက်ထားစေပြီး ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကသာ လက်မှတ်ရေးထိုး၍ ဂရန်များထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ အချို့ခရိုင်ရုံး မစိုက်သော မြို့များတွင် မြို့နယ်အုပ်ချုပ်ရေးမှူးထံ စတင်လျှောက်ထားဆောင်ရွက်ရပါကြောင်း၊ မြို့မြေများ၌ မြေငှားဂရန်ထုတ်ပေးရာတွင်လည်း အဆောက်အဦးခိုင်မာမှု၊ အရှုပ်အရှင်းကင်းရှင်းမှု ပေါ် မူတည်၍ (၁)နှစ်၊ (၃)နှစ်၊ (၁၀)နှစ်၊ (၃၀)နှစ် စသည်ဖြင့် သက်တမ်းများခွဲခြား၍ ထုတ်ပေးပါကြောင်း၊ ကျေးရွာမြေများ မြေငှားလိုင်စင်ထုတ်ပေးရေးနှင့်ပတ်သက်၍ ဥပဒေအရ(၃)နှစ် မြေငှားလိုင်စင်ရရန် လုပ်ထုံးလုပ်နည်းရှိသော်လည်း ယင်းသို့ ဆောင်ရွက်ရန်အတွက် ရွာမြေသည် ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော ရွာစာရင်းပေါက်သည့်အပြင် အောက်ပါအချက်များလိုအပ်ပါကြောင်း -

(က) မြေငှားလိုင်စင်ထုတ်ပေးရမည့် ရွာသည် အိမ်မြေကွက်များစနစ်တကျ ရိုက်၍ သတ်သတ်မှတ်မှတ် အစည်းအတားရှိရမည်။

(ခ) အဝင်၊ အထွက်လမ်းများ စနစ်တကျရှိပြီး သတ်မှတ်ထားသော အကျယ်အဝန်းများ ရှိမည်။

(ဂ) အိမ်ပူး၊ အိမ်ညပ်များ မရှိစေရ။ (တဲ၊ ဓနိမိုးထားသော အိမ်များ မဖြစ်စေရ)

(ဃ) အိမ်အဆောက်အဦခိုင်မာမှုများ သတ်မှတ်ချက်အတိုင်း ရှိရမည်။ အထက်ဖော်ပြပါ အချက်များပြည့်စုံသည့်အပြင် ရွာမြေသည် စိုက်ပျိုးမြေများနှင့် ရောထွေးနေခြင်း၊ လယ်မြေများဖြင့် ပါဝင်နေခြင်း မရှိစေရန် ညွှန်ကြားထားရှိရာ သတ်မှတ်ချက်များနှင့် ပြည့်စုံသော ကျေးရွာများဖြစ်ပါက မြေယာဥပဒေများအတိုင်း ပြုစု၍ အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြခွင့် ပြုပါက ခရိုင်ကော်လိတ်တော်အရာရှိက (၃)နှစ် မြေငှားလိုင်စင် အား ထုတ်ပေးနိုင်ပါကြောင်း။

ပြည်သူလူထု၏ ရသင့်ရထိုက်သော အခွင့်အရေးဖြစ်သည့် ပုဂ္ဂလိက မြေငှားဂရန်အသစ်များ ခွင့်ပြုပေးနိုင်ရေးအတွက် မြေအကျယ်အဝန်းဧရိယာ မည်မျှပင်ဖြစ်စေကာမူ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်၍ မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ပြည်နယ်သို့ အဆင့်ဆင့်တင်ပြ၍ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ထောက်ခံချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြရန်နှင့် ညွှန်ကြားရေးမှူးချုပ်မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြစိစစ်ခွင့်ပြုပေးမည်ဖြစ်၍ ကြန့်ကြာမှု မရှိစေပဲ တင်ပြရန် ၂၀၁၁ ခုနှစ် သြဂုတ်လ ၂၅ ရက်စွဲပါစာအမှတ်၊ ၃၀၀/၁-၁/ဦး-၁ ဖြင့် ညွှန်ကြားခဲ့၍ ခရိုင်များအားလုံးသို့ အကြောင်းကြားဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ပုဂ္ဂလိက မြေငှားဂရန်အသစ်လျှောက် ထားသည့် အမှုတွဲများကို (၁)ကေအထိ၊ (၁)ကေအထက်မှ (၅)ကေအထိနှင့် (၅)ကေအထက် အမှုတွဲအလိုက် ပြည်ထောင်စုဝန်ကြီးထံ တင်ပြ၍ ဆောင်ရွက်ပေး သွားမည်ဖြစ်သဖြင့် ပုဂ္ဂလိက မြေငှားဂရန်များ အမြန်ထုတ်ပေးနိုင်ရေး ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် နှိုးဆော်အသိပေးရန်နှင့် မြေငှားဂရန်အမှုတွဲ အမြန်ပေးပို့တင်ပြရန် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်စွဲပါစာအမှတ်၊ ၃၀၀/၂-၃/ဦး ၁ ဖြင့် ညွှန်ကြားလာ၍ ခရိုင်များအားလုံးသို့ အကြောင်းကြား ဆောင်ရွက်ထားပါကြောင်း။

မြေငှားဂရန်သစ်များ လျှောက်ထားရရှိရေးအတွက် အမှုတွဲပြုစုရာတွင် မြေစာရင်းပုံစံ (၁၀၅)သည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်နေရာ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ရေးကူးခွင့်အပြုရေး ညွှန်ကြားချက်အရ မြေငှားဂရန်အသစ် လျှောက်ထားမှုများ ခရိုင်၊ မြို့နယ်မှ တင်ပြလာမှု နဲပါးနေပါကြောင်း၊ မြေစာရင်းပုံစံ(၁၀၅) ရေးဆွဲခွင့် ရရှိရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားမှုများအတွက် အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြေစာရင်းဦးစီးဌာနတို့ပါဝင်သော အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်တင်ပြရန် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းအဖွဲ့မှ စိစစ်ရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခွင့် လျှောက်ထားသူ၏ မြေကွက်အလား (၄)ရပ်ကို ပေဖြင့် တိကျစွာဖော်ပြရန်၊ ပတ်ဝန်းကျင်ပိုင်ဆိုင်သူများ၏ ကန့်ကွက်မှု ရှိ/မရှိ စိစစ်ရန်၊ သတ်မှတ်ထားသော စာရွက်စာတမ်းများဖြစ်သည့် နိုင်ငံသားစိစစ်ရေးကဒ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ အဆောက်အဦ/မြေကွက်၏ ဓါတ်ပုံမှတ်တမ်းသည် အထောက်အထားအပြည့်အစုံဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရန်ဖြစ်ပါသည်။ ဌာန(၃)ခု ပါဝင်သော အဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ရန် ပေးပို့လာသော မြေစာရင်းပုံစံ(၁၀၅)လျှောက်ထားမှုများအတွက် ခရိုင်များမှ စိစစ်တင်ပြရန်လည်း ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေစာရင်းပုံစံ(၁၀၅)လျှောက်ထားခွင့်ပြုမှုအတွက် ရရှိပြီး၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များမှ မြေငှားဂရန်အမှုတွဲ ပြုစုတင်ပြလာပါက ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးချုပ်နှင့် ဝန်ကြီးဌာနသို့ အမြန်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြည်သူလူထုများ၏ မြေငှားဂရန်သစ်လျှောက်ထားမှုများအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ အမြန်စိစစ်ဆောင်ရွက်ပေးနေသကဲ့သို့ လျှောက်ထားသူ ပြည်သူလူထုဘက်မှလည်း မှန်ကန်တိကျဖို့ လိုအပ်ပါသည်။ အခို့ မြေစာရင်းပုံစံလျှောက်ထားမှု၊ မြေငှားဂရန်သစ်လျှောက်ထားမှုအတွက် ကန့်ကွက်လွှာခေါ်ယူမှု၊ မြေပြင်ကွင်းဆင်းစစ်ဆေးရန်ဆောင်ရွက်သည့် အခါများတွင် လျှောက်ထားသူများသည် ၎င်းလျှောက်ထားသော မြေတွင် နေထိုင်မှု မရှိပဲ အခြားမြို့များတွင် နေထိုင်သူများ ဖြစ်နေခြင်း၊ မိမိမြေကွက်တွင် ခွဲနွယ်များ ရှင်းလင်းထားမှုမရှိခြင်း၊ ခြံစည်းရိုးကာရံထားမှု မရှိခြင်းတို့ကို တွေ့ရှိရပါသည်။ ဆက်သွယ်ဆောင်ရွက်ရန် ခက်ခဲမှုများလည်း တွေ့ရှိရပါသည်။ အခို့မြေများသည် မိသားစု အချင်းချင်း ရှုပ်ထွေးအငြင်းပွားမှုများ ရှိနေသော မြေများဖြစ်နေခြင်းတို့ကိုလည်း တွေ့ရှိနေရပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ ကိစ္စများကိုလည်း ကိုယ်စား လှယ်တော်ကြီးများမှ ပြည်သူလူထုသိရှိအောင် ရှင်းလင်းပြောကြားပေးပါရန် တင်ပြလိုပါကြောင်း၊ မြို့မြေများတွင် ဂရန်ရရှိရေးသက်ဆိုင်ရာမြို့နယ်၊ ခရိုင်များတွင် စတင်လျှောက်ထားအမှုတွဲပြုစုပြီး အမြန်ရရှိရေးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ [သြဘာသံများ]

ဥက္ကဋ္ဌ။ ဦးစိုင်းအိုက်အေးက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်အေး(လင်းခေးမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ရခေားဒုက္ခရောက်ခဲ့သော ပြည်သူများအား ကူညီပေးရန်အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။

၂၀၁၁ ခုနှစ် ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုကြောင့် အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံအနှံ့အပြားရေကြီးခြင်း၊ လယ်မြေများရေမြုပ်ခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ထိုသို့ဖြစ်ပေါ်သော ဒေသများတွင် နိုင်ငံတော်သမ္မတကြီးမှ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။

အလားတူ ကျွန်တော်တို့ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ရွှေညောင်၊ ညောင်ရွှေမြို့နယ်များ ရေ ကြီးခြင်း၊လယ်မြေများ ရေမြုပ်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် ကာ ပြည်သူလူထုများ ဒုက္ခရောက်ခဲ့ပါသည်။ ထိုသို့ဒုက္ခရောက်ခဲ့ရသော ပြည်သူများအား ကူညီရန်အစီအစဉ် ရှိ/မရှိ ဖြေကြားပေးစေလိုပါသည်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေးက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ရွှေညောင်၊ ညောင်ရွှေမြို့နယ်များ ရေကြီးခြင်း၊ လယ်မြေများ ရေမြုပ်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် ကာ ပြည်သူလူထုများ ဒုက္ခရောက်ခဲ့ပါသည်။ ထိုသို့ဒုက္ခရောက်ခဲ့ရသော ပြည်သူများအား ကူညီရန်အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ရွှေညောင်၊ ညောင်ရွှေမြို့နယ်များ ရေကြီးနစ်မြုပ်ချိန် လိုအပ်သော ပံ့ပိုးမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးခဲ့သည့်အပြင် ရေကြီးနစ်မြုပ်ခြင်း

မရှိစေရေး၊ ပျက်စီးဆုံးရှုံးမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် သဲနှုန်းဆယ်ထုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယနေ့အထိ ညောင်လွှေမြို့နယ်၊ မိုင်းလီချောင်း သဲနှုန်းတူးဖော်ခြင်းလုပ်ငန်းအား မြေကျင်းပေါင်း (၃၁၈၄၉) ကျင်း၊ သာစည်ကန်နှင့် နဒီကန်သဲနှုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ မြေကျင်းပေါင်း (၂၉၆၅၇)ဖော်ထုတ်ပေးနိုင်ခြင်း ဆက်လက်ဆောင်ရွက်လျက်လည်း ရှိပါသည်။

ဟိုပုံးမြို့နယ်၊ နမ့်ပေါင်လင်းရေလွှဲဆည် လယ်ယာမြောင်းသဲနှုန်းတူးဖော်ခြင်းအား မြေကျင်းပေါင်း (၇၅၈)ကျင်း၊ နမ့်ပေါင်လင်းရေလွှဲဆည် လက်ဝဲမြောင်းရေဆိုးထုတ်အမှတ် (၃)(၄)(၇) သဲနှုန်းတူးဖော်ခြင်း (၉၅၇)ကျင်း၊ နမ့်ပေါင်လင်းရေလွှဲဆည်လယ်ယာမြောင်း သဲနှုန်းတူးဖော်ခြင်း (၅၇၉၉)ကျင်းနှင့် နမ့်ပေါင်လင်းရေလွှဲဆည် လက်ဝဲမြောင်းလက်တံ(၁)၊ လက်တံ(၂)နှင့် လက်တံ(၃) သဲနှုန်းတူးဖော်ခြင်း မြေကျင်းပေါင်း (၁၁၂၂)ကျင်း၊ နမ့်ပေါင်လင်း ရေလွှဲဆည်ရေသောက်စနစ်ရှိ ရေလှျံထိန်းတာဘောင်မြင့်တင်ခြင်း မြေကျင်းပေါင်း(၁၃၅၄)ကျင်း တူးဖော်ပြီးစီးပြီး ဖြစ်ပါသည်။ နမ့်ကွက်ရေလွှဲဆည် ရေဝပ်ဧရိယာသဲနှုန်းတူးဖော်ခြင်း မြေကျင်းပေါင်း (၄၀၉)ကျင်းနှင့် ဆီဆိုင်မြို့နယ် ရေဘေးကာကွယ်ရေးတာဘောင်၊ ရေနုတ်မြောင်းများတာဘောင်များ ထိန်းသိမ်းခြင်း မြေကျင်းပေါင်း (၁၁၈၀)ကျင်း ပြီးစီးပြီး ဖြစ်ပါသည်။ ဆက်လက်ပြီး ဟဲဟိုးမြို့နယ်ရှိ နယ်ခြားချောင်းတွင် သဲနှုန်းဆယ်ထုတ်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သော စက်သုံးဆီ (၄၄၂၈) ဂါလံ ခွင့်ပြုချက်ရရှိရေး ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။ ပြည်နယ်ဆည်မြောင်းဦးစီးဌာန၏ စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်နေ့တွင် စက်ယန္တရားများ ပေးပို့ထားပြီး ဖြစ်ပါသည်။

ထို့အပြင် ရေကြီးနစ်မြုပ်ခဲ့သော ညောင်လွှေမြို့နယ် တောင်သူလယ်သမားများ နွေစပါးစိုက်ပျိုးရေးတွင် အထောက်အကူဖြစ်စေရန်အတွက် အထူးအထွက်တိုးစပ်မျိုးစပါးများ ရှာဖွေပို့ဆောင်ပြီး ယာယီဆိုင်းငံ့စနစ်ဖြင့် ထုတ်ပေးခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း တစ်ကေလျှင် ကျပ်(၄၀၀၀၀)နှုန်းဖြင့် ချေးငွေသိန်း (၄၈၀၀)၊ ဖယ်ခုံမြို့နယ်တွင် ကျပ်သိန်း(၇၀၀)၊ ဟိုပုံးမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ကျပ်သိန်း (၃၁၃၄)၊ ဆီဆိုင်မြို့နယ်တွင် ကျပ်သိန်း (၂၇၀၈)၊ မွေးမြူရေးလုပ်ရန်အတွက် ဟိုပုန်းမြို့နယ်တွင် ကျပ်သိန်း(၇၄၄)၊ ဆီဆိုင်မြို့နယ်တွင် ကျပ်သိန်း(၂၉၅) ထုတ်ချေးပေးခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ [သြဘာသံများ]

၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၃၊ ပုဒ်မခွဲ(ခ)အရ ဥပဒေပြုရေး ဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယနေ့အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းထားတဲ့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်တင်ပြချက် အစီရင်ခံစာ

နိဒါန်း

၁။ ဤဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက (၁-၃-၂၀၁၂)ရက်နေ့တွင် ဆွေးနွေးရန် ချိန်းဆို၍ ဤဥပဒေရေးဆွဲရေးကော်မတီသို့ ပေးပို့လာပါသည်။

၂။ ဥပဒေကြမ်းကို (၂၈-၂-၂၀၁၂) ရက်နေ့တွင် ဤကော်မတီက ဆွေးနွေးပြီး၊ လေ့လာတွေ့ရှိချက် များကို စိစစ်သုံးသပ်ကာ သဘောထားမှတ်ချက် တင်ပြချက် တို့ကို အောက်ပါအတိုင်း အစီရင်ခံ တင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ ဥပဒေ၏ အဖွင့်၌ **" ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် "** ဟူ၍ တွေ့ရှိရပါသည်။

၄။ ဥပဒေ၏ အခန်း(၂) ပုဒ်-၂(က)တွင် **"ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်"** ဟူ၍ ဖော်ပြရေးသားထားသည်ကို တွေ့ရှိရပါသည်။

၅။ ဥပဒေကြမ်းသည် နောက်ထပ်ဘဏ္ဍာငွေ သုံးစွဲခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပြည်နယ်အဆင့် ဌာန (၂)ခုအတွက် အသုံးစရိတ်တင်ပြချက် ဖြစ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၆။ ရှမ်းပြည်နယ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၉၃(ခ)နှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၅၈)အရ နောက်ထပ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စကို လိုအပ်သော ဆွေးနွေးမှု ပြုလုပ်ပြီး၊ ပုဒ်-၁၈၈ ပါ ဥပဒေပြုရန်ကိစ္စအလို့ငှာ ဇယား-၂ (၁)(က)အရ ဘဏ္ဍာငွေအသုံးပြုရေးအတွက် ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးခြင်း ဖြစ်ပါသည်။

၇။ ဥပဒေကြမ်းမှာ သက်ဆိုင်ရာဌာန(၂)ခု၏ နောက်ဆက်တွဲသုံးစွဲရန် လိုအပ်သည့် ငွေပမာဏကို အစိုးရအဖွဲ့က ဘတ်ဂျက်ရေးဆွဲရေးဌာနနှင့် ညှိနှိုင်းရေးဆွဲပြီး၊ ငွေကြေးဆိုင်ရာ အရအသုံးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြုစုရေးဆွဲထားကြောင်း လေ့လာသုံးသပ်ရရှိပါသည်။

၈။ ဥပဒေ၏ အဖွင့်၌ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေဟူ ရေးသား သုံးနှုန်းမည့်အစား ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်ဟု ရေးသားဖော်ပြသင့်ပါသည်။

၉။ ဥပဒေ၏ အခန်း-၂၊ ပုဒ်မ-၂ (က) ဖော်ပြချက်၌ **" ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်"** ဟု ဖော်ပြထားချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းပါ အခန်း (၄)နှင့် အခန်း(၅)၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဟူသော အစီအစဉ်ကို အခြေပြု၍ ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးပါသည်။ ပြည်နယ် လွှတ်တော်ကို ရှေ့၌ ဖော်ပြကာနောက်မှ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရသည့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ ပြင်ဆင်ဖော်ပြသင့်ပါသည်။

အဆိုပြုတင်ပြချက်

၁၀။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ ရေးသားဖော်ပြချက်တွင် အထက်ပါ အရေးအသား(၂)ရပ်ကို အောက်ပါအတိုင်း-

(က) ဥပဒေ၏ အဖွင့်ကို **"ရှမ်းပြည်နယ်လွှတ်တော်က အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်"**

(ခ) ဥပဒေပုဒ်မ-၂(က)တွင် **"ပြည်နယ်လွှတ်တော်၊ ပြည်နယ် အစိုးရအဖွဲ့"** ဟူ၍ ပြင်ဆင်ရေးသား သုံးနှုန်းသင့်ပါကြောင်း၊ ဤဥပဒေပြုရေးဆိုင်ရာကော်မတီမှ ထောက်ခံအဆိုပြုလျက် တင်ပြအစီရင်ခံအပ်ပါသည်။

ဥပဒေပြုရေးဆိုင်ရာကော်မတီ ရှမ်းပြည်နယ်လွှတ်တော် ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်

၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန် အမည်စာရင်း တင်သွင်းခြင်း မရှိတဲ့အတွက် အစီအစဉ်အရ သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်း

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန် ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် ၂၀၁၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ စိစစ်တင်ပြချက် အစီရင်ခံစာနှင့် အဆိုပြုတင်ပြချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ပြန်လည်ဖြေရှင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ လေ့လာတွေ့ရှိချက်မှာ အချက်(၂)ချက်ရှိပါတယ်။ ပထမအချက်ကတော့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းရဲ့အဖွင့်၌ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖော်ပြထား သည်ကို တွေ့ရှိရကြောင်း၊ ဒုတိယအချက်အနေနဲ့ ဥပဒေ၏ အခန်း(၂)ပုဒ်မ ၂ပုဒ်မခွဲ(က)မှာလည်း " ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်" ဟူ၍ ဖော်ပြရေးသားထားသည်ကို တွေ့ရှိရပါကြောင်းနဲ့ ဤဥပဒေကြမ်းသည် နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲ ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပြည်နယ်အဆင့်ဌာန(၂)ခုအတွက် အသုံးစရိတ်တင်ပြချက်များ ဖြစ်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ကော်မတီရဲ့သဘောထားမှတ်ချက်နဲ့ အဆိုပြု တင်ပြချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရမည်ဆိုလျှင် ပထမအချက်ဖြစ်သည့် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် ဥပဒေ၏ အဖွင့်၌ "ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"ဟု ရေးသားသုံးနှုန်းမည့်အစား "ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်"ဟု ပြင်ဆင်သုံးနှုန်းသင့်ပါကြောင်း အဆိုပြုတင်ပြချက်နှင့်စပ်လျဉ်း၍ "ဤဥပဒေ" ဟူသော အသုံးအနှုန်းသည် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် သုံးနှုန်းသည့် ဥပဒေဝေါဟာရဋ္ဌီကာတန်း တစ်ခုဖြစ်ခြင်း၊ " ဤဥပဒေ" ဟူသော စကားရပ် သည် ဥပဒေတစ်ခုလုံးနှင့် အကျုံးဝင်သက်ဆိုင်ပြီး "အောက်ပါဥပဒေ"ဟူသော စကားရပ်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်သော အောက်ပါအချက်အလက်များနှင့် သာသက်ဆိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်စေသဖြင့် ဥပဒေပြဋ္ဌာန်းရာတွင် " အောက်ပါဥပဒေ" ဟူသော အသုံးအနှုန်းအား အသုံးပြုလေ့မရှိခြင်း၊ ၂၀၁၂ ခုနှစ်၊ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းရာတွင်လည်း ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖော်ပြထားခြင်း၊ ၎င်းအပြင် ယခုဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ မတင်သွင်းမီ ရှမ်းပြည်နယ်ဥပဒေချုပ်၏ သုံးသပ်အကြံပြုချက်ရရှိပြီးဖြစ်ခြင်း တို့ကြောင့် "ဤဥပဒေ"အစား "အောက်ပါဥပဒေ"ဟူသော စကားရပ်ဖြင့် ပြောင်းလဲသုံးနှုန်း သင့်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တင်ပြ အပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ အဆိုပြုတဲ့ "ပြည်နယ်လွှတ်တော်၊ ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်"ဟူသော အစီအစဉ်မှ "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်" စကားရပ်နှင့်ပတ်သက်၍ ဥပဒေ ပြုရေးဆိုင်ရာကော်မတီမှပင် ဥပဒေ၏ အခန်း (၂)၊ ပုဒ်မ ၂ ပုဒ်မခွဲ (က) ဖော်ပြချက်၌ "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်"ဟု ဖော်ပြထားချက်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်ပါ အခန်း (၄)နဲ့ အခန်း (၅)၌ "ဥပဒေပြုရေး၊ အုပ်ချုပ်ရေး" ဟူသော အစီအစဉ်ကို အခြေပြုပြီး ဥပဒေအာဏာကို ကျင့်သုံးပါသည်။ ပြည်နယ် လွှတ်တော်ကို ရှေ့ဆောင်ပြကာ နောက်မှ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရသည့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ ပြင်ဆင်ဖော်ပြသင့်ပါကြောင်း အဆိုပြုတင်ပြချက်နှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေ၌ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးဆောင်ရွက်ရသည့် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု အစိုးရအဖွဲ့တို့အား ဦးစွာဖော်ပြပြီးမှ ဥပဒေပြုရေးအာဏာ ကျင့်သုံးသော လွှတ်တော်အား ဖော်ပြထားခြင်း၊ နိုင်ငံတော် သမ္မတရုံးမှ (၁၂-၇-၂၀၁၁)ရက်စွဲပါ စာအမှတ်၊ ၂၅(၁)/၇/သမ္မတရုံးဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုအဂၤါစဉ် ဖော်ပြချက်၌လည်း အုပ်ချုပ်ရေးအာဏာကို အကောင်အထည်ဖော်ဆောင်ရွက် သော ပြည်ထောင်စုအစိုးရအဖွဲ့ အား ဦးစွာဖော်ပြပြီးမှသာလျှင် ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ အစရှိသည့်အစဉ်အတိုင်းဖော်ပြသတ်မှတ် ထားရှိပါသဖြင့် အဆိုပြုတင်ပြချက်ဖြစ်သော "ပြည်နယ်လွှတ်တော်၊ ပြည်နယ် အစိုးရအဖွဲ့"ဟု ပြင်ဆင်ရေးသား သုံးနှုန်းရန် မသင့်ပါကြောင်းနှင့် ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူလပါ အသုံးအနှုန်း အတိုင်းသာ သုံးနှုန်း ဖော်ပြသင့်ပါကြောင်း၊ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ **[ဩဘာသံများ]**

၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၏ ၂၀၁၂ ခုနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်မပြုမီ ဥပဒေကြမ်းပါ ပြင်ဆင်ရန် အဆိုပြုချက်ဇယားပါ အချက်အလက်(၂)ခုကို (၁)ချက်ခြင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၁) အဖွင့်အပိုဒ်ပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ "ရှမ်းပြည်နယ်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"ဟု ဖော်ပြပါရှိခဲ့ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီကတော့ "ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်" ဟု ဖော်ပြထားပါတယ်။ သို့သော်လည်းပဲ ရှမ်းပြည်နယ်အဖွဲ့အနေနဲ့ ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အဆိုပြုပြဋ္ဌာန်းသည့် " ရှမ်းပြည်နယ် လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်" ဆိုတဲ့ ရေးသားသုံးနှုန်းခြင်းကို သဘောတူ/မတူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကို ရယူပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များ -

"သဘောတူပါသလားခင်ဗျား။"

[(၃) ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

" ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် " ဆိုတဲ့ အသုံးအနှုန်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ။ အမှတ်စဉ် (၂)၊ အပိုဒ် (၂)(က)ပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြဋ္ဌာန်းလိုက်တဲ့ စာသားအစီအစဉ်မှာ "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်" ဖြစ်ပြီးတော့မှ ဥပဒေပြုရေး ဆိုင်ရာကော်မတီအနေနဲ့ "ပြည်နယ် လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့" ဆိုတဲ့ အသုံးအနှုန်းကို တင်ပြထားပါတယ်။ အဲဒီအသုံးအနှုန်းအစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းချက်နှင့်တကွ "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်" ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲသင့်ကြောင်း သဘောရပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူလအဆိုပြုပြဋ္ဌာန်းချက် ဖြစ်သည့် "ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်" အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကိုရယူပါ့မယ်။ ဒါကြောင့် ဤအစီအစဉ်ကို ပြည်နယ်လွှတ်တော်မှ -

"သဘောတူပါသလားခင်ဗျား။"

[၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောတူတဲ့အတွက် စာသားအစီအစဉ်မှာ " ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်" ဆိုတဲ့စာသားကို သဘောတူကြောင်း မှတ်တမ်းတင်အပ်ပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်က အတည်ပြုရန်အတွက် လွှတ်တော်ရဲ့ ဆန္ဒကိုရယူမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်က

"သဘောတူပါသလားခင်ဗျား။"

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

သဘောတူတဲ့အတွက် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အစည်းအဝေးမရပ်နားခင်မှာ အနည်းငယ်တင်ပြလိုတာ ရှိပါတယ်။

အာဏာ (၃)ရပ်အနက် ဥပဒေပြုရေးတာဝန် ဆောင်ရွက်ပေးနေရသော လွှတ်တော်မှာ ပြောဆိုဆွေးနွေးမေးမြန်းမှုတွေဟာ ကိုယ်စားလှယ်များ ဖြစ်တာနှင့်အညီ စောင့်ထိန်းမှု၊ စောင့်ထိန်းပြုမှု နေထိုင်ရသော ကျင့်ဝတ်နှင့် စည်းကမ်းများ၊ မေးမြန်း ဆွေးနွေးရာမှာ ထုတ်ပြန်ထားသော ကန့်သတ်ချက်များ၊ လိုက်နာရမဲ့ စည်းကမ်းများနဲ့အညီ ဥပဒေ၊ နည်းဥပဒေပါအတိုင်း လွှတ်တော်အတွင်း ပြုမူပြောဆို ဆွေးနွေးသွားကြဖို့ ဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူလူထုကနွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များ ဖြစ်တာနှင့်အညီ လူထုအတွက် လွတ်တော်မှာ မေးမြန်း၊ ပြောဆိုဆွေးနွေးခွင့် ရှိပါတယ်။

လွတ်တော်အစည်းအဝေးဟာ သာမန်အစည်းအဝေးများနှင့်မတူဘဲ ထုတ်ပြန်ထားသော လွတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပသော အစည်းအဝေးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလျှင် ရှမ်းပြည်နယ် လွတ်တော်အစည်းအဝေးဟာ ရှမ်းပြည်နယ်မှာ အမြင့်ဆုံးသော အစည်းအဝေးဖြစ်ပါတယ်။

လွတ်တော်အဆင့်အတန်းမြင့်မားမှ လူထု ယုံကြည်မှော်လင့်ချက်တွေကို အဆင့်အတန်းရှိရှိ ဖော်ပြဆောင်ရွက်နိုင်သေ ၊ လူထုအားကိုး ယုံကြည်ရသော၊ လွတ်တော်အစည်းအဝေးများဖြစ်မှာ ဖြစ်လို့ လွတ်တော်အဆင့်အတန်း မနိမ့်ကျဖို့ အတွက် လွတ်တော်ကိုယ်စားလှယ်တိုင်းမှာ တာဝန်ရှိပါတယ်။

ဒါကြောင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မေးမြန်းခြင်း၊ ပြောဆိုဆွေးနွေးခြင်းများကို ဆောင်ရွက်သွားကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်နယ်လွတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပဉ္စမနေ့အစည်းအဝေးကျင်းပမည့် နေ့ရက်ကို လွတ်တော်ကိုယ်စားလှယ်များအား ဆက်လက် ကြိုတင် ကြေညာသွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

အခမ်းအနားမှူး။ လေးစားအပ်ပါသော လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသွားတဲ့အတိုင်း အစည်းအဝေးရပ်နား ထားစဉ် အတွင်းမှာ သွားလာမှုများကို လွတ်တော်ခုံနဲ့ ဆက်သွယ်ပြီး ဆောင်ရွက် သွားကြဖို့ အတွက် ပန်ကြားအပ်ပါတယ်။ ကျင်းပမဲ့ရက်ကို (၁) ရက်ကြို့တင်ပြီး ကြေညာသွားမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ် ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွှတ် တတိယပုံမှန်အစည်းအဝေး
စတုတ္ထနေ့ကို
ညနေ (၁၄း၅၀)နာရီအချိန်တွင် ရပ်နားပါသည် ။]

ရှမ်းပြည်နယ်
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး
ပဉ္စမနေ့ မှတ်တမ်း
၁၃၇၃ ခုနှစ်၊ တပေါင်းလဆုတ်(၈)ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ(၁၅)ရက်
(ကြာသပတေးနေ့)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို နံနက်(၁၀း၀၀)အချိန်၌ စတင်ကျင်းပ ပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ် တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြီး ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံး ထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်းလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၁၄၃)ဦးရှိပြီး၊ ယနေ့အစည်းအဝေးကို(၁၂၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉. ၅)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ(၃)ပုံ(၁)ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၀၊ပုဒ်မခွဲ(က)နဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၃၄ ၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ-၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပထမနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၄၄၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးမြတ်စိုး(ကလောမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး ဖြစ်ပါတယ်။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေသည် ကျမ်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၅-၃-၂၀၁၂) ရက်နေ့အထိ (၇)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးသောင်းရွှေ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံ သည် ဘုရားစေတီ၊ ထီးတော်တင်ပွဲနှင့် ရဟန်းခံရှင်ပြုပွဲများကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက်တိတိ ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလုံ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဦးစိုင်းလှဝင်း(မိုင်းပြင်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအီးရှာမွေ့ သည် မိသားစုကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးအီးရှာမွေ့ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးဇော်ဦး(နမ့တူမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဦး ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန်(ခ) ဦးဘေဆော်ချိန် သည် ရုံးလုပ်ငန်း ကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးထွန်းရင်(ကွမ်းလုံမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်ရှောက်ချန်(ခ) မြိုရှောက်ချန် သည် ရုံးလုပ်ငန်းရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ(၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးမြင့်ရှောက်ချန်(ခ) မြိုရှောက်ချန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးကျောက်တယ်ချန်(ကုန်းကြမ်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေရှောက်ရင် သည် ရုံးလုပ်ငန်း ကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်း အား(၉-၃-၂၀၁၂) ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးဝေရှောက်ရင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းစိုးထိုက်(မောက်မယ်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက် ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆံကွယ် သည် ကျမ်းမာရေးမကောင်းပါသဖြင့် ယနေ့ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးစိုင်းဆံကွယ် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးပီတာသောင်းစိန်(အာခါတိုင်းရင်းသားရေးရာဝန်ကြီး)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်အာခါတိုင်းရင်းသားရေးရာဝန်ကြီး၊ ဦးပီတာသောင်းစိန် ဖြစ်ပါတယ်။ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုင်ဝင်းဟာ ခရီးလွန်နေပါသဖြင့် ယနေ့နံနက်ပိုင် နေ့တစ်ဝက်ခွင့်ပေးရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းတင်ဦး(နမ့်ခမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦး သည် သားရှင်လောင်းပြုလုပ်ပေးရန်အတွက် ယခုကျင်းပသော ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်း အား (၉-၃-၂၀၁၂)ရက်နေ့မှ(၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးစိုင်းဝင်းမြတ်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးမိုင်းအုကၠားခိုင်(မန်တုန်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား-ကျွန်တော်ကတော့ မန်တုန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းအုကၠားခိုင် ဖြစ်ပါတယ်။ မန်တုန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအိုက်ခ သည် ကျမ်းမာရေး မကောင်းပါသဖြင့် ယခု ကျင်းပပြုသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၉-၃-၂၀၁၂) ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့် ပြုပါရန် ဦးအိုက်ခ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးခွန်ထွန်း(မက်မန်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်မှအရာရှိအရာခံအားလုံး ကိုယ်၏ကျမ်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး၊ ဘာသာ၊ သာသနာအကြီး သယ်ပိုးနိုင်ကြပါစေ။ ကျွန်တော်ကတော့ "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်း ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေ သည် ၎င်း၏ မိသားစုကိစ္စဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးအား(၅-၃-၂၀၁၂)မှ(၁၅-၃-၂၀၁၂)ထိ ကင်းလွှတ်ခွင့် ပေးပါရန် ဦးစိုင်းလှဖေ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစောမူးလာ(မိုင်းတုံမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးယောဘ သည် ဘုရားစေတီထီးတင်ရန်နှင့် ရဟန်းခံ ရှင်ပြုပွဲကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးယောဘ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဦးစိုင်းကံ(မိုင်းရူးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ(ခ)ထွန်းလူ သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၇-၃-၂၀၁၂) ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၁၀)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးခွန်ထွန်းလူ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်မှူးမိုးကျော်(တပ်မတော်သားကိုယ်စားလှယ်)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးကျော် ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးအောင်သူဝင်း သည် ဆေးရုံတက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂) ရက်နေ့အထိ (၈)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဗိုလ်ကြီး အောင်သူဝင်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်မှူးသက်ဇော်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သက်ဇော်ထွန်း ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူး သန့်ဇင်ဦး သည် ဖခင်ဖြစ်သူ ဆေးရုံတက်ရောက် နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်း အား (၁၀-၃-၂၀၁၂)ရက်နေ့မှ (၁၆-၃-၂၀၁၂)ရက်နေ့အထိ (၇)ရက် ကင်းလွှတ်ခွင့် ပြုပါရန် ဗိုလ်မှူး သန့်ဇင်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ခွင့်ပန်ကြားဖို့ ကျန်ရှိပါသေးလား ခင်ဗျား။ ကိုယ်စားလှယ်များ ခင်ဗျား။
ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် -
“ သဘောတူပါသလား ခင်ဗျား။ ”

[(၃)ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ ။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၁၄၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်ပါတယ်၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

" အတည်ပြုပါသလား ခင်ဗျား ။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကအတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

[ဆွဲဘာသံများ]

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ခိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်မြ(နောင်ခို့မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ နောင်ခို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ အစည်းအဝေးမှာ နောင်ခို့မြို့နယ်အား "ဂ"မြို့နယ်အဆင့်ကနေ "ခ"မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရေး မေးခွန်းကို မေးမြန်းသွားမှာဘဲ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲ့ အဝင်တံခါးမြို့နယ် ဖြစ်ပြီး၊ မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်နှင့် ဆက်စပ်လေ့ရှိပါတယ်။ မြို့နယ်ရဲ့ အကျယ်အဝန်းဟာ (၁၂၆၅. ၆)စတုရန်းမိုင် ရှိပြီးမြို့ပေါ်(၆)ရပ်ကွက်၊ ကျေးရွာ အုပ်စု(၃၅)အုပ်စု၊ ကျေးရွာပေါင်း(၂၅၃)ရွာရှိပြီး၊ လူဦးရေတစသိန်း နှစ်သောင်းကျော် ရှိတဲ့ မြို့နယ်တစ်နယ်ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်ဟာ အမာခံနယ်မြေ တည်ဆောက်ထားတဲ့ မြို့နယ်ဖြစ်တဲ့အားလျော်စွား နိုင်ငံရေး၊လူမှုရေး၊ စီးပွားရေးနဲ့ ဆက်စပ်နေတဲ့ ကိစ္စအဝဝအားအစွန်အဖျားကျေးရွာများအထိ နေ့ညမရွေးသွားလာ လုပ်ရှားနိုင်တဲ့ မြို့နယ်လည်းဖြစ်ပါတယ်။

နယ်မြေကျယ်ဝန်းပြီးတော့မှ စိုက်ပျိုးမြေများ ဖြစ်ထွန်းအောင်မြင်နိုင်တဲ့ မြို့နယ်ဖြစ်သဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများ များပြားလာရာ လက်ရှိ “ဂ”အဆင့် ဖွဲ့စည်းပုံနှင့် လုံလောက်ခြင်း မရှိတော့သဖြင့် အုပ်ချုပ်ရေး “ခ”အဆင့်မြို့နယ်သို့ တိုးမြင့်ပေးမှသာ အုပ်ချုပ်ရေးလုပ်ငန်းများ သွက်လက်မြန်ဆန်လာမှာဖြစ်ပါတယ်။ နောင်ချိုမြို့နယ်အား အုပ်ချုပ်ရေး “ဂ”အဆင့်မြို့နယ်မှ “ခ”အဆင့် မြို့နယ်သို့ တိုးမြင့်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့် အချိန်ကာလ တွင် ဆောင်ရွက်ပေးနိုင်ပါမည်နည်း ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ မဲဆန္ဒနယ်အမှတ်(၁)၊ နောင်ချိုမြို့နယ်မှ နောင်ချိုမြို့နယ်အား "ဂ"အဆင့်မြို့နယ်မှ "ခ"မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ခရိုင်/မြို့နယ်/မြို့နယ်ခွဲများ ဖွဲ့စည်းခြင်း အဆင့်သတ်မှတ်ခြင်းများကို နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ဆောင်ရွက်ရပါတယ်။ ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်၏ လိုအပ်ချက်အရ လွိုင်လင်ခရိုင်အတွင်း ခိုလမ်မြို့နယ်ခွဲ/ကာလိမြို့နယ်ခွဲ/မိုင်းစံမြို့နယ်ခွဲ၊ ဟိုပန်ခရိုင်၊ မန်ကန်မြို့နယ်ခွဲတို့ကို ဖွဲ့စည်းရာတွင်လည်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့်သာ အမှုတွဲဖွင့်လှစ် တင်ပြဆောင်ရွက်ခဲ့ရပါတယ်။ ကိုယ်စားလှယ်ကြီး မေးမြန်းသော မြို့နယ်အဆင့်တိုးမြှင့်သတ်မှတ်ခြင်းကို ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန် အစီအစဉ်မရှိဘဲ၊ မြို့နယ်အဆင့်တိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှသာ တိုးမြှင့်သတ်မှတ်ပေး၍ ရပါသည်။

သို့ဖြစ်ပါ၍ လိုအပ်ချက်အရ မြို့နယ်အဆင့်တိုးမြှင့်လိုပါက သက်ဆိုင်ရာမြို့နယ်၊ ခရိုင်မှတဆင့် အစိုးရအဖွဲ့ရုံးသို့ အဆင့်ဆင့်တင်ပြပြီး၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ လျှောက်ထားတင်ပြရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင် က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်၊ရပ်စောက်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် အင်တောမြို့နယ်ခွဲအတွင်းရှိ အုံးကွဲကျေးရွာအုပ်စုနှင့် နန်းကုကျေးရွာများတွင် ဒေသခံတောင်သူဦးကြီးများ ဓါးမဦးချလုပ်ကိုင်လျက်ရှိတဲ့ လယ်ယာမြေများတွင် သစ်တောဦးစီးဌာနမှ ကျွန်းပင်နှင့် အခြားသစ်ပင်များ ဝင်ရောက်စိုက်ပျိုးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ သေဒခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသဖြင့် ၄င်းလယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့် ချထား ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်က မေးမြန်းထားတဲ့ မေးခွန်းအရ ရပ်စောက်မြို့နယ်၊ အင်တောမြို့နယ်ခွဲအတွင်းရှိ အုံးကွဲကျေးရွာအုပ်စုနှင့် နန်းကုကျေးရွာများရှိ တောင်သူဦးကြီးများ ဓါးမဦးချလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများတွင် သစ်တောဦးစီးဌာနမှ ဌာနပိုင်သစ်ပင်များ ဝင်ရောက်စိုက်ပျိုးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများ နှစ်နာမှုများ ရှိနေပါသဖြင့် ၎င်းတို့ လုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကို လယ်ယာမြေ လုပ်ပိုင်ခွင့် ချထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသည်နှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ အင်တောမြို့နယ်ခွဲရှိ နန်းကုကျေးရွာအနီး ဇော်ဂျီသစ်တောကြိုးဝိုင်းအတွင်း သစ်တောဦးစီးဌာနမှ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စီးပွားရေးကျွန်းစိုက်ခင်း(၃၅၀)ကော အုံးကွဲကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာအနီး အင်တောကြိုးဝိုင်းအတွင်းတွင် ၂၀၁၁ ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်း(၂၅)ကော၊ စုစုပေါင်း(၃၇၅)ကော တည်ထောင်စိုက်ပျိုးခဲ့ပါတယ်။ ဇော်ဂျီကြိုးဝိုင်းအား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြေငြာစာအမှတ်(၂၂၆/၁၂-၁၂-၁၉၁၅)ခုနှစ်ဖြင့်လည်းကောင်း၊ အင်တောကြိုးဝိုင်းအား သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြေငြာစာအမှတ်(၁၂၀/၂၇-၅-၁၉၉၂)ခုနှစ်ဖြင့်လည်းကောင်း ကြိုးဝိုင်းဖွဲ့စည်းခဲ့ပါတယ်။

သစ်တောဦးစီးဌာနမှ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်းမပြုမည့် နန်းကုကျေးရွာနှင့် အင်တောမြို့ပေါ် ရပ်ကွပ်များမှ တောင်သူ(၂၇)ဦး၊ အုံးကွဲကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာမှ တောင်သူ(၅)ဦးတို့မှ ပြောင်းဖူး၊ ပဲပုတ်၊ မြေပဲ၊ ပန်းနှမ်း စုစုပေါင်း(၁၅၈)ကော စိုက်ပျိုးထားပြီး၊ ၎င်းတို့သည် ခါးမဦးချလုပ်ကိုင်ခဲ့သူများ မဟုတ်ဘဲ ကြိုးဝိုင်းများ ဖွဲ့စည်းပြီးမှသာ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။

သစ်တောဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ(က)အရ စီးပွားရေးစိုက်ခင်းများ တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံ၍ ဆောင်ရွက်ခဲ့ပါသည် -

(က) ပျက်စီးပြုန်းတီးနေသော သစ်တောများ၌ စိုက်ပျိုးခြင်း

(ခ) စီးပွားရေးအရ တန်ဖိုးနည်းသော သစ်များ ပေါက်ရောက်နေသည့် သစ်တောများ၌ စိုက်ပျိုးခြင်း

(ဂ) ရေမြေရာသီဥတုနှင့် ကိုက်ညီသော သစ်မျိုးများဖြင့် စိုက်ပျိုးခြင်း

(ဃ) အထွက်နှုန်းကောင်း၍ ထုတ်ယူသုံးစွဲမှု တန်ဖိုးရှိသော သစ်မျိုးများဖြင့် စိုက်ပျိုးခြင်း

(င) ရေမြေနှင့်သဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိစေသော နည်းလမ်းများဖြင့် စိုက်ပျိုးခြင်း

(စ) ဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေခြင်း။

စိုက်ခင်းတည်ထောင်ခဲ့သော ဧရိယာမှာ သစ်တောများ ပျက်စီးပြုန်းတီးနေပါသဖြင့် ဖော်ပြပါမူများကို အခြေခံပြီး၊ သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ လယ်ယာလုပ်ကိုင်ခွင့် ချထားပေးရန်ကိစ္စမှာ သစ်တောကြိုးဝိုင်းမြေဧရိယာဖြစ်ခြင်း၊ နိုင်ငံတော်ပိုင်စီးပွားရေး ကျွန်းစိုက်ခင်းများ တည်ထောင်ပြီးဖြစ်ခြင်းတို့ကြောင့် လုပ်ကိုင်ခွင့်ချထားပေးနိုင်ခြင်းမရှိပါ။ သို့ရာတွင် သစ်တောကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကြော်စိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် နှစ်နာမှုမရှိစေရန်အတွက် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လျှောက်ထားရယူပြီး သီးနှံသစ်တောရောနှောစိုက်ပျိုးနိုင်ပါကြောင်းဖြေကြားအပ်ပါသည် ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ ။ ဦးမြင့်စိုးနိုင် က ဒုတိယမေးခွန်းကို ဆက်လက် မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၂)။ မင်္ဂလာပါခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအား နေရာ ဒေသအနှံလုပ်ကိုင်ဆောင် ရွက်လျက်ရှိပါသည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးအခက်အခဲများ ကြုံတွေ့နေရပါသဖြင့် နိုင်ငံတော်အစိုးအနေဖြင့် နှစ်တို သို့မဟုတ် နှစ်ရှည်ချေးငွေများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ဂုဏ်ကျပ်သရေမင်္ဂလာအပေါင်းနဲ့ ပြည်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် ၏ "ရပ်စောက်မြို့နယ်အတွင်းရှိ ကောင်းဘို့ကျေးရွာအုပ်စုတွင် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့လုပ်ကိုင် ဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ပြေလည်မှု ရရှိစေရန် နိုင်ငံတော်မှ နှစ်တို/နှစ်ရှည် ချေးငွေများကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်" ဆိုတဲ့မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် မှ ဖြေကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ရပ်စောက် မြို့နယ်အတွင်းရှိ ကောင်းဘို့ကျေးရွာအုပ်စုတွင် ဒေသဖွံ့ဖြိုးရေး အတွက် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ငွေကြေးကိစ္စများ ပါဝင်ပတ်သက်မှုမရှိဘဲ၊ နည်းပညာဆိုင်ရာလုပ်ငန်းများနှင့် ရုံးလုပ်ငန်း ဆိုင်ရာလုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျေးရွာ၏ ငွေကြေးအခက်အခဲများအတွက် နိုင်ငံတော်မှ နှစ်တို/ နှစ်ရှည် ချေးငွေများကို ဝိုင်းကြီးချုပ်စနစ်ဖြင့် လောလောဆယ်ချထားပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ မောက်မယ်မြို့နယ်၊မဲဆန္ဒအမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦး က မေးခွန်းနှစ်ခု စလုံးကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ၍ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့မောက်မယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်ပြည်သူများကိုယ်စား ထီပျဉ်ကျေးလက် ကျန်းမာရေးဌာန၊ ကျန်းမာရေးဝန်ထမ်း ပြန်လည်ခန့်ထားပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးရွာသည် အိမ်ခြေ(၂၀၀)ကျော်ရှိသည့် ရွာကြီးဖြစ်ပါသည်။ ထီပျဉ်ကျေးလက်ကျန်းမာရေးဌာနကို နိုင်ငံတော်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်စေခဲ့ပြီး၊ ကျန်းမာရေးဝန်ထမ်းလည်း ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ၂၀၀၉ ခုနှစ်၊ ဇူလိုင်လမှ စပြီး၊ ယခုအချိန်ထိ ကျန်းမာရေးဝန်ထမ်း မရရှိတော့ပါ။ ကျေးရွာရှိ မိဘပြည်သူများလည်း ကျန်းမာရေးဝန်ထမ်းပြန်လည်ရရှိရေးကို အမြဲတမ်းမျှော်လင့်နေမိပါသည်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလိုသည့်မေးခွန်းမှာ ပန်းတိုင် ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်း ဆက်လက်ခန့်အပ်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် တင်ပြမေးမြန်းအပ်ပါသည်။

ဒုတိယမေးခွန်းအနေနဲ့ နားဟီးကျေးလက်ကျန်းမာရေးဌာနနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု၊ နားဟီးရွာသည် ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်ကူညီပံ့ပိုးမှုနှင့် ကျေးရွာပြည်သူများစုပေါင်းလှူဒါန်းထည့်ဝင်ငွေဖြင့် ကျေးလက်ကျန်းမာရေးဌာန၊ အဆောက်အဦကို ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျေးလက်ကျန်းမာရေးဌာနမှာ နိုင်ငံတော်သို့ လွှဲပြောင်းပေးနိုင်ခြင်း မပြုလုပ်နိုင်သေးပါ။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလိုသည့်မေးခွန်းမှာ ကဒူးကြီးကျေးရွာအုပ်စု၊ နားဟီးကျန်းမာရေးဌာနကို နိုင်ငံတော်သို့ လွှဲအပ်ပေးနိုင်ရန် ရ/မရနှင့် ဖွင့်လှစ်ခွင့်ရရှိပါက ကျန်းမားရေး ဝန်ထမ်းခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လှူမှုရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွင်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပေးပို့သအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ နယ်မြေလူထုအခက်အခဲများအား တင်ပြမေးမြန်းခဲ့ခြင်းအပေါ် ယခုကဲ့သို့ ဖြေကြားခွင့်ရတဲ့အတွက် အထူးပြင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦး၏ မောက်မယ်မြို့၊ ပန်းတန်ကျေးရွာအုပ်စု၊ ထီပင်ကျေးရွာသည် အိမ်ခြေ(၂၀၀)ကျော်ရှိသည့် ရွာကြီးဖြစ်ပါသည်။ ထီပျဉ်ကျေးလက် ကျန်းမာရေးဌာနကို နိုင်ငံတော်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်စေခဲ့ပြီး၊ ကျန်းမာရေးဝန်ထမ်းလည်းရရှိခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ၂၀၀၉ ခုနှစ်၊ ဇူလိုင်လမှစပြီး၊ ယခုအချိန်အထိ ကျန်းမာရေးဝန်ထမ်းမရရှိတော့ပါ။ ကျေးရွာရှိ မိဘပြည်သူများကလည်း ကျန်းမာရေးဝန်ထမ်းပြန်လည်ရရှိရေးကို အမြဲတမ်းမျှော်လင့်နေပါတယ်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလိုသည့်မေးခွန်းမှာ ပန်းတိုင်ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးလက်ကျန်းမာရေး ဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေး ဝန်ထမ်း ဆက်လက်ခန့်အပ်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်းမေးခွန်းနှင့်ပတ်သက်၍ မောက်မယ်မြို့၊ ပန်းတန်ကျေးရွာအုပ်စု၊ ထီပင်ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ညောင်ရွှေမြို့နယ်ချောင်းစောက် ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်နာဇီး အား ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ (၂၂-၂-၂၀၁၂)ရက်စွဲပါစာအမှတ်၊ (၆/မသဖ-၅/၈-၃၊ ၁၂-၅၀၀)ဖြင့် ခန့်ထားပေးကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။

ဆက်လက်ပြီးဒုတိယမေးခွန်းဖြစ်တဲ့ မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု၊ နားဟီးရွာသည် ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်ကူညီပံ့ပိုးမှုနှင့် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ကျေးလက်ကျန်းမာရေးဌာန၊ အဆောက်အဦကို ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျေးလက်ကျန်းမာရေးဌာနမှာ နိုင်ငံတော်သို့လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်နိုင်သေးပါ။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းလို သည့် မေးခွန်းမှာ ကဒူးကြီးကျေးရွာအုပ်စု၊ နားဟီးကျန်းမာရေးဌာနကို နိုင်ငံတော်သို့ လွှဲအပ်ပေးနိုင်ရန် ရ/မရနှင့် ဖွင့်လှစ်ခွင့်ရရှိပါက ကျန်းမားရေးဝန်ထမ်းခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းမေးခွန်းနှင့်ပတ်သက်၍ မောက်မယ်မြို့နယ်၊ ကဒူးကြီး ကျေးရွာအုပ်စု၊ နားဟီးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲခွင့်ပြုထားခြင်းမရှိပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန်လိုအပ်သော အချက်အလက်များဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တင်ပြသွားမည်ဖြစ်ပြီး၊ ဖွင့်လှစ်ခွင့်ရရှိသည့်အခါ ဆောက်အဦကို လက်ခံ၍ ကျန်းမာရေးဝန်ထမ်းခန့်ထားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က တော့ ရပ်စောက် မြို့နယ်၊ မဲဆန္ဒနယ်(၁) က ဦးအောင်ကျော်ညွှန့် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများရှိ အခြေခံပညာကျောင်းများရှိပြီး၊ အနေကြာ ဆရာ/ဆရာမများ မြို့ပေါ်သို့ လက်ရှိရာထူးအတိုင်း သို့မဟုတ် တစ်ဆင့်မြင့်ရာထူးဖြင့် ပြောင်းရွှေ့ ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းဘဲ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ သိချင်တာက ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ ဆရာ/ဆရာမတွေသည် ကျွန်တော်တို့ မြို့နယ်သည် ကျယ်ဝန်းသော မြို့နယ်ဖြစ်သည့်အတွက် (၁၅/၂၀)မိုင်မှာနေ့ စဉ်သွားလာနေရတာ ဖြစ်တဲ့အတွက် ရွာမှာပဲ နေထိုင်ရတဲ့ ဆရာ/ဆရာမတွေရှိပါတယ်။

ဒီဆရာ/ဆရာမတွေဟာ ယခုလက်ရှိဆိုရင်(၁၅)နှစ်၊(၁၇)နှစ်၊အနှစ်(၂၀) ဆိုတဲ့ ဆရာဆရာမများဟာ အခုလက်ရှိ ကျွန်တော်တို့ မြို့ပေါ်မှာ နေရာ ပြောင်းရွှေ့ခြင်း၊ ရာထူးပြောင်းရွှေ့ခြင်း ဒီနေ့အထိ မရရှိသေးပါဘူး။ ဒါတွေဟာ လည်း ပြောင်းရွှေ့မှုအတိုင်းတာနေနဲ့ ပြောရရင် အထက်လူကြီးများက ပြောင်းရွှေ့ မပေးခြင်းပဲဖြစ်တဲ့အတွက် ကျွန်တော်တို့အပေါ်ကိုသာ လာရောက် မေးမြန်းပြီး တော့ သူတို့တွေ အမြန်ဆုံး ဒီလာမယ့်ရာသီမှာ ပြောင်းရွှေ့ပေးနိုင်ရန် ကျွန်တော့် အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လက်ရှိဆရာ/ဆရာမများကို လာမယ့် ၂၀၁၂ မှာ အမြန်ဆုံးပြောင်းရွှေ့နိုင်ခြင်း ရှိ/မရှိ၊ ရှိပါက ကျွန်တော်တို့ ဘယ်အချိန်မှာ ပြောင်းရွှေ့ပေးနိုင်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ "ရပ်စောက်မြို့နယ်အတွင်း ရှိကျေးရွာအုပ်စုများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ/ဆရာမများသည် လက်ရှိရာထူးအတိုင်း ကျေးရွာများတွင် နှစ်ပေါင်းကြာမြင့်စွာ တာဝန်ထမ်းဆောင်နေရပြီး၊ အပြောင်းအရွှေ့များ မရရှိကြသည့်အတွက် ၎င်းတို့ မိသားစု၏ ပညာရေး၊ စီးပွားရေးနှင့် ကျန်းမာရေးများ ထိခိုက်ဆုံးရှုံးမှုများရှိနေပါသဖြင့် မြို့ပေါ်သို့ လက်ရှိရာထူးအတိုင်း သို့မဟုတ် တစ်ဆင့်မြင့်ရာထူးဖြင့် ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်" ဟူသော မေးခွန်းနှင့်ပတ်သက်၍ အခြေခံပညာ ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော မူလတန်းကျောင်းအုပ် အလယ်တန်းပြ၊ မူလတန်းပြ ဆရာ/ဆရာမများ၏ ပြောင်းရွှေ့ရာထူးတိုးရှောက်လွှာများကို နှစ်စဉ် နိုဝင်ဘာလတွင် ခေါ်ယူပြီး၊ ၎င်းတို့၏ တစ်နေရာတည်းလုပ်သက်အရ ကြီးစဉ်ငယ်လိုက် တန်းစီစာရင်းပြုစုကာ လျှောက်ထားသည့်နေရာလောက်အပေါ် မူတည်ပြီး ပြောင်းရွှေ့ရာထူးတိုးလျှာထားချက်များ ပြုစုလျက် ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်ပေးလျက်ရှိ ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးယာကုပ် က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးယာကုပ်(မိုင်းခတ်မဲဆန္ဒနယ်အမှတ်-၂)။ ရိုသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ပဏာမဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးယာကုပ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူအတွက် အကျိုးရှိမည့်မေးခွန်းများ မေးမြန်းတင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြအပ်ပါတယ်။

မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မွဲကျေးရွာအုပ်စု၊ ဝမ်ပင်း ကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာအုပ်စုတွင် ပညာလိုလားသဖြင့် မှုလတန်း ကျောင်းများ ကိုယ်. အားကိုယ်ကိုး၍ ဖွင့်လှစ် ထားပြီး ကျောင်းဆောင်များလည်း ဆောက်လုပ်ထားပါကြောင်း၊ တိုင်ထူသွပ်မိုး၍ အုပ်နံရံကာထားပါ ကြောင်း၊ သမံသလင်းခင်းရန်၊ အချောကိုင်ရန်၊ ဘိလပ်မြေအိတ်၊ ပြတင်းပေါက်တပ်ရန် လိုအပ်နေ ပါသည်။ သို့ဖြစ်ပါ၍ နမ့်မွဲ(အမက)အတွက် ဘိလပ်မြေအိတ်(၁၅၀)၊ နမ့်ခတ်(အမက)အတွက် ဘိလပ်မြေအိတ်(၈၀)၊ အိတ်စုစုပေါင်းဘိလပ်မြေအိတ် (၂၃၀)အိတ်၊ ကာလတန်ဖိုး(၁၃)သိန်း (၈)သောင်းကို ပံ့ပိုးပေးနိုင်မှု ရှိ/မရှိသိရှိ လိုပါကြောင်း တင်ပြအပ်ပါသည်။ တက်ရောက်လာကြသော ကိုယ်စားလှယ်များ အားလုံးအား အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးယာကုပ်၏ "မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မွဲကျေးရွာအုပ်စုနှင့် ဝမ်ပင်းကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာတွင် ပညာလိုလားသဖြင့် မူလတန်းကျောင်းများ ကိုယ်. အားကိုယ်ကိုး၍ ဖွင့်လှစ်ထားပြီး၊ ကျောင်းဆောင်များလည်း ဆောက်လုပ်ထားပါကြောင်း၊ တိုင်ထူသွပ်မိုး၍ အုပ်နံရံကာထားပါကြောင်း၊ သမံသလင်းခင်းရန်၊ အချောကိုင်ရန်၊ ဘီလပ်မြေအိတ်၊ ပြတင်းပေါက်တပ်ရန်လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ နမ့်မွဲ(အမက) ကျောင်းအတွက် ဘီလပ်မြေအိတ်(၁၅၀)၊ နမ့်ခတ်(အမက)ကျောင်းအတွက် ဘီလပ်မြေအိတ်(၈၀)အိတ်၊ စုစုပေါင်းဘီလပ်မြေအိတ်(၂၃၀)အိတ်၊ ကာလတန်ဖိုး (၁၃)သိန်း(၈)သောင်းကျပ်ကို ပံ့ပိုးပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း" ဟူသော မေးခွန်းနှင့်ပတ်သက်၍ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စုနှင့် ဝမ်ပင်းကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာတွင် ပညာရေးဌာနမှ ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများ မရှိပါ။ အဆိုပါ နမ့်မွဲကျေးရွာနှင့် နမ့်ခတ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးကျောင်းများအဖြင့် ဖွင့်လှစ်ထားရှိခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ နမ့်မွဲနှင့် နမ့်ခတ်ကိုယ့်အားကိုယ်ကိုးကျောင်းများအတွက် ပညာရေးဌာနမှ ပံ့ပိုးပေးမှု အစီစဉ် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကာလတန်ဖိုး(၁၃) သိန်း(၈)သောင်းကျပ်အား ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ ။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်(လင်းခေးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့နယ်၊ ဝမ်ဟတ်ကျေးရွာ (အထက)ကျောင်းအား စာသင်ကျောင်းဆောင်များ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လင်းခေးမြို့နယ်တွင် (အထက)ကျောင်း(၂)ကျောင်းရှိပြီး၊ လင်းခေးမြို့ပေါ် (အထက)ကျောင်းနှင့် ဝမ်ဟတ်ကျေးရွာတွင် အထကကျောင်း(၁)ကျောင်းရှိပါသည်။ လက်ရှိအခြေအနေတွင် ဝမ်ဟတ်ကျေးရွာ(အထက)ကျောင်းရှိ ကျောင်းစာသင်ဆောင်မှာ အခင်းများ လုံးဝပျက်စီးနေပြီး၊ စာသင်ခုံများ ချထားရန် အဆင်မပြေတော့သဖြင့် အတန်းအချို့အား သဲငယ်တစ်ခုဖွင့်လှစ်ကာ စာသင်ကြားနေရသည့် အခြေအနေဖြစ်ပါသည်။ ၄င်းအပြင် အဆိုပါကျောင်းရှိ ကျောင်းသား ကလေးငယ်များအတွက် သောက်သုံးရေမရှိခြင်း၊ အိမ်သာများလည်း အဆင်ပြေကောင်းမွန်မှုမရှိခြင်း စသည့်ကျန်းမာရေးနှင့်မညီညွတ်သော အခြေအနေတွင် ရှိနေပါသည်။ ဝမ်ဟတ်(အထက)ကျောင်းသည် မူလကတည်းက ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ခဲ့ရသည်ဖြစ်ပါပြီး၊ နောက်ပိုင်းတွင် နိုင်ငံတော်မှ အမိုးအုပ်လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သော ကျောင်း(၁)ကျောင်းဖြစ်ပါသည်။ နှစ်ကာလကြာရှည် လာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများသည် ယနေ့တင်ပြခဲ့သည့် အခြေအနေအထိဖြစ်ပေါ်ခဲ့ရပါသည်။သို့ဖြစ်၍ ဝမ်ဟတ်(အထက)ကျောင်းအား အထက်တန်းကျောင် (၁)ကျောင်းနှင် လျော်ညီအောင် ကျောင်းစာသင်ဆောင်များ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သောက်သုံးရေ၊ အိမ်သာစသည့် အထွေထွေပြင်ဆင်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးပါရန် အထူးလိုအပ်ပါသဖြင့် ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား ပြန်ကြားပေးနိုင်ပါရန် လေးစားစွာဖြင့် မေးမြန်းတင်ပြ အပ်ပါသည်ခင်ဗျား။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် ၏ "လင်းခေးမြို့နယ်၊ ဝမ်ဟတ် (အထက)အား အထက်တန်းကျောင်း(၁)ကျောင်းနှင့်လျော်ညီအောင် ကျောင်းစာသင်ဆောင်များ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သောက်သုံးရေ အိမ်သာစသည့် အထွေထွေဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အထူးလိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား သိရှိလိုပါကြောင်း"ဟူသော မေးခွန်းပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကျောင်းများ ပြုပြင်ရန်လိုအပ်ခြင်း၊ ကျောင်းသားဦးရေနှင့် စာသင်ဆောင်ခန်းများ မျှသမျှမရှိခြင်း၊ ကျောင်းသားနှင့် အိမ်သာအချိုး မျှတမှုမရှိသဖြင့် အိမ်သာလို အပ်ခြင်း၊ ရေကောင်းရေသန့်ရရှိရန် ရေသန့်စင်စက်လိုအပ်ခြင်းတို့ရှိလာပါက ကျောင်းအုပ်ဆရာကြီးသည် ကျောင်းအကျိုးတောင်ဆောင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး၊ အကယ်၍ လုပ်ငန်းအတိုင်းသာအရ ဆောင်ရွက်ရန်ကြီးမားပါက ပြည်နယ်အစိုးရအဖွဲ့ထံသို့လည်းကောင်း၊ မြို့နယ်ပညာရေးမှူးမှတစ်ဆင့် ပြည်နယ်ပညာရေးမှူးထံသို့လည်းကောင်း အဆင့်ဆင့်တင်ပြဆောင်ရွက်ရပါသည်။ ဤကဲ့သို့ တင်ပြဆောင်ရွက်လာပါက ပြည်နယ်ပညာရေးမှူးသည် အမှတ်(၂) အခြေခံဦးစီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ ။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံ က မေးခွန်းနှစ်ခုကို တဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစောလုံ(မိုးနဲမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာ ကြသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းအမှတ်(၁)ကတော့ ကျိုင်းတောင်းမြို့နယ်ခွဲရှိ ယခင်က လုံခြုံရေး အခြေအနေကြောင့် တစ်ခြားကျောင်းများနှင့် တွဲဖက်ဖွင့်လှစ်ရသော ကျေးလက်မူလတန်းကျောင်းများနှင့် ဆရာ/ဆရာမဝန်ထမ်းအင်အားလိုအပ်သော ကျောင်းများတွင် ပြန်လည်ခန့်အပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဟောင်းနွန်းပျက်စီးနေသော စာသင်ကျောင်းအိမ်း အကာများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ကို သိလိုပါသည်။

နောက်တစ်ဆက်တည်းမေးခွန်းအမှတ်(၂)ကတော့ ကျိုင်းတောင်းမြို့နယ်ခွဲ အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးအခက်ခဲကြောင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုခံယူရာတွင် အခက်ခဲများစွာဖြစ်ပေါ် လျက်ရှိပါသဖြင့် ကျေးလက်ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ဟောင်းနွန်းပျက်စီးနေသော အဆောက်အဦးများ၏ အမိုးအကာများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစောလုံ ၏ "ကျိုင်းတောင်မြို့နယ်ခွဲရှိ ကျေးလက်မူလတန်းကျောင်းများအား ပညာရေးဝန်ထမ်းများ ဖွဲ့စည်းပုံအပြည့်ဖြင့် ပြည်လည်တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်"ဟူသော မေးခွန်းနှင့် ပတ်သက်၍ ကျိုင်းတောင်မြို့နယ်ခွဲတွင် မူလတန်းကျောင်း(၁၀)ကျောင်းရှိပြီး၊ ဆရာနှင့် ကျောင်းသား အချိုးမှာ အများဆုံးတစ်အချိုးနှစ်ဆယ့်ခုနှစ်ရှိပြီး၊ အနည်းဆုံး တစ်အချိုးရှစ်ရှိ၍ ဆရာနှင့် ကျောင်းသားအချိုးမှာ နည်းနေသဖြင့် ဝန်ထမ်းအင်အား ပြန်လည်ဖြည့်ဆည်းပေးရန် မလိုအပ်သေးပါကြောင်း၊ အားလုံးပျက်စီးနေသော အဆောက်အဦးနှင့် ပတ်သက်၍ သက်ဆိုင်ရာကျောင်းအကျိုးတော်ဆောင် ပညာရေးမှူးတို့မှ တင်ပြလာပါက အမှတ်(၂)အခြေခံပညာတို့ပြင်ဆင်ပေးနိုင်ရန် တင်ပြမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့ "ကျိုင်းတောင်မြို့နယ်ခွဲရှိ ကျေးလက် ဆေးပေးခန်းများကို ကျန်းမာရေး ဝန်ထမ်းဖွဲ့စည်းပုံအပြည့်နှင့် ပြန်လည်တိုးချဲ့ဖွင့် လှစ်ပေးရန် အစီအစဉ်ရှိ/အရှိ သိရှိလိုပါသည်" ဟူသော မေးခွန်းနှင့်ပတ်သက်၍ ကျိုင်းတောင်မြို့နယ်ခွဲရှိ ကျိုင်းတောင်ကျေးလက်ကျန်းမာရေးဌာနတွင် လက်ထောက်ကျန်းမာရေး(၁)ဦး၊ ကျန်းမာရေးမှူးတစ်ဦးနှင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ သားဖွားဆရာမ(၁)ဦး လှစ်လပ်လျက်ရှိပါသည်။ ၄င်းကျေးလက် ကျန်းမာရေးဌာနလက်အောက်ရှိ ဘာဆာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကွန်မွန်ကျေးလက်ကျန်းမာရေးဌာနခွဲတို့တွင် သားဖွားဆရာမ(၁)ဦးစီ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ နောင်သောင်းကျေးလက်ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမ(၁)ဦး လစ်လပ်လျက်ရှိပါကြောင်းနှင့် လစ်လပ်လျက်ရှိသော သားဖွားဆရာမ(၂)ဦးအား ဦးစားပေး ခန့်သွားပေးမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါသည်။

ဥက္ကဋ္ဌ ။ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံအေး က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါသည်။

ဦးစိုင်းစံအေး(သိန္နီမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအေး ဖြစ်ပါတယ်။ ကျွန်တော်တို့ သိန္နီမြို့တွင် မြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်ကြီးရှိသော်လည်း သွားဖက်ဆိုင်ရာ အထူးကု ဆရာဝန်လိုအပ်လျက်ရှိပြီး၊ ဆေးရုံသုံးဆေးဝါးများလည်း အလုံအလောက် မရှိသောကြောင့် လူနာများအတွက် သက်သာချောင်ချိမှုမရှိသည့် အခက်အခဲ များစွာ ကြုံတွေ့နေခဲ့ရပါတယ်။ ဒါကြောင့် သိန္နီမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် သွားဖက် ဆိုင်ရာ ဆရာဝန်(၁)ဦး ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေး ၏ "သိန္နီမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် သွားဖက်ဆိုင်ရာ ဆရာဝန်(၁)ဦး ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်"ဟူသော မေးခွန်းနှင့်ပတ်သက်၍ သိန္နီမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၏ (၃၀-၁-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၂(၄) ညွှန်ကြားချက်/၂၉၁၂/၀၇၉ အရ လည်းကောင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောင်ခမ်း ၏ ခရီးစဉ်အတွင်း အတူလိုက်ပါလာသည့် ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ စီစဉ်ဆောင်ရွက်ပေးပါမည်ဟု မှာကြားချက်အရ သိန္နီမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဖက်ဆိုင်ရာ ဆရာဝန် (၁)ဦး ခန့်ထားပေးနိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံ ထားပြီး ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၂၆၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်၏ အမည်စာရင်းကို လွှတ်တော်သို့ အဆိုပြုလာပါတယ်။ ၎င်းပုဂ္ဂိုလ်ကတော့ ဦးအောင်မောင်း ဖြစ်ပါတယ်။ ၎င်းပုဂ္ဂိုလ်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ် မှ အဆိုပြုလာသော ရှမ်းပြည်နယ်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအတွက် ဝန်ကြီးအား လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်လိုပါက ၎င်းပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ- ၂၆၂ ပုဒ်မခွဲ(ဂ)ပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထင်အရှားပြ၍ ကန့်ကွက်နိုင်ပါတယ်။ ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား -

ဦးကျော်မြ။ ရှိပါတယ် ခင်ဗျ။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် တတိယအကြိမ်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ နောင်ချို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ လစ်လပ်လျက်ရှိတဲ့ စီမံကိန်းနဲ့ စီးပွားရေးဝန်ကြီးနေရာမှာ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ပြင်ပမှ ပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးအပ်ခြင်းအစား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခန့်အပ်တာဝန် ပေးသင့်ကြောင်း အဆိုကို တင်သွင်းသွားမှာဘဲ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး အပ်ခြင်းနဲ့ ပတ်သက်ပြီးတော့မှ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(ခ)တွင် ပြည်နယ်ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများ ထဲကဖြစ်စေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်ဆုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမယ်လို့ ပါရှိသော်လည်း၊ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး(၉)ဦးစလုံးကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲသာ ပြည်နယ်ဝန်ကြီးချုပ်က ရွေးချယ်ခန့်အပ်ပြီး၊ ပြည်နယ် လွှတ်တော်မှလည်း သဘောတူညီပေးခဲ့တဲ့အတွက် ရွေးချယ်ပေးခဲ့တဲ့ ပြည်နယ် ဝန်ကြီးချုပ်နဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျေးဇူးအထူးတင်ရမှာ ဖြစ်ပါတယ်။

အလားတူ ကျွမ်းကျင်မှုပါတဲ့ ပြည်နယ်အဆင့်အဖွဲ့ဝင်များဖြစ်တဲ့ ပြည်နယ် တရားလွှတ်တော်၊ တရားသူကြီးချုပ်နဲ့ ပြည်နယ်လွှတ်တော် တရားသူကြီးများ၊ ပြည်နယ်ဥပဒေချုပ်နဲ့ ပြည်နယ်စာရင်း စစ်ချုပ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရဲ့ သဘောတူညီချက်နဲ့ ခန့်အပ်နိုင်တာ တွေ့ခဲ့ရပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေထဲမှာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးနဲ့ ဖွဲ့စည်းထားတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်အများဆုံးနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကြီး တစ်ခုလည်း ဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်အစိုးရ အဖွဲ့(၁၀)ဦး၊ လွှတ်တော် ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌ နှုတ်လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်(၁၃၁)ဦး ကျန်ရှိနေပါ သေးတယ်။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ နိုင်ငံရေး အတွေ့အကြုံ ရင့်ကျက်သူများ၊ ဘွဲ့ရပညာတတ် ပုဂ္ဂိုလ်များ၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး တော့မှ ပြည်သူက ယုံကြည်ကိုးစားတဲ့ ပုဂ္ဂိုလ်အများအပြား ရှိပါတယ်။ ကနေ့ ပြည်နယ်ဝန်ကြီးချုပ် တင်သွင်းလာတဲ့ ပုဂ္ဂိုလ်နဲ့ အရည်အချင်းချင်းတူသည့်တိုင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများက ရွေးချယ်တင်မြှောက်ခြင်း ခံထားရတဲ့ ဂုဏ်သိက္ခာ၊ အရည်အချင်းဟာ ပြင်ပပုဂ္ဂိုလ်များထက် သာလွန်နေပြီဆိုသာ ငြင်းပယ်လို့ မရတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

Polltical Will နဲ့ Polltical Thinking မှာ ပြင်ပပုဂ္ဂိုလ်လူများထက် ပိုမိုသာလွန်တယ်လို့ ပြောလို့ရမှာ ဖြစ်ပါတယ်။ ဝန်ကြီးတာဝန်ပေးလို့ရှိရင်လည်း လုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များလည်း ရှိနေပါတယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဟာလည်း လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့ အကျိုးကို လက်တွေ့ဆောင်ရွက်နိုင်ကြသူများ ဖြစ်တာကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ရပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီစွဲ၊ပုဂ္ဂိုလ်စွဲ၊ဒေသစွဲမရှိကြပါ။ လစ်လပ်နေတဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနေရာမှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေတစ်ပါတီ လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ ကျန်တိုင်းရင်းသားပါတီများထဲက လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ တာဝန်ပေးခန့်အပ်မယ်ဆိုရင် သဘောတူကြမယ့် ပုဂ္ဂိုလ်များဘဲ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကနေ့အစည်းအဝေးမှာ တင်သွင်းသွားတဲ့ ပုဂ္ဂိုလ်ကို ကျွန်တော့်အနေနဲ့ ဖြူသလား၊ မဲသလားဆိုတာ မသိသလို၊ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ် အများစုကလည်း သိရှိကြမှာ မဟုတ်ပါ။ အမည်စာရင်းတင်သွင်းထားတဲ့ ပုဂ္ဂိုလ်ကိုလည်း ပုဂ္ဂိုလ်ရေး တိုက်ခိုက်တာ မဟုတ်ဘဲ ပြည်သူ့ကိုယ်စားလှယ်တွေအများစုနဲ့ ဖွဲ့ထားတဲ့ လွှတ်တော်မှာ လစ်လပ်နေတဲ့ ဝန်ကြီးတစ်နေရာကို လွှတ်တော်ကိုယ်စားလှယ်များ ထဲက ခန့်အပ်တာဝန်ပေးခြင်း သာလျှင် ယုတ္တိတန်ပြီးတော့မှ သဘာဝကျမယ်လို့ "မူ"အရ တင်ပြရခြင်း ဖြစ်ပါတယ်။

အဆိုပြုတင်သွင်းလာသည့် ပုဂ္ဂိုလ်ရဲ့ နောက်ခံသမိုင်းများကို တင်ပြရရင်-

အုပ်ချုပ်မှု ညံ့ဖျင်းတဲ့ သာဓကရှိပါတယ်။ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်၊ ခလရ (၁၃၂)တပ်ရင်းမှူးအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလက ၎င်း၏ နေအိမ်မီးရှို့ခံရခြင်းနှင့် ၎င်းတပ်မှ အရာရှိအပါအဝင် (၁၁)ဦးတပ်မှ ထွက်ပြေးခြင်း ဖြစ်စဉ် ရှိခဲ့ပါတယ်။ နောက်ပြည်သူလူထုနဲ့ ဆက်ဆံတဲ့နေရာမှာ မောက်မာပြီးတော့မှ ကြမ်းတမ်းရက်စက်ခဲ့တဲ့အတွက် ဒါမျိုးလည်း သာဓက ရှိခဲ့ပါတယ်။

လင်းခေးခရိုင်၊ ခယက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်တဲ့နေရာမှာ ၂၀၀၄၊ ၂၀၀၇ ကာလ တွေမှာလည်း မောက်မယ်ရိပ်သာမှာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးလွင် အား သွားကျိုးအောင် ထိုးကြိတ်ခဲ့ခြင်း၊ လက်အောက်ခံ ရယက ဥက္ကဋ္ဌ များကို ဒဏ်ပေးခြင်း၊ ပါးရိုက်ခြင်းစသည်များ ရှိခဲ့ပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုနဲ့. ပြည်သူလူထုတွေက ဒေသခံများက ၎င်းကို ရှမ်းဘာသာအားဖြင့် ဖီလူးလုံ(ဘီလူးကြီး)လို့ နာမည်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် ဝန်ကြီး တစ်ဦးရဲ့ အရည်အချင်းနဲ့. ပြည့်စုံသူမဟုတ်ကြောင်း သိရှိရပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကနေ့ ကျွန်တော်အဆို တင်သွင်းနေရခြင်းဟာလည်း ကျွန်တော့်ရဲ့ ဆန္ဒတစ်ခုတည်းမဟုတ်ဘဲ တပ်မတော်သားကိုယ်စားလှယ်များမှအပ ကျန်လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆန္ဒနဲ့.အညီ ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ကို ဆောင်ရွက်နေခြင်းဘဲ ဖြစ်ပါတယ်။ လစ်လပ်နေတဲ့ ဝန်ကြီးတစ်နေရာမှာ လွှတ်တော် ကိုယ်စားလှယ်များထဲကသာ ခန့်အပ်သင့်ပြီး၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပြင်ပပုဂ္ဂိုလ်ကို ခန့်အပ်တာဝန် ပေးအပ်ခြင်းကို သဘောမတူတဲ့ အကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်(၇၉)ဦးက လက်မှတ်ရေးထိုးပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးထံ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကနေ့ လွှတ်တော်ရဲ့ လုပ်ငန်းစဉ်များကို သုံးသပ်ကြည့်ရင် မူဝါဒချမှတ်ခြင်း၊ အများက စုပေါင်းဆုံးဖြတ်ထားတဲ့ သဘောတူညီချက်များကို တရားဝင်စေရန် ပြုလုပ်ပေးရခြင်း၊ အစိုးရနဲ့. အာဏာပိုင်အဖွဲ့.အစည်းအသီးသီးကို တာဝန်ခံရခြင်းနဲ့. ပြည်သူ့ဆန္ဒ၊ ပြည်သူလိုအင်၊ ပြည်သူသဘောထားများကို ဆွေးနွေးတိုင်ပင်ရခြင်း၊ တို့ပြန်မှုပေးရခြင်း၊ လွှတ်တော်ကိုယ်တိုင် ဒီမိုကရေစီကို လေးစားပြီး လိုက်နာကျင့်သုံးယုံမှုမက အစိုးရ အဖွဲ့.ကိုလည်း ဒီမိုကရေစီသဘောတရားများဖြင့် အုပ်ချုပ်စေရခြင်း စတာတွေကို တွေ့.ရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်း စဉ်တွေကို အခြေခံပြီး၊ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာလည်း လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ ဆန္ဒကို အကောင်အထည်ဖော်ပေးခြင်းဖြင့် ဒေသမော်ကွန်းတင်ကျန်ရစ်မယ့် ဒီမိုကရေစီကျင့်စဉ် တစ်ရပ်ကို ဖော်ဆောင်သွားဖို့ ကြိုးပမ်းတွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ လစ်လပ်လျက်ရှိတဲ့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးနေရာဟာ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်တာဝန် ပေးအပ်ခြင်းအစား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲက ရွေးချယ်ခန့်အပ်တာဝန်ပေး သင့်ကြောင်း အဆိုကို လေးလေးနက်နက် တင်သွင်းရင်း နိဂုံးချုပ် အပ်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

နောင်ခို မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၅၁ ၊ နည်းဥပဒေခွဲ(ခ)ပါ ကြေညာချက်အရ ကန့်ကွက်ကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းလာပါတယ်။ ယခု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၅၄ အရ တင်သွင်းလာသည့် ကန့်ကွက်ကြောင်းအဆိုကို နည်းဥပဒေပုဒ်မ ၅၅ အရ လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော် ၏ အဆုံးအဖြတ်ကို ရယူပါ့မယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန် ဖြစ်ပါတယ်။

[လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်၍ ဆန္ဒပြုကြပါသည်။]

အခမ်းအနားမှူး။ ။ အားလုံး ထိုင်နိုင်ပါပြီ ခင်ဗျား။

ဥက္ကဋ္ဌ ။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက် ကျော်လွန်သည့်အတွက် ကန့်ကွက်ကြောင်း အဆိုနှင့် စပ်လျဉ်းပြီး၊ ဆွေးနွေးလိုသော ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ အမည်စာရင်းကို ဒီကနေ့ နံနက်ပိုင်း လွှတ်တော် အစည်းအဝေး ခေတ္တရပ်နားသည့်အခါ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းနိုင်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး၊ ယနေ့ မွန်းလွဲနှစ်ပိုင်း အစည်းအဝေးပြန်လည်စတင်တဲ့အခါ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေး အား (၂း၀၀)နာရီ ရပ်နားပါမယ်။

အခမ်းအနားမှူး။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃း၀၀)မှာ ပြန်စပါမယ်။ အားလုံး (၁း၀၀) နာတိုင်ခင်မှာ ပြန်လည်နေရာယူပေးကြဖို့အတွက် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွါပါတော့မယ် ခင်ဗျား။ အားလုံး ထွက်ခွါနိုင်ပါပြီခင်ဗျား။

ပဉ္စမနေ့ (ဒုတိယပိုင်း)အစီအစဉ်

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

အခု အချိန်ကစပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(ဒုတိယပိုင်း) အစီအစဉ်ကို စတင်ကျင်းပပါတော့မှာဖြစ်ပါသဖြင့် သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ (၃) ကြိမ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ လွှတ်တော်သို့ တင်သွင်းသည့် ပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးခြင်း

ဥက္ကဋ္ဌ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းအဆိုပြုခဲ့ပါတယ်။အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ကန့်ကွက်ခဲ့ရာ ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်အများစုက သဘောတူညီသည့်အတွက် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းလာပါတယ်။ ရှေးဦးစွာ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦး က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး(နမ့်ခမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျန်းမာချမ်းသာကြပါစေကြောင်း ပဏာမအနေနဲ့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးကျော်မြ တင်ပြဆွေးနွေးသွားသောကိစ္စကို ကျွန်တော် ထောက်ခံဆွေးနွေး လိုပါတယ်။ ကျွန်တော်တို့ဟာ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားရှိဘဲနဲ့ ဝန်ကြီး အရည် အချင်းနှင် ပြည့်မီပြီး၊ ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနိုင်သော ပုဂ္ဂိုလ်ကို ထောက်ခံတင်မြှောက်ပေးဖို့ အသင့်ဖြစ်နေကြပါတယ်။ သို့ပါသော်လည်း ဦးကျော်မြ တင်ပြဆွေးနွေးချက်အရ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၂၆၂၊ ပုဒ်မခွဲ(ဂ)အရ ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်များအား ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ငြင်းပယ်ခွင့် မရှိစေရဟူသော အပိုဒ်အား ဝန်ကြီးချုပ်မှ သက်ညှာစဉ်းစားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးရာတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်ဟု ပါရှိသော်ငြားလည်း ယခုလွှတ်တော် အစည်းအဝေးတက်ရောက်နေကြသော လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံအကျိုးပြည်သူလူလုံရဲ့ အနာဂတ်၊ ပြည်သူလူထုရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူလူထုတွေရဲ့ လူနေမှုဘဝမြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပြီး၊ ပြည်သူလူထုတစ်ရပ်လုံးမှ ရွေးချယ်တင်မြှောက်ပေးထားသော ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို ခိုင်တက်လျှောက်လှမ်းနေကြတဲ့နေရာမှာ ပြည်သူလူထုတို့၏ ဆန္ဒ၊ အသံ၊ မျှော်လင့်ချက်တို့ကို ကြိုးစားပြီး ဖော်ဆောင်ပေးသင့်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ မိန့်မှာကြားခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် မတ်လ(၁)ရက်နေ့၌ ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ မိန့်မှာကြားခဲ့သည့် သမ္မတ၏ မိန့်ခွန်းထဲမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ အဓိကအကျဆုံးသည် နိုင်ငံသူ/သားတိုင်းရင်းသား မိဘပြည်သူများဖြစ်ကြောင်းနှင့် အစိုးရသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့

အကျိုးကို ထမ်းဆောင်ရမည့် ပြည်သူ့အစိုးရဖြစ်ရမည်ဖြစ်ပြီး၊ မိဘပြည်သူအားလုံးလိုလား တောင့်တနေခဲ့တဲ့၊ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးကို အားသွန် ခွန်စိုက်ဆောင်ရွက်ပေးရမည် ဖြစ်သည့်အပြင် ပြည်သူလူထုအကျိုးကို ဦးထိပ်ထားပြီး၊ ပြည်သူလူထုစိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှုတို့ကို ရှေးရှုဆောင်ရွက်ပေးရမည်ဟု ပါရှိပါတယ်။

ဒါ့ကြောင့် လစ်လပ်နေသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနေရာကို လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ရွေးချယ်ခန့်အပ်တာဝန်ပေးပါက ပြည်သူလူထု၏ ဆန္ဒကို သွေဖီရာရောက်နိုင် သည့်အပြင် ပြည်သူလူထုကိုလည်း မလေးစားရာ ရောက်သွားနိုင်မည်ကို အထူးစိုးရိမ်မိပါတယ် ခင်ဗျား။

ဒီအတွက်ကြောင့် ယခုရှမ်းပြည်နယ်အစိုးရအဖွဲ့၌ လစ်လပ်နေသော စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးနေရာကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဦးစားပေးပြီး၊ ရွေးချယ်ခန့်ထားပေးသင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့် က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်၊ အင်းတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နောင်ခြိုမြို့နယ်၊ အမှတ်(၁)မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ၏ ကန့်ကွက်ချက် အဆိုပြုလွှာကို အလေးအနက်ထောက်ခံဆွေးနွေးသွားပါ့မယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား - ကျွန်တော့်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ရဲ့ ကန့်ကွက်ချက် အဆိုကို ထောက်ခံတင်ပြရာမှာ ကျွန်တော့် မျက်စိထဲမှာ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရယ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရဲ့ မြေပုံရယ်၊ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ မြေပုံရယ်၊ ဒါ့အပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်

ကိုယ်စား လှယ်များရဲ့ ရွှင်မြူးတက်ကြွပြီး၊ အားမာန်ပြည့်ဝနေတဲ့ မျက်နှာများကို ကျွန်တော် မြင်ယောင်လာပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်ပြတဲ့ နေရာမှာ နှလုံးသားခံစားချက်ကို အသုံးပြုရသလို ဦးနှောက်ရဲ့ ဆုံးဖြတ်ချက်ကိုလည်း ဟန်ချက်ညီညီနဲ့ ကျွန်တော်စဉ်းစားဆုံးဖြတ်ပြီးတော့မှ တည်တည်ငြိမ်ငြိမ် စဉ်းစားဆုံးဖြတ်ပြီးတော့မှ ဒီအဆိုကို ကျွန်တော်ထောက်ခံရခြင်းဖြစ်ပါတယ်ဆိုတာ ကျွန်တော် ရှေးဦးစွာ ပြောကြားလိုပါတယ် ခင်ဗျား။

နောင်ခါမြို့နယ်၊ ကိုယ်စားလှယ်ကြီးက ကန့်ကွက်ချက်တွေမှာ ပြည့်စုံအောင် ဖော်ပြထားပြီး ဖြစ်တာမို့ ကျွန်တော့်အနေနဲ့ မတင်ပြလိုတော့ပါဘူး ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပါတီစုံရွေးချယ်တင်မြှောက်ပွဲ ဝင်ရောက်ကတည်းက သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့အပြင် ၂၀၁၀ ရွေးချယ်တင်မြှောက်ပွဲတွေမှာ လည်း ပြည်သူလူထုက ယုံကြည်စွာနဲ့ ရွေးချယ်ခဲ့တဲ့ ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ ဒီလိုကျွန်တော်တို့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း(၅၀)လောက် ဒီမိုကရေစီရွေးချယ် တင်မြှောက်ပွဲနဲ့ ကင်းကွာနေတဲ့ ပြည်သူတွေကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေက အဆင်းရဲခံ၊ အပင်ပန်းခံပြီးတော့မှ ဇွဲလုံးလရှိရှိနဲ့ ကြိုးစားယှဉ်ပြိုင်ပြီးတော့မှ အရွေးချယ်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ် ခင်ဗျား။

ဒီအချိန်မှာ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်ပွဲအတွက် အောက်ခြေမှာ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့ကိုယ်စားလှယ်တွေဟာ စည်းရုံးရေးအတွေ့အကြုံ၊ စီမံခန့်ခွဲရေး အတွေ့အကြုံကို အများကြီးရရှိခဲ့သလို ပြည်သူလူထုရဲ့ လက်ငင်းတွေ့ကြုံနေရတဲ့ အခက်အခဲများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့တာမို့ အတွေ့အကြုံ ကောင်းများ ရရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာ တက်ကြွတဲ့ လူငယ်လူလတ်တွေပါ မကျန် ကျွန်တော်တို့လို အသက်(၆၀)ကျော် အပိုင်းကလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးနဲ့ ပြည်ထောင်စုကြီးရဲ့ အကျိုးကို ဒီမိုကရေစီစနစ်နှင့်အညီ ထမ်းဆောင်ဖို့ဆိုတဲ့ နိုင်ငံချစ်စိတ်နဲ့ ဝင်ရောက်လာခဲ့တဲ့ ပြည်သူ ကိုယ်စားလှယ်များ ဖြစ်ပါတယ် ခင်ဗျား။

ဒီလို မျိုးချစ်စိတ်ရှိပြီး၊ အရည်အသွေးကောင်းတဲ့ ကိုယ်စားလှယ်တွေကို ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ဘေးမှာ စနစ်တကျထားပြီး၊ စိတ်ရင်းစေတနာနဲ့ ဝန်ကြီးချုပ်ရဲ့ အတွေ့အကြုံကောင်းများကို တာဝန်ပေး လေ့ကျင့်ပေးနိုင်လို့ရှိရင် ရှမ်းပြည်နယ်အတွက် သားကောင်းလူငယ်(၁၄၂)ဦးဟာ ထူးထူးချွန်ချွန်ပေါ် ထွက် လာမယ်လို့

ကျွန်တော်မျှော်လင့်ပါတယ်။ ဒီလိုအရည်အချင်း စွမ်းရည်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များထဲမှ တစ်ဦးဦးကို လစ်လပ်တဲ့ ပြည်နယ်ဝန်ကြီး တစ်နေရာကို ပေးအပ်မယ်ဆိုရင် ရှမ်းပြည်နယ်လွှတ်တော်ကို ဂုဏ်ပြုသလိုဖြစ်သွား သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထဲမှ စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုတယ်လို့ဘဲ ကျွန်တော်အနေနဲ့ ယူဆပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ၊ ဝန်ကြီးချုပ် အမှုပြုတဲ့ ဝန်ကြီးများကို ကန့်ကွက်သူမရှိ ယုံယုံကြည်ကြည်လေးလေးစားစား အားကိုးတကြီးနဲ့ တညီတညွတ်တည်း ကျွန်တော်တို့ ထောက်ခံအတည်ပြုခဲ့ကြပြီး ဖြစ်ပါတယ်။

နောင်ကိုလည်း လွှတ်တော် ဥက္ကဋ္ဌ ၊ ဒုဥက္ကဋ္ဌ နဲ့ ဝန်ကြီးချုပ် အမှုပြုတဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ လွှတ်တော်ရဲ့ တာဝန်၊ နိုင်ငံတော်ရဲ့တာဝန်၊ ပြည်သူလူထုများရဲ့ဆန္ဒကို ဥပဒေနဲ့အညီ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက နောက်လိုက် ကောင်းတစ်ယောက် ဒါမှမဟုတ် စုစည်းညီညွတ်သော လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဝန်ကြီးချုပ်မှ ပေးအပ်သော တာဝန်များကို ဦးဆွေးဆံမြေ့ဦးလည်မသုံအားကြိုးမာန်တက် ဇွဲလုံ့လ အပြည့်နဲ့ ဆောင်ရွက်သွားပါမယ်လို့ အလေးအနက်ဆန္ဒပြုရင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ခန့်အပ်နိုင်ရန် အမည်စာရင်း ပြည်သူ့လွှတ်တော်တို့ တင်သွင်းရာတွင် နောင်ချို့မြို့နယ်၊ အမှတ်(၁)မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၏ ကန့်ကွက်ချက်ကို အလေးအနက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း(မိုင်းပန်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့မနက်ပိုင်းမှာ ပြုလုပ်ကျင်းပခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယအစည်းအဝေးမှ "ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းခဲ့တဲ့ လစ်လပ်သွားတဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး အစားထိုးခန့်အပ်ရေးနဲ့ ပတ်သက်ပြီး အစည်းအဝေးသို့ ကန့်ကွက်လွှာ တင်သွင်း"အဆိုပြုခဲ့တဲ့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးကျော်မြ ၏ အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား -

ဝန်ကြီးချုပ်ရဲ့ အမည်စာရင်းတင်သွင်းမှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီအတွက် အထူးဆွေးနွေးရန် မရှိပါ။ သို့သော် အမည်စာရင်း တင်သွင်းခံရသူရဲ့ ကိုယ်ရေး ရာဇဝင်ကို ကြည့်လိုက်တဲ့ အခါ တာဝန်ထမ်းဆောင်ခဲ့တဲ့ နေရာတိုင်းမှာ ပြည်သူလူထုလက်ခံနိုင်မှုနည်းခဲ့တာ တွေ့ခဲ့ပါတယ်။ တာဝန်အရလုပ်ရသည့် မှန်ကန် သော်လည်း စိတ်ရင်းမှန်ကိုတော့ ဖုန်းကွယ်ထားမရနိုင်ပါ။ အတွေ့အကြုံ အရည်အချင်းမည်သို့ပင် ရှိနေသော်လည်း ပင်ကိုယ်စိတ်ရင်းကသာ အရေးကြီးပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် အများပြည်သူတို့ကဌင်းတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက် စိတ်ရင်းမှန်သူများ၊ အရည်အချင်းရှိသူများအဖြစ် ယုံကြည်ရွေးချယ်ခဲ့ကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များသည် မိမိဒေသအလိုက် အဆင့်ဆင့်သော တာဝန်များ ထမ်းဆောင်လာခဲ့ကြသူများ ဖြစ်ကြပါတယ်။ တာဝန်ပေးပါက လုပ်နိုင်ကြမည့်သူများ ရှိကြပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လစ်လပ်နေသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပြင်ပပုဂ္ဂိုလ်အစား "ကျွန်တော်တို့ ရွေးချယ်ခံလွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးချယ် တာဝန်ပေးသင့်ကြောင်း" လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။

[ဩဘာသံများ]

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်(လင်းခေးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မနက်ကနောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ တင်ပြသွားသော အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှေ့က ကိုယ်စားလှယ်ကြီးများ တိုင်းရင်းသားဝန်ကြီးများ ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားပြီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်မျှသာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁)တွင် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်ဝန်ကြီးချုပ်သည် "သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ပုဒ်မ-၂၆၁၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည် " ဟု ဖော်ပြထားရှိပါတယ်။

အဲဒီလို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်ခန့်အပ်ရန် နည်းလမ်း(၂) ရပ်ရှိရာ လက်ရှိ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် အရည်အချင်းရှိသူများ ရှိနေသည်ဟု ယုံကြည်သည်က တစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်နှင့် ဒေသခံလူထုများ၏အကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများက ယုံကြည်စွာ ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ သင့်လျော်သူ တစ်ဦးကို ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ပါက

ပိုမိုသင့်လျော်မည်ဟု ယူဆမိပါသဖြင့် နောင်ခို့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ၏ အဆိုတင်သွင်းချက်အား ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ [သြဘာသံများ]

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဂ)အရ ပြည်နယ်ဝန်ကြီးအတွက် သတ်မှတ်ထားသော ရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု တဖက်က ဖော်ပြထားပါတယ်။ ဒီလိုဖော်ပြသည့် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၂၆၁၊ ပုဒ်မခွဲ(က)နှင့်အညီ ခိုင်လုံသည့် သက်သေ အထောက် အထားများကို တိတိကျကျ ပြည်နယ်သို့ တင်သွင်းရန် ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို မှတ်တမ်းတင်ထားမှာ ဖြစ်ပြီး၊ ပြည်နယ်လွှတ်တော်မှ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။
[သြဘာသံများ]

ဥက္ကဋ္ဌ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရွှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးရဲ့ ပထမနေ့မှာ ရွှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ရန်အတွက် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ရွှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်းအား မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က-

" သဘောတူပါသလားခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူသည့်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်းအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [သြဘာသံများ]

ဥက္ကဋ္ဌ ။ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ရန် အတွက် လွှတ်တော်ရဲ့ ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[၃ ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူညီတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [သြဘာသံများ]

ဥက္ကဋ္ဌ ။ ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၉၃၊ ပုဒ်မခွဲ(က) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ-၁၂၈၊ နည်းဥပဒေခွဲ(က)တို့အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် ကျေးရွာ ထင်းစိုက်ခင်း ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ၎င်းဥပဒေကြမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လွှတ်တော်သို့ တင်သွင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ကြပါစေလို့ ပဏာမဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်းကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးသို့ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းတစ်ရပ်က ချက်ချင်းဥပဒေဖြစ်လာမှာ မဟုတ်သလို ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ဥပဒေရေးရာကော်မတီလည်း လေ့လာဖို့အချိန်ပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကို တင်သွင်းတဲ့ ဥပဒေကြမ်းကို ဒီပြည်နယ်သစ်တော၊ သတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်း ကနေပြီးတော့ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် ကျေးရွာထင်း စိုက်ခင်းဥပဒေကြမ်းအနေနဲ့ -

နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၈နှင့် ဇယား(၂)၊ စဉ်(၄)(က) ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်အတွင်း ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ လုပ်ငန်းများကို စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ်ထင်းစိုက်ခင်းဥပဒေဟု ခေါ်သွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်တက်ရောက်စေရမည် -

(က) "သစ်တောနယ်မြေ"ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပင်ကာကွယ်တောတို့ပါဝင်သည့် နယ်မြေကို ဆိုသည်။

(ခ) "**အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ**"ဆိုသည်မှာ တည်ဆဲဥပဒေတရပ်ရပ်အရ အစိုးရဌာန၊အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကို ဆိုသည်။

(ဂ) "ထင်း"ဆိုသည်မှာ လောင်စာဖြစ်တာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊သစ်ပိုင်း သို့မဟုတ် သစ်စကိုဆိုသည်။

(ဃ) "ထင်းစိုက်ခင်း"ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော သစ်တောစိုက်ခင်းကို ဆိုသည်။

(င) "**ကျေးရွာပိုင် ထင်းစိုက်ခင်း**"ဆိုသည်မှာ သစ်တောဦးစီးဌာနကနှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး၊ ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင် ထင်းစိုက်ခင်းကို ဆိုသည်။

(စ) "ပြည်နယ်"ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ဆ) "ဝန်ကြီးဌာန"ဆိုသည်မှာ ပြည်နယ်သစ်တောနဲ့ သတ္တုရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဇ) "ဝန်ကြီး"ဆိုသည်မှာ ပြည်နယ်သစ်တောနှင့် သတ္တုရေးရာဝန်ကြီးဌာနကို တာဝန်ယူရသော ဝန်ကြီးကို ဆိုသည်။

(စျ) "**ညွှန်ကြားရေးမှူး**"ဆိုသည်မှာ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ည) "သစ်တောအရာရှိ"ဆိုသည်မှာ ရှမ်းပြည်နယ်ခရိုင် သို့မဟုတ်မြို့နယ် သစ်တောဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်။

(ဋ) "ကော်မတီ"ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးသော ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဌ) အသုံးပြုသူများအဖွဲ့ဆိုသည်မှာ သက်ဆိုင်ရာ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသော အစုအဖွဲ့ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကွယ်ကွယ်တောများတွင် ထင်းသစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်။

(ခ) မြေအသုံးချမှုတန်ဖိုးပိုမိုရရှိစေရန်။

(ဂ) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းကို ကျေးရွာလူထုက စုပေါင်းစိုက်ပျိုးပြီး၊ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာတိုးမြှင့်အသုံးပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှ ကာကွယ်ရန်။

အခန်း(၃)

ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခြင်း

၄။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသူသည် သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်သစ်တောမှူးမှတဆင့် ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ပုဒ်မ-၄ အရ လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ စိစစ်ချက်နှင့်တကွ သဘောထားမှတ်ချက်ပေးရန် သက်ဆိုင်ရာကော်မတီသို့ တောင်းခံရမည်။

၆။ ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်တို့ကို ရရှိလျှင် -

(က) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် သစ်တောနယ်မြေအတွင်းဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နဲ့အတူ မိမိ၏ သဘောထားသတ်မှတ်ချက်ဖြင့် ပြည်နယ်ဝန်ကြီးထံ တင်ပြရမည်။

(ခ) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင် ထင်းစိုက်ခင်းတည်ထောင်လိုသော နယ်မြေဒေသသည် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ဖြစ်ပါက ကော်မတီ၏ စိစစ်ချက်သဘောထားမှတ်ချက်နဲ့အတူ ပြည်နယ်ဝန်ကြီးထံသို့ တင်ပြရမည်။ ကြိုးဝိုင်းတောနှင့် ကြိုးပင်ကာကွယ်တောအတွင်း လျှောက်ထားခြင်းနဲ့ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်။

၇။ ပြည်နယ်ဝန်ကြီးသည် -

(က) ညွှန်ကြားရေးမှူးက ပုဒ်မ ၆၊ ပုဒ်မခွဲ(က)အရ တင်ပြချက်အပေါ် သစ်တောနယ်မြေအတွင်းတွင် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခွင့်ကို ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့် အမိန့်ချမှတ်ရမည်။

(ခ) ညွှန်ကြားရေးမှူးက ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ တင်ပြချက်အပေါ် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေတွင် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခွင့်မိန့်ကို မိမိ၏ သဘောထားမှတ်ချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရမည်။

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)အရ ပြည်နယ်ဝန်ကြီးက တင်ပြသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့်အမိန့်ချမှတ်ရမည်။

၉။ ညွှန်ကြားရေးမှူးသည် ပြည်နယ်ဝန်ကြီး သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့်အမိန့်ကို ရရှိလျှင် ရက်ပေါင်း(၃၀)အတွင်း ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင် ထင်းစိုက်ခင်းတည်ထောင်ခွင့် လျှောက်ထားသူနှင့် သက်ဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

အခန်း(၄)

ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၀။ ပြည်နယ်ဝန်ကြီးသည် -

(က) ပြည်နယ်အတွင်းရှိ သင့်လျော်သည့် ခရိုင်သို့မဟုတ် မြို့နယ်များတွင် ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင်(၇)ဦးမှ (၉)ဦးအထိပါဝင်သော ခရိုင် သို့မဟုတ် မြို့နယ် ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) မြို့နယ် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး

(၂) မြို့နယ် သို့မဟုတ် ခရိုင်မြေစာရင်းဦးစီးဌာနမှူး

(၃) မြို့နယ် သို့မဟုတ် ခရိုင်သစ်တောဦးစီးဌာနမှူး

(၄) မြို့နယ် သို့မဟုတ် ခရိုင်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

(၅) မြို့မိမြို့ဖကိုယ်စားလှယ်များ

(ဂ) အပိုင်း(ခ)တွင် ဖော်ပြသည့် ပုဂ္ဂိုလ်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၁၁။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၁၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ညွှန်ကြားရေးမှူးမှ စိစစ်ရန် ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားလွှာများကို စိစစ်၍ ညွှန်ကြားရေးမှူး ထံ ပြန်လည်တင်ပြခြင်း။

(ခ) ကျေးရွာထင်းစိုက်ခင်း မြေနေရာရွေးချယ်မှုကို စစ်ဆေးတင်ပြခြင်း။

(ဂ) ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်တွင် သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း။

(ဃ) ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်တွင် စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေး၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း။

(ဂ) ကျေးရွာထင်စိုက်ခင်းများမှ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးတို့ကို စည်းကမ်းတကျဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း။

(စ) ကျေးရွာထင်စိုက်ခင်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ညွှန်ကြားရေးမှူး၊ ဝန်ကြီး ထံ တင်ပြခြင်း

(ဆ) အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းပေးခြင်း။

(ဇ) ကျေးရွာထင်စိုက်ခင်းများ အသုံးပြုသူများစာရင်း ပြောင်းလဲမှုရှိပါက စိစစ်၍ အတည်ပြုပေးခြင်း။

အခန်း(၅)

သစ်တောအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ သစ်တောအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကျေးရွာထင်စိုက်ခင်းများနှင့်စပ်လျဉ်း၍ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးခြင်း။

(ခ) ထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများ အသိပေးခြင်း၊ ညွှန်ပြပေးခြင်း။

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခြင်း။

(ဃ) ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများအဖွဲ့က စိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း။ ကူညီခြင်း။

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ ရောင်းဝယ်ဖောက်ကားမှုအတွက် ဖြစ်လျှင် သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်း။

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော ထင်းနှင့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ခွင့်ပြုခြင်း၊ အရေးယူခြင်း။

(ဆ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ထားသည့် မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်းရောင်းချမှု၊ အဆောက်အဦဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးကြီးကြပ်ခြင်း။

(ဇ) ဝန်ကြီးဌာနက ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို "အသုံးပြုသူများအဖွဲ့"၏ အဖွဲ့ဝင်များ သိရှိလိုက်နာစေရန် ကြီးကြပ်ခြင်း။

အခန်း(၆)
ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်သူ၏ လုပ်ငန်းတာဝန်များ

၁၄။ ထင်စိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်လိုသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၅။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်သူသည် စိုက်ပျိုးထိန်းသိမ်း သုံးစွဲရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် "အသုံးပြုသူများအဖွဲ့"ကို ဖွဲ့စည်းရမည်။

၁၆။ "အသုံးပြုသူများ အဖွဲ့"သည် သက်ဆိုင်ရာကော်မတီ၏ ကြီးကြပ်မှုခံယူ၍ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၇။ "အသုံးပြုသူများ အဖွဲ့"သည် ဝန်ကြီးဌာနက ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၈။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်လိုသူသည် ပြည်နယ်ဝန်ကြီး သို့မဟုတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ရရှိမှသာ လုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

၁၉။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်သူနှင့် အသုံးပြုသူများ အဖွဲ့သည် အောက်ပါတို့ကို လိုက်နာဖို့ ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများအတိုင်း ဆောင်ရွက်ရန်။

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိရန်။

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်ရေးဆွဲတင်ပြရန်။

(ဃ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်း မပြုရန်။

(င) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက် ပေါက်ရောက်နေသော တားမြစ်ရာပါ သစ်ပင်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသို့ စနစ်တကျတင်ပြထိန်းသိမ်းထားရန်။

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်းအား ရောင်းဝယ်ဖောက်ကားခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန် တာဝန်ရှိသည်။

အခန်း(၇)

စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၂၁။ မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင် ဖြစ်စေ သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်များ ချမှတ်နိုင်သည်-

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ခ) ကျေးရွာပိုင်ထင်းစိုက်ခင်းက အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း။

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း။

(ဃ) အခြားသင့်လျော်သည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်။

၂၂။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သစ်တော ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ/မရှိ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာမှု ရှိ/မရှိ စစ်ဆေးရမည်။

၂၃။ သစ်တောအရာရှိသည် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်းကို သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ခြင်းမပြုဘဲ ရောင်းဝယ်ဖောက်ကား သူအား ကျပ်တစ်သောင်းထက် မပိုသော ဒဏ်ကြေးငွေနှင့် သတ်မှတ်ထားသော အခွန်အခပေးဆောင်စေပြီး၊ ဆက်လက်ရောင်းချခွင့် ပြုနိုင်သည်။ ပေးဆောင်ရန် ပျက်ကွက်ပါက ထင်းကို ထိန်းသိမ်းထားခြင်း၊ ကျေးရွာပိုင်ထင်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

အခန်း(၈)

အယူခံခြင်း

၂၄။ (က) ဤဥပဒေအရကော်မတီ သို့မဟုတ် သစ်တောအရာရှိကချမှတ်သောအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှရက်ပေါင်း (၃၀)အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးသည် ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၅။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူး က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို
မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့ရက်မှ
ရက်ပေါင်း(၆၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ညွှန်ကြားဂေးမှူး က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီး ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၉)
တားမြစ်ချက်များ

၂၆။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းသုံး မြေကို တူးဆွခြင်းမပြုရ။

၂၇။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော်နေထိုင်ခြင်း မပြုရ။

၂၈။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်၊ တိုင်၊ မျှော်၊ ထင်းစသည့်သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၂၉။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲ အသုံးပြုခြင်း၊ အဆောက်အဦဆောက်လုပ် နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရ။

အခန်း(၁၀)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်(၁)နှစ်ထက်မပိုသောနှင့် ငွေဒဏ်ကျပ်(၁၀၀၀၀၀)ထက်မပိုသော ပြစ်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်(၁၀၀၀၀၀)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် (၁)နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ကျပ်(၁၀၀၀၀၀)အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် (၁)နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ကျပ်(၁၀၀၀၀၀)အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၃၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှု ထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရိစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျူးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၆။ **တရားရုံးသည်** -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ခ) ပုဒ်မ ၂၆၊ ၂၈ တို့အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆုံးရှုံးနှစ်နာသည့် ထင်းစိုက်ခင်းသို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့အား နှစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

အခန်း(၁၁)

အထွေထွေ

၃၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်း သည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းတို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၃၈။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသော ငွေများကို မြေခွန်မပြေကျန်ငွေဖြစ် ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၃၉။ ပြည်သူ့ရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၀။ ဤဥပဒေအရ ကျူးလွန်သည့် ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရသည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန် ဆောင်ရွက်သော ကော်မတီ သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းမရှိစေရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် -

(က) ပြည်နယ်သစ်တောနှင့်သတ္တုရေးရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်သစ်တောနှင့် သတ္တုဝန်ရေးရာဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာအမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ မှ အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေငြာခြင်း

ဥက္ကဋ္ဌ ။ ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ရှမ်းပြည်နယ်အစိုးရအဖွဲ့က အဆိုပြုတင်သွင်းသည့် ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်းကို လိုအပ်သလို စိစစ်နိုင်ရန်အတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂၊ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီကို လွှဲပြောင်းထားပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အချိန်ယူလေ့လာပြီး၊ နောင် ကျင်းပမည့် အနီးဆုံးလွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးသုံးသပ်အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ [ဩဘာသံများ]

အခမ်းအနားမှူး ။ ။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်မှ ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈)ရက်အထိ (ခရစ်သက္ကရာဇ် ၂၀၁၂ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၁၅ ရက်အထိ) တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးက အောက်ပါ ဆုံးဖြတ်ချက်များ ချမှတ်လိုက်သည်။

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် ၈-၁/၂၀၁၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၉-၁/၂၀၁၂။ "ထော်လာဂျီယာဥ်နှင့် ပတ်သက်သည့်" အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရုံးပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းထွန်းထွန်းလွင်၊ တန်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏"ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဥ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်းလာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဥ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးဦးထွက်များသောယာဥ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဥ်များကို ရုံးပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၀-၁/၂၀၁၂။ "မော်တော် ဆိုင်ကယ်များ စီးနှင်းခြင်းနှင့်ပတ်သက်သည့်" အဆိုကို ပြန်လည် ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော် ဆိုင်ကယ်များ အချင်းချင်း မတော်တဆ တိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများ၊ ဥပမာ- ဆိုင်ကယ်ဦးထုပ်မစောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါစီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်း တစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန်အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ၊ အိတ်စောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက် ပိုင်းခြားကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်" အဆိုကို ပြန်လည် ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၁-၁/၂၀၁၂။ “ကွန်ဟိန်းမှ ကွတ်ပုံ/ဝမ်လောတံတား၊ ဆိုင်းမွန်း/ဆိုင်းခေါင်တံတား၊ ခိုလေ/ငါးတိုင်တံတားကြီးများသည် အသုံးပြု၍ မရနိုင်တော့ပဲ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် အခက်အခဲများစွာ ကြုံတွေ့.ရလျက် ရှိသောကြောင့် အဆိုပါ တံတားကြီး (၃)စင်းအား စိစစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ပါရန်”အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းခွင့် ပြုရန် ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ကွန်ဟိန်းမှ မိုင်တိုင်အမှတ် (၁၅)မိုင်ရှိ (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ်(၂၅)မိုင်ရှိ (၃၂)ပေရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင်တံတား၊ မိုင်တိုင်အမှတ်(၃၀)မိုင်ရှိ(၁၀၀)ပေရှည်သော ခိုလေ/ငါးတိုင်တံတား ကြီးများသည် အသုံးပြု၍ မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် ရေများသောမိုးရာသီတွင် အခက်အခဲများစွာ ကြုံတွေ့. ရလျက် ရှိသောကြောင့် အဆိုပါတံတားကြီး (၃)စင်းအား စိစစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ပါရန် ” အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းခွင့်ပြုရန် ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၂-၁/၂၀၁၂။ "ပြည်နယ်အတွင်းဓာတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တနိုင် အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလို စီစစ်၍ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုနိုင်ရေး စီစစ် ဆောင်ရွက်သွားသင့်ပါကြောင်း" အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ပြည်နယ်အတွင်း ဓာတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ်လိုမှု များအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစီစစ်၍ လုပ်ကိုင် ဆောင်ရွက်ခွင့် ပြုနိုင်ရေး စီစစ်ဆောင်ရွက်သွားသင့်ပါကြောင်း " အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၃-၁/၂၀၁၂။ “ယာဉ်အမျိုးအစားအလိုက် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း၊ သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်နေခြင်းအား စိစစ်ဆောင်ရွက်နိုင်ပါရန်” အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ယာဉ်အမျိုးအစား အလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထား ပါသော်လည်း၊ သတ်မှတ်ခွင့်ပြု တန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ် ပိုစေခြင်း၊ ကုန်ကျစရိတ်ပိုသဖြင့် ကုန်စျေးနှုန်း တည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်းတံတားကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ်ကြီးများအား မိမိဒေသ အခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၆)ဘီးယာဉ်များအား (၂၅)တန်အထိလည်းကောင်း၊ (၁၀)ဘီးယာဉ်များအား (၃၀)တန်အထိလည်းကောင်း တိကျစွာ သတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုသွားမည်ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေ နိုင်မည် ဖြစ်သဖြင့် စိစစ် ဆောင်ရွက်နိုင်ပါရန် ”အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၄-၁/၂၀၁၂။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းကို အတည် ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်(၂၀၁၂ ခုနှစ်၊ မတ် လ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၅-၁/၂၀၁၂။ လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ် နိုင်ရန် ဝန်ကြီးချုပ်က အဆိုပြုသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်း အား လွှတ်တော်ကိုယ်စားလှယ် (၁)ဦးမှ ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်(၂၀၁၂ ခုနှစ်၊ မတ် လ ၁၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော် ကိုယ်စားလှယ်(၁)ဦးမှ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်၊ ၁၈-၁/၂၀၁၂။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၇ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၁၉-၁/၂၀၁၂။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်လွှတ်တော်သို့ ပြောကြားသော ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်၊၂၀-၁/၂၀၁၂။ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက် ရောက်မှုကို မှတ်တမ်း တင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၈ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၁-၁/၂၀၁၂။ "တစ်မြို့နယ်လျှင် ပုဂ္ဂလိက (သို့မဟုတ်)အစိုးရ သစ် အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ် ခွင့်ပြုရေး"အဆိုကို မှတ်တမ်း တင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့၌ ဒေါ်အေးခိုမိန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်အတွင်းရှိ အစိုးရသစ်အရောင်းဆိုင်မရှိသော အခြို့မြို့နယ်များတွင် နေအိမ်အဆောက်အဦများ ဆောက်လုပ်ရန် အတွက် ဒေသထွက် သစ်မာနှင့် အင်၊ အင်ကြင်းစသော အခြားသစ်များကို စျေးနှုန်းကြီး မြင့်စွာဖြင့် ဝယ်ယူနေရ သည်ကို တွေ့ရှိရပါသည်။ သစ်မာ၊ အင်၊ အင်ကြင်းများကို တစ်တန်လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲအထိလည်းကောင်း၊ ထင်းရှူးကို ကျပ်တစ်သိန်းခုနှစ်သောင်းမှ ကျပ်နှစ် သိန်းထိလည်းကောင်း ဝယ်ယူသုံးစွဲနေရပါသည်။သို့ပါ၍ ဒေသတွင်း ပြည်သူများ လွပ်လပ်၍ စျေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်နယ်ဘဏ္ဍာငွေရရှိစေရေး အတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ပုဂ္ဂလိက(သို့မဟုတ်) အစိုးရသစ်အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ် ခွင့်ပြုရေး"အဆိုကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၂-၁/၂၀၁၂။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၉ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၃-၁/၂၀၁၂။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်(၂၀၁၂ ခုနှစ်၊ မတ် လ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၈ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၄-၁/၂၀၁၂။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်(၂၀၁၂ ခုနှစ်၊ မတ် လ ၁၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၄ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၅-၁/၂၀၁၂။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား မှတ်တမ်းတင်ခြင်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်(၂၀၁၂ ခုနှစ်၊ မတ် လ ၁၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့၌ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသော ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂၆-၁/၂၀၁၂။ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏
ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ
ဥပဒေကြမ်းအား မှတ်တမ်း
တင်ခြင်း

၁၃၇၃ ခုနှစ်တပေါင်းလပြည့်ကျော် ၈ ရက်(၂၀၁၂ ခုနှစ်၊ မတ် လ ၁၅ ရက်)
တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်း
အဝေး ပဋ္ဌမနေ့၌ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏
ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအား မှတ်တမ်းတင်သည်။

စိုင်းလုံးဆိုင်
ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မတ်လ (၁၅)ရက်